

www.burmeseclassic.com
BURMESE CLASSIC .com
လမင်းမိုမို
ချစ်ခြင်းမုန်းခြင်းနယ်ခြား
လင်း
www.burmeseclassic.com

www.burmeseclassic.com


# လမင်းမိုမို

ချစ်ခြင်းမုန်းခြင်းနယ်ခြား

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၃၀၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၁၉၀၂၁၁

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
လမင်းမိုမို
ချစ်ခြင်းမုန်းခြင်းနယ်ခြား/လမင်းမိုမို၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) ချစ်ခြင်းမုန်းခြင်းနယ်ခြား


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု နိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဗိုမိဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို



## ချစ်ခြင်း မုန်းခြင်း နယ်ခြား

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"နင် စနွာကို ရအောင်ခေါ်ခဲ့စမ်းပါ ရွှေသက်ရယ်"

ညိုက စတီယာရင်ကို တစ်ဖက်တည်းနှင့် ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်နေရင်း တစ်ဖက်က ဖုန်းပြောနေလက်စ နှင့်ပင် နောက်ကြည့်မှန်မှ နောက်ကိုလည်း လှမ်းလှမ်းကြည့်နေမိလေသည်။

"အဲဒီအပိုကြီးမက အားလုံးထဲမှာ အလုပ်အများဆုံး၊ မအားဆုံး ဆိုတာ နင်သိတဲ့အတိုင်းပဲလေ ရွှေညိုရဲ့"

"အေး ... ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့တော့ သူ ငါ့ဆီမလာလို့ မရကို မရဘူးလို့ ပြောလိုက်တော့ဟော့၊ စိတ်ရှုပ်လာပြီ"

"ဘာလို့လဲ"

"သူ့အမှိုက်ထုပ်က ငါ့ရှေ့ရောက်နေပြီ"

"ဘာအမှိုက်ထုပ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှင် မသိပါဘူး၊ အမှိုက်ထုပ်လို့သာ ပြောလိုက်၊ အဲဒီ အမှိုက်ကို သူ့ဟာသူ လာရှင်းလို့ ပြောလိုက်"

"မိန်းမတွေနော် ... ငါ မသိဘဲ ဘာတွေခြေပုန်းခုတ်ထားကြလဲ၊ မလွယ်တဲ့ဟာတွေ၊ သူတို့ဟာနဲ့သူတို့ စကားဝှက်နဲ့ တစ်ခါတည်း၊ နှင်တို့ ဘယ်တုန်းက စည်ပင်သာယာမှာ အလုပ်ဝင်လိုက်ကြလဲဟင်၊ အမှိုက်ထုပ်တွေနဲ့ ရှုပ်နေရအောင်"

"ဟင်း ... ဟင်း"

ညိုက အသံသာသာကလေးနှင့် ရယ်လိုက်ပါသည်။ ရယ်ရင်း နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်လျှင် နောက်ကပါလာတဲ့ Chaser ကားဟာ ခုထိ တန်းတန်းမတ်မတ် လိုက်ပါနေတုန်းပဲ ဆိုတာ တွေ့ရသည်။

အင်း ...။

ခုတလော စန်းတွေ ထနေတယ်ပဲ ပြောရမှာလား။ ဒီလိုကိစ္စတွေအပေါ် ရင်ခုန်သာယာလိုစိတ် မရှိဘဲ အနှည်းငယ်နာကြည်းစက်ဆုပ်ချင်သလိုရှိကာ ကပျက်ကချော်လောက်မျှသာ မလေးမစား သဘောထားချင်တဲ့စိတ်မျိုးဟာ ဘယ်အချိန်းကတည်းက မွေးဖွားလာခဲ့ပါလိမ့်။

"နှင်တို့နော်၊ ကြီးမိုက်မတွေ၊ ကြီးနေပြီ ... ဟွန်း"

"ငါမပါဘူး ... နှင့်စန္ဒာပဲ"





"နှင်လည်း ပါပါတယ်၊ မနှစ်က ငါ သဲသဲလေး မွေးနေတဲ့အချိန်တွေတုန်းက နှင်တို့နှစ်ကောင် ငါမပါဘဲ သုံးလေးလကဲနေကြတာလေ၊ ဟွန်း ... ငြင်းမနေနဲ့"

"နှင် ကလေးမွေးထားတုန်း ငါနဲ့ စန္ဒာပဲ တွေ့ကြတာဟုတ်ပါတယ်၊ ဒါပေမဲ့ ငါက ဘယ်တုန်းက ကြီးမိုက်အလုပ်လုပ်လို့လဲ သက်ရယ်၊ နှင်းငါ့အကြောင်း သိပါတယ်၊ စန္ဒာသာ သူ့ဟာနဲ့သူ ရှုပ်နေတာပါ"

"အခု အမှိုက်ထုပ်ဆိုတာ ဘာလဲ၊ ပြောဦး"

"ညနေကျဆုံတော့ ပြောပြပါ့မယ်ဟာ၊ နှင်တို့ လာခဲ့နော်၊ ကိုဝေမင်းလည်း ခေါ်ခဲ့နော်၊ သူလည်းရှိတုန်းလေး တွေ့ရအောင်"

"ဟဲ့ ... ငါ့ယောကျ်ားက မချောသုံးယောက် ကိုယ်တစ်ယောက် ဖြစ်နေမှာ၊ လိုက်ချင့်ပါ့မလားဟဲ့"

"ဘာပဲဖြစ်ဖြစ် ရင်းနှီးနေတဲ့ သူတွေပဲ၊ သုံးယောက်တစ်ယောက်လည်း ဘာဖြစ်လဲ"

"ငါ အကြံရပြီ"

"ဘာလဲ"

"သူလည်း တစ်ယောက်တည်း ကြောင်မနေအောင် မောင်မောင့်ကို ခေါ်လာခဲ့မယ်လေ"

"တွေ့လား ... နှင်ကလည်း ဓာတ်တစ်ထုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက အတည်အတံ့ဓာတ်နော် မိညို၊ အပျော်အပြက် အရွှတ် လုပ်နေတာ မဟုတ်ဘူး၊ မောင်မောင်က လူကြီး လူကောင်းဆန်ဆန် ရင်းနှီးခင်မင်မှုကနေစပြီး ချဉ်းကပ် တာ၊ ယဉ်ကျေးမှုအရပဲဖြစ်ဖြစ် တူတူတန်တန် ဆက်ဆံဖို့ တာဝန်ရှိတယ်"

"တာဝန်တောင် ရှိသတဲ့၊ တစ်ခါတည်းမှပဲ"

"နင်နဲ့လည်း ရင်းပြီးသားပဲလေ၊ သူ့အစ်မနဲ့လည်း ခင်နေ တာပဲဟာ"

"အဲသလို ခင်နေလို့ကို ရှုပ်ရှုပ်ယှက်ယှက် မဖြစ်ချင်တာပေါ့ ဟယ်၊ မောင်မောင့်ကို ခင်ပါတယ်၊ ဒါပေမဲ့ မဖြူနဲ့လည်း ခင်နေတော့ မျက်နှာပျက်စရာ အခင်မင်ပျက်စရာမျိုးတွေ မဖြစ်ချင်တာလေ"

"အခင်မင်ပျက်ဖို့ နေနေသာသာ အမျိုးတောင် တော်သွား ရမှာ ... အဟိဟိ"

"တော်စမ်းပါဟာ"

"တကယ်ပြောတာ၊ မောင်မောင်လည်း ပြန်ရောက်နေတယ် လေ၊ ခုမဟုတ်လည်း သူက တစ်ရက်ရက် အပြင်ဖိတ်ကျွေး ဖို့ ခေါ်ဦးမှာပဲ"

"အင်းလေ ... ခေါ်ခဲ့ပေါ့၊ ရပါတယ်၊ စန္ဒာ့ဆီသာဆက်၊ အဲဒီ စန္ဒာက ဖုန်းကိုမအားဘူး၊ ငါ စိတ်မရှည်တော့ဘူး၊ နင်ပဲ ရအောင်ဆက်ပြီး ခေါ်ခဲ့တော့"





"သူကတော့ အဆွယ်အပွားတွေ ခေါ်လာဦးမှာလား မသိ ဘူး"

"သူ့ပဲ မေးကြည့်တော့"

"နင်က တစ်ယောက်တည်းနဲ့ ချက်ကောချက်ပြုတ်နိုင်လို့ လား"

"ငါက ချက်တာ မြဲတာ ဝါသနာပါတာပဲကို၊ ချက်နိုင် တယ်၊ တစ်ယောက်တည်း စားနေရတဲ့ဘဝကို အဖော်မဲ့ လွန်းလို့ အိမ်မှာမစားဖြစ်ဘဲ အပြင်တွေမှာ ဖြစ်သလို ကြုံ သလို မိုက်ဖြည့်ပစ်လိုက်ရတာ ကြာပြီ"

ညို့အပြောကြောင့် ခင်သက်ဝေက ညို့ကိုသနားသွား ဟန်ရှိပါသည်။ အင်းလေ ... တစ်ယောက်တည်းရှိတဲ့အိမ်မှာ တစ်ယောက်တည်း ငုတ်တုတ် တိတ်ဆိတ်ပြီး စားသောက်နေရတဲ့ အဖြစ်က ဘယ်လောက် ရှုးချင်ဖို့ကောင်းလဲ။

ညိုဟာ သူ့အိမ်က အိမ်အကူမိန်းမကြီး ဒေါ်အိကိုပဲ ဆွေမျိုးလိုလုပ်ကာ နေထိုင်တဲ့သူပါ။ သူ့ထက် ဆယ်နှစ်နီးပါးကြီး တဲ့ မြင်းခြံမလှိုင်ဘက်က အပျိုကြီး ဒေါ်အိဟာ ညိုနှင့်အတူနေ လာတာ ဆယ်နှစ်လောက်ရှိပြီ။ လွန်ခဲ့တဲ့ တစ်လလောက်ကမှ သူ့ညီမ မမာလို့ဆိုပြီး အညာခဏ ပြန်လိုက်သည်မှ တော်တော် နှင့် ပြန်မလာနိုင်သေးဘူးဆိုတာ လှမ်းအကြောင်းကြားပြီး ရောက် မလာခဲ့တော့ပါ။

"ငါ တစ်ယောက်တည်း မစားတတ်ဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ညည်းညူသံလေးကို သက်ဝေ စိတ်မကောင်း ဖြစ်ရသည်။

"လျှော်ဖွပ်ရတာလည်း ငါတစ်ယောက်စာပဲဟာ မပင်ပန်းဘူး၊ အိမ်သန့်ရှင်းရေးလည်း ဘာမှပွတာမှ မဟုတ်တာ၊ တစ်ပတ်တစ်ခါ ဖုန်စုပ် ကြမ်းတိုက် ဒီလောက်ပဲလေ၊ ချက်စားရရင်လည်း အပန်းမကြီးပါဘူး၊ ဒါပေမဲ့ ချက်ပြီးရင် အိမ်မှာထိုင်စားရတော့မှာလေဟဲ့၊ ငါတစ်ယောက်တည်း ငုတ်တုတ်ကြီး မစားတတ်တော့ အိမ်အောက်နားက ဆိုင်တွေ ဆင်းစားလိုက်၊ အပြင်ထွက်စားလိုက်နဲ့၊ စားခါနီး သောက်ခါနီးကျ တောင်ချာချာ ရူးကြောင်ကြောင်နဲ့ ဗိုက်ဆာလာမှာတောင် ကြောက်နေတယ်"

"နင့်တစ်ယောက်စာများဟယ်၊ ငါ့အိမ် အနပ်တိုင်းလာစား စမ်းပါ၊ တကတဲ"

"နင့်ဆီကိုဆိုလည်း တကူးတက လာရမှာ၊ ပြီးတော့ ကိုဝေမင်း ပြန်ရောက်နေတုန်းလေးတွေ နင်တို့မှာ မိသားစု စုံစုံညီညီ နေရတာ၊ ငါက လာမရှုပ်နေချင်ပါဘူးဟာ၊ နင်တို့မိသားစုဘာသာ လောကကမ္ဘာလေးတည်ဆောက်နေတဲ့ အချိန်မှာ ငါက ကန့်လန့်ကြီးနဲ့၊ ဒီဘဝတောင် ကံအကျိုး ပေးမကောင်းတဲ့ဟာကို၊ နောင်ဘဝပါ ဝဋ်လိုက်နေအောင် ကြားဝင်မရှုပ်ချင်ပါဘူးဟာ"





"ဒီလိုလည်း မဟုတ်သေးပါဘူးဟာ၊ နင်ကလည်း"

"အဲဒါကြောင့် ငါ့အိမ်လာစားကြပါလို့ ခဏ ခဏ ခေါ် နေရတာပေါ့"

"အေးပါဟာ၊ ဒီညနေလာမှာပါ၊ စန္ဒာ့လည်း သေချာပြော ပြီး ခေါ်ခဲ့မယ်၊ စိတ်ချ"

"အေး ... ပြီးရော"

"နင်က ဘာလုပ်ထားမှာလဲ"

"ငါ ကြက်ကင်ထားမယ်၊ ဝက်ဆာတေးလည်း လုပ်ထား မယ်၊ အသားကင်တဲ့ Table Grill နဲ့ မျိုးစုံကင်စားမယ် ဟာ"

"ငါတို့ ဘာဝယ်လာရမလဲ"

"ဘာမှ သိပ်ဝယ်မနေနဲ့"

"ခေါက်ဆွဲကြော် ကြာဆံကြော် တစ်ခုခုနဲ့ သောက်စရာတွေ ဝယ်ခဲ့မယ်လေ"

"အေး ... ကောင်းတယ်"

"ဒါဆို ဒါပဲလေ"

"ဟဲ့ ... ပလုတ်တုတ်"

"ဘာဖြစ်တာလဲ"

"ဟိုအမှိုက်စုတ်ထုပ်ရဲ့ကားက ငါ့ကို ဖြတ်တက်ပြီး ကိုးရိုး ကားရား လုပ်နေလို့ဟ၊ ကဲ ... ကဲ ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကအမှိုက်ထုပ်လဲဟာ၊ ပြဿနာပဲ၊ ညနေကျရင်တော့ မိစန္ဒာကို ကြပ်ကြပ်သတိပေးထားရဦးမယ်၊ နှင့်အရုပ်တော် ပုံတွေ ညို့ကိုဘာမှသွားမရစ်ပတ်စေနဲ့လို့၊ ညို့ကို ငါက မောင်မောင်နဲ့ လျှာထားပြီးသားလို့"

"ကဲ ... နှင်ကတစ်မျိုး၊ ဒါပဲ"

ညိုက ဖုန်းကိုပိတ်ကာ ကားကို သူနေထိုင်ရာ ကွန်ဒိုမီနီယမ် အဆောက်အအုံရဲ့ ကားပါကင်ဆီ ချိုးကွေ့ဝင်ချလိုက်ပါတော့သည်။ ဟိုးရှေ့မှာ အမှိုက်ထုပ်ရဲ့ကား။ သူက နောက်ကလိုက်လာတဲ့သဘော မရောက်အောင် အနားနီးမှ အတင်းကျော်တက်ပြီး ပါကင်ဆီ အရင်ဝင်နှင့်တာ။

သူ့ဟာသူ လာပါတယ်ပေါ့။ ဒီအဆောက်အဆုံမှာပဲ ဈေးဝယ်စင်တာတစ်ခုကလည်း အောက်မှာ တွဲရက်ရှိနေတယ် မဟုတ်လား။ အဲဒီကိုလာရင်း မတော်တဆ တွေ့တာပါလို့ လွှဲချလို့ ရနေတာပဲ။ မြို့ထဲကတည်းက ပါလာတာ ဒီက မမြင်တော့တဲ့ အတိုင်း။

ညိုက ကားကို သူ ရပ်နေကျနေရာလေးမှာ ပါကင်ထိုးရပ်လိုက်ပါသည်။ တစ်လမ်းလုံး တပ်လာတဲ့ နေကာမျက်မှန် ညိုကို နဖူးထိပ်ပင့်တင်၊ နောက်ခန်းက ဝယ်ခြမ်းလာတဲ့အထုပ်တွေ လှမ်းဆွဲ၊ ကားထဲကထွက်၊ ရီမုတ်နဲ့ လော့ခ်ချ၊ ဟိုကားကို မမြင်ချင်ယောင်ဆောင်၊ ဓာတ်လှေကားဆီလှမ်း။

"ဟေး ... မ"





ဗျူး ..."

မောရပါလား။ ညိုက မကြည့်သေးဘဲ ပဲင်ဆယ်လ်ဟီးလ်လေး တတောက်တောက်မြည်အောင် ခပ်သုတ်သုတ်လစ်ဖို့ ကြံရွယ်ပြင်ဆင်သေးသည်။

"မ, ... မ, ..."

အသံသာကြီး ပြေးလိုက်လာတော့တဲ့ အခါမှာတော့ ခပ်ရိုင်းရိုင်းကြီး မကြားချင်ယောင်ဆောင်ဖို့ မသင့်တော့ဘဲ ဖျတ်ခနဲ လှည့်ကြည့်လိုက်ကာ ...

"ဩော် ... ကိုညီညီ"

ခုမှ အံ့အားတသင့်တွေ့သယောင် ကိုယ်ကဆောင်လိုက်သလို သူကလည်း ...

"ကားထဲက ဆင်းနေတာ မြင်ကတည်းက မ,နဲ့တူလိုက်တာလို့ ကြည့်နေတာ ... အဟဲ"

ဩော် ... ဟုတ်လစ။ တစ်လမ်းလုံး ငါ့လျှောက်ကွေ့ချိုးနေသမျှ ထက်ကြပ်ပါလာတာ ရှင်မဟုတ်သလိုပဲနော်။

"တစ်ယောက်တည်းလား မ"

"အင်းပေါ့"

"ဘယ်လာတာလဲ"

"အဟင်း ... ဒီမှာနေတာလေ၊ သိသားနဲ့"

"ဟုတ်သားပဲ၊ မစန္ဒာ ပြောဖူးသားပဲ"

"ကိုညီညီရော ... ဘယ်လာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်စရာလေးရှိလို့ Shopping Centre ဆီ လာတာဗျ"

ထုံးစံအတိုင်း ညီညီရဲ့စိမ့်ရွှန်းသော မျက်ဝန်းများသည် အသားဖွေးဥဥ အင်္ကျီဖြူလွလွ ခရေဓိပြာရောင် စကတ်အကြေသား ရှည်ရှည်လေးနှင့် လှပသော ညို့ညို့ညိုရဲ့ ဆံစပ်မှ ခြေဖျားဆီ ဂနာမငြိမ် ပြေးလွှား အကြည့်ကစားလျက် ရှိလေသည်။

"မစန္ဒာနဲ့ ဆုံသေးလား မ"

"အင်း ... တွေ့တတ်ပါတယ်"

"မ,နဲ့ဆုံဖြစ်ရင် ကျွန်တော့်ကိုလည်း တစ်ခါတစ်ရံခေါ်ပါ လို့ မှာထားတာ မစန္ဒာက မခေါ်ဘူးဗျာ"

"တို့နဲ့လည်း အရမ်းခဏခဏတော့ တွေ့ဖြစ်တာ မဟုတ် ပါဘူး၊ သူလည်း သိတဲ့အတိုင်း အလုပ်များတယ်လေ"

"မ, အခုတလော အားလား၊ မစန္ဒာနဲ့ပါ ချိန်းလိုက်မယ် လေ၊ ဆိုင်လေးတစ်ဆိုင် အသစ်ဖွင့်တာ တွေ့ထားတယ်၊ သွားစားကြည့်ကြရအောင်လေ"

ခပိလန်လန် ဆံပင်ဒီဇိုင်း၊ ရှပ်အင်္ကျီကြယ်သီးဖြုတ် ဟပြဲ၊ ဂျင်းကျပ်ကျပ်စတိုင်နှင့် ညီညီပုံသဏ္ဌာန်က ပေါ့ပါးလွင့် မြူးနေသည်။ နှုတ်ခမ်းများက ကော့မြူးပြုံးဖျလျက် လွတ်လွတ် လပ်လပ် နေချင်သလို နေတတ်တဲ့ သွင်ပြင်ပေါက်နေသော်လည်း စန္ဒာ့အပြောအရတော့ အနုပညာလောက,က ကောင်မလေးတွေနှင့် တော့ လုံးဝရင်းနှီးလုံးထွေးမှုမရှိ မရောနှောဘူးဆိုပဲ။





စန္ဒာ့ရဲ့ဗီဒီယိုရုပ်ရှင် ထုတ်လုပ်ဖြန့်ချိရေးထဲမှာ ရှယ် ယာပါတယ်ဆိုတဲ့ လူရွယ်ကလေး ဖြစ်ပါသည်။ စန္ဒာ့တို့အဘိုး လက်ထက်က ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ခဲ့ပြီး စန္ဒာ့အမေလက် ထက်မှာ ခပ်အေးအေး စရိုက်ရှိသော စန္ဒာ့အမေနှင့် ဝန်ထမ်းဖြစ် သော စန္ဒာ့အဖေတို့က ဤလုပ်ငန်းကို ရပ်ဆိုင်းထားသလိုရှိရာက စန္ဒာ့လက်ထက်မှာ ကိုယ်တိုင်က အနုပညာပိုးပါပါ ဝါသနာပါပါ ဖြစ်သူ စန္ဒာက ဒီအလုပ်ကို ပြန်လည်ဆက်ခံခဲ့တာပင်။

စန္ဒာ့မိတ်ဆွေ ဒီလောကနှင့်လည်း မစိမ်းလှတဲ့ ကိုမင်းသူ ဆိုသူနှင့် စန္ဒာ ရှယ်ယာလုပ်ကြရာက ကိုမင်းသူ့ရဲ့ ဆွေမျိုးမကင်း ညီညီဆိုတဲ့ လူရွယ်လေးပါ နောက်ပိုင်း ရှယ်ယာ ပါလာပါသည်။ စန္ဒာ ဖိတ်တဲ့ပွဲတို့မှာ မမျှော်မလင့် နှစ်ကြိမ်လောက် ဆုံဖူးပြီးတဲ့နောက် အဲဒီ ညီညီဟာ တမင်တကာ ဖန်တီးဖိတ်ကြား ဆုံစည်းခြင်းတို့နှင့် ညို့ကို ချဉ်းကပ်ရင်းနှီးမှု ပျိုးစ,ပြုတာပင်။

ခင်သလိုလို မင်သလိုလို ဖြစ်လာတဲ့အခါ သူ့အရိပ် အကဲတို့ကို မသိမသာ ရိပ်မိလာရကာ ရိုးရိုးသားသား ခင်မင် ဆက်ဆံနေမိတဲ့ ကိုယ့်ရဲ့ခြေလှမ်းတို့ကို အနည်းငယ် အရှိန်သတ် ရပ်သိမ်းရပ်တန့်ထားတာပါ။

"ဟင် ... မ,၊ ချိန်းလိုက်မယ်လေ၊ မ,အားတဲ့ရက် ပြော ပါဦး"

"အင်း ... အားတဲ့ အချိန်ပိုင်းကျတော့ လှမ်းပြောလိုက် ပါမယ်၊ ခုတလောတော့ တို့လည်း သိပ်မအားသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ပခုံးလေး တွန့်လိုက်ကာ ...

"ဒါဖြင့် မ,အားရင် ချိန်းနော်"

"အင်းပေါ့"

"ဒါနဲ့ အိမ်လည်မခေါ်တော့ဘူးလား"

"အိမ်လည်တော့ မခေါ်တော့ဘူး၊ သိတဲ့အတိုင်းလေ တို့က တစ်ယောက်တည်း နေနေတော့ အမျိုးသားမိတ်ဆွေတွေ အိမ်လည်ခေါ်လေ့ မရှိတာပါ ... အဟင်းဟင်း"

"ဪ ... ဟုတ်သားပဲ၊ တောင်းဆိုမိတာ ဆောရီးပါ မ,၊ ရုတ်တရက် အဲဒါကို ခေါင်းထဲမှာ မရှိလိုက်လို့ပါ"

"ကဲ ... တို့လည်း တက်လိုက်ဦးမယ်"

သူက စကားဆက်ရှာဖို့ စဉ်းစားနေပုံရဆဲ ညီက စကားကို ရောက်ရာအရပ်ကပင် ဖြတ်လိုက်ရပါသည်။ အတုံ့အလှယ် စကားကြောရှည်တို့က ရင်းနှီးမှုကို ရင့်သန်စေတယ် မဟုတ်လား။ လက်ထဲက အိတ်တွေ အထုပ်တွေပါ မြှောက်ပြလိုက်ရင်း ...


"လုပ်စရာလေးတွေလည်း ရှိသေးလို့၊ ခွင့်ပြုဦးနော်"

"ကောင်းပါပြီ မ"

ညီက ဓာတ်လှေကားဆီ လှည့်ထွက်လာခဲ့ပါသည်။ ဈေးဝယ်စင်တာကို လာတယ်ဆိုတဲ့ လူရွယ်ဟာ ညီလည်းကျောခိုင်းရော အပေါ်ထပ်တက်ဖို့ စိတ်မကူးဘဲ သူ့ကားဆီ သူပြန်တော့သည်ကို ဓာတ်လှေကား စောင့်ရင်း နောက်ကျောက ကြားလိုက်



စိစဉ်သူ မောင်ကျော်လှိုင်
စေတနာစာပေ၏ စင်တင်ကလောင်သစ်
စာရေးဆရာမ
မယ်မင်းအုံ
ငွေတောင်ပြည်က မြို့သူ



မကြာမီ......ထွက်တော့မည်။
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ ဝင်ကာင်ကာလောင်သစ်

စာရေးဆရာမ

မယ်မင်းဘုံ

ချစ်သူလိမ်းဖို့ ဒေးစရင်(မ်)



မကြာမီ......ထွက်တော့မည်။



ရတဲ့ ကားစက်နှိုးသံ၊ ကားထွက်သွားသံတို့ကြောင့် ညိုသိလိုက်ပါသည်။

ဘယ်လိုဖြစ်တာပါလိမ့်။

ခုတလောကို သူ့ရဲ့ဇာတာစန်းလာဂ်တွေ ဘာဖြစ်နေပါလိမ့်။ ရုတ်ဝင်လာဘ်ဝင် ဆိုသလို ခုတလော အလုပ်အကိုင်ဝင်ငွေတို့လည်း ပိုလာပြီး သူ့အပေါ် တိမ်းညွတ်ငြိတွယ်ရိပ်ပြလာတဲ့ ပုရိသတွေလည်း တစ်ဆိတ် ဦးရေများလာသလားလို့။

လွန်ခဲ့တဲ့ ငါးနှစ် အလွန်တရာမှပင် အထီးကျန်ဆန်လှနေစဉ် အချိန်တုန်းက ဆိုရင်တော့ တစ်ခုံတစ်ယောက်အပေါ် ညို့ စိတ်နှလုံးများ တိမ်းညွတ်မိသွားမလားပင်။ အတော်ကြီး ကုစားဆောက်တည်တာတောင်မှ နှစ်နှစ်တာကာလလောက်ထိ လူက အလူးအလဲ နာကျင်အသည်းကွဲခဲ့ရတာလေ။

တဖြည်းဖြည်း တစစ ဒဏ်ရာက အသားမာတက်လာကာ ဒုပေဒါပေ ခံနိုင်ရည်လေး ရှိလာပြီဆိုတဲ့ ခုလိုအခါမှာတော့ အချစ်ဆိုတဲ့အရာကို ညိုက မလေးစားချင်တော့သလို ယောကျ်ားတွေအပေါ်ကိုလည်း ကပျက်ကချော်လောက်သာ သဘောထားချင်လာတဲ့စိတ်မျိုး ဝင်လာသည်။

သင်းတို့က ဘာမို့လဲ။ မိန်းမတစ်ယောက်ထံမှာ သင်းတို့ရဲ့အချစ်ဆိုတာက ဘယ်လောက်များ ကြာကြာခိုင်မြဲတည်ရှိတတ်တာမို့လဲ။ လွန်ခဲ့တဲ့ ငါးနှစ်။ ခုထက် ငါးနှစ်စာပိုပြီး ပျိုမြစ်နုနယ်ချိန်တုန်းကတောင်မှ ယောကျ်ားတစ်ယောက်ရဲ့ စွန့်



www.burmeseclassic.com

www.burmeseclassic.com



ပစ်မှုကို ခံယူခဲ့ရဖူးပြီပဲ။ ငါးနှစ်ကြာစာ ရင့်ရော် အိုမင်းမှုတွေ လာပြီးတဲ့ ခုလိုအချိန်မှများ ဟိုလူက ချဉ်းကပ်ချင်သလို ဒီလူက နီးစပ်ချင်သလိုတွေ ဖြစ်နေကြတာ၊ အဲဒါဟာ အစစ်ဖြစ်နိုင်ပါ့မလား။

ညို့နံဘေးက လစ်လပ်နေတဲ့ နေရာတစ်ခုကို သတိပြုမိလာကြကာ အဲဒီလစ်လပ်မှုအတွက် ညို့ထံမှာလည်း မနည်းတွန်းလှန်နေရတဲ့ အထီးကျန်ဆန်မှုတွေ ရှိနေမှာလို့ ထင်မြင်ယူဆကြတဲ့အတွက် ဖြစ်မှာပေါ့။ "အဖော်မွန်"ဆိုတာကို ဒီအမျိုးသမီးလည်း မျှော်လင့်တောင့်တနေလောက်ပြီလို့ တွက်ကြပေမယ်လေ။

အထီးကျန်တာကတော့ ခါးခါးသီးသီးကိုကျန်တာ။ မုန်းတီးလောက်အောင်ကို အထီးကျန်တာ။ ရှုးလောက်အောင်ကို အထီးကျန်တာ။ ဒါပေမဲ့ အဲသလိုဖြစ်လေ ရင်ထဲမှာ နာကြည်းလေ ဘယ်သူ့ထံ ထွက်ပေါက်ရှာ ဖောက်ဖွင့်ပုံချရမည် မသိသော မခံချိ မခံသာမှုတွေက ဆူပွက်အုံကြွလေ။

တကယ်တော့ သူ့နေရာမှာ အစားမထိုးနိုင်ဘူးရယ်လို့တော့ မဟုတ်ရပါ။ အဲသလောက်လည်း သူ့ကိုမတမ်းတမိတော့ကာ တစ်ခါတစ်ရံ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတဲ့အခါတွေ သူငယ်ချင်းတွေနဲ့ ပျော်ပါးရွှင်လန်းနေတဲ့ အခါမျိုးတွေမှာ သူ့ကို မေ့မေ့လျော့လျော့ပင် ရှိနေမိတတ်သေးတာ။

အိပ်ရာက နိုးထလာသော အချို့သော နံနက်ခင်းတို့မှာ ကိုယ့်ကိုယ်ကိုယ် မိဘအိမ်က အပျိုဘဝလို့ ထင်မှတ်မှားနေမိ





ခဲ့တာမျိုးတောင် ရှိပါသည်။ ချက်ချင်း ဖျတ်ခနဲ သားနဲ့သမီးကို အရင်ဆုံး သတိရလိုက်မှပင် သူတို့ရဲ့ဖခင်ဖြစ်ခဲ့တဲ့ လူတစ်ယောက်ကို လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က လက်ထပ်ခဲ့ဖူးပြီး လွန်ခဲ့တဲ့ ငါးနှစ်က လမ်းခွဲစွန့်ပစ်ခံခဲ့ရတာပါလားဆိုတဲ့ အဖြစ်အပျက်ကို ခါးခါးသီးသီး သတိရလာသည်။

အမုန်ကို ဝန်ခံရရင်တော့ ညိုသည် ခုအချိန်မှာ သူ့ကို နာကြည်းလိုက်တာ၊ မုန်းတီးလိုက်တာရယ်လို့ ဖြစ်မနေတော့ပေ။ အဲသလို ဖြစ်နေခဲ့တဲ့ ကာလတွေကို လွန်မြောက်ခဲ့ပြီ။ အကြောင်းကိစ္စနှင့် ပြန်ဆုံဖြစ်တဲ့အခါမျာ း တစ်ခါတစ်ရံ သူငယ်ချင်းလိုလို တစ်ခါတစ်ရံ သူငယ်ချင်းတစ်ယောက်ရဲ့ ယောက်ျားလိုလို ရင်းနှီးခင်မင်မှုတောင် ဖြစ်ထွန်းလို့ နေမိပါသေးရဲ့။

အကြောင်းပြချက်ကောင်းတဲ့ အခါမျာ း သူနဲ့တစ်ဝိုင်းတည်း တစ်ဖွဲ့တည်းတောင် ရယ်မောနိုင်ခဲ့ပါသေးရဲ့။

"အစ်မ ... သတင်းစာ"

ဓာတ်လှေကားနား မရောက်ခင် အခန်းစဉ်လိုက်စာပုံးလေးတွေနားက အဖြတ် လုံခြုံရေးဝန်ထမ်းတစ်ဦးက လှမ်းပေးလိုက်၍ ...

"ဩော် ... အင်း ... သင့်ခ်ယူ"

"အစ်မ ... မနက်က ထွက်သွားတော့ သတင်းစာယူမသွားရသေးတာနဲ့၊ ဩော် ... တိုက် Bill ဖုန်း Bill မီတာ Bill စာရွက်တွေလည်း တစ်ခါတည်း ယူသွားပါဦး အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးတဲ့ Bill စာရွက်တွေအားလုံးယူပြီး ဓာတ်လှေကားနား တိုးကပ်ခဲ့ပါသည်။ ဆယ့်နှစ်ထပ် ရောက်နေတဲ့ ဓာတ်လှေကားကို အောက်ဆင်းလာဖို့ ခလုတ်နှိပ်ခေါ်လိုက်ပြီး ရပ်စောင့်နေစဉ် နံဘေးကို လူရိပ်တစ်ခု ကပ်လာသည်။

ကိုယ့်နောက်နားကျကျ လာရပ်တာမို့ ကိုယ်နှင့် ဓာတ်လှေကားတစ်စီးထဲ အပေါ်တက်မည့်သူလို့ ယူဆရကာ လည့်မကြည့်ဖြစ်ဘဲနှင့် နှာခေါင်းထဲ တိုးဝင်လာတဲ့ ရနံ့တစ်မျိုးကြောင့် စိတ်ပျက်လက်ပျက် အံလေးခဲမိသည်။ ဘယ်အချိန်ရှိသေးလို့ နေ့လယ်ခင်းကြောင်တောင် ခန္ဓာကိုယ်က အရက်နံ့ထွက်နေတဲ့ အဖြစ်မျိုးပါလိမ့်။

ကျွတ် ...။

အရက်သောက်ထားတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဓာတ်လှေကားခန်း ကျဉ်းကျဉ်းထဲ အတူစီးနင်းလိုက်ပါရဦးမည်။ မကြောက်ပေမယ့် စိတ်ပျက်စရာကြီး။ တစ်ထပ်ပြီးတစ်ထပ် အောက်ဆင်းလာပြီး ညို့ရှေ့မှောက်မှာ တံခါးဖွင့်ဟလာတဲ့ ဓာတ်လှေကားထဲ သုန်သုန်မှုန်မှုန် လှမ်းဝင်လိုက်မိကာ ထက်ကြပ်လိုက်ဝင်လာတဲ့သူကို မကြည့်သာတဲ့ မျက်ဝန်းနှင့် တစ်ချက်ကြည့်လိုက်မိသည်။

"ဟင်"

ညိုက နံရံတစ်ဖက်ကပ်။ သူက နံရံတစ်ဖက်ကပ်။ နံရံကိုမှီကာ လက်ပိုက်ရပ်ပြီး ညို့ကို စိုက်ကြည့်နေတဲ့ မျက်ဝန်းများ။ ညိုသည် ဖျတ်ခနဲ သည်းအူပြောင်းပြန် လန်သွားသလို ဖိုခနဲ ဖြစ်သွားရပြီးမှ ငြူငြူစူစူနှင့် ...





"ရှင်က ဘယ်ကိုလဲ"

သူသည် သူ့စတိုင်အတိုင်း ပြာဖျော့တဲ့ ရှပ်လက်ရှည်ကို တံတောင်ဆစ်နားထိ သေသေသပ်သပ် ခေါက်လိပ်ပင့်တင်ထားကာ အောက်က လုပသောခါးပတ်ခေါင်းနှင့် စတိုင်ဘောင်းဘီနက်။ ရှူးဖိနပ်အနက်နှင့်။ နက်ခ်တိုင်တော့မပါ။

ရှပ်အင်္ကျီ လက်ခေါက်တင်ပြီး ရံဖန်ရံခါ နက်ကတိုင် တပ်ထားသေးလျှင် သူ့ပုံပန်းသည် မထော်မနန်းနှင့် ဘယ်လိုကြည့်ကောင်းတယ် မပြောတတ်။ နက်ကတိုင်ကို လည်ပင်းသွန့်မှာ ဆွဲစေနေတဲ့ သူ့သဏ္ဌာန်ဟန်ပန်ကို ကြိမ်ဖန်များစွာ အိပ်မက်,မက်ခဲ့မိပါသည်။

အရက်နံ့ထွက်နေပေမယ့် မျက်နှာက အရက်သောက်ထားသည့် သဲလွန်စရယ်လို့ ပါးပြင်နှစ်ဖက်နှင့် နဖူးမှာ ပန်းသွေးဖြေ့ချင်တာလေးကလွဲလျှင် ရွဲမနေ။ သူက နဂိုနေလည်းပဲ ပါးပြင်တွေ ပန်းသွေးကြွတဲ့အထိ Camplexion ကောင်းတဲ့သူဖြစ်၍ ပုံစံမပျက်လှ။

နဖူးထိပ်က ဆံပင်မတိုမရှည် အစအနတို့က ရှေ့ကို ခပ်ရိုင်းရိုင်း ကျမယောင် ရှိနေသည်။ ဒါလည်း သူ့ အနည်းငယ် ဣန္ဒြေပျက်နေတာ။ သူ့ရဲ့ပုံစံမှန်ဟာ ဆံပင်တိုတိုသပ်သပ်ရပ်ရပ်တို့ကို MG-5 cream တို့နှင့် စိုလက်လက်ထအောင်လိမ်းပြီး နောက်ပြန်လှန်ဖြီးတင်ထားတဲ့ပုံ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်ကိုလာတာလဲ မေးနေတာလေ"

"ညို့ဆီလာတာ"

အဲသလိုထင်လို့ပဲ မေးလိုက်တာဖြစ်၍ အဲသလိုကြားရတဲ့အခါ ဒေါပွချင်လာပြီး ...

"ဒီတိုင်း မပြောမဆို လာစရာလား၊ ဖုန်းလေး ဘာလေး အရင်ကြိုဆက်ဖို့ ကောင်းတာပေါ့"

"ကိုယ် ခါတိုင်း ဆက်ပြီးမှ လာနေကျပဲ"

"အဲခုကိစ္စကို ပြောနေတာလေ"

"ဒီနေ့က မရည်ရွယ်ဘဲ မမျှော်လင့်ဘဲ ရောက်လာမိလို့ပါ"

ညိုသည် ကလေးလို ရန်လုပ်မနေချင်ပဲ တတ်နိုင်သမျှ လူကြီးဆန်ဆန် ရင့်ရင့်ကျက်ကျက် ဖြစ်ချင်ကာ သက်ပြင်းတစ်ချက်ချလျက် လေသံမှန်နှင့် ...

"ဘာကိစ္စ ပါသေးလဲ"

"........."

သူက ခပ်ငူငူ ကြည့်နေသည်။ ညိုက အကြည့်ကို လွှဲလိုက်ကာ ခုနစ်ထပ်မှာ တံခါးပွင့်သွားတဲ့ ဓာတ်လှေကားမှ ထွက်လိုက်သည်။ ကားသော့နှင့် တွဲထားတဲ့ အိမ်သော့ကို အခန်းဝရပ်ကာ ဖွင့်ဖို့ပြင်စဉ် ခံစားချက်တစ်မျိုးနှင့် မွန်းကျပ်ကျပ် ဖြစ်လာမိပါသည်။

ငါးနှစ်အတွင်း သူနှင့် ဆုံတွေ့ဖြစ်တာတွေ ရှိပါသည်။ သားတို့ သမီးတို့ ကျောင်းပိတ်ရက် ပြန်လာလျှင် လာ





တွေ့တာမျိုး၊ လာခေါ်တာမျိုးတို့နှင့် အိမ်ကိုလည်း ပြန်ဝင်ထွက်ခဲ့ပါသည်။ ဒါပေမဲ့ ခုလို အပြင်က အတူပြန်လာပုံမျိုး အိမ်တံခါးသော့ကို အတူဖွင့်ဝင်ရတာမျိုးတော့ ငါးနှစ်အတွင်း ပထမအကြိမ်ဖြစ်၍ တစ်မျိုးလေး ခံစားရတာပင်။

"အထုပ်တွေ ပေးမလား"

"ရတယ်၊ ရှင်က ဝင်ထိုင်မှာလား"

"ဘာဖြစ်လို့လဲ"

"ညို ... ကျွန်မ အလုပ်ရှိသေးတယ်"

"အလုပ်က အိမ်မှာပဲမို့လား"

ညိုက သူ့ကို မျက်စောင်းထိုးမိရင်း အိမ်ထဲလှမ်းဝင်ပြီးတဲ့နောက် သံတံခါးကိုတော့ စေ့ကာ ချိတ်ပြန်ချိတ်ထားပြီး ကျွန်းတံခါးချပ်ကြီးကိုတော့ ဖွင့်ဟပြီး တံခါးခုနှင့် ခုထားလိုက်ပါသည်။

ကျွန်းတံခါးကြီးရဲ့ တံခါးရွက် အပြင်ဘက်မှာ ဒီအိမ်ခန်းကို ဝယ်ယူရွှေ့ပြောင်းစဉ်က ကပ်ထားတဲ့ ကြေးပြားကလေးဟာ တံခါးရွက်ဖွင့်ဟပြီး အိမ်တွင်းနံရံမှာ ကပ်ထားတော့ အိမ်ထဲမှာ မြင်သာစွာ ထင်းနေပါသည်။

"ရန်နိုင်

ညိုညိုညို"

သူငယ်ချင်းတွေက ဒီကြေးဆိုင်းဘုတ်ပြားလေးကို မြင်တိုင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကို ဘာလို့ ဆေးတိုက်ယှဉ်မရေးဘဲ အထက်အောက် ခွဲရေးထားရတာလဲ"

တော်တော်များများက မေးဖူးကြပါသည်။ သူတို့ မေးမှ မဖြေတတ်ဘဲ မျက်စိလည်ရသည်။ ဘာကြောင့် ခွဲရေးမိပါလိမ့်။ ဟုတ်ပါရဲ့။ ကြေးပြားလေး သွားအပ်ကတည်းက အရွယ်အစားရွေးတော့ ဘေးလျားလျား ပုံသဏ္ဍာန်ကို နှစ်ယောက်လုံး မကြိုက်ဘဲ ဒီအရွယ် ဒီအနေအထားကို သဘောကျတာမို့ နာမည်နှစ်ခုကို အထက်အောက်ရေးမှပဲ အဆင်ပြေတာမို့ပင်။

သူ ထွက်ခွာသွားကတည်းက (ခေတ်ပုံတချို့ကလွဲ၍) သူနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း ဘာပစ္စည်းပစ္စယမှ အိမ်မှာမကျန်အောင် ကိစ္စပြတ် လက်စတုံး ရှင်းလင်းပစ်ခဲ့ပေမယ့် ဒီနာမည်ကြေးပြားကိုတော့ ခွာမပစ်မိခဲ့။ ခွာပစ်ရင်လည်း ကျွန်းသားပေါ် အနည်းငယ် ချိုင့်ထွင်းထားတဲ့ နေရာဟောက်ပက်မှာ တခြားကြေးပြားတစ်ခုခု အစားထိုး တပ်ဆင်မှ ကြည့်ပျော်ရှုပျော်ရှိမှာမို့ပဲ မခွာဖြစ်ခဲ့တာလား မသိပါ။

"ထိုင်လေ"

ရန်နိုင်က ထမင်းစားပွဲပေါ် ညို တင်လိုက်တဲ့ အထုပ်တွေကိုကြည့်ရင်း ...

"ဧည့်သည်လာဖို့ ရှိတာလား"

"အင်း"





"ကိုယ် ခဏပါပဲ၊ ပြန်မှာပါ"

"........."

"စနေနေ့က သား ဖုန်းဆက်တယ်"

"ဘာတဲ့လဲ"

"သူတို့ August ကျောင်းပိတ်လို့ ပြန်လာကြမယ့်အကြောင်း ပြောတာပါ၊ ပြီးတော့ သားမွေးနေ့လည်း ရှိတယ်လေ၊ သားက ဒက်ဒီနဲ့ Beach သွားချင်တယ်တဲ့"

"အို ... မိုးနဲ့ လေနဲ့ ဒီအချိန် Beach တွေလည်း ပိတ်တာများတယ်၊ မသွားရပါဘူး"

"ပုဂံဘက် ဆိုရင်ကော"

"အစီဗွာယ်မရှိတာ"

"ဘာကို အစီဗွာယ်မရှိတာလဲ"

ညိုက ရန်နိုင်ကို စိုက်ကြည့်လိုက်ပါသည်။

"ရှင်ဟာ ဖင်မနိုင်ပဲ ပဲကြီးဟင်းစားချင်သေးတယ်ဆိုတဲ့ လူစားပဲ၊ ရှင် ကလေးတွေနဲ့ ခရီးသွားတော့ ရှင့် ဆင်ဒီက ခွင့်ပြုမှာလား၊ ကျွတ် ... ပိုင်သလိုလို ဘာလိုလိုနဲ့ လေကြီးမိုးကြီး ပြောမနေစမ်းပါနဲ့ ကိုရန်နိုင်ရယ်၊ အပိုတွေ"

"သူ ခွင့်ပြုတာ မပြုတာ မင်းကိစ္စ မဟုတ်ပါဘူး၊ မင်း ခွင့်ပြုဖို့ကသာ မင်းကိစ္စပါ ညို၊ မင်း ခွင့်ပြုသလား"

"ရှင်နဲ့ပတ်သက်ပြီး ခွင့်ပြုတယ် မပြုဘူးဆိုတာ ကျွန်မဘဝမှာ မရှိတော့ပါဘူး၊ မင်း ခွင့်ပြုသလားလို့ မေးတော့ရှု



www.burmeseclassic.com

www.burmeseclassic.com



များကြာရင် အပတ်ထင်နေပါဦးမယ်၊ ကဲပါ ... ဒီကိစ္စကတော့ သားတို့ ပြန်လာမှ ဆက်ဆွေးနွေးရင် ကောင်းမယ်၊ သားတို့မပါဘဲ ရှင်နဲ့ ကျွန်မ ငြင်းခုန်နေတာ ဘာမှအကျိုးမှ မရှိတာ”

ရန်နိုင်က ခေါင်းတစ်ချက် နှစ်ချက် ညိတ်လိုက်ကာ ဆိုဖာတွေပေါ် ထိုင်နေရာမှ ပေါင်နှစ်ဖက်ပေါ် လက်ဝါးနှစ်ဖက် နှင့်ရိုက်ကာ ထ,တော့မလို ဟန်ပြင်ရင်း ညိုကို လှမ်းမော့ကြည့်သည်။ မိုးတိုးမတ်တတ် လက်ပိုက်ရပ်နေတဲ့ ညိုက ထူးခြားနက်ရှိုင်းနေတဲ့ ရန်နိုင့်အကြည့်ကို လွှဲဖယ်လိုက်ပါသည်။

“ညို နေကောင်းတယ်နော်”

“ကျွန်မ နေကောင်းတယ်၊ ရှင်သာ နေကောင်းအောင်နေပါ ကိုရန်နိုင်၊ မိုးလင်းကမိုးချုပ် အခိုးအငွေ့ဆက်အောင် စီးကရက်တွေသောက်၊ နေ့ခင်း မွန်းလွဲပိုင်းကြီး အရက်နံ့ထွက်အောင် မဆင်မခြင်သောက်စားနေပုံနဲ့ ရှင် သက်ဆိုးရှည်မှာ မဟုတ်ဘူး၊ သိရဲ့လား”

“ကိုယ်ကလည်း သက်ဆိုးမရှည်ချင်ပါဘူး”

“ရှင် အခု သွေးတိုးနေတယ် မဟုတ်လား၊ ရှင့်ရုပ်ကိုမြင်တာနဲ့ ကျွန်မ မှန်းနိုင်တယ်”

“ဟုတ်တယ်၊ ခုတလော သွေးတိုးနေတယ်”

ညိုက ရန်နိုင့်ကို မျက်စောင်းတစ်ချက် လှမ်းထိုးမိသည်။ သိသားပဲ။ ရုပ်က ဒီလောက် သိသာနေတဲ့ဟာ။ သူဟာ





ငယ်ငယ်ရွယ်ရွယ် သုံးဆယ်ကျော်ကတည်းက သွေးတိုးရှိခဲ့တဲ့သူပါ။ ညို့ထက် ခြောက်နှစ်ကြီး၍ ခုဆို သူ့အသက်က လေးဆယ့်စ်ထဲမှာလေ။

“ရှင်ဟာ တကယ့်ကို မိုက်လုံးကြီးတဲ့လူပဲ ကိုရန်နိုင်၊ ရှင်တစ်ခုခုဖြစ်ရင် ကျွန်မသားသမီးတွေက ဘာမှအခြေပျက်စရာ အကြောင်းမရှိဘူး၊ ရှင့်မှာ လူမမယ်သုံးနှစ်သားကလေးရှိသေးတာလည်း အသိစိတ်ရှိဦး”

“ကိုယ်သေဖို့ အဝေးကြီးလိုပါသေးတယ်”

နှုတ်ခမ်းတို့ကို မထိတထိတွန့်၍ ပြောဟန်က သူ့ဟန်အစစ်ပင်။

“ပြီးတော့ ရှင် ဒီလိုအချိန် မူးနေပုံက အသက်မွေးဝမ်းကျောင်းအလုပ်ကိုပါ ထိခိုက်မယ်၊ ဒါတောင် ရှင်ဆင်ခြင်ဉာဏ်မရှိဘူးလား၊ ရှင့်ပေးရှင့်တွေနဲ့က မျက်နှာချင်းအပ်ပြီး အလုပ်လုပ်ရတာ။ အရက်နံ့ထွက်နေတဲ့ Dentist ဆီကို ဘယ်လူနာက လာချင်မှာလဲ”

သူဟာ ရန်ကုန်မြို့မှာ အလွန်နာမည်ကြီးတဲ့ သွားသန့်ကုသတဲ့ Dental Clinic တစ်ခုကို အောင်မြင်စွာ ဖွင့်လှစ်ထားတဲ့ လျှမ်းလျှမ်းတောက် အောင်မြင်သွားသော သွားဆရာဝန်တစ်ဦးပါ။ သူ့ဆေးခန်းမှာ သွားဆရာဝန်များစွာ ထိုင်ကြပြီး ဆေးခန်းကြီးကတော့ သူတစ်ဦးတည်းအပိုင်ဖြစ်သည်။ ဤအလုပ်နှင့်ပဲ သူ့ဝင်ငွေဟာ ခေါင်ခိုက်နေကာ သူ့ရဲ့လက်ရှိအိမ်တစ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



မီးတစ်ပြောင်အပြင် သားနဲ့သမီးကို စင်ကာပူမှာ ကျောင်းထားထားတဲ့စရိတ်ကိုပါ သူ တာဝန်ယူထားတာ ဖြစ်ပါသည်။

"ဒီနေ့ ကိုယ် နေမကောင်းလို့ နားတဲ့ရက်မို့လို့ သောက်တာပါကွာ၊ ဆေးခန်းထိုင်တဲ့ အချိန်တွေ ကိုယ်မသောက်ပါဘူး ညို"

"ဒါဆိုလည်း ကောင်းပါရဲ့၊ တဲ ... ရှင် ပြန်တော့မလား၊ ကျွန်မ လုပ်စရာတွေ ရှိသေးလို့"

"အင်း ... ကိုယ်ပြန်တော့မယ်လေ၊ နော်"

ရန်နိုင်က ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ရပ်ပြီးပြီးချင်း မိုက်ခနဲ တစ်ချက်ယိုင်သလို ဖြစ်သွားတာကို ညိုက အလန့်တကြား ဖြစ်နေမိတုန်းပင် ရန်နိုင်က ထိုင်ခုံပေါ် ဝုန်းခနဲ ပြန်ပစ်ကျသွားလေသည်။

"ဟယ် ... ကိုရန်နိုင်"

ညိုက အလန့်တကြား အော်လိုက်မိကာ အခြေအနေကို တစ်ခဏကြောင်တက်တက် ကြက်သေ,သေကာ ကြည့်နေမိသည်။ သူက ပြန်လှုပ်မလာ။ ငြိမ်သက်လျက်သား။ ညို့ရင်ထဲတွင် ရင်ခုန်သံက တဒုန်းဒုန်း ဆူညံကာ ခေါင်းတွေထူပူ မျက်လုံးတွေ ပြာနှမ်းကုန်လျက် သူ့ထံ ဝုန်းခနဲ အပြေးကပ်သွားမိသည်။

"ကိုကို"





၂

ဖိုင်ဘာရောင်နုံခုံလေးတွေပေါ်မှာ ခပ်ငူငူကြီး ထိုင်နေမိရင်း စိတ်ရှုပ်ထွေးတိုင်း ခေါင်းကိုကုတ်ဖွမိ၍ ညို့ဆံနွယ် ညိုရင့်ရောင် တွန့်ခွေတို့လည်း ရှုပ်ပွနေ၍လေပြီ။ တစ်ယောက်ယောက်ထံ ဖုန်းဆက်ချင်သော်လည်း ဘယ်သူ့ထံ ဆက်ရမည်မသိဘဲ ခေါင်းတွေပူနေ၍ မဆက်ဖြစ်။

စန္ဒာကလည်း ဒီနေ့လယ်ဘက် မအား။ သက်ဝေက ဒီအချိန်ဆို ကလေးကျောင်းကြိုထွက်နေမယ်လို့ တွက်ကာ ဆက်စရာလူ ရှာမတွေ့တာပါ။

"တုံတုံ တုံတုံ ... တုံတုံ"

စိတ်ညစ်နေဆဲ ဖုန်းခေါ်သံ မြည်လာ၍ ကြည့်လိုက်လျှင် သက်ဝေရဲ့ဖုန်းနံပါတ် ဖြစ်နေ၍ ထိတ်ခနဲနေအောင် ပျော်သွားရပါသည်။ ချက်ချင်းဖုန်းဖွင့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မိသက်"

"အေး ... ညိုရေ၊ ငါတို့လာနေပြီ သိလား"

"ဟင်"

"လာနေပြီလို့"

"ဘယ်ကို လာနေတာလဲ"

"ဘယ်ကိုကမလဲဟဲ့၊ နင့်အိမ်ကိုပေါ့၊ အူကြောင်ကြောင်နဲ့"

"ဟင် ... ခြော် ... ဟို ... နင့် ... နင့်ကလေး ကျောင်းကြိုချိန်"

"မပူနဲ့၊ မေမေတို့အိမ် ဖုန်းဆက်ပြီး မေမေတို့ ဒရိုင်ဘာနဲ့ ကြိုပေးဖို့ အကူအညီ တောင်းလိုက်ပြီ၊ အငယ်လေးကိုတောင် လာခေါ်သွားပြီ၊ အငယ်လေး ဝင်ခေါ်၊ အကြီးကောင် သွားကြိုပြီး မေမေတို့အိမ်မှာပဲ ညအထိထားလိမ့်မယ်၊ ငါတို့ပြန်မှ ဝင်ကြိုသွားရုံပဲ၊ တမင်စောစောလေး လာချင်လို့"

"ဟို ... ဟိုလေ"

"နင်လည်း ကင်စရာတွေ အဖော်အလှော်မရှိ တစ်ယောက်တည်း နယ်ဖတ်ကင်နေရမှာဆိုပြီး အတူတူ ကူလုပ်ရအောင် ငါက စောစောလာလိုက်မယ် စိတ်ကူးတာ၊ အဲဒါ မောင်မောင့်ဆီလည်း ဖုန်းဆက်ပြောတော့ သူက တူတူသွားကြမယ်တဲ့၊ ငါကလည်း ငါတို့က ခုပဲကြိုသွားနှင့်တော့မှာလို့ ပြောတာ၊ သူကလည်း သိပ်မသွားချင်ရှာဘူး၊ အဟီး ... သူပါ အခုတစ်ခါတည်း လိုက်ကူမယ်၊ သူ လာ





ကြိုမယ်ဆိုတာနဲ့ အခု ငါတို့ ကားတောင်မပါဘူး၊ သူ့ကားပေါ်မှာ၊ သူ့ကားနဲ့လာနေတာ ... အဟင်းဟင်း"

"မိသက်"

"ဘာလဲ"

"မ ... မဖြစ်သေးဘူးဟ"

"ဘာကိုမဖြစ်တာလဲ"

"ကျွတ် ...၊ ငါလေ အခု အိမ်မှာမဟုတ်ဘူးဟ"

"နင် ခုနပြောတော့ အိမ်ပြန်နေပြီဆို၊ ပြောတာ လွန်ခဲ့တဲ့ တစ်နာရီက၊ ခုချိန်ထိ အိမ်ပြန်မချက်ပြုတ်သေးရင် နင် ငါတို့ကို ဘယ်အချိန်ကျွေးမလို့လဲ ရွှေညိုရဲ့၊ ငါတို့က နင့်ဆီလာ၊ ငါဆင်းနေခဲ့ပြီးမှ ကိုဝေမင်းနဲ့ မောင်မောင်က ခဏနေ လိုတာလေး အေးအေးဆေးဆေး ထွယ်ဝယ်မယ် ဆိုပြီး"

"သက်ဝေ"

"ဟင်"

"နင့် သေချာနားထောင်၊ ငါ အခု(.........)ဆေးရုံမှာ"

"ဟင် ... နင် ... နင် ... ဘာဖြစ်"

"ငါ ဘာမှမဖြစ်ဘူး"

"အိမ်ပြန်ရင်း လမ်းမှာ ကားတွေ ဘာတွေ"

"ဘာမှ မဖြစ်ပါဘူးဆို၊ အိမ်ပြန်ရောက်ပြီးပြီ"

"ဒါဖြင့် နင် နေမကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှမဖြစ်ဘူးဆို၊ နားထောင်ဦး"

"ပြော"

"ပြောတောင် မပြောချင်တော့ပါဘူးဟာ၊ ငါ့ ... ငါ့အိမ်မှာ ကိုရန်နိုင် မူးလဲလို့"

"ဘာ"

တစ်ဖက်က သက်ရဲ့အော်သံကြောင့် ညို့မှာ နားတွေအူကာ ဖုန်းကိုတောင် နားကနေ ရွှံ့မဲ့ခွာလိုက်ရပါသည်။ ညို့သူငယ်ချင်းအရင်းနှစ်ယောက် ဖြစ်ကြတဲ့ ခင်သက်ဝေနှင့် စန္ဒာတို့ဟာ ကိုရန်နိုင်ကို အကြီးအကျယ် မုန်းတီးနာကြည်းကြသူတွေပင်။

"ဘယ်သူ ! "

"နင် ကြားသားနဲ့ဟာ"

"နေပါဦး၊ သင်းက နင့်အိမ်ထဲ လာမူးလဲရအောင် အဖြစ်အပျက်က ဘယ်လိုမျိုးလဲ၊ သူက ဘာလာလုပ်တာလဲ၊ ကလေးတွေ ရောက်နေတုန်းလည်း မဟုတ်ဘဲနဲ့ သူက နင့်ဆီ ဘာလို့လာရတာလဲ၊ ငါတို့လည်း မသိပါလား၊ ဒီလို လာလာနေတာလား၊ နင်က ဘာကိစ္စ လက်သင့်ခံရတာလဲ"

"နေစမ်းပါဦးဟာ၊ ဒီလို တစ်ခါမှ မလာပါဘူး၊ လက်လည်း မခံပါဘူး၊ ဒီနေ့ကတော့ သူက ခုတ်လှေကားနားရောက်နေတာ၊ ငါနဲ့အတူ အိမ်ပေါ်လိုက်တက်လာတာဟ"





"ဘာလာလုပ်တာလဲ"

"သား ဖုန်းဆက်တဲ့အကြောင်း လာပြောတာ"

"ဒါများ ဖုန်းဆက်လို့ မရလို့လား၊ မရှိဘူးနော် ဒီလူကြီးတော့၊ နင်ကလည်း အိမ်ထဲအဝင်မခံနဲ့ပေါ့၊ နောက်ကို အကျင့်ပါပြီး ဝင်ထွက်နေဦးမယ်၊ အဲဒီတော့ သူက နင့်အိမ်ထဲ မူးလဲရောလား၊ ရန်ဖြစ်ကြလို့လား"

"ဘာမှမဖြစ်ဘူး၊ သူ့သွေးလည်း တိုးနေတယ်၊ အရက်ကလည်း သောက်ထားသေးတယ်"

"ကျွတ် ... စိတ်ပျက်စရာကြီး၊ ဒါနဲ့ အခု နင် ဆေးရုံခေါ်လာတာပေါ့"

"ငါတို့ဘေးခန်းက ဆရာဝန်ပဲလေ၊ ငါကမန်းကတန်းသွားခေါ်ရတာပေါ့၊ သူလိုက်လာစမ်းသပ်ပြီး သွေးတအားတိုးတက်သွားတာတဲ့၊ အချိန်မရွေး လေဖြတ်သွားနိုင်တယ်၊ ဆေးရုံချက်ချင်းပို့ဆိုပြီး သူပဲ Ambulanec (လူနာတင်ကား)ခေါ်ပေးတာ"

"နင်က စောင့်နေတယ်ပေါ့"

"မစောင့်နေလို့ ငါက သူ့ကို လူနာရှင်မရှိ ဘာမရှိ ဘယ်လိုလုပ်ပြီး ထားခဲ့ရမလဲ၊ ပြန်လို့ ဘယ်ဖြစ်မလဲဟဲ့၊ ငါအပြင်ထွက်ထိုင်နေတာ၊ သူကတော့ အရေးပေါ်ခန်းထဲမှာ"

"သူ့မိန်းမခေါ်ပေါ့ဟဲ့"

"မခေါ်ချင်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သူ့မိန်းမ မခေါ်ဘဲ နင်က လူနာရှင်လုပ်နေ

အောင် နင်က သူ့မိန်းမမို့လား၊ ရှုပ်ရှုပ်ယှက်ယှက်၊ တော်

ကြာ မခေါ်တာက တစ်ပြစ်ဖြစ်နေဦးမယ်၊ နင်ဟာ ခလ"

"ငါမှ စကားလှမ်းမပြောချင်တာ"

"ဖုန်းနံပါတ် သိလား"

"ဖုန်းနံပါတ်တော့ သိပါတယ်"

"လှမ်းပြောရမှာပေါ့ဟဲ့၊ မတော်တဆများ သေသွားရ

နင်တော့ အမှုတောင်ပတ်မယ်၊ နင့်ကို ဟိုကဖမ်းချုပ်အ

လုပ်မှာပေါ့ဟဲ့၊ နားလည်ရဲ့လား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာ မဆိုင်တာကနောက်၊ ကျွတ် ...၊ နင်ဟာလေ"

"သူလည်း မသေလောက်ပါဘူးဟဲ့၊ နင်ကလည်း"

"ကဲ ... ဆေးရုံကို လိုက်ခဲ့မယ်၊ ငါပဲ သူ့မိန်းမဆီဆက်

မယ်၊ '.........'ဆေးရုံနော်"

"အေး ... အရေးပေါ်ခန်းမှာ"

ညိုသည် ဘာပဲဖြစ်ဖြစ် အားတော့ရှိသွားပါသည်

အင်း ... လိုက်လာကြပြီဆိုတော့ မိသက်ရဲ့ယောကျ်ား ကိုဝေမင်း

အပြင် မောင်မောင်ပါ အတူပါလာကြတော့မှာပေါ့။ ကိုယ့်အဖြ

က မျက်နှာပူစရာကြီးလို့ပဲ။ အို ... ပူမနေနိုင်ပါဘူး။ ကိုယ်ဖ

တီးတာမှ မဟုတ်တာ။ ဖြစ်လာတာ ဘယ်တတ်နိုင်တော့မှာလဲ





ခဏအကြာ သက်ဝေ၊ ကိုဝေမင်း၊ မောင်မောင်တို့ ဆေးရုံထဲဝင်လာကြလျှင်တော့ ညိုသည် အားလည်းတက် စိတ်လည်းအေး ခုနက ရှို့မဲ့လိန့်ပိန်နေတာနဲ့ တခြားစီ၊ ကြည်လင်သွက်လက်လာကာ ဖြစ်ကြောင်းကုန်စင်ကို သူတို့ကို ဇာတ်ကြောင်းပြန် ပြောပြနေရပါသေးသည်။

မောင်မောင် ဆိုတာလည်း အစိမ်းသက်သက်မှ မဟုတ်တာပဲလေ။ ညို့ဘဝဇာတ်ကြောင်းကို သိထားပြီးသား လူတစ်ယောက်ပဲ။ သိထားပြီးပြီးမှ ညို့ကို မေတ္တာသက်ဝင်ကာ သမာဓိပိုး, ပိုးနေတဲ့ လူတစ်ယောက်ပါပဲ။

မောင်မောင် ဆိုတဲ့သူကို ညို ပထမဆုံးအကြိမ် မြင်မြင်ဖူးချင်း စိတ်ထဲနှစ်လိုရင်းနှီးသွားရတာကတော့ မောင်မောင်ဟာ ကိုရန်နိုင်နှင့် စတိုင်တူစွာ ရှပ်လက်ရှည်ပြောင်လေးတွေ၊ အစင်းသေးလေးတွေကို တံတောင်ဆစ်ထိ လက်ခေါက်ပြီး အောက်က စတိုင်ပဲန်နဲ့ ဝတ်တတ်သူမို့ပင်။

တကယ်ဆို သူတို့သဘော်သားတွေဟာ လုပ်ငန်းသဘောသဘာဝအရရော၊ ပေါ့ပါးလွတ်လပ်တဲ့ Jeans တွေကို ဝတ်လေ့များကြတာပဲ။ သူကတော့ သဘော်ပေါ်မှာတော့ Jeans ဝတ်တတ်ပေမယ့် ရန်ကုန်ရောက်လို့ သာမန်နေထိုင်သွားလာရင်း ခုလိုပဲ ဝတ်တတ်ပါသတဲ့။ သက်ဝေတို့ လင်မယားအပါအဝင် တစ်အုပ်စုကြီး ဘောလုံးပွဲသွားကြည့်ကြတာတို့ Picnic ခရီးတိုလေး သွားတာမျိုးတို့မှာ Jeans ဝတ်လာဖူးပေမယ့် အများအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရှပ်လက်ရှည်လက်ခေါက်၊ စတိုင်ဘောင်းဘီရှည်နှင့်ပဲ မြင်ရတာ။

ခပ်အေးအေး နေတတ်တဲ့ မောင်မောင်ဟာ နောက်တစ်ချက် ကိုရန်နိုင်နဲ့ တူပြန်တာက မတ်တတ်ရပ်နေရင် လက်ပိုက်ထားတတ်တာပါ။

အင်း ... တိုတိုပြောရင် ဒါလေးတွေကြောင့်ပဲ ဟုတ်ဟုတ် မဟုတ်ဟုတ် မောင်မောင်နှင့် ညိုတို့ စသိတာကနေ သိပ်မကြာခင် ရင်းနှီးဖြစ်ကြပါသည်။ သူ စင်ကာပူကနေ သင်္ဘောသွားတက်ရမည့် တစ်ခေါက်မှာ သားတို့ သမီးတို့နှင့် မေမေတို့အတွက် စားသောက်ဖွယ်ရာတွေ လူကြုံထည့်ပေးလိုက်ဖူး၍ သူတို့နဲ့တောင် သိတော့ သိနေပါပြီ။

မောင်မောင်ဟာ ကိုဝေမင်းနှင့်သင်္ဘောလိုင်းတစ်ခုထဲမှာလိုက်တဲ့သူ။ တစ်ခါတစ်ရံ သင်္ဘောတစ်စီးတည်းလည်း ကျတတ်၍ အလွန်ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းပါ။ ဒါပေမဲ့ ကိုဝေမင်းထက်သာမက သက်ဝေတို့ ညိုတို့ထက်ပင် သူက နှစ်နှစ်ခန့်ငယ်ပါသေးသည်။

လူပျိုကြီးစာရင်းဝင် ဆိုပါတော့။

"ကဲ ... အဲဒီတော့ သူက သတိရနေပြီလား"

"မသိဘူး၊ ငါလည်း ဆေးရုံရောက်ကတည်းက သူ့ကို အရေးပေါ်ခန်းထဲ ထည့်ပြီးကတည်းက ဒီနေရာမှာပဲ ထွက်ထိုင်နေတာ"





"ကို တစ်ချက်လောက် ဝင်ကြည့်လိုက်ပါလား၊ သက်သူ့အိမ် ဆက်လိုက်ဦးမယ်"

မိသက် စကားကြောင့် ဝေမင်းက အရေးပေါ်ခန်းထဲ ဝင်သွားလိုက်ပါသည်။ ဝေမင်း နောက်မှ မောင်မောင်ကလည်း မယောင်မလည် ကပ်ပါလိုက်ဝင်သွားလေသည်။

ရန်နိုင်က အရေးပေါ်လူနာခုတင်ပေါ်မှာ လဲလျောင်းလျက်သား ရှိနေကာ လက်တစ်ဖက်မှာ ဒရစ်ပ်ပုလင်း ချိတ်ထားပါသည်။ ခုတင်ဘေးမှာရှိတဲ့ သူနာပြုဆရာမကို ...

"ဆရာမ အခြေအနေ ဘယ်လိုလဲ မသိဘူး"

"ဪ ... လူနာရှင်လား"

"ဟုတ်ကဲ့ ... မိတ်ဆွေပါ"

"ဆရာက အရေးပေါ်သွေးကျဆေးကို အိုင်ဗီသွင်းပေးထားလို့ ပရက်ရှာတော့ နည်းနည်းကျသွားပါပြီ"

တာဝန်ကျ ဆရာဝန်က အနားကပ်လာကာ ...

"သွေးရှတ်တရက်တိုးတက်သွားတော့ အခန့်မသင့်ရင် Stroke တွေ ဘာတွေ ရသွားနိုင်တာပေါ့ဗျာ၊ ခုတော့ ဘာမှမဖြစ်နိုင်တော့ပါဘူး၊ အခြေအနေ ကောင်းပါတယ်၊ လူနာက အရက်လည်း သောက်ထားတယ်၊ ဒီရက်ပိုင်းတော့ အရက်သောက်လို့ မဖြစ်သေးဘူးဗျ"

"ဪ ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ရန်နိုင် ဆိုတဲ့သူကို ခုမှ ပထမ အကြိမ် စမြင်ဖူးတာမို့ လက်ပိုက်ရပ်ကာ စူးစိုက်ကြည့်ရှု အကဲခတ်နေမိသည်။ ဝေမင်းရဲ့ပြောစကားအရတော့ ရန်နိုင်ဆိုသူဟာ စိတ်ကောင်းသဘောကောင်းရှိတဲ့၊ ပေါင်းသင်းဆက်ဆံလို့လည်း ကောင်းတဲ့ လူတစ်ယောက်ဟု ဆိုသည်။

အိမ်ထောင်ရေး ဖောက်ပြန်မှု ကျူးလွန်သွားမည့် သူလို့တော့င် မထင်ရဘူးဟု ဆိုပါသည်။ အားလုံး တအံ့တသြ အငိုက်မိ ရှော့ခ်ရကာ မဖြစ်မနေ လက်ခံလိုက်ရတာတဲ့။

ရန်နိုင်ရဲ့မျက်ဝန်းများ ဖြည်းညင်းစွာ ပွင့်လာပါသည်။ ဝေမင်းက ...

"ကိုရန်နိုင် နေသာရဲ့လား"

"ဟုတ်ကဲ့"

"ကျွန်တော် ဝေမင်းပါ၊ ခင်သက်ဝေ အမျိုးသားလေ"

"ဪ ... ဟုတ်ကဲ့ မှတ်မိပြီ၊ ဘယ်သူ့ဆီလာတာလဲဗျ"

"ခင်ဗျားဆီပဲ လာတာပါ၊ ညို လှမ်းပြောတာနဲ့ ကျွန်တော် ရော သက်ရော လိုက်လာပေးတာပါ"

"ဪ ... အားနာစရာတောင် ဖြစ်နေပြီဗျာ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်လည်း ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး၊ ကိုယ့်ကိုယ်ကိုယ် ပရက်ရှာနည်းနည်းရှိတတ်တာတော့ သိပေမယ့် ဒီလောက် ဆိုးဆိုးကြီး တက်သွားမယ်တော့ မထင်မိဘူးပေါ့လေ၊ သတိထားရတော့မှာပေါ့၊ ကိစ္စမရှိပါ





ဘူးဗျာ၊ ကိုဝေမင်းတို့ ပြန်ပါ၊ အလုပ်များပါတယ်၊ ကျွန်တော် အားနာပါတယ်၊ ကျွန်တော်လည်း ဒီပုလင်းပြီးရင် ပြန်ရမယ် ထင်ပါတယ်"

"ဟုတ်ကဲ့ ... ခင်ဗျားအိမ်ကိုတော့ သက်က ဖုန်းဆက်ပေး နေတယ်ထင်တယ်ဗျ"

"ဟုတ်လား၊ သိပ်တော့ မလိုပါဘူးဗျာ၊ ဒါပေမဲ့ ကျေးဇူး တင်ပါတယ်"

ရန်နိုင်က ဘေးမှာလက်ပိုက်ရပ်နေသော ဝေမင်းရဲ့ အဖော်အမျိုးသားကို ဖျတ်ခနဲ အကြည့်တစ်ချက် ရောက်မိသည်။ ရုပ်ရည်သွင်ပြင် သန့်ပြန့်မွန်ရည်တဲ့ ဒီလူစိမ်းရဲ့မျက်ဝန်းများက တစ်မျိုးပဲ။ ထူးခြားမှုတစ်ခု စိမ့်နစ်ဝင်နေတယ်လို့ ရန်နိုင်ထင်မိသည်။ မျက်နှာစိမ်းမို့ မပြုံးမရယ်ပေမယ့် နူးညံ့တဲ့ မျက်နှာရိပ်ကိုတော့ ဆောင်ထားသားပင်။ ဒါပေမဲ့ အဲဒီဖော်ရွေနူးညံ့မှုရှိတဲ့ မျက်နှာပေါ်မှာပဲ မျက်ဝန်းများက စိမ်းလျက် အငွေ့အသက်တစ်မျိုးက အေးစက်နေသလိုပင်။

"ညို ပြန်သွားပြီလား ကိုဝေမင်း"

"အပြင်မှာ ရှိပါသေးတယ်"

"ပြန်ရင်ပြန်ပါလို့ ပြောပေးပါ၊ ကိုဝေမင်းတို့လည်း ပြန်ပါ ခင်ဗျာ၊ ကျွန်တော် ကောင်းနေပါပြီ"

"ခင်ဗျားခနီးရောက်အောင် စောင့်ပေးလို့ ရပါတယ်"

"မလိုပါဘူး ခင်ဗျ၊ ကျွန်တော် အားနာပါတယ်၊ ပြန်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဝေမင်းက ခေါင်းညိတ်လိုက်ပါသည်။

ကိုရန်နိုင့် မိန်းမက ငယ်ငယ်ရွယ်ရွယ်လေးပဲ ရှိသေးတယ်လို့ ကြားဖူးသည်။ သူ ရောက်လာရင် အရင်အသိုင်းအဝိုင်းဟောင်းက မိတ်ဆွေတွေ၊ အထူးသဖြင့် ဇနီးဟောင်းရဲ့ သူငယ်ချင်းမိတ်ဆွေတွေဆိုတာ သိရင် ကြိုက်ချင်မှ ကြိုက်မှာပါ။ ဒါ့အပြင် ကိုရန်နိုင်ကလည်း သူ ညို့ညို့ညို အိမ်မှာ ခုလိုဖြစ်ရတာဆိုတာ သူ့ဇနီးကို ဖွင့်ပြောချင်မှ ဖွင့်ပြောမှာပေါ့။

ဖုံးကွယ်ထားလိုတာမျိုးလည်း ဖြစ်နိုင်သည်။ သူ့အခြေအနေကလည်း ကောင်းနေပြီမို့ ပြန်လိုက်တာက ပိုပြီးကိစ္စရှင်းသည်လို့ တွက်မိပါသည်။

"ဒါဖြင့်လည်း ကျွန်တော်တို့ ပြန်လိုက်ဦးမယ် ကိုရန်နိုင်"

"ဟုတ်ကဲ့ ... သင့်ခ်ယူးပါဗျာ"

ဝေမင်းက မောင်မောင့်ကို ခေါင်းဆတ်အချက်ပြကာ အရေးပေါ်ကုသခန်းထဲမှ ပြန်ထွက်လာခဲ့ကြပါသည်။

"ထူထောင်နေပါပြီ၊ ကောင်းနေပြီ"

ညို သက်ပြင်းမောကြီး ကျိတ်ချလိုက်သလို၊ ရင်ဘတ်လေး မောက်ကြွတက်လာပြီးမှ နိမ့်ဆင်းကျသွားတာကို မောင်မောင်က မသိမသာလေး အကဲခတ်နေမိသည်။ ကြည့်ပါဦး ဒီလောက် အပြစ်ဆိုစရာမရှိတဲ့ မိန်းမမျိုးကိုများ ပစ်သွားရက်တဲ့သူက ရှိသေးတယ်တဲ့။ အိုမင်းရွတ်တွလာလို့ နောက်တစ်ယောက် ဖောက်ပြန်ရတာဆိုလည်း ထားလိုက်ပါတော့။ ခုချိန်မှာတောင်





မလှမ်းမကမ်းလေးကနေ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်ချင်စရာကောင်းနေတဲ့ မိန်းမတစ်ယောက်ကို လွန်ခဲ့တဲ့ ငါးနှစ်၊ ခုထက်ပိုမို ပျိုမျစ်လတ်ဆတ် နုစင်နေတုန်း အချိန်ကတည်းက စွန့်ပစ်ခဲ့တာ။

သူ ထပ်မံရွေးချယ်လိုက်တဲ့ မိန်းမက ဘယ်လောက်တောင်များ ဥနေထွတ်နေလို့လဲ။

"ကိုရန်နိုင်က ရပါပြီတဲ့၊ ပြန်ခိုင်းနေတယ်"

"ဖုန်းဆက်မရသေးဘူး၊ ဧရိယာပြင်ပတဲ့၊ ဘယ်ချုပ်တိုးနေလဲ မသိဘူး"

"ဟော ... သက်ကလည်းကွာ၊ တခြားမိန်းမတစ်ယောက်ကို"

ဝေမင်းက ဟန့်သဖြင့် သက်က ဝေမင်းကို မျက်စောင်းချိတ်လိုက်ပါသည်။ ညိုကတော့ စိတ်ပျက် စိတ်ရှုပ်သလို ခပ်ငူငူလေးသာ ငြိမ်သက်နေပါသည်။

"ဟော ... ဝင်ပြီ ... ဝင်ပြီ၊ အိမ်ဖုန်းဆက်တာ အိမ်ကကောင်မလေးက အပြင်သွားတယ်ဆိုလို့ သူ့ဟန်းဒ်ဖုန်းတောင်းလိုက်တာလေ"

သက်က လှမ်းပြောနေရင်းက ...

"ဟယ်လို ... ဆင်ဒီသော်ရဲ့ဖုန်းလား မသိဘူး"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"ဪ ... တို့က ကိုရန်နိုင့် မိတ်ဆွေပါ"

"ကိုရန်နိုင့်မိတ်ဆွေ ... ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဆင်ဒီ မသိပါဘူး၊ ဟိုအရင်က မိတ်ဆွေပါ၊ ကိုရန်နိုင် မူးလဲလို့၊ '.........'ဆေးရုံ အရေးပေါ်ကို ရောက်နေတယ်၊ အဲဒါလေး အကြောင်းကြားပေးတာ"

"ရှင်" ။

" '.........'ဆေးရုံကို လိုက်လာလိုက်ပါ၊ ဒါပဲနော်"

"ဟယ်လို ... ဟယ်လို ... နေပါဦးရှင့်"

"ဟုတ် ... ပြောပါ"

"အစ်မက ဘယ်သူလဲ"

"တို့ကို ဆင်ဒီ မသိပါဘူး"

"မသိလည်းပဲ ပြောပါ၊ ဒီလိုကြီးလှမ်းပြောတော့ တကယ်လား ဖုန်းနောက်တာလား မသိ၊ ကျွန်မက ဘယ်လိုယုံရမလဲ၊ တကယ်ကော ဟုတ်ရဲ့လား၊ တစ်ယောက်ယောက် နောက်တာများလား"

"ရော် ... ခက်နေပါလား၊ အလကားနေရင်း နောက်ပြောင်နေစရာ အကြောင်းလည်း မရှိပါဘူး၊ အချင်းချင်း ခင်တာလည်း မဟုတ်ဘဲနဲ့ နောက်စရာလား၊ သူ တကယ်မူးလဲတာ၊ '.........'ဆေးရုံရဲ့ အရေးပေါ်ခန်းမှာ"

"ဘယ်မှာမူးလဲတာလဲ၊ ဘာလို့ မူးလဲတာလဲ"

"ဘာလို့ မူးလဲတာလဲတော့ ဘယ်သူက သိနိုင်ပါ့မလဲလေ၊ ဘယ်မှာလဲ ဆိုတာတော့ ..."





ဝေမင်းက သူ့မိန်းမသူ ပခုံးကို တစ်ချက်လှမ်းပုတ်ကာ မျက်မှောင်ကြုတ်ပြလိုက်၍ သက်က ဆောင့်ဆောင့်အောင့် အောင့် မျက်စောင်းလေးထိုးရင်း ...

"လမ်းမှာမူးလဲတာ၊ ကျွန်မတို့က သူနဲ့သိနေလို့ ကြားက မနေနိုင်လို့ ဆေးရုံပို့ပေးထားတာရှင့်"

ညိုထံ ခုနက ညိုသွားရှင်းထားရတဲ့ ကုန်ကျစရိတ်ရဲ့ပြေစာ့စာရွက် ထပ်ရောက်လာတာကို သက်က ငဲ့ကြည့်ရင်း...

"ဒီမှာ ကုန်ကျစရိတ်တွေပါ စိုက်ရှင်းပေးထားတယ် သိလား၊ ဒါပေမဲ့ နေပါစေ၊ ဒါတွေတော့ ပြန်ရှင်းပေးမနေပါနဲ့တော့၊ ဒီကိုသာ လိုက်လာခဲ့ပါ၊ ကျွန်မတို့က ပြန်တော့မယ်"

"ကောင်းပြီလေ၊ အစ်မရဲ့နံပါတ်လည်း ကျွန်မဖုန်းမှာ ပေါ်နေတာပဲ၊ နောက်တာတော့ မဟုတ်တန်ကောင်းပါဘူး၊ ကျွန်မ လာခဲ့ပါ့မယ်၊ ကျေးဇူးပါပဲ"

"ကောင်းပါပြီ"

သက်က ဖုန်းကိုပိတ်လိုက်ရင်း ...

"ကဲ ... ကို၊ ဒီပြေစာတွေ ကိုရန်နိုင့်ကို ဝင်ပေးလိုက်ပေါ့၊ ပြီးရင် သွားစို့"

ကိုဝေမင်း လက်လှမ်းလိုက်တာကို ညိုက လှမ်းမပေးလိုက်ဘဲ ...

"ညိုပဲ သွားဝင်ပေးလိုက်မယ် ကိုဝေမင်း၊ ပြန်တော့မှာလည်း နှုတ်ဆက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ညို့ကို ဘာမှမပြောနိုင်ဘဲ တိတ်တိတ်ဆိတ်ဆိတ်ပဲ စိုက်ကြည့်နေလိုက်ကြရကာ ညိုကတော့ အတွင်းခန်းထဲ ဝင်လာခဲ့ပါသည်။ ခုတင်ပေါ်မှာ မျက်စိပွင့်နေတဲ့ သူ့အနားရပ်ရင်း ရင်ဘတ်ပေါ် ပြေစာ,စာရွက်တို့ကို လှမ်းတင်လိုက်ကာ ...

"ကျွန်မ ပြန်လိုက်တော့မယ်၊ ရှင့် မိန်းမဆီလည်း သက်ဖုန်းဆက်ပြီးပြီ"

"ဩော် ... ပိုက်ဆံတွေ ရှင်းလိုက်ရတာပေါ့၊ ကိုယ် ပြန်"

"နေပစေပါ၊ ထားလိုက်ပါ၊ ရှင့်ကားတော့ ကျွန်မတို့ ပါ့ကင်မှာ ကျန်ခဲ့ပြီပေါ့၊ နောက်မှ အဆင်ပြေသလိုယူတော့"

ရန်နိုင်က ညို့ကို မျက်ဝန်းများနှင့်သာ စူးစိုက်ကြည့်နေသည်။ ရှင် အရက်တွေလည်း သိပ်မသောက်နဲ့လို့ ပြောရင်ကောင်းမလား၊ မကောင်းဘူးလား။ အင်း ... မပြောတော့ပါဘူးလေ။ သူ့ဘဝကို သူ ဘယ်လိုပဲ ဖြတ်သန်း ဖြတ်သန်း ဘယ်လိုပဲ လျှောက်လှမ်း လျှောက်လှမ်း ကိုယ်နဲ့ဘာဆိုင်တာမို့လဲ။

"သွားပြီ"

ညိုက ခပ်တိုးတိုး နှုတ်ဆက်၍ လှည့်ထွက်ခဲ့ပါသည်။





၃

"ညို"

ညိုကလှည့်ကြည့်လိုက်လျှင် သူ့ထံခပ်သွက်သွက် အပြေးတစ်ပိုင်း လှမ်းလာနေတဲ့ မောင်မောင့်ကို တွေ့လိုက်ရပါသည်။

"ညို ဘယ်လဲ"

"ဒီကိုပဲ မောင်မောင်"

ညိုက လက်ထဲက ကတ္တီပါလေးထောင့်ပုံးလေးကို ပိုက်ကာ အပြုံးလေးနှင့် ဖြေလိုက်ပါသည်။ သူက ညို့ထက် အနည်းငယ် ငယ်ရွယ်ပေမယ့် ညို့ကို "ညို"လို့ပဲ ခေါ်လေသည်။ ညိုနဲ့သက်တူရွယ်တူ သက်ကိုကျတော့ "မသက်"လို့ ခေါ်ပြီးတော့။

"ညို တစ်ယောက်တည်းလား"

"အင်း"

"လက်ထဲက ဘာထုပ်ကြီးလဲ၊ ပေးလေ ကျွန်တော် ကိုင်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မောင်မောင်"

"ပေးပါ၊ ဘာဘူးကြီးလဲ၊ ကိုင်ရခက်နေတာ"

"အဟင်း ဟင်း ... ဒါ ရွှေဘူးကြီး"

"အင်"

"ရွှေထည်တွေလေ၊ ညို့ဖောက်သည် ရွှေဆိုင်တွေဆီ သူတို့ရဲ့အပ်ထည်တွေ လာပို့တာ မောင်မောင်ရဲ့"

"အားပါး ... ရွှေဘူးကြီးကိုး"

"ရွှေဘူးကြီးမို့ ပေးမကိုင်တာ မဟုတ်ဘူးနော်၊ ညိုက ကိုင်နေကျပါ၊ မောင်မောင်သာ ဒီဘူးကြီးပိုက်လို့ လူပျို လေး ရှိုးပွဲနေမှာ စိုးလို့ပါ"

"ဟား ဟား ... လူပျိုကြီးပါဗျာ၊ လူပျိုလေး မဟုတ်ပါဘူး"

ဗိုလ်ချုပ်ဈေးရဲ့ကားအဝင်လမ်းပေါ်တစ်ဆင့် ဗဟိုရုံကြီးဘက်သို့ နှစ်ယောက်အတူ ချိုးကွေ့ဝင်လာခဲ့ပါသည်။

"ပေးပါ ညို၊ ညို့ ရွှေဘူးကြီးကို မပျောက်အောင် သယ်ပါ့မယ်"

ရယ်မြူးရိပ်ဖျဖျ သူ့စကားကြောင့် ညိုက ရွှင်ရွှင်သာသာ ရယ်မောလိုက်မိကာ သူ့လက်ထဲ ရွှေထည်တွေ ထည့်ထားတဲ့ လေးထောင့်ကတ္တီပါဘူးနက်ပြာကြီးကို ထည့်လိုက်ပါသည်။ တော်ကြာ ရွှေတွေမို့ အထိမခံဘူး ထင်နေပါဦးမည်။





"ဟုတ်သားပဲ၊ ညိုတို့က မျိုးနဲ့ရိုးနဲ့ချီပြီး ပန်းတိမ်လုပ်ကြတာလို့ မသက်ဆီက ကြားဖူးတယ်၊ ဆိုင်တော့မဖွင့်ဘူးလား"

"ဟင့်အင်း ... ဆိုင်မဖွင့်တော့ဘူး၊ ညိုအချိန်မပေးနိုင်လို့၊ မေမေ ဒီမှာရှိတုန်းကတော့ ညိုတို့ ငယ်ငယ်က ရွှေဆိုင်ဖွင့်ထားသေးတယ်၊ အခု မေမေကလည်း ညို့ညီမဝိသားစုနဲ့ စင်ကာပူမှာ နေတယ်၊ ရွှေဆိုင် မဖွင့်တော့တာကြာပြီ၊ ပန်းတိမ်အလုပ်ကကျတော့လည်းလေ ကိုယ့်အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်မှာစိုးတာနဲ့ ခုထိ ဆက်ဖွင့်ထားတယ် ...

ညိုတို့ ပန်းတိမ်က ဖောက်သည်ဆိုင်လည်းများတော့ ပစ္စည်းလုပ်ရတာလည်း များတယ်၊ သူ့ဟာနဲ့သူ ဝင်ငွေလည်းကောင်းနေတော့ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရှိနေလည်းပဲ ကောင်းပါတယ်လေဆိုပြီး ဆက်လုပ်နေရတယ်"

"ကောင်းပါတယ် ညိုရဲ့၊ ဆက်လုပ်ပါ၊ ရပ်မပစ်ပါနဲ့"

"အဒေါ်ဝမ်းကွဲ အပျိုကြီးတစ်ယောက်က အုပ်ချုပ်ပေးနေတယ်၊ သူတို့မောင်နှမပေါ့၊ အဒေါ်ရယ် ဦးလေးရယ်၊ ဒါကြောင့် ညို ပန်းတိမ်ရုံကို အချိန်ပြည့်တော့ သွားထိုင်မနေရပါဘူး၊ ဆိုင်တွေက အပ်ရွှေသားတွေ ပို့ပေးတယ်၊ အထည်တွေပြီးရင် ညို လိုက်ပို့တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ညိုတစ်ယောက်တည်း ရွှေဘူးကြီးတွေပိုက်ပြီး လျှောက်သွားနေတာပေါ့"

"အဟင်း ဟင်း ... အင်းပေါ့"

"စားပြလိုက်တိုက်ဦးမှပဲ"

"အဟင်း ဟင်း"

"ဟုတ်တယ် ညို၊ စိုးတောင် စိုးရိမ်တယ်၊ အဖော်လေးဘာလေးပါရင် ကောင်းတာပေါ့၊ ရွှေတွေနဲ့ အန္တရာယ်များလိုက်တာ"

"ညိုကတော့ သွားလာသယ်ပို့နေကျမို့လို့ ဘယ်လိုမှ မနေပါဘူး"

"မပြောကောင်း မဆိုကောင်း မတော်တဆ ဒီပစ္စည်းတွေနဲ့ ညို အက်ဆစ်ဒဲန့်ထ်ဖြစ်ရင် လမ်းသွားရင်း နေမကောင်းတွေ ဘာတွေ ဖြစ်ရင် ဒုက္ခရောက်မှာပေါ့"

"မောင်မောင် ပြောမှပဲ ရင်တောင်ထိတ်လာပြီ"

"ဟုတ်တယ်လေ ညိုရဲ့၊ မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူးလေ"

"အိမ်မှာ အရင်က တူတူနေတဲ့ ဒေါ်အိ ဆိုတာရှိတယ်၊ သူရှိရင်တော့ သူ့ကိုလည်း ဟိုခေါ်ဒီခေါ် ခေါ်သွားလေ့ရှိပါတယ်၊ အဖော်ရတာပေါ့၊ သူကလည်း အခု တောပြန်နေတယ်၊ ပြန်လာဖို့ မလွယ်သေးဘူး"





"ဟိုနေ့က မသက် ပြောနေတာ ကြားတယ်လေ၊ လူတစ်ယောက်ရှာဖို့ဆိုတာ။ ညိုက တစ်ယောက်တာ အလုပ်လေးတွေ ကိုယ်တိုင်နိုင်တယ် ဆိုပေမယ့် အဖော်အဖြစ် လူတစ်ယောက်တော့ အတူရှိသင့်တယ် ညိုရဲ့၊ အရေးပေါ် တစ်ခုခုဆိုရင် အဖော်ရှိတာက အားသာတာပေါ့၊ ဘာမှမဖြစ်ရင်တော့ ဟုတ်တဲ့ပေါ့၊ တစ်ခုခုဖြစ်ရင်တော့ ဒုက္ခရောက်မှာ ညိုရဲ့"

"အင်း ... ဟုတ်ပါတယ်၊ ညိုလည်း ဟိုနေ့ကတည်းက သက်ရဲ့စကားကို စဉ်းစားနေတာပါ၊ ဒေါ်အိက ညို့အိမ်မှာ နေခဲ့တာ ဆယ်နှစ်ကျော်ဆိုတော့ ညိုလည်း လူတစ်ယောက်ယောက်ကို ဘယ်နားသွားရှာရမလဲ၊ အဆက်အသွယ်တွေ မသိတော့တာနဲ့"

"ကျွန်တော်တောင် ဟိုနေ့က မသက်ပြောတာ သတိရပြီး မေမေ့ကို မေးကြည့်ထားပေးသေးတယ်၊ မေမေက သူ့မိတ်ဆွေသူငယ်ချင်းတွေ အိမ်တွေမှာ လူလိုရင် သူ့အဆက်အသွယ် ပွဲစားတွေဆီက ရှာပေးဖူးနေတာ သိနေလို့လေ၊ မေမေ့မှာ အဲသလို အဆက်အသွယ်တွေရှိတယ်၊ ခုလည်း ကျွန်တော် လိပ်စာတွေ တချို့မေးထားတယ်၊ ညိုခေါ်မယ်ဆိုရင် ကျွန်တော် လိုက်ပို့ပေးမယ်"

ညိုက မောင်မောင့်ကို အပြုံးလေးနှင့် ငဲ့ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ မောင်မောင်ရယ်၊ ညိုလည်း ခေါချင်ပါတယ်၊ ညို့ကို လိပ်စာပေးလိုက်လည်း ရပါတယ်၊ မောင်မောင် လိုက်ပို့နေမှာ အားနာပါတယ်"

"လိုက်မပို့နဲ့လို့ ငြင်းရမှာကိုသာ အားနာပါ ညိုရယ်"

"အဟင်း၊ မောင်မောင် ဈေးထဲ ဘယ်ကိုလာတာလဲ၊ ဘာဝယ်ဖို့ရှိလို့လဲ"

"တိုက်ပုံအပ်ဖို့ ညို၊ မင်္ဂလာဆောင်တစ်ခု သွားဖို့ရှိလို့၊ ဟိုး အရင်ရှိတဲ့ တစ်ထည်တည်းသော တိုက်ပုံဖြူက ဝါကျင့်ကျင့် ဖြစ်သလိုလို ကျုံ့သွားသလိုလို စိတ်တိုင်းမကျတာနဲ့ တိုက်ပုံတစ်ထည်ချုပ်မလို့ပါ၊ အနက်ရောင်ချုပ်မယ်၊ မေမေက ဗိုလ်ချုပ်ဈေးကို သွားလို့ပြောတာနဲ့ လာခဲ့တာ"

"ဆိုင် သိလား"

"သေချာတော့ မသိဘူး"

"ညို သိတာ နှစ်ဆိုင်ရှိတယ်၊ ပြီးရင် ညိုလိုက်ပြပေးမယ်လေ"

"ကျေးဇူး"

"မောင်မောင် ဒီဘက်ကွေ့၊ ရှေ့နားက ရွှေဆိုင်"

နှစ်ယောက်သား ညို့ဖောက်သည် ရွှေဆိုင်တစ်ဆိုင်ဆီ ရောက်လာကြပါသည်။

"မမကြည်"





"အေး ... ညို အတော်ပဲ၊ ဒီမှာ မမ မိတ်ဆွေက ချိန်းထားတဲ့ရက်ချိန်းထက်စောပြီး မှားပြီးရောက်လာတာ၊ ဥက္ကံကနေတောင် လာရတာဆိုတော့ မရဘဲ ပြန်လွှတ်ရမှာ အားနာနေတာ၊ ပစ္စည်းတွေက နက်ဖြန်မှရမှာမို့၊ အဲဒါ ပြောရင်း အားနာတာနဲ့ ညို့ဆီတောင် ဖုန်းဆက်မေးတော့မလို့၊ ညိုရောက်လာတာ အတော်ပဲ၊ ပုလဲနဲ့ခတ်ထားတဲ့ လည်ဆွဲရယ် လက်ကောက်ရယ် ဝမ်းဆက်လေ၊ ပါတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ပါပါတယ် မမကြည်ရဲ့"

"ကဲ ... အတော်ပဲ။ ညို ထိုင်လေ၊ ဟိုဘက်က ညိုနဲ့ပါတဲ့ အဖော်လား"

"ဟုတ်ကဲ့ ... ညို့မိတ်ဆွေပါ"

"မောင်လေး ထိုင်ထိုင်၊ အဲဒီခုံမှာထိုင်၊ ဘာသောက်မလဲ"

"တော်ပါပြီခင်ဗျာ၊ နေပါစေ"

"အို ... ဘယ်ကနေပါစေလဲ၊ အပူလား၊ အအေးလား"

ညိုက ဘေးကပတ်ကာ ဆိုင်ခုံပေါ်တက်ရင်း မောင်မောင့်ကို လှည့်ကြည့်လျက် ...

"မောင်မောင်က အအေးမသောက်ဘူးမို့လား၊ ကော်ဖီပဲ လုပ်ပါ မမကြည်"

မောင်မောင်က သူ့ကိုအကဲတခတ်ခတ် လုပ်နေသော ရွှေဆိုင်ရှင် မမကြည်ရဲ့ပုံစံကို ရိပ်မိပါသည်။ မသိချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကာ ငြိမ်ငြိမ်သက်သက်လေးပဲ ထိုင်နေလိုက်ပါသည်။ ကတ္တီပါဘူးကြီးထဲက ပစ္စည်းတွေကို ပလတ်စတစ်အိတ်ကြီးအိတ်ငယ်တွေနှင့် တစ်ခုချင်းထုတ် အော်ဒါစာအုပ် ဘောက်ချာစာရွက်တို့နှင့် တစ်ခုချင်းတိုက်စစ်၊ အလေးချိန်ပြန်ချိန်၊ စာရင်းသွင်းနဲ့ အတော်ကြာကြာ အလုပ်များနေတဲ့ မမကြည်နှင့် ညိုတို့က ဘေးပတ်ဝန်းကျင်ကိုတောင် သိပ်အာရုံမပြုနိုင်။

ဝင်ချည်ထွက်ချည်နဲ့ ကြည့်ရှုနေကြတဲ့ ဈေးဝယ်တချို့ကိုတော့ မမကြည်ရဲ့တူမတစ်ယောက်က ပစ္စည်းထုတ်ပြ ဈေးပြောပြနှင့် ရောင်းနေပါသည်။ ဆိုင်ရှေ့က ဖြတ်သန်းရင်း မှန်ပုံးထဲက ပစ္စည်းတွေကိုငေးရင်း ကျော်သွားတဲ့သူ ရပ်ကြည့်တဲ့သူ ဈေးမေးတဲ့သူတွေကြားထဲမှာ တစ်ယောက်သောအမျိုးသမီးဟာ မှန်ပုံးရှိုးကေ့စ်တွေကိုကြည့်လိုက် ဆိုင်ခုံပေါ်က ညို့ကိုကြည့်လိုက်နှင့် အနည်းငယ် ဂနာမငြိမ်တာ မောင်မောင်က သတိပြုမိနေပါသည်။

ထိုအမျိုးသမီးက စိန်ရွှေရတနာတွေကို စိတ်ဝင်စားလို့မဟုတ်ဘဲ ညို့ကို စိတ်ဝင်စားလို့ ဆိုင်ရှေ့ရပ်တန့်လိုက်တယ် ဆိုတာ ဘေးကအကဲခတ်နေတဲ့ မောင်မောင်က ရိပ်မိသည်။ ခဏအကြာမှာတော့ မမကြည်နှင့် ညိုတို့ရဲ့စာရင်းရှင်းမှုတွေက ပြီးဆုံးသွားကာ မမကြည်က ပစ္စည်းတွေသိမ်း၊ ညိုက မောင်မောင့်ကို လှမ်းကြည့်ရင်း အပြုံးနှင့် ...

"ပျင်းသွားပြီလား မောင်မောင်"



"မပျင်းပါဘူး ညိုရဲ့၊ စိတ်ဝင်စားနေတာပါ"

"မောင်မောင် ကော်ဖီသောက်လေ"

"ဟုတ်သားပဲ၊ သောက်လေ မောင်လေး၊ ကော်ဖီတောင် အေးလောက်ပြီ၊ အလုပ်တွေ များသွားတာ စောင့်နေရတာ အားနာစရာကြီး၊ မိတ်ဆက်ပေးဦးလေ ညို"

"ဩော် ... မမကြည်၊ ခင်သက်ဝေ သိတယ်မဟုတ်လား၊ အဲဒီသက်ရဲ့အမျိုးသားနဲ့ မောင်မောင်က သဘောတစ်လိုင်းတည်းလေ၊ စက်မှုအင်ဂျင်နီယာပါ၊ မောင်မောင် မမကြည်က ညိုနဲ့စီးပွားဖက်ပဲပေါ့၊ အကြီးဆုံးဖောက်သည်လေ"

"မှတ်ထားနော် မောင်လေး၊ နောင်လည်း အမေတွေ ညီမတွေ ပစ္စည်းဝယ်စရာရှိရင် လာအားပေး၊ ညိုက မမကြည်ညီမလိုပဲမို့လို့ ညို့မိတ်ဆွေလည်း မမကြည်မောင်ညီမတွေပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မမကြည်"

"ကဲ ... မမကြည်၊ ဒီနေ့တော့ စကားကောင်းဖို့ အချိန်သိပ်မရလို့ ပြန်တော့မယ်"

"အေး ... အေး ... အပ်ထည်စာရင်းပါ့ပြီနော်"

"ဟုတ်၊ ပါပြီ"

ညိုက ဆိုင်ခုံပေါ်က ဆင်းလာ၍ မောင်မောင်လည်း ထိုင်ရာကထ,ကာ ညို ဦးတည်ပြီး လျှောက်သွားတဲ့ လမ်းသွယ်အတိုင်း နောက်ကပါလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွတ် ... ရွတ် ... ဒီမှာ အစ်မ"

"........."

"ရွတ် ... မညို"

နောက်က ခေါင်းသံနှစ်ခွန်းဆင့်မှ ကိုယ့်ကိုခေါ်မှန်းသိကာ ညိုရော မောင်မောင်ပါ လှည့်ကြည့်မိသည်။ ခုနကရတနာတွေကြည့်လိုက်၊ ညို့ကိုကြည့်လိုက် လုပ်နေတဲ့ အမျိုးသမီး။ မောင်မောင်က ညို့ကို ငုံကြည့်လိုက်ပါသည်။

"ဪ"

ညိုက ခြောက်ကပ်ကပ် တစ်ချက် အသံပြုပြီး မျက်နှာလေးက အရိပ်အရောင် ထူးခြားပြောင်းလဲသွားလေသည်။ ဆိုးဆိုးဝါးဝါး မျက်နှာပျက်တာတော့လည်း မဟုတ်ပေမယ့် မနှစ်မသက် စိတ်မပါလက်မပါဆန်မှုကိုတော့ ညို့မျက်နှာမှာတွေ့ရသည်။

"အစ်မနဲ့ စကားနည်းနည်းပြောချင်လို့၊ မဟုတ်ရင်တောင်ဖုန်းဆက်တော့မလို့၊ ချိန်းဖို့လေ၊ ခုတော့ မတော်တဆဆုံလိုက်တာ အတော်ပဲ"

"ဪ ... အင်း ... ပြောလေ"

"ဟို ... ဒီက အစ်ကို တစ်ဆိတ်လောက် ရှောင်ပေးပါလား"

မောင်မောင်က အံ့သြသွားပြီး ညို့ကို ကြည့်လိုက်ပါသည်။ ညိုက မျက်မောင်လေးကုတ်လိုက်ရင်း ...

"ဒါ တို့မိတ်ဆွေ လူကြီးလူကောင်းပါ၊ ရှောင်ပေးဖို့တွေ ဘာတွေ ဆင်ဒီက နှင်ပိုင်ခွင့်မရှိပါဘူး"





"ဪ ... မသိဘူးလေ၊ ဆင်ဒီက ဟိုလူဒီလူရှေ့ အစ်မ ပြောစေချင်ပါ့မလားလို့ပါ"

"ဒီမိတ်ဆွေ အပါအဝင် တခြား ဘယ်သူ့ရှေ့မှာမှ မပြောစေချင်တဲ့ အကြောင်းကိစ္စမျိုးတို့မှာ မရှိပါဘူး ဆင်ဒီ၊ လူမသိ သူမသိ လျှို့ဝှက်ထားရမယ့် လူသိခံရမှာ ကြောက်ရရက်ရမယ့် ကိစ္စမျိုးမှ တို့မှာမရှိတာ"

"ဒါဆိုလည်း စကားထိုင်ပြောဖို့ ဆိုင်တစ်ခုခု သွားမလား"

"ဆိုင်ထိုင်ပြောရလောက်အောင် တို့နဲ့ ဆင်ဒီကြားမှာ ရှည်ရှည်ဝေးဝေး ဆွေးနွေးနေစရာ ကိစ္စမျိုးလည်း မရှိဘူး ထင်တာယ်၊ ပြောရမယ့်စကားက ရှည်လို့လား၊ အချိန်ကြာမယ့် အကြောင်းကိစ္စ ဆိုရင်တော့ ..."

ညိုက နာရီလေးတစ်ချက် ငုံ့ကြည့်ရင်း ...

"အချိန်တော့ သိပ်မရဘူး"

"ဒါဖြင့် ဒီလိုပဲ မိုးတိုးမတ်တတ် ပြောရမှာလား"

"အင်းပေါ့၊ ဘာကိစ္စမို့လို့လဲ"

ဆင်ဒီက မျက်နှာအနည်းငယ် အေးစက်တင်းမာကာ ...

"ဟိုတစ်နေ့က ကိုကြီး မူးလဲတာ"

"........."

ဆင်ဒီက စကားခဏဖြတ်ပြီး ညို့ကို စူးစူးရဲရဲမလွှတ်တမ်း ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မအိမ်မှာဆို"

ညိုက ခဏငြိမ်သက် ဆွံ့အသွားပါသည်။ အဲဒီနေ့က သက်ကလည်း လမ်းမှာမူးလဲတာလို့ပဲ ပြောလိုက်တာပဲ။ သူ့အတိအကျ သိနေတယ်ဆိုရင် ပြောမည့်သူဟာ ကိုရန်နိုင် ကိုယ်တိုင်က လွဲ၍ တခြားဘယ်သူမှ မရှိနိုင်။

"အဲဒါ ဟုတ်လား"

"အင်း ... ဟုတ်တယ်"

ဆင်ဒီ့မျက်နှာက ခါးသက်သွားကာ ...

"ကိုကြီးက အစ်မအိမ် ဘာဖြစ်လို့ ရောက်လာရတာလဲ"

ညိုက သဘောကျသလို တစ်မျိုးလေး ပြုံးလိုက်ပါသည်။ ဆင်ဒီ့မျက်နှာမှုယာကို ရယ်ချင်သယောင်လည်းရှိရင်း တစ်ပြိုင်နက်မှာ ဤသို့အမေးခံရတာကို ကျေနပ်ဝမ်းမြောက်သလို အရိပ်အရောင်လေး ညို့မျက်နှာပေါ် ပေါ်လာတာကို မောင်မောင်က ငေးကြည့်နေမိသည်။

"သူ ပြောစရာရှိလို့ လာတာပါ ဆင်ဒီ၊ ကိစ္စတစ်ခုခုရှိရင် သူ လာတတ်တာ မင်းလည်း သိတာပဲ၊ အရင်ကလည်း လာဖူးတာတွေရှိတာပဲ၊ အခုမှ ဘာဖြစ်လို့လဲ"

"အရင်လာတာတွေက ဘော်ဘီတို့ ဒေါ်လီတို့ ပြန်ရောက်နေတာမို့ လာတာမျိုးလေ၊ အခုက ကလေးတွေလည်း ရောက်နေတဲ့အချိန် မဟုတ်ဘူး၊ ပြောစရာရှိလို့ လာတာဆိုရင် ဘာလာပြောတာလဲ၊ ဆင်ဒီ့ကို ပြောပြပါ"





ညိုက သက်ပြင်းလေးတစ်ချက် ချလိုက်ရင်း ကသိကအောက် စိတ်ရှုပ်ရသော မျက်နှာလေးနှင့် ...

"အဲဒါ ကိုရန်နိုင့်ကိုပဲ မင်း မေးလိုက်လို့ မရဘူးလား၊ ကိုယ့်လင်မယားချင်း မေးလိုက်ရင် ရသားနဲ့ တို့ကိုဘာဖြစ်လို့ တကူးတက လာမေးနေရတာလဲ"

"ကိုကြီးက ဘော်ဘီဖုန်းဆက်တဲ့အကြောင်း သွားပြောတာလို့ပဲ ပြောတယ်"

"ဒါဆို ဘာလို့ ထပ်လာမေးနေသေးတာလဲ ဆင်ဒီ"

"ဆင်ဒီ မယုံလို့"

ဆင်ဒီ့ကို မျက်ခုံးလေးညို့ညို့နှင့် စိုက်ငေးကြည့်နေတဲ့ ညို့အမူအရာလေးကို မောင်မောင်က စိုက်ကြည့်နေမိပါသည်။ သူဟာ ညို့ရဲ့အတွင်းရေးစကားမျိုးတွေ ကြားသိရလောက်ဖို့အတွက်ဆိုရင် နည်းနည်း ရင်းနှီးမှုလိုအပ် စိမ်းသက်နေသေးတဲ့ လူတစ်ယောက်မို့ ဘေးမှာရပ်နေရတာကို အားတုံ့အားနာ ဖြစ်လာမိလေသည်။

"ကျွန်တော် ဟိုထိပ်က Handicraft ဆိုင်လေးက စောင့်နေမယ်နော် ညို"

ညိုက ရှုးရှုးလေး လှည့်ကြည့်ရင်း ...

"ဟင့်အင်း ... မလိုပါဘူး မောင်မောင်၊ ညိုနဲ့ ပြီးမှသွားကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ညို့မျက်ဝန်းထဲမှာ အားငယ်သလို အရိပ်အယောင်လေးလည်း တွေ့လိုက်ရတာမို့ မောင်မောင်က ခေါင်းသွက်သွက်ညိတ်လိုက်ရင်း ...

"အင်း ... အင်း၊ ပြီးမှ သွားကြည့်မယ်"

ညိုက သက်ပြင်းလေးတစ်ချက်နှင့် ...

"တို့မှာ တခြားပြောစရာစကား မရှိတော့ဘူး ဆင်ဒီ"

"ဘော်ဘီ ဖုန်းဆက်တယ် ဆိုတာကို လှမ်းပြောဖို့အတွက် အိမ်တိုင်ရာရောက် ရောက်လာဖို့လိုလား၊ အစ်မဆီ ဖုန်းလှမ်းဆက်ရင်း ပြောလိုက်ရင် ရတာပဲ မဟုတ်လား၊ အိမ်ကိုလာတယ်ဆိုတဲ့ အဖြစ်အပျက်မှာ သူ့ကလေးတွေနဲ့ တွေ့ရဖို့ဆိုတဲ့ အကြောင်းပြချက် ရှိတယ်လေ၊ အခုက ကလေးတွေမှ မရှိတာ"

"........"

"တခြားအကြောင်းအရာ တစ်ခုခု ရှိသေးရင် ဆင်ဒီ သိချင်တယ်"

"ဟင့်အင်း ... တခြားအကြောင်းအရာ မရှိဘူး"

ဆင်ဒီ့မျက်နှာက စူးစူးဝါးဝါး ခါးခါးသီးသီးနီမြန်းလာကာ ...

"တခြားအကြောင်းမရှိရင် ဒီစကားပြောဖို့အတွက် သူ အစ်မအိမ်အထိ ရောက်လာစရာ အကြောင်းကိုမရှိဘူး၊ ဆင်ဒီ ပြဿနာရှာပြီး ပြောနေတာ မဟုတ်ဘူး၊ အစ်မက





ညို့ညို့ညို အနေနဲ့ မဟုတ်ဘဲ ဘေးလူအမျိုးသမီးတစ်ယောက် အနေနဲ့ပဲ စဉ်းစားကြည့်စမ်းပါ၊ ခါတိုင်း ဆက်ဆံသွားလာနေကျထုံးစံ ပုံစံနဲ့ ပြန်ယှဉ်ပြီး အစ်မ အမှန်အတိုင်းပြောကြည့်ပါ၊ ဒီအကြောင်းပဲပြောဖို့မှန်ရင် ဖုန်းပဲဆက်လို့မရဘူးလား"

ညိုက နှစ်ချက် သုံးချက် ခေါင်းညိတ်ကာ ...

"ဟုတ်တယ်၊ ရတယ်"

"ဒါဖြင့် ကိုကြီးက ဘာလို့ အိမ်အထိ ရောက်လာတာလဲ"

ရော ...။ ခက်ပါပေါ့လား ဆင်ဒီရယ်။ ဒီကိစ္စဟာ ငါ့ဆီလာပြီး သုတေသနပြုနေရမယ့် ကိစ္စမို့လို့လား။ ကိုယ့်ဟာကိုယ် အိမ်မှာတင် ပြီးပြတ်ရမှာ မဟုတ်ဘူးလား။ ဟုတ်တယ်။ ဒါလေးပြောဖို့နဲ့များ အိမ်လာစရာလိုလား၊ ဖုန်းပဲဆက်လိုက်ရောပေါ့လို့၊ ညိုကိုယ်တိုင်လည်း စိတ်ထဲတွေးခဲ့မိတာပဲ။

တခြားလည်း ထူးထူးခြားခြား ဘာမှပြောတာမဟုတ်ဘဲနဲ့ သား ဖုန်းဆက်တာ ခရီးသွားချင်တာလေးပဲပြောဖို့ သူ အိမ်အထိ ဘာကြောင့် ရောက်လာခဲ့တာလဲ ဆိုတာကို သူ့ကိုသယ်ဆောင်လာတဲ့ ဆေးရုံကားပေါ် တစ်လျှောက်လုံးရော၊ ဆေးရုံရောက်တဲ့ထိရော တနုံ့နုံ့စဉ်းစားလာခဲ့မိတာပဲ။

ဘာအဖြေမှ မရဘူးလို့သာ ပြောရမှာ ဖြစ်ပေမယ့် မဖြစ်မနေ ကောက်ချက်တစ်ခုချရမယ် ဆိုရင်တော့ ဖုန်းမဆက်ဘဲ လူကိုယ်တိုင်လာခြင်းဟာ လူချင်းတွေ့ချင်လို့ကလွဲပြီး တခြားအဖြ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်စရာ ဘာမှမရှိဘူးလေ။ ဒီစကားမျိုး အဖြေပေးလို့ ရမှာမို့လို့လား။

မောင်မောင်သည် ငြိမ်တွေနေတဲ့ ညို့ကိုငုံ့ကြည့်ကာ စိတ်ထဲမကောင်းဘဲ ရင်ထဲကပင် အောင့်ကျိန်းလာသည်။ ရှေ့က မိန်းမကိုလည်း အတော်အမြင်ကတ်လာပါသည်။ အဖြေမရနိုင်တဲ့ ပြဿနာမေးခွန်းမျိုး ဘာအတွက်များ လာမေးနေသလဲ။ တကယ်ဆို သူ့အနေအထားက ညိုနှင့် လမ်းမှာအမှတ်တမဲ့ ဆုံရင်တောင် မမြင်ချင်ယောင်ဆောင်ပြီး အဝေးက ချိုးကွေ့ရှောင်ဖယ်ရမည့် အနေအထား မဟုတ်ဘူးလား။

သူက မျက်နှာအောက်ချ အားငယ်ရသည့် အနေအထားမှာ သူက ကြွားကြွားဝင့်ဝင့် စင်ပေါ်မှာ တင့်သလိုဖြစ်နေပြီ၊ ညိုက ကုပ်ချိချိနှင့်။ ပြောင်းပြန်။

ပုံစံချင်း ယှဉ်ကြည့်လိုက်တာနှင့် သိက္ခာနှင့်အရှက်အကြောက်ကို တန်ဖိုးထားမည့်ရုပ်နှင့် ဂရုမစိုက်မည့်ရုပ် အသိသာ အကွာခြားကြီးပင်။ ဘာကိုမဆို ပြောရဲဆိုရဲနှင့် စွာလည်းစွာမည့် ရုပ်ရည်ဟန်ပန်က ဟိုအမျိုးသမီးမျက်နှာမှာ ရှူးရှူးရဲရဲ။

"ပြောလေ ... အစ်မအိမ်ကို သူက ဘာလို့ရောက်လာရတာလဲ"

"ဒီမှာခင်ဗျ"

မောင်မောင်က လွှတ်ခနဲ စကားစလိုက်ပြီးမှ ကိုယ့်ဟာကိုယ်လည်း စိတ်ရှုပ်ရှုပ်နှင့် ...





"သူ့ဘာကြောင့်လာလဲ သူပဲသိမှာပေါ့၊ ညိုက သိစရာရှိလို့လား၊ ခင်ဗျားမေးခွန်းတွေက လူတစ်ဖက်သားကို သက်သက် ဒုက္ခပေးရာ ကျနေပြီ"

ဆင်ဒီက မောင်မောင့်ကို ဆတ်ခနဲ ရန်လိုစွာ လှည့်ကြည့်လိုက်ပါသည်။

"ရှင်က ဒီကိစ္စမှာ ဘယ်လိုပတ်သက်မှုမျိုးနဲ့ ပြောရေးဆိုခွင့် ရှိနေလို့လဲ"

"ပြောရေးဆိုခွင့်ရှိတာ မရှိတာတွေ ကျွန်တော် နားမလည်ဘူး၊ ဘေးကနေ အမြင်မတော် အကြားမတော်တော့လို့ ဝင်ပါတာ၊ ခင်ဗျားက ညို့ကို လေသံမာမာနဲ့ ဖေါက်ငမ်းမေးပိုင်ခွင့် ဘာမှမရှိဘူး၊ ခင်ဗျား မကျေနပ်တဲ့ကိစ္စကို ခင်ဗျားယောက်ျားနဲ့ပဲ ပြီးအောင်ဖြေရှင်းရင် ကောင်းမယ်"

ဆင်ဒီက ဒေါသတကြီးပုံစံနှင့် ...

"ရှင်ကရော ခုလိုဝင်ပြောဖိုင်ခွင့် ရှိလို့လား၊ သူ့ကိုမေးရတာက ရှင်းရှင်းလေး၊ ကျွန်မယောက်ျားက ဘယ်လောက်ပဲ လာပါစေဦး သူ တံခါးဖွင့်မပေးရင် သူ့အိမ်ထဲရောက်စရာ အကြောင်းမရှိဘူး"

"ဟား"

မောင်မောင်က ခေါင်းမော့လှန်ကာ တစ်ချက်နှစ်ချက် ရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အတော်ရယ်ရတဲ့ အမျိုးသမီးပဲ၊ သူများပြောတာဆိုရင် ထားပါတော့၊ ခင်ဗျားလို အမျိုးသမီးမျိုးက ညို့ကို ဒီစကားမျိုး ပြောစရာလား"

"ဘာပြောတယ်"

"သူ့အိမ်ရောက်လာတဲ့ ဘယ်သူ့ကိုမဆို သူ့တစ်ယောက်တည်း သဘောဆန္ဒနဲ့ တံခါးဖွင့်ပေးပိုင်ခွင့် ညို့မှာရှိတယ်၊ ဘယ်သူ့ကိုမဆို ဘယ်ပုံစံနဲ့မဆို ညို့စိတ်တိုင်းကျဆန္ဒရှိသလို သူပြုမူဆက်ဆံလိမ့်မယ်၊ ဒါကို ဘယ်သူမှတားပိုင်ခွင့် ကန့်ကွက်ပိုင်ခွင့် မရှိပါဘူး၊ ဦးရန်နိုင်ကို တံခါးဖွင့်ပေးချင် ဖွင့်ပေးမယ်၊ တံခါးဖွင့်ပေးတာထက်ပိုတဲ့ လက်ခံမှုမျိုးလည်း ဆက်ဆံရင် ဆက်ဆံမယ်၊ ကိုယ့်စိတ်တိုင်းကျပဲ၊ ခင်ဗျားမှာ ဘာမှပြောပိုင်ခွင့် မရှိဘူး၊ ကိုယ့်တာကိုယ်လုံအောင်ကြိုးစား၊ ညို့ကို ဒီကိစ္စမျိုး နောင် ဘယ်တော့မှ ရန်လာမတွေ့ပါနဲ့၊ ဒီစကားမျိုးတွေ ပြောတာ နောက်ဆုံးဖြစ်ပါစေ ... ဒါပဲ၊ ညို ... လာ၊ သွားစို့"

မောင်မောင်သည် တဒေါက်ဒေါက်ပြောချကာ စကားလည်းဆုံး၊ ညို့လက်ကို ဖျတ်ခနဲဆွဲကာ ပိုအမျိုးသမီးရှေ့မှောက်မှ ချာခနဲလှည့်ထွက်လာပါသည်။

"မောင်မောင်"

"ညို ဘာမှမပြောနဲ့"

"တော် ... တော်ကြာ ... သူက အထင်လွဲ ..."





"ဟား ဟား ...၊ လွဲစမ်းပစေပေါ့၊ ညိုက ဘာဖြစ်လို့ ဒီလောက် ကြောက်တတ်ရတာလဲ၊ ဒီမိန်းမကို ဘာငဲ့ညှာစရာ ရှိနေတာလဲ၊ ကျွတ် ... အသည်းယားလွန်းလို့ ဖျစ်ညှစ်ပစ်မိတော့မှာပဲ ညိုရာ"

အင် ...။

သူ အသည်းယားတာကလည်း ဖျစ်ညှစ်ပစ်မိမည်ဆိုပါလား။ ညို့မှာ တွန့်ခနဲဖြစ်ကာ ရှေ့ကိုတောင် စကားမဆက်နိုင်အောင် တစ်ချက်တည်း နှုတ်ပိတ်သွားရပါသည်။ မောင်မောင်ဆွဲခေါ်ရာ ခြေလှမ်းကျဲနောက် တောက်တောက် တောက်တောက်လေး လိုက်ပါသွားရကာ လက်ဖဝါးလေးကို ဆုပ်ညှစ်ကိုင်ထားခံရတဲ့အတွက်လည်း ကသိကအောက် ရှက်လန့်အနေခက်နေပါသည်။

ဟိုးခပ်လှမ်းလှမ်းရောက်မှ ...

"မောင်မောင် ဖြည်းဖြည်းလျှောက်ရအောင်"

"ဆောရီး ညို"

ညိုက လက်ဖျားလေးကို မသိမသာလေး ရုန်းထွက်၍ မောင်မောင်ကလည်း လွှတ်ပေးလိုက်ပါသည်။

"ဆောရီးနော် ညို၊ မဆိုင်ဘဲ ဝင်ပြောမိတာရော၊ ညို့ကို နှုတ်ဆွဲခေါ်မိတာရော၊ မြင်ရတာ ကြားရတာ အချိုးက မပြေဘူးဗျာ၊ ဒီမိန်းမက ညို့မျက်နှာကို မကြည့်ဝံ့ရမယ့်မိန်းမပါဗျ၊ ညိုက စင်ပေါ်က အထက်စီးပါ ညိုရာ၊ ညိုက



www.burmeseclassic.com

www.burmeseclassic.com



အားနာနေတာလား ကြောက်နေတာလားဗျာ၊ အမြင်ကို မတော်ဘူး၊ တကယ်ပဲ"

ညိုက တလုပ်လုပ် တုန်ယင်ဝမ်းနည်းသော ခံစားချက်လေးကို သက်ပြင်းကြီး မှုတ်ထုတ်ဖြေဖျောက်ရင်း အသံတုန်လေးနှင့် တိုးတိုးပြောမိသည်။

"ကိုယ့်ကိုယ်ကိုယ် စင်ပေါ်က အထက်စီးကလို့ မထင်မိဘူး၊ ကလေးတုန်းက ကိုယ့်ကိုအနိုင်ကျင့်ပြီး ကိုယ့်ကစားစရာ လုယူသွားတဲ့သူကို ငယ်ကြောက်ဖြစ်နေသလိုမျိုးပဲ ခံစားရတယ် မောင်မောင်ရယ်"



၄

ရန်နိုင်က သောစင်မှာလက်ဆေး၊ ဂျူတီကုတ်ကိုချွတ် မတ်တတ်ချိတ်စင်လေးမှာချိတ်၊ သူ့သီးသန့်ခန်းထဲ ဝင်သွားကာ ဆေးခန်းသုံးပုံးသုတ်ထားတဲ့ ကွင်းထိုးဖိနပ်ကို အိမ်ကစီးလာတဲ့ ရှူးစ်နှင့်လဲစီးနေဆဲ တံခါးခေါက်သံ ပေါ်လာတာမို့ ...

"Come in"

တံခါးဖွင့်ဟကာ သူ့ရဲ့ဆေးခန်းအကူ မိန်းကလေးတစ်ယောက် ဝင်လာပြီး ...

"ဆရာ ... မဆင်ဒီ လာပါတယ်"

"အင်း"

ရန်နိုင့်စိတ်တွေ နောက်ကျိသွားရပါသည်။

"ဆရာ ပြီးတော့မှာပါလို့တော့ ပြောထားပါတယ်"

ဆင်ဒီဟာ အတွင်းခန်းတွေထဲအထိတော့ ဖွတ်ရွတ်ဝင်မလာ။ သူ မကြိုက်တာသိ၍ ဆေးခန်းကို ရောက်လာလျှင်

www.burmeseclassic.com

www.burmeseclassic.com



လူနာတွေစောင့်တဲ့ Hall မဟုတ်သည့် သီးသန့်ဧည့်ခန်းလေးမှာပဲ ထိုင်စောင့်သည်။ သူခေါ်မှ စမ်းသပ်ခန်းတွေကို ကျော်ဖြတ်ကာ အတွင်းသီးသန့်ခန်းထဲထိ ဝင်လာတတ်ပါသည်။

"အင်း ... လွှတ်လိုက်လေ"

"ဟုတ်ကဲ့ ဆရာ"

ကောင်မလေး ပြန်ထွက်သွားပြီး ခဏတွင် ဆင်ဒီ ဝင်လာပါသည်။ မင်းသမီးရှုံးအောင် ဝတ်စားဆင်ပြင်ထားသော ဆင်ဒီကို သူတစ်ချက်လှမ်းကြည့်ကာ သူ့လက်ဆွဲအိတ်ထဲကိုသာ သိမ်းစရာရှိတာ ကောက်ထည့်နေလိုက်ပါသည်။

"ကိုကြီး"

"အင်း"

"ပြီးသွားပြီလား"

"အင်း ... ပြီးပြီ"

"ပြန်တော့မှာလား"

"အင်းပေါ့"

"ဒါဖြင့် ဆင်ဒီနဲ့ လူနာသတင်းမေးလိုက်ခဲ့လေ"

"ဘယ်သူ ဘာဖြစ်လို့လဲ"

"ဩော် ... ကိုကြီးကလည်း၊ ကောသီ ကလေးမွေးနေပါတယ်ဆို၊ဟိုတစ်နေ့ကပဲ ပြောနေတာကို"

"ဩော် ... ဟုတ်သားပဲ၊ အဲဒီတစ်နေ့ကပဲ မင်း သွားပြီးပြီ မဟုတ်လား"





"ကိုကြီးကလည်း၊ ဆေးရုံမှာ တစ်ပတ်တော့နေရမှာ၊ ကိုယ့်ညီမ ကလေးမွေးတာ နှစ်ခေါက် သုံးခေါက်သွားတော့ ဘာဖြစ်လဲ၊ တစ်ခေါက်တည်းသွားရမယ်လို့မှ မရှိတာ၊ ကိုကြီးလည်း လိုက်ခဲ့ဦးပေါ့"

"အာ ... ကိုယ် မလိုက်တော့ပါဘူးကွာ"

ထုံးစံအတိုင်း ဆင်ဒီ့ နှုတ်ခမ်းက ရှေ့ကိုထော်ထွက်လာကာ ...

"ကိုကြီးက တကယ်ပဲ၊ ဆင်ဒီ့အမျိုးတွေကိစ္စဆိုရင်"

"တော်တော့ ဆင်ဒီရာ၊ ကိုယ် ပင်ပန်းနေတယ်၊ ကိုယ် ဒီနေ့ လူနာနှစ်ဆယ်ကျော် ကြည့်ထားတယ်၊ အရမ်းပင်ပန်းနေပြီ၊ မင်းအမျိုးတွေကိစ္စကို မလုပ်ချင်ဘူး စိတ်မဝင်စားဘူးဆိုတာတွေ အပြစ်တင်ရအောင် ငါ့အမျိုးတွေကိစ္စရော ငါက စိတ်ဝင်တစား လုံးပန်းနေလို့လား"

"ဒါတော့ မိဘက မရှိတော့ဘူးလေ၊ အစ်ကိုနဲ့ အစ်မက နိုင်ငံခြားမှာကို"

"ဒါပေမဲ့ အဒေါ် ဦးလေးတို့ ဝမ်းကွဲတို့ ရှိတာပဲ၊ ကိုယ် ရင်းရင်းနှီးနှီး ဝင်ထွက်တာ တွေ့ဖူးလို့လား၊ ကိုယ် ဒီလိုပဲ နေတတ်တာပဲ ဆင်ဒီ"

"ခုဟာက ကျန်းမာရေးကိစ္စလေ၊ ဆင်ဒီ့ယောကျ်ားက လူနာတောင် သတင်းလာမမေးတာ အမျိုးတွေရှေ့မှာ ဘယ်လိုမျက်နှာနဲ့ နေရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနေချင်တဲ့ မျက်နှာနဲ့နေ၊ အခုဟာကလည်း နာရေး ဖျားရေး ကျန်းမာရေးကိစ္စမှ မဟုတ်တာ၊ ကလေးမွေးတာပဲ၊ အချိန်တန် ဆေးရုံကဆင်းရမှာ၊ ဘာစိတ်ပူစရာ အသက်လုစရာ ရှိလို့လဲ၊ ခယ်မကလေးမွေးတာ မဲအိုလာ မကြည့်လို့လည်း ဘယ်သူမှ အတင်းမပြောပါဘူးကွာ၊ ကိုယ် အနားယူတော့မှာ"

ဆင်ဒီက ရန်နိုင်ကို မကျေမချမ်း ကြည့်နေသော်လည်း ဘာမှတော့ ထပ်မပြောတော့။ ရန်နိုင် လိုက်မှာမဟုတ်ဘူးဆိုတာ သူ သိပြီးသားဖြစ်သည်။

"ခု ... ဒါက ဘယ်လဲ"

"ပိုင်စိုးတို့နဲ့ ချိန်းထားတယ်"

"သောက်မှာပေါ့"

ရန်နိုင်က ဆင်ဒီကို လှည့်ကြည့်လိုက်ရင်း ...

"မင်း အထူးအဆန်းလုပ်ပြီး မေးနေစရာ လိုသေးလား ဆင်ဒီရာ၊ ကဲ ... မင်း ပိုက်ဆံယူချင်လို့ ဝင်လာတာ မဟုတ်လား၊ ပြော ... ဘယ်လောက်လဲ"

ဆင်ဒီက ခပ်ဆောင့်ဆောင့်နှင့် ...

"နှစ်သိန်းပဲပေး"

"နှစ်သိန်းပဲ ! ဟုတ်လား၊ နှစ်သိန်းပဲမို့လို့ ကျေးဇူးပါပဲ"

ရန်နိုင်က အံဆွဲဖွင့်ကာ ခုနကပဲ ညနေခြောက်နာရီအတိ ချုပ်နေကျစာရင်းနှင့် ငွေကိုင် ဒေါ်ဥမ္မာ လာအပ်သွားသော ပိုက်ဆံထပ်မှ နှစ်သိန်းဆွဲယူပြီး ဆင်ဒီ့ရှေ့ ချပေးလိုက်ပါသည်။





"ဒီနေ့ ၂၀ ရက်နေ့၊ မင်းယူတာ ဒါပါနဲ့ဆို ရှစ်သိန်းရှိပြီ ဆင်ဒီ၊ ဒီလအဖို့တော့ လကုန်ထိ ဒီငွေနဲ့ပဲ ချွေတာသုံးရင် ကောင်းမယ်၊ ကိုယ် ဆေးခန်းသုံးပစ္စည်းအသစ်တွေ မှာထားတာရှိတယ်၊ နောက်လဆန်း ငွေချေရမယ်၊ ငွေက ဝင်သလောက် အဖတ်မတင်ဘူး ဖြစ်နေတယ်၊ နည်းနည်း ချွေတာလိုက်ပါဦး"

ရန်နိုင်သည် ဆင်ဒီနှင့် လက်ထပ်ပြီး ခြောက်လလောက်အထိ ဆေးခန်းရဲ့ပုံမှန်ဝင်ငွေအားလုံးကိုင်ဖို့ သူ့လက်သူ့ခြေ အပ်လိုက်တာပါ။ ခြောက်လအကြာမှာတော့ ဆင်ဒီဟာ အိမ်ထောင်စုတစ်စုရဲ့ ဝင်ငွေထွက်ငွေ လည်ပတ်မှုကို စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်း မရှိဘူးဆိုတာ သိရသည်။

တရဟောဝင်ငွေကောင်းလှတဲ့ သူ့ဆေးခန်းမှရငွေတို့ ခြောက်လလုံး တစ်ပြားမှ အဖတ်မတင်။ စနစ်တကျနှင့် ဖောဖောသီသီသုံးလျှင်ပင် ဝင်ငွေရဲ့တစ်ဝက်ကျော်ဟာ လစဉ်စုဆောင်းနိုင်နေကျ။ ညီနှင့်တုန်းကဆိုလျှင် ဝင်ငွေရဲ့သုံးပုံနှစ်ပုံကျော်ကို လစဉ်စုဖြစ်နိုင်ခဲ့တာ။

ဒီတော့ ငွေကို သူ ပြန်ကိုင်လိုက်ရပါသည်။ အိမ်မှာ အတူခေါ်ထားတဲ့ တပည့်လင်မယားကို တစ်လအတွက်အသုံးစရိတ်ကို စာရင်းရှင်းတမ်းနှင့်တကွ သူ့ထံမှ တိုက်ရိုက်ပေးလိုက်ပြီ ဆင်ဒီ့ကိုတော့ သူ "ဝယ်ခြမ်းသုံးစွဲချင်သမျှ မုန့်ဖိုးအားလုံး စိတ်ကြိုက်တောင်း"လို့ စီစဉ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုဆိုရင် ဆင်ဒီတစ်ယောက်တည်းရဲ့ တစ်လ အဝတ်အစား ဝယ်ခြမ်းစရိတ်၊ အလှပြင်စရိတ်ဟာ ရှစ်သိန်းနှင့် ဆယ်သိန်းကြားပင်။ သားလေးကိစ္စဗိစ္စ ကုန်ကျတာတွေကသတ်သတ်၊ မီးဖိုချောင်နှင့် အိမ်ဗာဟီရစရိတ်ကသတ်သတ်၊ တခြားဝေယျာဝစ္စ ရှိရှိသမျှ သူ့ထံကနေပဲတိုက်ရိုက် ပေးချေသုံးစွဲနေတာပါ။ တပည့်ဖိုးဆောင်းတို့လင်မယားကလည်း တော်ကြရှာပါသည်။

"ပိုက်ဆံအကုန်အကျများလို့ ချွေတာရမယ်ဆိုရင် ဆင်ဒီ တစ်ယောက်ပဲ ချွေတာရမှာလား"

ခပ်ဆတ်ဆတ် ရန်စွာလိုက်တဲ့ ဆင်ဒီ့ကို ရန်နိုင်က စိုက်လို့သာ ကြည့်နေလိုက်မိပြီး မာမာကျောကျော ပြန်မပြောလို၍ နှုတ်ကိုပိတ်နေလိုက်ပါသည်။

"ရှင် ရှာသမျှငွေအားလုံး ဆင်ဒီ တစ်ယောက်တည်းသုံးနေတာမို့လို့လား"

"ကိုယ် အဲဒီအဓိပ္ပာယ်မျိုး ပြောမိလို့လား"

"ထစ်ခနဲရှိ ချွေတာပါ ချွေတာပါနဲ့ လူကို မသထာဖြစ်နေတာ အရမ်းမုန်းတာပဲ၊ ရှင့်ဟာရှင် တခြားကိစ္စတွေ ဘယ်နေရာ ဘယ်လိုသုံးပြီး ငွေယိုပေါက်တွေ ဘယ်လိုရှိနေလဲ၊ ဆင်ဒီက သိရတာ မဟုတ်တော့ ဘာပြန်ပြောနိုင်မှာလဲ၊ လုံးဝမတရားဘူး"





"ကိုယ် ဘာမတရားလို့လဲ ဆင်ဒီ၊ မင်းဝယ်ချင်တာ သုံးချင်တာကို ဘယ်တုန်းက ထုတ်မပေးခဲ့လို့လဲ၊ အမြဲပေးနေကျပဲလေ"

"ဒါပေမဲ့ ဘယ်တော့မှ စေတနာရှောရှောရှူရှူနဲ့ မပေးဘူးလေ၊ ချွေတာပါဆိုတာက အရင်ပဲ"

"ဒါကတော့ ဒီလိုပဲ ပြောရတာပေါ့ကွာ၊ ပြောရရင် အိမ်ရဲ့ဗာဟီရအသုံးစရိတ်လည်း မင်းမုန့်ဖိုးလောက် မကုန်ပါဘူး၊ ငါ့မုန့်ဖိုးလည်း မင်းမုန့်ဖိုးလောက် မကုန်ပါဘူး"

"ဒါပေမဲ့ ကျွန်မမုန့်ဖိုးက ရှင့်သားတွေ သမီးတွေ ကျောင်းစရိတ်လောက် မကုန်ပါဘူး"

ရန်နိုင့် မျက်နှာက ပျက်သွားရပါသည်။ ရင်ထဲခုသွားတာမို့ လေသံကို ပိုပြီးလျှော့ချကာ ...

"ဒါကတော့ ငါ အဖေတစ်ယောက်လေ၊ ကိုယ်မွေးထားတဲ့ သားသမီး ပညာတတ်ဖို့ ကိုယ်တာဝန်ယူရမှာပဲလေ"

"ပညာက အိုဗာဆီးမှာ သင်မှလား၊ နည်းတဲ့စရိတ်လား"

"ဆင်ဒီ"

"ရှင်သုံးစွဲတာကို ထိခိုက်ပြောတော့ ရှင်မကြိုက်ဘူး မဟုတ်လား ကိုကြီး၊ ကျွန်မကို ပြောရင်လည်း ဒီလိုပဲ မကြိုက်ဘူးဆိုတာ ကိုယ်ချင်းစာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စအတွက် မင်း ဘာမှမပြောရင် ကောင်းမယ် ဆင်ဒီ၊ ငါ ရန်မဖြစ်ချင်ဘူး၊ ငါဟာ ဒီအိမ်ထောင် ဒီမိသားစုအပေါ် သစ္စာဖောက်သွားတဲ့ ဖခင်တစ်ယောက်၊ ဒီလောက် လုပ်ပေးရတာလည်း ငါ့စိတ်ထဲမှာ ငါ့အပြစ်တွေ ကျေတယ်လို့ မမှတ်နိုင်သေးဘူး ဆင်ဒီ"

"ရှင်ကိုက သည်းလွန်းအားကြီးနေတာ၊ အင်းပါလေ ကြည့်လိုက်ပါဦးမယ်၊ သားသား ကြီးလာတော့ ရှင် ဘယ်မှာစာသင်မလဲဆိုတာ၊ နောက်နှစ်နှစ်ဆို ကျောင်းထားရပြီပဲ"

ဆင်ဒီရဲ့ ခနဲ့ခနဲ့ ရိသဲ့သဲ့လေသံက ရန်နိုင့်စိတ်တွေကို တရိရိဆွနေသော်လည်း ရန်နိုင်က တတ်နိုင်သမျှ စိတ်ကိုလျှော့ချထားကာ ...

"ငါးနှစ်သားကို စင်ကာပူမှာ ကျောင်းသွားထားရမှ ဆိုရင်လည်း မင်းသဘောပဲ ဆင်ဒီ"

"ထားသင့်ရင် ထားရမှာပဲ၊ ကိုယ့်သားကျမှ အခွင့်အရေးနိမ့်ကျမခံနိုင်ဘူး"

ရန်နိုင်က စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ ...

"ကဲ ... မင်း ဆေးရုံသွားမလို့ဆို သွားလေ"

"အခုမကြာခင် ရှင့်သားနဲ့သမီးက ပြန်လာဦးမယ်၊ ရှင့်သားမွေးနေ့က ရှိသေးတယ်၊ အဲဒီကျရင် ကျွန်မသိတောင်





မသိလိုက်ရတဲ့ အထူးအစီအစဉ်တွေက ရှိသေးတာ၊ ရှင့်ပိုက်ဆံတွေ ဘယ်ကို ဘယ်လောက် ရောက်နေတယ်ဆိုတာ သိခွင့်ရတာလည်း မဟုတ်ဘူး၊ အဲဒါကို ကျွန်မတစ်ယောက်တည်းကိုမှ ကွက်ပြီး သုံးဖြုန်းပစ်နေသလို စွပ်စွဲမနေနဲ့"

"ကျွတ် ... အဲဒီ ပိုက်ဆံ ပိုက်ဆံ ဆိုတဲ့စကားလုံးနဲ့ ရှင်းရလင်းရ ရန်ဖြစ်ရမှာမျိုးကို ငါ ရှက်တယ် ဆင်ဒီ။ မင်းတော်ပါတော့"

"မတော်နိုင်ဘူး၊ စကားကြုံကြိုက်တုန်း ပြောရဦးမယ်၊ ရှင့်ဆေးခန်းရဲ့ဝင်ငွေ ထွက်ငွေစာရင်းကို လတိုင်း ဆင်ဒီ လိုချင်တယ် ကိုကြီး၊ ကိုယ့်ယောက်ျားရဲ့ ငွေအဝင်အထွက်၊ ကိုယ့်ယောက်ျားမှာ ပိုက်ဆံဘယ်လောက် စုမိလဲ၊ ဘာတွေ ဘယ်လောက် သုံးပစ်နေလဲ ကျွန်မ သိချင်တယ်"

ရန်နိုင်သည် သွေးတိုးလာသလို နားထင်တစ်ဖက်ဆီမှာ တဒိတ်ဒိတ် ခုန်တိုးစပြုလာသည်။

လက်ပိုက်ကာ စားပွဲကိုမှီရပ်နေရင်း ဆင်ဒီ့ကို စိုက်ကြည့်နေမိကာ ...

"အိမ်စရိတ်နဲ့ ကိုယ့်အသေးသုံးကလွဲရင် သားတို့ကျောင်းလခပဲ ကိုယ်သုံးတာပါ ဆင်ဒီ၊ ဒါလည်း လစဉ်ပေးရတာ မဟုတ်ဘူးလေ၊ တစ်နှစ်မှာ နှစ်ရစ်ခွဲပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... လစဉ်ပဲပေးပေး၊ တစ်နှစ်တစ်ခါပေးပေး နှစ်ရစ်ခွဲပေးပေး ဘယ်လိုပေးပေး လျှောက်ပြောမနေပါနဲ့၊ ဒီငွေက ဒီငွေပဲ"

"ကျွတ် ... ကဲ ... အဲဒါ ဘာဖြစ်လဲကွာ"

"မအော်ပါနဲ့"

"ဘယ်သူက စိတ်ရှည်တော့မှာလဲ၊ မင်းကို စယူကတည်းက မယားစရိတ်တော့ ပြန်မထောက်ပါဘူး၊ ကလေးတွေကျောင်းစရိတ်တော့ ထောက်မယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောပြထားပြီးသား၊ မင်းဘက်ကို ညှိုးငယ်စေပြီး ဟိုဘက်ကိုချည်း ပေးနေတာ မဟုတ်ဘူး၊ မင်း အဲဒီလို နှိုင်းယှဉ်တွက်မှာ ပြောမှာတွေ မကြားချင်လို့ပဲ မင်း ဘာလုပ်လုပ် ဘာသုံးသုံး ဘယ်သူ့ပေးပေး ငါ ဘာမှမစစ်မဆေး မမေးမမြန်းခဲ့တာ ..."

မင်း ဒါတောင်မှ ဘယ်တော့မှ ကျေနပ်နိုင်တယ်မရှိဘူး၊ ဒီငွေကိစ္စ တစ်ချိန်လုံး ပွစိပွစိလုပ်နေတာပဲ၊ မင်းလို လိုက်ယှဉ်နေကြကြေးဆိုရင် ညိုနဲ့ ငါ ဆယ့်သုံးနှစ်ပေါင်းလာတာ၊ မင်းလို ညိုမသုံးခဲ့ရဘူး၊ သုံးနိုင်လည်းပဲ မသုံးခဲ့ဘူး၊ အလုံးလိုက် အခဲလိုက် စုမိခဲ့တယ်၊ စားစရိတ် အိမ်စရိတ် ခုနဲ့ယှဉ်ရင် ဘာမှမရှိဘူး၊ သူ့တစ်ကိုယ်ရည်ဆို ဘာမှ သိပ်သုံးတာ မဟုတ်ဘူး"





"ရှင် ... အဲသလို လာမယှဉ်နဲ့"

ဆင်ဒီက ပေါက်ပေါက်ကွဲကွဲ ကုန်းအော်လိုက်တာပင်။

"ဆင်ဒီကို သူနဲ့ လာမယှဉ်နဲ့"

"မင်းက စ,ပြီး ယှဉ်နေ တွက်နေတာ"

"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်က စားဝတ်နေရေးစရိတ်၊ ကုန်ဈေးနှုန်းနဲ့ အခုနဲ့ ယှဉ်ပြောစရာလား"

"စားဝတ်နေရေးစရိတ် နည်းသလို ငါ့ဝင်ငွေလည်း ခုနဲ့မယှဉ်နိုင်အောင် နည်းခဲ့တာပဲ၊ အခုစားစရိတ်နဲ့ အခုဝင်ငွေနဲ့လည်း ဒီလောက် ဒီလောက်ပဲ၊ ငါပြောနေတာက မင်းက ဘယ်လောက် အခွင့်အရေးရရ မရောင့်ရဲနိုင်တာကို ပြောနေတာ၊ ကလေးကျောင်းစရိတ်ကိုလည်း ဖွင့်ပြောပြီး သဘောတူညီမှုယူပြီးသားကို ဒါပဲ ထပ်ခါထပ်ခါ မျက်စောင်းထိုးနေတယ်၊ ကျောင်းစရိတ်ကြီးတယ် မုန်တယ်၊ ငါ ရှာနိုင်တယ်လေ ပြီးပြီပေါ့၊ ငါ့အလုပ်အကိုင် ငါ့ဝင်ငွေ မကောင်းရင်လည်း ငါက ဖွတ်ထောက်ပုံနေပါ့မလား"

"သူတို့အကြောင်းနဲ့ ပတ်သက်ပြီး ပြောရင် ရှင် ခုလိုခါးခါးသီးသီး တုန့်တုန့်ယင်ယင် ဖြစ်လာတာကိုလည်း မုန်းတယ်၊ နားလည်လား၊ ဆတ်ဆတ်ထိကို မခံနိုင်ဘူး၊ အဲသလို သည်းလွန်းနေတာကို အမြင်ပိုကတ်တာ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က ဆင်ဒီကို ကျောခိုင်း၍ စားပွဲမှာ လက်နှစ်ဖက်ထောက်ကာ ရပ်နေလိုက်ပါသည်။ သူ့ခန္ဓာကိုယ်က တကယ်ပဲ တုန်ယင်နေပါသည်။ ဒီကိစ္စပြောရင် ဒေါသတကြီး သူ ဖြစ်မိတာလည်း မှန်ပေမယ့် ဆင်ဒီကလည်း ဒီကိစ္စကိုပဲ အမြဲပြဿနာလုပ်ကာ မရိုးနိုင်အောင် ထည့်ပြောနေတာလေ။

ဘော်ဘီနှင့် ဒေါလီရဲ့ကျောင်းစရိတ် ထောက်ပံ့ပေးနေတာကို လုံးဝမကျေနပ်နိုင်တာကို သူ နားလည်နေပါသည်။ ဒါပေမဲ့ သူ့အဖို့ကတော့ သူပေးချင်သည်။ သူ့တာဝန်လို့လည်း ခံယူသည်။ သားနဲ့သမီးအပေါ် ဖခင်မေတ္တာလည်း အနီးကပ်မပေးနိုင်၊ ဖခင်ရင်ငွေ့နှင့်လည်း အနီးကပ်မစောင့်ရှောက်နိုင်။ ပညာရေးစရိတ်တော့ ခံချင်သည်။

သူတို့အပေါ် သစ္စာမဲ့ပြီး စွန့်ထားရစ်ခဲ့တဲ့ ဒီအဖေကို သားနဲ့သမီးရင်ထဲ နာကြည်းမုန်းတီးမနေအောင် ငယ်ငယ်ကအတိုင်း ချစ်မြဲ ချစ်နေအောင် ပုံသွင်းပဲ့ပြင် သွန်သင်ထားနိုင်တဲ့ အင်မတန်တော်တဲ့ ညို့ကြောင့် သားနဲ့သမီးက ခုချိန်ထိ သူ့ကိုချစ်ခင်အားကိုးဆဲပင်။ ခုလိုဖြစ်ပျက်ရတာဟာ ကံကြမ္မာက ဖြစ်ချိန်တန်လို့သာ ရှောင်လွှဲမရ ဖြစ်ရတာလို့ ခံယူထားကြရှာသည်။

ခုချိန်ထိ သူ့ကို ဒက်ဒီ ဒက်ဒီနှင့် မစိမ်းကားတွေးလိုက်တိုင်း ဝမ်းနည်းဝမ်းသာနှင့် မျက်ရည်လည်ရအောင်



သိမ္မာရေးခြားနှင့် ပြည့်စုံလှတဲ့ ညို၊ သားနှင့် သမီးတို့ကို သူ အမြဲကျေးဇူးတင်လေသည်။ ညို့ကိုတော့ အစိမ့်ဟယ်ကောက်တွေ လွဲနားပြဿနာပေါ်မှာ ကာကွယ်သောအားဖြင့် သူ ဘာမှလုပ်ကိုင်ပေးရပေမယ့် သားနှင့်သမီးအပေါ်တော့ လိုအပ်ချက်ဟူသမျှ ဖြည့်ဆည်းပေးချင်သည်။

ဒါကိုပိတ်ပင်လျှင်တော့ ဆင်ဒီ သူ့အပေါ်မှားလေပြီ၊ ဆယ့်သုံးနှစ်ပေါင်းခဲ့တဲ့အိမ်ထောင်ကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အမှားနှင့် နုတ်မရအောင် ကျွံနစ်ခဲ့တဲ့အပြစ်ကြွေးနှင့် နှံ့ခွာလိုက်ရတဲ့တိုင် ခုချိန်ထိ တသသ ဖြစ်နေရသလောက် ငါးနှစ်တာ အိမ်ထောင်သက်သာ ရှိသေးတဲ့ ဆင်ဒီအပေါ်မှာတော့ ဖြတ်ပျက်ခြင်းတို့ များခဲ့လှပြီ။

တကယ်တော့ ညိုနှင့် ဆင်ဒီဟာ အဆင့်အတန်းချင်း ဦးနှောက်အသိဉာဏ်ချင်း လိမ္မာရေးခြားချင်း အစစ အဘက်ဘက်က ယှဉ်မရအောင် ကွာလေသည်။ ဒါတွေဟာ နှောင်းမှ နှံမှ ကျွံမှ သိလာရတာတွေ။

ဒါကြောင့်လည်း နှောင်တခဲဆိုတာ နှောင်မှ တ,ရတတ်အရာလို့ ဆိုရိုးရှိခဲ့ပေတာပဲ။

"ခုလို ဆင်ဒီအမျိုးတွေရဲ့ ကိစ္စဝိစ္စတွေမှာလည်း စိတ်ဝင်တစား မရှိတာကို အမြဲစိတ်နာတယ် သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟ … မင်းအမေ ဆေးရုံတက်ရရင်တော့ လာကြည့်မှာ ပေါ့၊ မင်းညီမ ကလေးမွေးတာကိုတော့ သွားမကြည့်ဖြစ် တာ စိတ်နာစရာလား၊ ဒါကို မင်း စိတ်နာနေလည်း ငါ ဘာမှမတတ်နိုင်ဘူး ဆင်ဒီ၊ မင်းဘာသာ ခံစားတော့"

သူ့ရဲ့တူးတူးခါးခါး အော်ဟစ်သံအဆုံးမှာ ဆင်ဒီ က ပိုက်ဆံနှစ်သိန်းကို အိတ်ထဲကောက်ယူထည့်လိုက်ပါသည်။ အံတင်းတင်းကြိုးကြိတ်ကာ နဂါးမျက်စောင်းလို ပြာကျွန်ုပ်နိုင်လောက် တဲ့ မျက်ထောင့်ကြီးနှင့် ရန်နိုင့်ကို စူးစူးဝါးဝါး ကြည့်နေရာက ချာခနဲ လှည့်ထွက်သွားပါသည်။

ဒိုင်းခနဲ ဆောင့်ပိတ်သွားတဲ့ တံခါးသံကြောင့် အပြင် က ဝန်ထမ်းတွေ တပည့်တွေအပေါ် ထူးပြီးမျက်နှာမပူ ထူးပြီး မရှက်တော့ပါ။ ဒါမျိုးတွေ တစ်ခါ နှစ်ခါမှမကတော့ဘဲ။ လမ်း မပေါ်က ဆင်ဒီ့ကား ကျွီကနဲ ခပ်ပြင်းပြင်း မောင်းထွက်သွားတာ ကို မှန်ပြတင်းမှ ခဏစောင့်ကြည့်ပြီးမှ ရန်နိုင်က အိတ်ကိုဆွဲကာ အပြင်ထွက်ခဲ့သည်။

သူ့ဆေးခန်းဟာ မန်နေဂျာမှအစ အဆင့်ဆင့်ဝန် ထမ်းရှိပြီးသားဖြစ်၍ သူ ပြန်ချင်တဲ့အချိန် ပြန်လို့ရပါသည်။ ဖေဖေ့လက်ထက်ကတည်းက ဖေဖေ ထူထောင်အောင်မြင်ခဲ့တဲ့ နာမည်ကြီးသွားဆေးခန်းကြီးကို သူက အရန်သင့် အမွေဆက်ခံ ခဲ့ရတာ။ ဖေဖေဟာလည်း အောင်မြင်သော သွားဆရာဝန်ကြီး တစ်ဦး ဖြစ်ခဲ့တာပင်။





ခုတ်ခွဲခန်း ခုတ်မှန်ခန်း ခွဲစိတ်ခန်းတွေနှင့် သွား ဆရာဝန်ပေါင်း ဆယ့်ခြောက်ယောက်လောက် ဆေးခန်းထိုင်တဲ့ သွားနှင့်ပတ်သက်လျှင် တစ်နေရာတည်း အစစ အပြည့်အစုံပြီးစီး နိုင်တဲ့ ဆေးရုံငယ်လေးတစ်ခုလိုပင်။ နေရာကောင်း လမ်းမကြီး တစ်ခုပေါ်မှာရှိတဲ့ သုံးထပ်အဆောက်အအုံ တစ်ခုလုံးကလည်း သူ့ ရဲ့ကိုယ်ပိုင်ပင်။

ဒါတွေက သူ့ရဲ့မိဘအမွေအနှစ် ဖြစ်ခဲ့ပေမယ့် ညီ နှင်လမ်းခွဲတော့ သူက တန်ဖိုးတွက်ချက်ကာ ညီ့ကို အနည်းငယ် အမ်းပေးနိုင်ဖို့ ပြင်ဆင်ခဲ့ပါသေးသည်။ ညီက နေလက်စ ကွန်ဒို ခန်းနှင့် ညီစီးတဲ့ကားတစ်စီးသာ ယူထားလိုက်ပြီး …

"ဒါတွေက လက်ထပ်ပွားလည်း မဟုတ်ဘူး၊ ညီမလိုချင် ပါဘူး၊ ညီ့မှာလည်း ငွေမလိုပါဘူး၊ သားနဲ့သမီးကို ရှင် သေတဲ့အထိ ဖခင်တစ်ယောက်ရဲ့မေတ္တာနဲ့ ဖခင်တစ်ယောက် ရဲ့အဝေးက စောင့်ရှောက်မှုမျိုး တောက်လျှောက်ပေးသွား မယ်ဆိုရင် လုံလောက်ပါပြီ"

ခုတောင်မှ တုန်ခါတဲ့ ညီ့အသံလေး ပြန်ကြားလာ သလိုပင်။ ရန်နိုင်က ကားကို ပိုင်စိုးတို့နှင့် ချိန်းထားသော စား သောက်ဆိုင်ရှိရာသို့ ဦးတည်မောင်းထွက်လာပါသည်။ မိုးဖွဲဖွဲရွာ ကော မှောင်စပြုတဲ့ လမ်းမပေါ်မှာ လမ်းမီးရောင် ကားမီးရောင် ကြ မိုးရေနှင့် ပိုပြီးတောက်ပလင်းလက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်တစ်ခုမှာ မီးနီမိ၍ ကားကိုရပ်လိုက်ရရင်း ရန်နိုင်က ကိုယ့်ရဲ့ဘေးတစ်ဖက်ကို အမှတ်တမဲ့ ငဲ့ကြည့်လိုက်မိပါသည်။ ဘေးက ကားတစ်စီးပေါ်မှာ ညို။ ရန်နိုင့်ရင်ထဲ ဖျတ်ခနဲ လှုပ်ခတ်သွားပါသည်။ ညိုက သူ့ကိုမမြင်ပါ။ ဘေးကားမောင်းသူနေရာမှာ ထိုင်နေတဲ့ အမျိုးသားတစ်ဦးကို ပြုံးတုံ့တုံ့လေးနှင့် စကားပြောနေပါသည်။

ရန်နိုင် ငေးကြည့်နေမိကာ ဘေးဘီကို မေ့သွားခဲ့ပါသည်။ ညိုတို့ကား ထွက်သွားကာ သူ့နောက်ကကားတွေဆီက ဟွန်းတီးသံတွေ ထွက်လာမှ ကားကို ဆက်ထွက်ဖို့ သတိရခဲ့သည်။

❦ ❦ ❦





❦ ၅ ❦

ညိုသည် စန္ဒာ့ကို အတော်စိတ်ပျက်လက်ပျက်ဖြစ်ကာ နာရီလေးတစ်ချက် ကြည့်မိရင်းက ဖုန်းတစ်ချက် ထပ်နှိပ်လိုက်ပါသည်။

"ဟယ်လို"

"ဟဲ ... စန္ဒာမ၊ နင် လာဦးမှာလား၊ မလာဘူးလား ... ပြော"

"ငါ ဘယ်လိုမှ ထွက်မလာနိုင်သေးလို့ပါဟယ် အချစ်လေးရယ်"

"ဘာမှ အချစ်လေးရယ်တွေ ဘာတွေ လုပ်မနေနဲ့။ နင့်ကိစ္စတွေက သူများကိစ္စတွေထက် အမြဲတမ်း အရေးကြီးနေတာလား ... ဟုတ်လား"

"ဒီနေ့ကတော့ တကယ်ကို ပြဿနာ ဖြစ်တာပါဟယ်"

"ဘာပြဿနာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဟေ့ ... ဒါရိုက်တာနဲ့ ငါ့ရှုတင်မန်နေဂျာက ပြဿနာ တက်ကြလို့ဟေ့၊ ဒါရိုက်တာက ထိုးမယ်ကြိတ်မယ်၊ ဆက် မရိုက်ဘူး ဖြစ်နေတယ်၊ မင်းသားကလည်း ဒီည ကြိုက်တဲ့ အချိန်ထိရိုက်၊ နက်ဖြန်ကစပြီး ထပ်မပေးတော့ဘူး"

"ကျွတ်"

ညို့မျက်နှာလေးက သုန်မှုန်ကာ ...

"ဒီနေ့ဆိုတာလည်း နင်အားတယ်၊ အဆင်ပြေတယ်ဆိုတဲ့ ရက်အထိ နောက်ဆုတ်ဆုတ်ပြီး စောင့်လာတာနော် စန္ဒာ"

"အေးပါဟယ်၊ အမှန်ဆိုရင် ဒီနေ့က နိုက်ဂျူတီပဲရိုက်ရိုက် ရှုတင်မန်နေဂျာကိုထားပြီး ငါထွက်လို့ရပါတယ်၊ အခုဟာ ကကျတော့ ဒါရိုက်တာက ဒီရှုတင်မန်နေဂျာ မျက်နှာမြင် ရရင် ဆက်မရိုက်တော့ဘူး ဖြစ်နေလို့ပါဟာ"

"ဒါရိုက်တာကလည်း အဲလိုလုပ်လို့ ရလား"

"ရလား မရလားကတော့ အဖြစ်အပျက် အခြေအနေတွေ ပေါ် မူတည်တာပဲ ညိုရာ၊ ငြိနေတာလေးတွေက သေးသေး လေး သေးသေးလေးတွေကနေ တဖြည်းဖြည်း ကြီးလာတာ ဆိုတော့ဟာ၊ ဒီနေ့ပြဿနာကကျတော့ ကြီးတယ်၊ စ,ဖြစ် တာကတော့ ဒါရိုက်တာက"

"နင်တို့ပြဿနာတွေ မသိချင်ပါဘူးဟာ၊ ငါသိချင်တာ နင် အခုလာမလာပဲ"

"ငါ မလာနိုင်တော့ဘူး ထင်တယ် ညိုရာ"



"အတိအကျပြော"

"အေး ... မလာနိုင်တော့ဘူးဟာ၊ နောက်တစ်ပတ်ဖြစ်ဖြစ် တစ်ရက်ရက်ကျမှ ငါတို့ပြန်ချိန်းပြီး ပြကြရအောင်လေ၊ ငါတို့က ရောဂါတစ်ခုခု ဖြစ်နေလို့ အလျင်လိုလိုကြီး ပြရ တာမျိုးမှ မဟုတ်တာဟာ၊ ကြိုကြိုတင်တင် ကာကာကွယ် ကွယ် စစ်ထားမှာမျိုးပဲဟာ၊ နောက်တစ်ပတ်မှဆိုလည်း ဘာမှ နောက်မကျပါဘူး"

ကိစ္စက ခင်သက်ဝေ တစ်ယောက် သူ့ကိစ္စနှင့်သူ အိုဂျီ(သားဖွားမီးယပ်)ဆရာဝန်မကိုပြရင်း ကြွတုန်း ကြုံခိုက် သားအိမ်ခေါင်းကင်ဆာအတွက် Pap smear စစ်ဆေးကြည့်ဖို့ ဆရာဝန်က ပြောတာမို့ စစ်ကြည့်လိုက်ရင်းက CIN(1) ဆိုပြီး အဆင့်တစ် Stage မှာ ရှိနေတယ်လို့ အဖြေထွက်လာတာက စ,တာပင်။

အဆင့်တစ်ဟာ နဂိုနေကိုလည်း ပြန်ရောက်သွား နိုင်ပြီး အရေးမကြီးလှ စိတ်မပူရဘူးဆိုပေမယ့် သက်ကတော့ အလန့်တကြားတွေဖြစ်ကာ ညိုနှင့် စန္ဒာ့ကိုပါ ...

"နင်တို့လည်း ကြိုကြိုတင်တင် သွားစစ်ထားကြဦး၊ တစ် ခုခုဆိုရင် စောစောစီးစီး ကာကွယ်နိုင် ကုသနိုင်တာပေါ့ ဟာ၊ တချို့တွေ နောက်ကျမှ သိကြတယ် ဆိုတာမျိုး ကြားဖူးတယ်ဟာ၊ ငါတို့အသက်တွေက သုံးဆယ်ကျော်လို့ သုံးဆယ့်ခုနစ်ဆိုတာ စစ်ဆေးဖို့ လိုအပ်နေတဲ့အရွယ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာလို့စစ်ရမှာလဲ၊ ငါက အပျိုကြီး"

"အပျိုတွေ အအိုတွေနဲ့မှ မဆိုင်တာ၊ အိမ်ထောင်ရှိရှိ မရှိရှိ ယောကျ်ားနဲ့ အဆက်အဆံရှိရှိ မရှိရှိ ဒီရောဂါက ဖြစ်နိုင်တာပဲ၊ ဖြစ်နိုင်တဲ့ Cause တွေက အများကြီးရှိတယ်၊ အဲဒီ Cause တွေကြောင့် မဟုတ်ဘဲ တခြားရှာဖွေမတွေ့ ရှိသေးတဲ့ အချက်တွေကြောင့်လည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ အရွယ်ရောက်ပြီးပြီဆိုရင် ဖြစ်နိုင်ချေက ရှိသွားပြီ၊ ဒါကြောင့် မို့လို့ နိုင်ငံခြားတွေမှာဆိုရင် အပျိုရွယ် မရောက်သေးခင်မှာ မိန်းကလေးတွေကို ကြိုတင်ကာကွယ်ဆေးတောင် ထိုးနေကြပြီ၊ အပျိုမဖြစ်ခင် ကာကွယ်ဆေးထိုးထားရင် တစ်သက်လုံး ကာကွယ်ပြီးသား ဖြစ်သွားရော ...

ဒီမှာတော့ သုံးဆယ်ကျော်ရင် မဖြစ်မနေစစ်ကြပါ ဆိုတာတောင် မစစ်သေးတဲ့သူတွေက အများကြီးပဲ၊ ဒါကြောင့် နောက်ကျမှသိကြ မသေသင့်ဘဲ သေကြဖြစ်နေတာ၊ ဒီရောဂါပိုးက အမျိုးသမီးအများစုမှာ အကြောင်းအမျိုးမျိုးကြောင့် ရှိနေကြတာတဲ့၊ နင်တို့နှစ်ယောက် မြန်မြန်သွားစစ်ကြ"

ဒီတော့ ညိုနှင့် စန္ဒာလည်း အလန့်တကြား ရင်တုန်ပန်းတုန်တွေဖြစ်ပြီး စစ်မယ် စစ်မယ်နှင့် နှစ်ယောက်သား ရက်ချိန်းကြတာပါ။ SSC Women Center မှာ အိုဂျီတစ်ယောက်ထံ ရက်ချိန်းယူ၊ ဘွတ်ကင်လုပ်လိုက်၊ စန္ဒာကရွှေ့လို့ ဖျက်လိုက်နှင့် ဒီတစ်ကြိမ်တော့ သူက ရက်မရွှေ့တော့၍ ပြဖြစ်ပြီထင်တာ။





"အဲဒါဆိုရင် ငါ ခုနတစ်ခါ ဆက်တုန်းက နည်းနည်းနောက်ကျပေမယ့် လာမယ်လို့ နင် ဘာဖြစ်လို့ပြောလဲ"

"အဟားဟား ... စိတ်တွေ ဆိုးနေလိုက်တာ ရွှေညိုလေးရယ်၊ ဆောရီးပါဟယ်နော်၊ ငါက ခုနတုန်းက ခုနအခြေအနေနဲ့ ပြောလိုက်တာဟ၊ ငါ တကယ်လာဖို့ ရည်ရွယ်ထားလို့ပါဟာ၊ အခုက တဖြည်းဖြည်းနဲ့ ဘယ်လိုမှ အဆင်မပြေတော့တာ သေချာသွားပြီ။ ရှူတင်မှာ ငါ စတဲန်းဘိုင် ရှိနေမှ ဖြစ်တော့မှာဟ"

"အေး ... ပြီးရော"

"စိတ်မဆိုးပါနဲ့ဟာ၊ နင်လည်း ဒီနေ့မသွားနဲ့တော့၊ ငါတို့ နောက်အပတ် ပြန်ချိန်းမယ်"

"တော်ပြီ ... နင်အားတဲ့အချိန် စောင့်နေရင်း ရောဂါရှိနေတဲ့သူသာဆိုရင် နောက်ဆုံးအဆင့်ရောက်လာပြီး သေခါနီးမှ ပြရတော့မှာ"

"ဟား ဟား ... နင်ကလည်းဟာ ဘာကိစ္စ အဲလောက် စိတ်ဆိုးနေတာလဲ"

"နင် စောစောစီးစီးဖျက်ရင် ငါက စိတ်ဆိုးမလား၊ အခုက ငါက ခုန နင်လာမယ်ဆိုကတည်းက ထွက်လာပြီး ဆေးခန်းကို ရောက်နေပြီ"

"ဟယ် ... ဟုတ်လား၊ ဆောရီးပါဟာ၊ ဒါဖြင့် နင်လည်း မပြဘဲ ပြန်လိုက်လေဟာ၊ နောက်အပတ်ကျမှ ငါလည်း အဖော်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ ဒီတစ်ပတ် ထပ်ရွှေ့ပြီး နင့်ကိုစောင့်ရင် ငါ ရူးလို့ပဲ၊ နင့်အလွန်မဟုတ်တော့ဘူး၊ ငါ့အလွန်ဖြစ်သွားပြီ၊ အခုပဲပြပြီး ပြန်မယ် ... ဒါပဲ"

ညိုက ဖုန်းကိုပိတ်ကာ စောင့်တဲ့ဆိုဖာများမှာ ဒူး လေးချိတ်ပြီး မှုန်တေတေ ထိုင်နေမိပါသည်။ အိုကျိုအခန်းရှေ့မှ ပြမည့်လူနာတွေက ကိုယ်ဝန်ဆောင်တွေ များပါသည်။ တချို့က ယောကျ်ားမပါ။ တချို့က ယောကျ်ားပါလာသည်။

မြင်ကွင်းကို အမှတ်တမဲ့ကြည့်ရင်း ညို့ရင်ထဲတွင် ဒီလို အိုကျိုခန်းရှေ့ သူကိုယ်တိုင် ကိုယ်ဝန်ဆောင်သည်ဘဝနှင့် ထိုင်စောင့်ခဲ့ရတဲ့ အချိန်ပိုင်းကို အမှတ်မထင် ဖျတ်ခနဲပြန်ပြီး သတိရမြင်ယောင်လိုက်မိလေသည်။

သားကိုမွေးတော့ ညို့အသက်ကလေးဟာ ဆယ့်ကိုး နှစ်သာ ရှိခဲ့သေးတာပါကလား။ ဆယ့်ရှစ်ကျော် ဆယ့်ကိုးတွင်း ကလေးပုံစံလေးပင် သေရှာမပျောက်ချင်သေးတဲ့ မိခင်လောင်း လေး ညို့ညို့ညိုဟာ အိုကျိုထံသို့ ကိုကို မပါဘဲ တစ်ကြိမ်မှ မလာခဲ့ ရဖူးပါ။

ကိုရန်နိုင်ဟာ အင်မတန်မှ သည်းသည်းလှုပ်ဖူးဖူး မှုတ်နေပြီး ညို့ကို ထားစရာမရှိအောင် အယုယပိုနေခဲ့တာ။ ဘေး လူတွေ မျက်စိနောက်ကြမှာ ရှက်မိကာ ခင်ပွန်းသည်ပါမလာတဲ့ ဘဝတူ ကိုယ်ဝန်ဆောင်တို့ကို ငဲ့မကြည့်ရဲအောင် အားနာမျက်နှာ ပူခဲ့ရသည်။





ဩော် ... အဲဒီတုန်းကတော့ ဒီယောကျ်ားဟာ တစ် နေ့ ငါ့ကိုပစ်သွားမှာပါလားလို့များ ယောင်လို့မတွေးမိခဲ့ပါလား။ အိပ်မက်တောင် မမက်ဖူးခဲ့ပါလား။ ညိုသည် တွေးရင်းက ဆွတ်ပျံ့ ကြေကွဲသလိုလေး ဖြစ်လာကာ လှိုက်လှဲတဲ့ ခံစားချက်ကြောင့် မျက်ရည်ပင် ရစ်လည်လာပါသည်။

"မ,"

"အင်"

ညိုသည် ကပ်ခေါ်လိုက်တဲ့ အသံကြောင့် ရုတ်တရက် လန့်များပင် လန့်မိကာ ရင်လေးဖိရင်း ငဲ့ကြည့်လိုက်မိပါသည်။ ကပ်ရပ်ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သူက ညီညီ။ ညိုက အံ့အားလည်း သင့် မနှစ်မြို့လည်း ဖြစ်မိကာ ...

"ဟင် ... ဘယ် ... ဘယ်က ရောက်လာတာလဲ"

"အဟင်း ဟင်း ... ကျွန်တော် ဒီကိုပဲ လာတာပါ"

"ဆေးခန်းလာပြတာလား"

"မဟုတ်ဘူး ... အဟင်း ဟင်း"

"လူနာသတင်းမေး လာတာလား"

"အဟင်း ... ကျွန်တော် မ,ဆီလာတာပါ"

"တို့ဆီ"

ညိုက ရင်ဘတ်လေးဖိကာ အံ့အားတသင့် မေးမိ သည်။ ညီညီက ခေါင်းညိတ်ပြလိုက်၍ ညိုသည် စိတ်ထဲမှာကျိတ် ကာ စန္ဒာ့ကို ဒေါသတွေ ဗလောင်ဆူထွက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ ဒီဆေးခန်း ရောက်နေတယ်ဆိုတာ ! "

"မစန္ဒာဆီက သိလာတာ"

"ကျွတ် ... စန္ဒာကလည်း"

ညိုက တီးတိုးလေးညည်းမိကာ မကြည်သာတဲ့ မျက်နှာလေးကို တတ်နိုင်သမျှ အစွမ်းကုန် နူးညံ့အောင်ပြင်ကာ ...

"ကိုညီညီ ကိစ္စရှိလို့လား"

"မ,နဲ့က မတွေ့ကြဘူးလေ၊ မတော်တဆ ဆုံရအောင် ကလည်း ကျင်လည်တဲ့နေရာအဝန်းအဝိုင်းကမတူ၊ ကံကြမ္မာ က မျက်နှာသာမပေးတော့ မဆုံဖြစ်ဘူး၊ တကူးတက ချိန်းဖို့ကျတော့လည်း ကျွန်တော်က လိုလားပေမယ့် မစန္ဒာ ကလည်းမအား၊ မ,ကလည်း လိုလားရဲ့လားလို့ပါ၊ ခုလို မမျှော်လင့်ဘဲ ရှိနေတာ သေချာတဲ့ နေရာတစ်ခုကို ဖွတ် လာတွေ့လိုက်မှပဲ ခုလိုတွေ့ဖြစ်တာ မဟုတ်လား"

"ရှင်နဲ့ ကျွန်မ တွေ့စရာအကြောင်း ဘာရှိလို့လဲ"

ဆိုတဲ့ စကားမျိုးအထိ ပြောလိုက်ဖို့ရာကျတော့လည်း ကိုယ့်ဘက်က အကဲဆတ် ရင့်သီးလွန်းရာကျမလားလို့ပင်။ တကယ် တော့ အဲဒီလိုသာ ပြောပစ်ချင်တာ။

"ဒေါ်ညိုညိုညို"

ရုတ်တရက် နာ့စ်လေးထံက ခေါ်သံထွက်လာ၍ ညိုက ဝမ်းသာအားရ ဖြစ်သွားကာ ...

"ဟုတ် ... ရှိပါတယ်"





"အစ်မ ... သွားပေါင်ချိန်မယ်၊ ဝိတ်ချိန်မယ်နော်"

ကိုယ်များ ဝင်ရပြီလားလို့။ ဝင်ရပြီးရင်တော့ ပြန် တော့မှာလေ ပြီးပြီပေါ့။ ဒါပေမဲ့ ပြန်သတိရတာက ဆရာဝန် ကာ ခုလေးတင်မှ ရောက်လာခဲ့တာ။ ညို့ တိုကင်နံပါတ်က (၄၀) သ။ အများကြီး စောင့်ရဦးမှာပါ။

ဘာပဲဖြစ်ဖြစ် သွေးပေါင်ချိန်တာ ဝိတ်ချိန်တာက သည်း တခြားတစ်နေရာမှာမို့ ဒီနားကတော့ ထ,သွားရမှာ တော် သေးတာပေါ့။ ညို ထ,အထွက် ...

"မ, အိတ်ပေးခဲ့လေ"

"ရတယ်၊ လွယ်ထားလိုက်မယ်"

"ဝိတ်ချိန်ရင် အိတ်ကြီး ဖယ်ထားရမှာ"

ဟုတ်ပါရဲ့။ ညို့အိတ်ကလည်း စုံနဖာစီထည့်ထား ဲ ရောမ။ ပြီးတော့ သူ့ဆီမထားခဲ့လျှင် အိတ်ကိုင်ပေးထားဖို့ ဆိုတဲ့ အကြောင်းပြချက်နှင့် ဝိတ်ချိန်တဲ့အနားထိ လိုက်ပါလာ မှာစိုးရ၍ ...

"ဟုတ် ... ကိုညီညီဆီ ထားခဲ့မယ်"

ညိုက ဟန်းဒ်ဖုန်းကိုတော့ အပါယူခဲ့ကာ ဝိတ်ချိန် ပြီး သွေးပေါင်ချိန်ဖို့က ရှေ့လူဆယ်ယောက်နီးပါးကို စောင့်နေ ဆဲ စန္ဒာ့ဖုန်းကို စိတ်တိုတိုနှင့် ခေါ်လိုက်ပါသည်။

"ဟယ်လို"

"နင် ဘယ်လိုလုပ်တာလဲ စန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ၊ ငါမလာတော့ဘူး ပြောပြီးပြီလေ"

"နင်လာတာ မလာတာ ပြောနေတာမဟုတ်ဘူး၊ နင့်ညီညီကို ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ"

"ဘယ်သူ"

"ညီညီပါဆို"

"ဘုရားရေ ... ဒီကောင် နင့်ဆီရောက်လာတယ် ဟုတ်လား"

"ကျွတ် ... ငါ အရမ်းစိတ်တိုတယ် သိလား၊ နင့်ကို"

"ညို ... ဆောရီးဟာ၊ ငါ့ပယောဂပါရင်တောင် သွယ်ဝိုက်ပါတာပါ၊ ငါ လုံးဝဒါမျိုးမရည်ရွယ်ဘူး၊ ငါ သူ့ကိုလွှတ်စရာလားဟ"

"သူပြောတော့ နင်ဆီက သိတာတဲ့"

"သိတာတော့ ငါ့ဆီကပဲပေါ့၊ တခြားဘယ်ကသိစရာရှိလို့လဲ၊ နင် နောက်ဆုံးတစ်ခေါက် မဟုတ်တဲ့ ရှေ့တစ်ခေါက်ဆက်တုန်းက ငါ့အားမှာ သူရှိတယ်၊ ရှုတင်မှာပြဿနာဖြစ်တော့ ငါက တစ်ယောက်လာဖို့ လှမ်းခေါ်တော့ ကိုမင်းသူ မအားတာနဲ့ သူ ရောက်လာတာလေ၊ သူရှိတုန်း နင် ဖုန်းဆက်တာ၊ နင်နဲ့ ဖုန်းပြောမှန်း သူသိတယ်၊ ပြီးတော့ သူကမေးတာလေ၊ ငါနေမကောင်းလို့လား နင် နေမကောင်းလို့လားတဲ့ ...





ငါကလည်း နှစ်ယောက်လုံး နေကောင်းတယ်၊ အိုဂျီဆီမှာ လိုတာလေးတွေ ပုံမှန်စစ်တာမျိုးပါလို့ပြောတာ၊ ဒါကို ဒီကောင်က ဉာဏ်များပြီး ငါ့ကိုမေးတာလေ၊ သူ့အမေလည်း အိုဂျီတစ်ယောက်ယောက် ပြချင်တာရှိလို့ ငါ ဘယ်သူနဲ့ ပြလဲတဲ့၊ ဒီနေ့ ဘွတ်ကင်တင်ထားတာ ဘယ်အိုဂျီလဲတဲ့၊ သူက ဘယ်ဆေးခန်းတွေ ထိုင်တတ်လဲတဲ့၊ ငါက မြို့ထဲ '......'ဆေးခန်းမှာလည်း ထိုင်တယ်၊ ဟိုမှာလည်းထိုင်တယ် ဒီမှာလည်းထိုင် ဆိုပြီး ဆေးခန်းသုံးခု ပြောပြလိုက်တာပေါ့ ...

ငါပြောတာ ဒါပဲ၊ လောလောဆယ် နင်ရှိနေတာ ဘယ်နေရာဆိုတာ ငါ လုံးဝမပြောဘူး ညို၊ ဒီကောင်လေး ခဏနေတော့ ချက်ချင်းပဲ ပြန်လိုက်ဦးမယ်ဆိုပြီး ထွက်သွားတာပဲ၊ ဒီဆေးခန်းကြီးတွေကို ဖုန်းဆက်ပြီး အိုဂျီဒေါ်'......' ဘယ်နေ့တွေထိုင်လဲ ဘယ်အချိန်ထိုင်လဲ မေးလိုက်ရင် ဒီနေ့ ဒီအချိန် နင်ပြနေတဲ့ဆေးခန်းကို သူ တန်းသိနိုင်တာပဲလေဟာ"

"တကယ်ပါပဲ၊ အနားလာထိုင်နေတယ်"

"ကျွတ် ... ဒီကောင် တော်တော်ကဲနေပါလား၊ ကဲ ... သူ့ကို ဖုန်းပေးလိုက်စမ်းပါ၊ ငါ ပြောလိုက်မယ်"

"မပေးပါဘူးဟာ၊ နင့်ကို ငါ လှမ်းတိုင်တယ်ဆိုတာမျိုး ဖြစ်နေဦးမယ်၊ အဲဒါဆိုရင် ငါက လူကြီးမဆန်ပဲ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကလား ဆန်သလို ဖြစ်နေမှာပေါ့၊ တော်ပါပြီ၊ ဒီတိုင်းထား လိုက်မယ်၊ နောက်တစ်ခါကျရင်သာ နင် ငါနဲ့ဖုန်းပြောရင် သူကြားအောင် မပြောစမ်းပါနဲ့ဟာ၊ အဝေးကိုသွားပြော စမ်းပါ"

"အေးပါ"

"ကဲ ... ဒါပဲ"

ညိုက ဖုန်းပိတ်ကာ အလှည့်ရောက်အောင် လက်ပိုက်စောင့်နေရင်းက ဘယ်သူ့ကို စိတ်တိုရမှန်းမသိ စိတ်တိုနေမိပါသည်။ အိုဂျီခန်းရှေ့မှာ ကိုယ်က စုံတွဲပုံစံ ဖြစ်နေရတာ ဘယ်လိုလုပ် ကောင်းနိုင်ပါ့မလဲ။ သက်ပြင်းလေးတွေ ရှိုက်ကာ ရှိုက်ကာ ညို စိတ်ရှုပ်နေရဆဲ ဖုန်းခေါ်သံတစ်ခု မြည်လာတာမို့ ဖုန်းကိုကြည့်လိုက်တော့ သက်ဝေ ခေါ်နေတာပင်။

"ဟယ်လို ... မီသက်"

"အေး ... ညို နင်တို့ ပြပြီးကြပြီလား"

"မပြရသေးပါဘူးဟာ၊ မပြောချင်ပါဘူး၊ နင့်စန္ဒာတော့"

"ဖျက်ပြန်ပြီလား"

"ဒီတစ်ခါတော့ ဖျက်ရုံတင်ကဘူးဟ၊ သူ့ပဟောဂကြောင့် ဟောဒီမှာ ညီညီဆိုတဲ့ လူက ဆေးခန်းထိ ပေါက်ချလာတယ်"

"ဘာ ... ညီညီ"

"အေး"





"ဟာ ... ဒီလူက ဘာလာလုပ်တာလဲ"

"ကျွတ် ... သူကလည်း ဘယ်လိုနည်းနဲ့ ငါနဲ့ဆုံရပါ့မလဲ အကွက်ချောင်း စောင့်နေပုံပါပဲဟယ်၊ စန္ဒာနဲ့ငါ ဖုန်းပြောတာကို စန္ဒာ့ဘေးကနေကြားပြီး သူ့အမေ အိုဂျီပြဖို့ရှိလို့ ဘာညာနဲ့ စန္ဒာ့ကိုလှည့်ပတ်မေးပြီးတော့ စုံစမ်းမေးမြန်း ရောက်လာတာဟ"

"ဟယ် ... အိုဂျီအခန်းရှေ့မှာ နင်တို့က စုံတွဲဖြစ်နေမှာပေါ့"

"အေးပေါ့ဟယ်၊ သိပ်စိတ်ရှုပ်တာပဲ၊ ငါ အရမ်းလည်းမရိုင်းချင်တော့ အော်ထုတ်ပြီး နှင်ရမှာလည်း အားနာတယ်ဟာ၊ စိတ်ညစ်တယ်၊ ငါက အခု ဒီဘက်နားမှာ ဝိတ်ချိန်ဖို့လာစောင့်နေတာမို့လို့ ခုလိုပြောနေတာ၊ သူ့ကိုကျတော့ အဲသလိုကြီး ဘဲ့မပြောရဲဘူးဟာ"

"ကျွတ် ... နင့်မှာလည်း တစ်ဒုက္ခပဲ၊ ငါတို့ လာခဲ့ရမလား"

"ဟင် ... ဘာဖြစ်လို့ လာရမှာလဲ"

"ငါတို့က အခု ဒီရွှေဂုံတိုင်နားမှာပဲ '.........'ဆိုင်မှာ စားနေတာဟ၊ နီးနေလို့ ပြောတာပါ"

"နေပါစေဟာ၊ လာမနေပါနဲ့တော့"

"နင်တို့တော့ စုံတွဲကြီးလို ဖြစ်နေတော့မှာပဲဟယ်၊ ကိုယ့်မိန်းမ ဗိုက်ကြီးသည် အိုဂျီလာအပ်တဲ့ဆီ ယောကျာ်းက အဖော်လိုက်လာတာမျိုး ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ ... မိသက်ရယ်၊ ကဲ ... ငါ ပရက်ရှာတိုင်းရတော့မယ်ဟာ၊ ဒါပဲ"

ညိုက ဖုန်းပိတ်လိုက်ကာ လက်ထောက်ဆရာဝန် လေးထံမှာ ပရက်ရှာချိန်ရပါသည်။ ပရက်ရှာတိုင်းပြီးချိန်မှာတော့ ညို့မှာ ခုနနေရာနားပဲ ပြန်လာရပါသည်။ အဲဒီမှာပဲ ကိုယ့်နာမည် ခေါ်ရင်လည်း သေချာကြားရမှာလေ။

ညို နေရာပြန်ရောက်လာတော့ ခုနက ညို ထိုင်ခဲ့တဲ့ ဆိုဖာလေးမှာ ထိုင်သူဦးသွားပြီ ဖြစ်တာမို့ ညီညီက ကိုယ်ကိုကြ ကာ ...

"မ, ဒီမှာ လာထိုင်"

"နေပစေပါ၊ ကိုညီညီ ထိုင်ပါ"

"လာပါ မ"

"ညို လမ်းလျှောက်နေလိုက်ပါ့မယ်"

"မဟုတ်တာ၊ မ,လာထိုင်ပါ၊ ကျွန်တော် လမ်းလျှောက် နေမယ်"

အခြေအတင် အတုံ့အလှယ် အကြင်နာပိုနေကြသလို ဖြစ်နေရတာမို့ ညိုက ဆက်ငြင်းမနေတော့ဘဲ သူထ,ပေးတဲ့ ဆိုဖာမှာ ဝင်ထိုင်လိုက်ပါသည်။ ညိုထိုင်နေတော့ သူ့အတွက် နေရာခုံမလွတ်ရင် သူ အနားလာထိုင်လို့ မရဘူးလေ။ ညို လမ်း လျှောက်နေရင် သူကလည်း ထိုင်ခုံကို စွန့်လွှတ်ပြီး ထိုင်ရာကထ ကာ ညို့အနား လိုက်လမ်းလျှောက်နေနိုင်တာပဲ မဟုတ်လား။





ညီညီက ညို့ရှေ့နားလေးမှာ ဟိုလှည့် ဒီပတ်လျှောက် နေရင်း ခပ်ငုံ့ငုံ့လေး မျက်လွှာချထားသည့် ညို့မျက်နှာလေးကို ခိုးကြည့်နေပါသည်။ သူ့ကို ဒီအမျိုးသားလေး ကြည့်နေမှာပဲ ဆိုတာ သိနေတဲ့ ညိုကလည်း စိတ်ထဲမလုံမြဲ အနေရခက်ကာ တ်ကျဉ်းကျပ်နေရပါသည်။

"ညို"

"အင် ... ဟင်"

ညိုသည် ဆတ်ခနဲတောင် တုန်သွားမတတ် အလန့် ကြား အံ့အားသင့်သွားရင်း သူ့ရှေ့ရပ်ကာ သူ့ကိုခေါ်လိုက်တဲ့ ာင်မောင့်ကို ယောင်ယမ်းပြီး လက်ညှိုးလေးထိုးညွှန်ရင်းက ...

"ဟို ... ဟို ... မောင်မောင်၊ ဟို ... ဘယ်လိုလုပ်"

မောင်မောင်က ဘောဘီဝဲယာကို ခပ်လျှမ်းလျှမ်းလေး ပဲ အဲကဲခတ်လိုက်လျှင် မလှမ်းမကမ်းမှာ ဟိုလျှောက်ဒီလျှောက် ်နေတဲ့ လူရွယ်တစ်ယောက်ကို လှမ်းသတိပြုမိကာ အဲဒီတစ် ာက်ဟာ ညို့ထံ မမျှော်မလင့်ရောက်လာတယ်ဆိုတဲ့ "ညီညီ" တဲ့ ပုဂ္ဂိုလ်ဖြစ်မှာပဲလို့လည်း ချက်ချင်းရိပ်မိလိုက်ပါသည်။

ညိုသည် မောင်မောင့်ကိုတော့ နည်းနည်းပိုကာ ရင်းနှီး ရှိတာဖြစ်ရာ ခါးလေးရှေ့ကိုင်းပြီး စိတ်ရှုပ်တဲ့မျက် နှာလေးနှင့် ...

"မောင်မောင် ... ဘာလာလုပ်တာလဲ"

"ဒီကိုလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းလာပြတာလား"

"မဟုတ်ပါဘူး၊ ညို့ဆီလာတာပါ"

"ညို့ဆီ !!"

မောင်မောင်က ညို့ရှေ့ လက်ပိုက်ရပ်နေရင်းကပ

လေသံတိုးတိုးနှင့် ...

"ညိုနဲ့ မသက် ဖုန်းပြောနေတုန်းက ဘေးမှာ ကျွန်တေ

လည်းရှိတယ် ညို"

"ဟင် !"

"ကိုဝေမင်းတို့ လင်မယားရယ်၊ ကျွန်တော်ရယ်၊ နော

ကျွန်တော်တို့သဘော်ကပဲ ကိုဌွန်တို့လင်မယားရယ် အ

ဆိုင်မှာ ထွက်စားနေကြတာ"

"သြော်"

ညို့ ရိပ်မိလိုက်ပါပြီ။ ညီညီက စန္ဒာဆီက သတင်း

ကာ လိုက်လာသလို မောင်မောင်ကတော့ မိသက်ထံက သတ

ရကာ လိုက်လာခဲ့တာပေါ့။ စိတ်ကြီးများနယ် ညစ်ပါရဲ့။ ည

မျက်နှာလေးက ခပ်မှုန်မှုန်လေး ဖြစ်လာပါသည်။

"မသက်က ညို့ဆီ အတင်းလိုက်သွားမယ် လုပ်နေတ

သူ့ကြည့်ရတာ လောလောဆယ် ညို့နားမှာရှိနေတယ်ဆို

လူကို သဘောကျပုံ မပေါ်ဘူး"

ဘယ်သဘောကျပါ့မလဲ။ သက်ကလည်း စ

ပါတနာ ညီညီကို သဘောမကျသလို စန္ဒာကလည်း ကိုဝေမ





သူငယ်ချင်း မောင်မောင့်ကို သဘောမကျပါ။ သူတို့ဟာ ကိုယ့်

မိတ်ဆွေနဲ့သာ ညို့ကို ခင်မင်ရင်းနှီးစေလိုကြတာ။

"မသက် သွားမယ်လုပ်တော့ ကိုဝေမင်းကလည်း လိုက်ပို့

ဖို့ထ,ပြန်ရတော့မလို ဖြစ်တာပေါ့၊ ဟိုမှာ ကိုဌွန်တို့လင်

မယားလည်း ရှိသေးတာလေ၊ မသက် မရှိတော့ရင်

ကိုဌွန့်မိန်းမ မသန္တာလည်း အဖော်မရှိ နေရထိုင်ရခက်

တော့မှာပေါ့၊ အဲဒါနဲ့လေ ကျွန်တော်ကလည်း ဟို ...

ကျွန်တော် ညို အဖော်ရအောင် သွားနေပေးပါ့မယ်ဆိုပြီး"

ညိုက သက်ပြင်းချကာ ခေါင်းလေးယမ်းလိုက်လျှင် ...

"ဘာဖြစ်လို့လဲ ညို"

"အဲဒီလိုကြီး အဲဒီလောက်ကြီးတော့ မဟုတ်ပါဘူး၊ သက်

က မလိုလားဘူး မကျေနပ်ဘူး ထ,လိုက်မယ်ဆိုတာနဲ့

မောင်မောင်ကလည်း စိုးရိမ်လွန်သွားတာ ဖြစ်လိမ့်မယ်၊

အဲဒီတစ်ယောက်က ညို့ကို လာနှောင့်ယှက်နေတဲ့ သဘော

တော့ မဟုတ်ပါဘူး မောင်မောင်ရယ်၊ အဖော်ရအောင်

လာစောင့်ပေးရတယ်ဆိုတဲ့ အထိတော့"

"ဟင် ... ဒီလူက ညို့ကို ဖွတ်လိုက်နှောင့်ယှက်နေတာ

မဟုတ်ဘူးလား"

"အဲလောက်ကြီး မဟုတ်ပါဘူး၊ မရိုင်းစိုင်းပါဘူး၊ ရုပ်ပျက်

ဆင်းပျက် လိုက်နှောင့်ယှက်နေတာမျိုးတော့လည်း မဟုတ်

ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မသက်ကပြောတော့ ညိုက ဒီလူကိုလုံးဝမနှစ်မြို့ဘူးဆို၊ အမိုက်ထုပ်ဆို"

"မနှစ်မြို့တာလည်း မှန်ပါတယ်၊ ကွယ်ရာမှာ အမိုက်ထုပ်လို့ ခေါ်မိကြတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ သူကလည်း ညိုရှိတဲ့နေရာကို ရောက်ရောက်လာပြီး ဣန္ဒြေရရ စကားလက်ဆုံလာကျတာမျိုးကလွဲပြီး မနှောင့်ယှက်ပါဘူး၊ ခါတိုင်းဆို ညိုကလည်း 'သိပ်အဖွဲ့မကျချင်တော့ သွားတော့မယ် ဆိုတာမျိုး စကားဖြတ်ပြီး ထွက်သွားလိုက်လို့ရတာပေါ့ ...

အခုကကျတော့ ဆေးခန်းပြဖို့ ကိုယ့်အလှည့်စောင့်နေတော့ ထွက်သွားဖို့ကလည်း အဆင်မပြေ၊ သူရှိနေတော့ စိတ်လည်းနည်းနည်းတော့ ကျဉ်းကျပ်နေလို့ သက်ကိုပြောမိတာပါ၊ သူက ဒီနားမှာရှိနေပြီး စကားတစ်ခွန်းနှစ်ခွန်းလာပြောတတ်တာထက် ပိုမနှောင့်ယှက်ပါဘူး၊ ညိုပြန်မှပဲ သူလည်း ပြန်မယ့်သဘောပေါ့၊ အဲ့ဒါလောက်ပါပဲ"

"ဪ"

မောင်မောင်က သူ့ရဲ့စိတ်စောစိုးရိမ်မှုအတွက် တစ်မျိုးလေး ဖြစ်သွားပါသည်။ မောင်မောင်က ကိုယ်ကို ခပ်ကိုင်းကိုင်း ခေါင်းကိုငိုက်ကာ ညိုက ခါးလေးမတ် လည်တိုင်လေးမော့၍မော့ကြည့်ကာ ခပ်တိုးတိုး ပြောဆိုနေကြတဲ့ပုံကို မလှမ်းမကမ်းမှ ညီညီက စိုက်ငေးကြည့်နေတာမို့ ညိုက အားနာပါးနာ လှမ်း





ကာ ပြုံးပြလိုက်လျှင် ညီညီက ခပ်တုံ့တုံ့နှင့် ရှေ့တိုးလျှောက်လာသည်။

"ကိုညီညီ ... ဒါ အစ်မမိတ်ဆွေ ကိုမောင်မောင်တဲ့၊ '......' သဘောလိုင်းက စက္ကဲန်အင်ဂျင်နီယာလေ၊ မောင်မောင် ဒါက ကိုညီညီတဲ့၊ စန္ဒာတို့နဲ့ ဗီဒီယိုရုပ်ရှင်ထုတ်လုပ်ရေး တွဲတွဲလုပ်တဲ့ ပါတနာတွေပေါ့"

ညိုက မျက်နှာပွင့်ရှိန်ရှိန်လေးနှင့် ဣန္ဒြေရရ မိတ်ဆက်ပေးလိုက်ရသည်။ အမျိုးသားနှစ်ယောက်သားက လိုတာထက်ပို၍ ဟက်ဟက်ပက်ပက် ဝမ်းပန်းတသာပုံစံမျိုးနှင့် လက်ဆွဲနှုတ်ဆက်ကြရင်း ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ပါ ... ဝမ်းသာပါတယ်ခင်ဗျာ"

ညိုက အခြေအနေ ပြေပြေပြစ်ပြစ်ကို သက်ပြင်းတစ်ချက်ကျိတ်၍ ချမည်ကြံဆည်ဆဲတွင် ...

"ဟောတော်"

နှုတ်က ပွင့်ထွက်လာမတတ်သော အာမေဋိတ်ကို အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း မနည်းကြီး ဖိကပ်ဆွဲစေ့ပိတ်၍ ထိန်းချုပ်လိုက်ရပါသည်။ ဘုရားရေ။ ဘယ်သို့သောကံကြမ္မာပဲ။ ညာဘက်ယွန်းယွန်းထောင့်က ဓာတ်လှေကား ပွင့်ဟကာ ဓာတ်လှေကားထဲမှ လျှောက်ထွက်လာတဲ့ သူများထဲတွင် ကိုနိုင် တစ်ယောက် ပါလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရာချင်းက အနီးလေး။ ညိုတို့ထိုင်နေတဲ့ နေရာ
နံဘေးက နီးနီးကပ်ကပ် ဖြတ်လျှောက်ပြီး ထွက်ပေါက်ဆီသွား
ရမယ့် ရန်နိုင့်အဖို့ ညို့ကို မတွေ့မမြင့်စရာ အကြောင်းမရှိဘူးဟု
တွေးနေဆဲပင် ရန်နိုင်က ညို့ထံဖျတ်ခနဲ မျက်လုံးဝေ့လာသည်
ပါးစပ်ဖွင့်ဟ အံ့ဩကာ ...

"ညို ဘာလာလုပ်လဲ"

ဖြောင့်ဖြောင့် သွားနေရာမှ ညိုထိုင်နေတဲ့ ဆိုဖာ
ကွေ့ချိုးလျှောက်လာရင်း ညို့ရှေ့မှာ လက်ဆွဲနှုတ်ဆက်နေကြတဲ့
ယောကျ်ားသားနှစ်ယောက်ကို ရန်နိုင်က မြင်သွားပါသည်။ ရန်နိုင်
စကားကြောင့် ဟိုနှစ်ယောက်ကလည်း လက်ချင်းဖြုတ်ကာ ရန်နိုင်
ထံ ငဲ့စောင်းကြည့်လိုက်ကြချိန်။

မကြာမြင့်သေးမီကမှ '......'ဆေးရုံရဲ့ အရေးပေါ်
ဌာနမှာ ကိုဝေမင်းနှင့်အတူ နံဘေးမှကပ်ပါလာတဲ့ မောင်မောင်
ကို မှတ်မိလိုက်တဲ့ ရန်နိုင်ရဲ့ခပ်သွက်သွက်လျှောက်နေတဲ့ခြေလှမ်း
တစ်ချက် တုံ့နှေးသွားရသည်။

ညိုသည် သေသာသေလိုက်ချင်တော့တယ်လို့ပဲ
ချင်းချလိုက်ချင်သည်။ သူ့ရှေ့မှာ သူနှင့် တစ်နည်းတစ်ဖုံ
သိကျွမ်းပတ်သက်ကြတဲ့ ယောကျ်ားသုံးယောက်။ သူ့ကြောင့်
ဒီနေရာမှာ လာဆုံစည်းကြုံကြိုက်နေပြီ။ ရန်နိုင်နှင့် မောင်မောင်
မှတ်မိကြတဲ့ မျက်ဝန်းများဖြင့် တစ်ယောက်ကိုတစ်ယောက် အသ
အမှတ်ပြုကာ မသဲမကွဲ အပြုံးများနှင့် မသိမသာ နှုတ်ဆက်လိုက်
ကြပါသည်။



ရန်နိုင့်ဦးနှောက်ထဲမှာ ညို ဘယ်သူနဲ့လာတာလဲ။
...ကလူတွေနဲ့က ဘယ်လိုပတ်သက်တာလဲ။ လက်ဆွဲနှုတ်ဆက်
...တဲ့ထဲက နောက်တစ်ယောက်ကကော ဘယ်သူလဲ၊ ညို့ကိုပဲ
...ကြောင့် အကဲခတ် ငေးကြည့်နေတာလဲ စသဖြင့် မေးခွန်း
...တွေးတွေ ရှုပ်ယှက်ခတ်နေပါသည်။

"ညို ဘာဖြစ်လို့လဲ"

"ဘာ ... ဘာမှ မဖြစ်ပါဘူး"

"ဘယ်သူနဲ့ပြဖို့လဲ"

"........."

ညိုသည် စိတ်ရှုပ်ရှုပ်နှင့် ရုတ်တရက် မဖြေမိ။
...နိုင်က အနီးမှာရှိတဲ့ ဆရာဝန်စမ်းသပ်ခန်း နှစ်ခန်းမှ နာမည်
...ကို လှည့်ဖတ်လိုက်ရင်း မျက်နှာမသိမသာ ပျက်သွားရပါသည်။
...က တည်ငြိမ်အောင် ကြိုးစားကာ ...

"ဒေါ် '......'နဲ့ လာပြတာပါ"

ရန်နိုင့် မျက်နှာက အနည်းငယ် ပိုမိုသိသာအောင်
...က်သွားပြန်ပါသည်။ ဖြစ်ပုံက ယောကျ်ားသုံးယောက် ညိုတစ်
...ယောက်။ စိတ်ပျက်စရာ ကောင်းလိုက်တာနော်။ ညိုသည် ဘာ
...ညာညာလဲ ရှင်းပြစကားဆို မနေချင်။ နှစ်ယောက်ကို မိတ်
...ဆက်ပေးအပြီး တတိယတစ်ယောက်နှင့် သုံးဦးသုံးဖလှယ်လည်း
...ဆက်ပေးမနေချင်။

အသက်ရှုတောင် ကျပ်ချင်သလို ဖြစ်လာဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ညိုညိုညို"

သူနာပြုလေးရဲ့ခေါ်သံ ကြားလိုက်ရသည်မှာ မင်္ဂလာရှိလှပါဘိ။ ညိုက ဗုန်းခနဲနေအောင်ပင် ထရပ်လိုက်မိပါသည်။ ဘယ်သူ့ကိုမှလဲ မကြည့်၊ ဘယ်သူ့ကိုမှလဲ နှုတ်ဆက်မနေဘဲ ဆရာဝန်ရဲ့အခန်းထဲ မျက်နှာပူပူ စိတ်ညစ်ညစ်နှင့်ပဲ ကမန်းကတန်း လျှောက်ဝင်သွားလိုက်မိပါတော့သည်။

ယောကျ်ားသုံးယောက် အခန်းပြင်မှာ အို့တို့အမ်းတမ်း ကျန်ရစ်ခဲ့ကြပါလေသည်။

❦



## ၆

"ဟား ဟား ... နင့် အဖြစ်ကလည်းနော်၊ မနေ့ညက မောင်မောင့်ကို ငါက ဖုန်းလှမ်းဆက်မေးဖြစ်လို့ အကြောင်းစုံ ကြားရပေမယ့် တမင် နင့်ဆီဖုန်းမဆက်တာ၊ ဖုန်းဆက်ပြီး ပြောရရင် နင့်ရုပ်ကို မမြင်ရဘူးလေ၊ နင့်မျက်နှာရှုံ့တွအီးပိတ်နေတာလေးကိုလည်းကြည့်ပြီး စကားပြောချင်သေးလို့၊ ခုလို အိမ်တိုင်ရာရောက် လာအင်တာဗျူးရတာပေါ့ ... ခွိ ခွိ"

"အမယ်လေး ... အသံမျိုးစုံနဲ့ ရယ်မနေစမ်းပါနဲ့ဟယ်၊ တကယ်ပါပဲ၊ အရမ်းကို စိတ်နောက်သွားတာ၊ ပြောကို မပြောချင်တော့ပါဘူး၊ ဘေးကလူတွေတော့ ဘယ်လိုထင်ကြမလဲ မသိပါဘူး"

"မဆိုင်တဲ့သူတွေ ဘယ်လိုထင်ထင် ဂရုစိုက်မနေနဲ့၊ မမျှော်လင့်ဘဲ လာဆုံကုန်တာ၊ ဘယ်လိုလုပ် တတ်နိုင်တော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တာတွေက မမြှော်လင့်ဘဲ ဆိုပေမယ့် နင်တို့ မောင်မောင်ကကျတော့ နင်လွှတ်လိုက်တာလေ"

"အမယ် ... ငါမလွှတ်ရပါဘူးတော်၊ သူ့ဟာနဲ့သူပါ၊ ငါက ငါလိုက်သွားမယ် ဆိုတာကို သူက သူလိုက်လိုက်မယ် ဆိုပြီးတော့"

"သူက တကယ် အမှိုက်စုတ်ထုပ် ထင်နေတာ၊ ဆွဲစိပစ်တော့မယ့်ပုံနဲ့"

"ဟား ဟား"

"ရုပ်ပျက်ဆင်းပျက် နှောင့်ယှက်တဲ့သူမျိုး မဟုတ်ပါဘူး ဆိုပြီး အဲသလောက် မလိုဘူးဆိုတာ ပြောရတယ်"

"ဒါနဲ့ မိတ်ဆက်ပေးပြီး လက်တွေ ဘာတွေ ဆွဲနှုတ်ဆက်နိုင်းလိုက်တယ်ပေါ့ ... အဟိ"

"နှုတ်ဆက်ကြတုန်းရှိသေး၊ ကိုရန်နိုင်က ရောက်လာရော၊ ကျွတ်"

"ဟား ဟား ... ဟော ... ဟိုမှာ ... ဟိုမှာ ... စန္ဒာ လာပြီထင်တယ်"

ဘဲလ်တီးသံတစ်ချက် ထွက်လာ၍ ညို မထခင်သက်က အရင်ထပြေးကာ ချောင်းကြည့်ပေါက်လေးမှချောင်းပြီး တံခါးဆွဲဖွင့်လိုက်ပါသည်။ သော့ပါယူကာ သံတံခါးကသော့ခလောက်ကိုဖွင့်ပေးရင်း ...

"နင် ဒီနေ့တော့ အားတယ်ပေါ့"





"မအားလို့ မဖြစ်တော့ဘူးဟေ့၊ ဒီနေ့မှ အရောက်မလာရင် ဟိုမိန်းမ ငါ့ကို သတ်တော့ ဖြတ်တော့မယ် ... ဟီးဟီး"

လူမမြင်ခင် အသံအရင် ကြားရတာတဲ့ စန္ဒာဟာ လည်း အာကျယ်ကျယ်နှင့် တစ်ထပ်လုံးက ကော်ရစ်ဒါတလျှောက် သုံး သူ့အသံ ပဲ့တင်ဟိန်းနေအောင် အားရပါးရ ပြောဆိုနေပါ တော့သည်။ ညိုက ဧည့်ခန်းဆိုဖာတွေဆီမှာ ထိုင်ရက်ကပဲ မလှုပ် ယှက်နှင့် စန္ဒာ့ကို ဘုကြည့် လှမ်းကြည့်နေသည်။

စန္ဒာက တံခါးပြန်သော့ခတ်ပိတ်နေတဲ့ သက်ဝေနှင့် သူ့ခန္ဓာကိုယ်ကိုကွယ်ရင်း ...

"ဟိုမှာ ငါ့ကို ဂြိုဟ်ကြည့် ကြည့်နေတယ်၊ ကြောက်တယ်၊ ဟီး ဟီး"

"နင်ကလည်း နင်ပဲလေ၊ ဘာလဲ ... ဒီလမ်းသူရဲဆန်ဆန်ကောင်လေးကို ဘာလုပ်တာလဲ၊ ညို့ဆီလွှတ်နေတာ"

"ဘုရားရေ ... ငါ မလွှတ်ရပါဘူးဟယ်၊ ဘုရားစူးပါစေ၊ သူ့ဟာသူ ညို့ကိုမြင်ဖူးပြီး စွဲလှမ်းနေတဲ့ဟာကို"

"စွဲလမ်းစရာလား အပိုတွေ၊ ကိုယ့်ဟာကိုယ် တန်ရာတန်ရာ တက္ကသိုလ်ကျောင်းသူလေးတွေ သွားကြိုက်ပေါ့"

"ဟဲ့ ... ညီညီက အဲလောက်လည်း မငယ်တော့ပါဘူးဟယ်၊ နေတာ ထိုင်တာ အရမ်းလူငယ်ဆန်လို့ပါ၊ သုံးဆယ်ကျော် နေပြီဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆယ်ကျော်လည်း အများကြီး ငယ်တာပဲ၊ ညိုက သုံးဆယ့်ခြောက်"

"ဒေါ်ရွှေသက် ... ရှင်က ကြားကနေ ကျုပ်ကိုအပြစ်တင်ဝေဖန်နေရအောင် ရှင်ကရော ဘယ်လောက် အပြစ်ကင်းစင်နေလို့လဲ၊ နင် မိတ်ဆက်ပေးထားတဲ့ မောင်မောင်လည်း ညို့ထက် ငယ်တာပဲလေ"

"မောင်မောင်က သုံးဆယ့်လေး၊ ဘာမှမကွာဘူး၊ ပြီးတော့ မောင်မောင်က အတည်အတန့် ငါကလည်း မိတ်ဆက်ပေးဖူးတာအပြင် ဘာမှ ဇာတ်လမ်းထွင်ပေးနေတာ မဟုတ်ဘူး"

"ဩော် ... တရားကျတယ်၊ သူ့လူကကျတော့ အတည်အတန့်၊ ငါ့လူကကျတော့ ရွှက်ကျပင်ပေါက်ပေါ့လေ၊ ပြီးတော့ သူကျတော့ ဇာတ်လမ်းထွင်ပေးတာ မဟုတ်ဘူးတဲ့၊ ငါကပဲ ထွင်ပေးနေသယောင်ယောင်၊ ပြီးတော့ မနေ့က မောင်မောင့်ကို နင်ပဲလွှတ်လိုက်တာလေ၊ ငါက ညီညီကို လွှတ်လိုက်တာ မဟုတ်ဘူးနော်"

ညိုက ရှေ့ကမုန့်စားပွဲလေးကို လက်သီးဆုပ်နှင့် သုံးချက်လောက် ထုလိုက်ကာ စိတ်တွေရှုပ်လျက် ...

"ကဲ ... တော်ကြစမ်းပါဟယ်၊ ဇာကယ်ပါပဲ၊ နင်တို့ ငါ့ကို ဘာများမှတ်နေလဲ၊ ငါ့ကို နင်တို့က ရည်းစားရှာပေးနေရအောင် ငါ အပျိုဖြန်းလေး မဟုတ်ဘူး၊ ဒါတွေကို စိတ်ကုန်လွန်းလို့၊ ဘယ်လောက်တောင် ယောကျ်ားတွေကို





စိတ်ပျက်တယ် အမြင်ကတ်တယ် ဆိုတာ နင်တို့မသိလို့လား"

ခင်သဲက်ဝေနှင့် စန္ဒာက ခဏမျှ အရှိန်သတ်ရပ်တန့်သွားပြီး ...

"ဒါတော့ ဒါပေါ့လေ၊ ဒါပေမဲ့ မောင်မောင်က နင့်ကို မေတ္တာစစ်နဲ့ လက်ထပ်နိုင်ဖို့ထိ ရည်ရွယ်နေတာဟ၊ သူ့မှာ အဖေနဲ့အစ်မပဲ ရှိတာ၊ အဖေက ဘာမှ မစွက်ဖက်ဘူး၊ အစ်မကလည်း ဒီတိုင်းပဲ၊ သူ့မောင် စိတ်ချမ်းသာရင်ပြီးရော၊ ဘာဇာတ်လမ်းမှ ရှုပ်လာစရာမရှိတဲ့အပြင် မောင်မောင်က နင့်ကို တကယ့်ကို မြတ်နိုးနေတာ"

"ညီညီကကျတော့ အပျော်လုပ်နေတာဆိုတဲ့ သဘောလား၊ ဒီမယ် မိသက်၊ ညီညီဆိုတဲ့ ကောင်လေးက စိတ်တစ်မျိုး၊ မိန်းမဆို စိတ်ကိုမဝင်စားတာ၊ တကယ်ယုံ၊ စီးပွားရေးပဲ စိတ်ဝင်စားတာ၊ ညိုနဲ့မှ အရမ်းကြွေနေတာ၊ ဒါပေမဲ့ ငါက ဘာမှအားပေးအားမြှောက် မလုပ်ပါဘူး၊ ငါ ဘာမှကူညီမပေးလို့လည်း ဒီကောင် ပျာလူးနေတာပေါ့၊ ရုပ်ရှည်ဒီနိုင်းက လန်နေတာကြည့်ပြီး ပေါ့တီးပေါ့ဆလို့ ထင်မနေနဲ့"

"ညို့ဇာတ်လမ်းရော သိလို့လား၊ နင့်ညီညီက"

"ဩော် ... သိလိုက်တာမှ"

"သူ့ပုံစံက ခော်ဘီတို့ ဒေါ်လီတို့ရဲ့ အဖေနေရာ ဝင်နိုင်တဲ့ ရင့်ကျက်မှုမျိုးရော ရှိလို့လား၊ စဉ်းစားကြည့်ဦး



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ..."

ညိုက စိတ်တိုစွာ အော်ဟစ်လိုက်ပြီး ...

"နင်တို့စကားတွေက လွန်ကဲလာပြီနော်"

"ဒီမိန်းမ ဒေါ်သက်၊ အရမ်းကို တက်ကြွနေတာလေ"

"မောင်မောင်က အဖေတစ်ယောက်နေရာကို ဝင်နိုင်တာ ဝင်ပေးချင်တဲ့ စေတနာအပြည့် အရည်အချင်းလည်း အပြည့်"

"ကဲ ... တော်ပါတော့ မိသက်ရာ၊ ငါ ဒိုတောင်ဒိုချလိုက်ချင်လာပြီ၊ ဘယ်လိုလုပ်ပြီး အဖေနေရာဆိုတဲ့အဆင့်ထိ ရောက်လာရတာလဲ"

စန္ဒာက ခင်သက်ဝေကို မျက်စောင်းထိုးရင်း ...

"အေး ... ငါကတော့ အဲဒီလောက်ထိ အပိုင်ကြီးတွေ မပြောလိုဘူး၊ အစကတည်းက ငါက လှော်ပေးဖို့ စိတ်ကူးကိုမရှိဘူး၊ နင်ပဲ ဖြစ်နေတာ"

"အေး ... ဖြစ်တယ်။ သူက လူကောင်းလူတော်တစ်ယောက်မို့ပါဟ၊ ညို့ဘဝကို လုံခြုံမှုအပြည့်အဝပေးနိုင်မယ့် ပြန်လည်စိုပြည် ရှင်သန် သာယာလာစေမယ့် ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ငါရော ကိုဝေမင်းရော သေသေချာချာ သိနေကြလို့ပါ"

ညိုက မျက်မှောင်လေးတွန့်တွန့်နှင့် ...

"ငါ အဲဒါတွေ စိတ်မဝင်စားဘူးဟာ"





"ညို ... နင့်မှာ အဖော်သဟဲ အားကိုးအားထား လိုကိုလိုအပ်တယ်၊ နင် ဒီရုပ်ဒီရည်နဲ့ သုံးဆယ်ကျော်ပါပြီလို့တောင် တော်ရုံ ယုံကြတာမဟုတ်ဘူး၊ အနားမှာ ကလေးတွေလည်း မရှိတော့ နင့်ကို လူတွေက အပျိုလူလွတ်ဆိုပြီး စိတ်ဝင်စားကြဆဲပဲ၊ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တယ် ဆိုပေမယ့် လူရိုသေ ရှင်ရိုသေ ရှိဖို့ဖြစ်စေ၊ နင့်ဘဝလုံခြုံတည်ငြိမ်ရေး အတွက်ဖြစ်စေ၊ ဒီအရွယ် ဒီအလှနဲ့ အားကိုးဖို့ လူတစ်ယောက်လောက် လိုကိုလိုနေတယ်ဆိုတာ နင်လည်းတွေးမိမှာပါ"

ညိုသည် ရင်ထဲ ဝမ်းနည်းကြေကွဲမိပါသည်။

ကိုရန်နိုင်နဲ့ လမ်းခွဲပြီးတဲ့နောက် အရင်ကတည်းက ခင်မင်ရင်းနှီးလက်စရှိပြီးဖြစ်သော အမျိုးသားမိတ်ဆွေတချို့သည် ပင်လျှင် အနည်းငယ် အရိုးပြောင်းကာ အကြင်နာပဲ ပိုချင်သယောင်ယောင်၊ သူ့ကိုသာ အရင်းအရှာ ထားစေချင်သယောင်ယောင် သရိုးသရီ ရိသဲ့သဲ့ သဘောထားလေးတွေ ပြောင်းခဲ့ကြတာ ညိုကိုယ်တိုင် ရိပ်မိသည်။

နောက်မှ ထပ်မံသိကျွမ်းရတဲ့ လူသစ်အမျိုးသားတို့ဟာလည်း ညို့ဇာတ်ကြောင်းသိတဲ့အခါ အနည်းငယ် အာရုံစိုက်အရေးလုပ်ချင်ကြတာက များသည်။ သိသိသာသာ (မောင်မောင်တို့ ညီညီတို့လို)ချဉ်းကပ်မှုနှင့် မသိမသာ ရစ်ဝဲသူသာ ကြားပြီး "မင်းဘဝလေးအတွက် စိတ်မကောင်းပါဘူးကွယ်"ဆိုတဲ့ ဒိုင်းမျိုးတွေ တွေ့ရမြင်ရတာ များလာခဲ့သည် မဟုတ်လား။



www.burmeseclassic.com

"ဒီတော့ ဘယ်သူရယ် ဘယ်ဝါရယ် မဟုတ်ပါဘူးဟာ၊ ဘယ်သူ့ကိုတော့ တုံ့ပြန်သင့်တယ်လို့လည်း မတိုက်တွန်းပါဘူး၊ ဒီအချက်လေးတွေ ခေါင်းထဲထည့်စဉ်းစားထားတာကတော့ ရိုင်းရာမကျပါဘူး၊ သိက္ခာလည်း မမဲ့ပါဘူးလို့ ငါ ထင်တယ်"

"တီးတောင် ... တီးတောင်"

တံခါးဝဆီမှ ဘဲလ်သံ ပေါ်ထွက်လာပြန်၍ သက်က စကားဖြတ်ကာ တံခါးဝထံ ထ,လျှောက်သွားပါသည်။

❦ ❦ ❦



ပထမတော့ ရန်နိုင်သည် ကားပေါ်ကင်ဆီရောက်ကတည်းက ညို့ထံ ဖုန်းခေါ်ကြည့်ပါသေးသည်။ ဖုန်းလိုင်းမမိ၍ ှတ်တရက် တက်သွားဖို့လည်းရွံ့နေကာ နေရာတွေရွှေ့ပြီး လိုင်းမိတဲ့အထိ ဖုန်းထွက်ဆက်ပါသေးသည်။ လိုင်းမိလို့ ခေါ်လို့ရပြန်တော့လည်း ညို့ဖုန်းက ဇရိယာပြင်ပ ရောက်နေသည်တဲ့။

ဒီတော့ ဖြစ်ချင်ရာဖြစ် တန်းပဲတက်လာခဲ့ပြီ။ ညိုရှိရင်လည်း မထတ်နိုင်ဘူးပေါ့။ ရှိရင်လည်း တွေ့ခွင့်ရတာပေါ့။ ဘဲလ်တီးပြီး စောင့်နေစဉ် ချောင်းကြည့်ပေါက်မှ တစ်စုံတစ်ယောက် ချောင်းကြည့်လိုက်တာ သိသိသာသာနှင့် အရိပ်မည်းကွယ်သွားပါသည်။ အရိပ်ကွာသွားပြီးတဲ့အခါ တီးတိုးကွစိစကားသံလေးတွေလိုလို သူ့နားထဲ ကြားလိုက်ရသည်။

ညို့ထံ ဘယ်သူရောက်နေလဲ။ တီးတိုး တီးတိုး ကွစိကွစိတွေ ဘာအတွက် ပြောနေကြတာလဲ။ ရန်နိုင် ရင်ထဲ ခံနဲ့ တစ်ချက်ဆောင့်ခုန်ကာ ရင်တစ်ခုလုံး ပူထူသွားရပါသည်။

www.burmeseclassic.com



တစ်ယောက်ယောက်တော့ ရှိနေပြီ။ ညိုတစ်ယောက်တည်း မဟုတ် ဘဲ လူပိုရောက်နေတယ်ဆိုရင် ဘယ်လိုလူမျိုးဖြစ်မလဲ။

ရန်နိုင်သည် ဆို့ဆိုင် မဆိုင်ဆိုင် အာရုံထဲတွ သူ အရေးပေါ်ခန်းရောက်တုန်းကလည်း ရောက်ချလာပြီး မနေ ဆေးခန်းမှာလည်း ညိုနှင့်အဖော်ပါလာတာလား မသိတဲ့ လူ ဖျတ်ခနဲ မြင်ယောင်လာသည်။ မနေ့က ညိုက ဘာမပြော ည မပြော ဆရာဝန်ခန်းထဲ ဖျတ်ခနဲ ဝင်ချသွားတော့ အပြင် ယောက်ျားသုံးယောက် အမ်းတမ်းတမ်း ကျန်ခဲ့ကြပြီး အဲဒီလူ စတင်ကာ ...

"ကိုရန်နိုင် ... နေကောင်းသွားပြီလား ခင်ဗျ"

တဲ့။ ထိုလူဟာ မွန်ရည်ပါသည်။

"ကျွန်တော် မောင်မောင်ပါ၊ ကိုရန်နိုင် '......'ဆေးရုံ တုန်းက ကိုဝေမင်းနဲ့ပါ လာဖူးတာပါ၊ ပရက်ရှာတက်ဆေ လား"

"ဟုတ်ကဲ့ မှတ်မိပါတယ် ကိုမောင်မောင်၊ နေကောင်း တယ်၊ ပရက်ရှာလည်း ဒီလောက် မရှိပါဘူး"

"ဒါက ကိုညီညီတဲ့၊ မစန္ဒာတို့နဲ့ အလုပ်တူတူလုပ် ပါတနာပါ၊ ဒီမှာ လာဆုံနေကြတာ၊ ကိုညီညီ ဒါ ကိုရန်နိုင်တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"





"ဟုတ်ကဲ့ ... ဝမ်းသာပါတယ် အစ်ကို၊ အဲ ... ကျွန်တော် တော့ အစ်မကို စောင့်မနှုတ်ဆက်တော့ဘူး၊ ပြန်နှင့်လိုက် တော့မယ်"

ညီညီ ဆိုသူက ခပ်သွက်သွက် နှုတ်ဆက်ပြန်နှင့် ကာ ရန်နိုင့်နှင့် မောင်မောင်ပဲ ဝေါင်းစင်းစင်း ရပ်ကျန်ခဲ့ကြသည်။ ခဏအကြာ ညို စမ်းသပ်ခန်းမှ ထွက်လာတော့ ညိုက စိတ်ခပ် ရှုပ်ရှုပ် ဖြစ်နေပုံနှင့် ...

"ညိုပြန်တော့မယ် ကိုမောင်မောင်၊ ညို ပြန်မယ် ကိုရန်နိုင်"

ဒီတစ်ခွန်းပဲ ခပ်သွက်သွက်ဆိုကာ နှစ်ယောက်လုံး ကို လှည့်မကြည့်တော့ဘဲ ဆေးရုံအဆောက်အအုံမှ ထွက်ခွာသွား ခဲ့တော့တာမို့ မောင်မောင်နှင့် ရန်နိုင်လည်း တစ်ယောက်ကိုတစ် ယောက် နှုတ်ဆက်ကာ လမ်းခွဲကြသည်။ တစ်လမ်းလုံး ဒီလူကို မြင်ယောင်လာကာ အတွေးတွေ ဖရိုဖရဲ ရှုပ်ယှက်ခတ်။

အခုလည်း ဒီလူကို မြင်ယောင်လာပြန်ပြီ။ ဒီလူ ရောက်နေတာများလားလို့ စိတ်က အလိုလိုထင်လာသည်။ ဆင်ဒီ ကလည်း ဗိုလ်ချုပ်ဈေးမှာ ညို့ကို ခပ်သန့်သန့်ယောက်ျားတစ် ယောက်နှင့် တွဲယှဉ်ကာ တွေ့ခဲ့သည်လို့ ဆိုဖူးသည်။ ဒီလူဟာ ညိုနှင့် ဘယ်လိုများ ပတ်သက်နေပြီလဲ။ ခုလည်း ရောက်နေတာပဲ ဖြစ်မည်။ ချောင်းကြည့်ပြီးမှ တံခါးမဖွင့်ဘဲ လေသံကျိုတ်ကျိုတ်နှင့် ပြောဆိုနေကြတာလေ။ ရန်နိုင်က ဘဲလ်ထပ်မနှိပ်ဘဲ ကျွန်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



ရွက်မှာတပ်ထားတဲ့ တံခါးခေါက်တဲ့ အရုပ်လက်ကိုင်ကွင်းနှင့် တခေါက်ဂေါက်မြည်အောင် ခေါက်လိုက်ရင်း ...

"ညို ... ရှိတယ် မဟုတ်လား၊ တံခါးဖွင့်ပါဦး၊ ညို ..."

သူ စိတ်လောလောနှင့် ခပ်အုပ်အုပ် ပြောနေဆဲ တံခါးက ချပ်ခနဲ ပွင့်သွားပါသည်။

"ဟင်"

ရန်နိုင်က အံ့အားသင့်သွားပြီးမှ ...

"ဩော် ... သက်ဝေတို့ ရောက်နေကြတာကိုး၊ စန္ဒာရော"

"ဘာကိစ္စရှိလို့လဲ ကိုရန်နိုင်"

ရန်နိုင်က တံခါးပေါက်နားမှာတင် အမ်းတမ်းတမ်း ရပ်နေရင်း နဖူးလေးကုတ် ပခုံးလေးတွန့်နှင့် ...

"ဩော် ... နည်းနည်း စကားပြောစရာလေး ရှိလို့ပါ"

"ဘာပြောမလို့လဲ"

"ကိုယ် ဝင်တောင်မထိုင်ရဘူးလား ညို"

"........."

ညိုက သက်ပြင်းတစ်ချက်ချကာ ရန်နိုင့်ကို ဆိုဖာဆီ လက်တစ်ဖက်သာ ဖွေ့ယမ်းညွှန်ပြလိုက်ပါသည်။ ရန်နိုင်က စန္ဒာနှင့် ခင်သက်ဝေပါ ရှိနေ၍ စိတ်ကျဥ်းကျဥ်းကျပ်ကျပ်နှင့် သူတို့ကိုကြည့်ရင်း ...





"အားတော့နာပါတယ်၊ ဒါပေမဲ့ ကျွန်တော် ညို့ကို နည်းနည်း ပြောစရာလေးရှိလို့၊ စန္ဒာနဲ့ သက်ဝေ နည်းနည်းလောက် များ ရှောင်ပေးလို့ ရမလား"

စန္ဒာနှင့် သက်က ညို့ကို ကြည့်လိုက်ပါသည်။

"အို ... သူတို့က အစစအရာရာ သိနေတဲ့သူတွေပဲဟာ၊ ကိုရန်နိုင့်အဖို့လည်း ထူးထူးထွေထွေ ဖုံးကွယ်နေစရာ ဘာရှိလို့လဲ"

"ဖုံးကွယ်ချင်တာတော့ မဟုတ်ဘူးပေါ့ ညို"

"ရှင် ရောက်လာပြန်တာကိုက မဟုတ်သေးပြန်ဘူး၊ ဟို တစ်ခါလည်း အကြောင်းထူးမရှိဘဲ ရောက်လာပြီး ရှင့်ဒီမှာ မူးလဲသွားပြီးပြီလေ၊ အဲဒီတုန်းကလည်း ဆင်ဒီဆီကို သက် က ဖုန်းဆက်သတင်းပေးတော့ ဖုံးဖုံးဖိဖိလေး ပြောပေးရဲ့ သားနဲ့ ရှင်က ရှင့်ဟာရှင် ဖော်ကောင်လုပ်ပစ်တယ်၊ ကျွန်မ ဆီလာလိုက် အိမ်သူကို ပြန်ပြောလိုက် လုပ်နေစရာလား ကိုရန်နိုင်"

"သူ့ကို လိမ်ပြောတာကမှ ပိုဆိုးတာ မဟုတ်ဘူးလား"

"ဘာဖြစ်လို့လဲ"

"ကိုယ်က ညို့ဆီလာတာ တွေ့ဖြစ်တာကို သူ့ကိုဖုံးဖိပြီး လိမ်ပြောလိုက်ရင် ကိုယ်တို့က သူ မသိအောင် တွေ့ကြတဲ့ သဘော ဖြစ်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ရှင်က မလာဘဲနေရမှာလေ ကိုရန်နိုင်၊ ရှင်လာတာက ဟိုတစ်ခါလည်း ခိုင်လုံတဲ့အကြောင်းကိစ္စ မပါဘူး၊ အခုကော ဘာကိစ္စပါသလဲ၊ အကြောင်းမရှိဘဲ ရှင် ဒီကို အလွယ်တကူ ဝင်ထွက်မနေသင့်ဘူး ဆိုတာတော့ ကိုယ့်ဟာကိုယ် သိသင့်ပါတယ်၊ ထပ်ခါထပ်ခါ ပြောနေစရာ သင်ပေးနေစရာ မလိုလောက်ပါဘူး ကိုရန်နိုင်ရယ်"

ညိုအသံက စိတ်လိုက်မာန်ပါ တုန်ခတ်နေသည်။ ရန်နိုင်က မောကျပ်လာသော ရင်ထဲပင့်သက်ရှည်ကြီး ရှိုက်သွင်းရင်း ...

"ကိုယ် ဂျူ့စ်လေးတစ်ခွက်လောက် ရနိုင်မလား"

ခင်သက်ဝေက မျက်စောင်းလေး ယောင်ယောင်ချိတ်ကာ "ငါ ယူပေးမယ် ညို"ဟု ပြောရင်း မီးဖိုထဲ ထ,ဝင်ခဲ့ပါသည်။

"ဒီအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်ပိုင်ခွင့် မရှိအောင် ရှင်ပဲ နေခဲ့တာ၊ ရှင် အလကားနေရင်း လာလာနေတာကို ကျွန်မက မခါးသီးလို့ ချိုမြိန်ကျေနပ်နေရမှာလား ကိုရန်နိုင်၊ ပြီးတော့ ရှင့်မိန်းမကလည်း ရှင်ဘာလာလုပ်တာလဲ ဆိုတာ ဖွတ်လိုက်မေးတယ်"

"ရှင့်မိန်းမ"လို့ သုံးနှုန်းရခြင်းအတွက် ညို့ရင်မှာ နာကျင်လှပါသည်။

"ဘယ်တုန်းကလဲ"





"ဗိုလ်ချုပ်ဈေးမှာ တစ်ခါတွေ့တယ်၊ ကျွန်မကို လိုက်မေးတယ်၊ ကျွန်မက ရှင့်ကိုမေးကြည့်ပေါ့လို့ပြောတော့ ရှင်ပြောတာ သူ မယုံလို့တဲ့၊ ပြောစကားတွေကလည်း လွန်လာတယ်"

"တောက်"

ရန်နိုင်က ခပ်တိုးတိုး တောက်ခတ်လိုက်၍ စန္ဒာက "အဲဒါ ရှင့်မိန်းမပဲလေ"ဆိုတဲ့ မျက်စောင်းမျိုးနှင့် ကြည့်လိုက်ပါသည်။

"မင်းကို ဒါမျိုးလာမေးရင် မင်း သူ့ကို အော်ထုတ်လိုက်ပေါ့"

"အော်ထုတ်လိုက်ပါတယ်၊ ကျွန်မကတော့ မဟုတ်ဘူး မောင်မောင်က"

"ဘာ ... သူက ဘယ်ကပါလာပြီး ဝင်အော်နေရတာလဲ"

"သူက ကျွန်မနဲ့အတူ ဈေးထဲမှာ လျှောက်နေတာလေ၊ ဆင်ဒီက ရန်လိုပုံပေါက်လာပြီး ကျွန်မပြဿနာ မလိုလားလို့ နှုတ်ပိတ်နေတော့ တစ်ဖက်စောင်းနင်းလို ဖြစ်နေတာကို ဘေးကနေ သူက အမြင်မတော်တာနဲ့ ဝင်ပြောတာ"

"ညို့ကို ကိုယ်မေးမလို့"

"ဘာလဲ"

"အဲဒီ မောင်မောင် ဆိုတာက !! "

ညိုက ရန်နိုင့်ကို မျက်စောင်းချွယ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ဘာမှမဆိုင်ဘူး ထင်ပါတယ်"

ရန်နိုင်က ညိုကို ခပ်စူးစူးကြည့်နေရင်း ရင်ထဲမှာ ဆူးတစ်ချောင်း ထိုးစိုက်ခံရသလို ခပ်နစ်နစ် နာကျင်ကာ တစစ်စစ်နှင့် အဆိပ်တက်လာသလို ခံစားရလေသည်။

လင်ပန်းတစ်ချပ်ပေါ် လိမ္မော်ရည် ဖန်ခွက်တင်ကာ ပြန်ထွက်လာတဲ့ ခင်သက်ဝေက ...

"ဆိုင်ဆိုင် မဆိုင်ဆိုင် ပြောပြလိုက်ပါ ညိုရာ၊ နုမသိလည်း နောင်သိမှာပဲဟာ၊ မောင်မောင်က ကိုဝေမင်းနဲ့ သဘော တစ်လိုင်းတည်း စက္ကဲန်းအင်ဂျင်နီယာလေ၊ အရမ်းခင်တာ၊ လူပျို၊ စိတ်သဘောလည်း ကောင်းတယ်၊ ကျွန်မတို့နဲ့ အရမ်းခင်ရာက ညိုနဲ့လည်း ခင်မင်သွားတာပေါ့၊ အထူး ပြောစရာ ရှိတာကတော့ မောင်မောင်က ညိုကို စိတ်ဝင် စားတယ်၊ သဘောကျတယ်၊ လက်ထပ်ဖို့ ရည်ရွယ်ထား တယ်"

ရန်နိုင်သည် ရင်ခွင်တစ်ခုလုံး ပွထမောကျပ်ပြီး အသက်ရှူတောင် မဝသလို ဖြစ်လာကာ လေပူတွေ မှုတ်ထုတ် လိုက်ရသည်။ ဒီလိုတော့ ထင်သား။ ဒါပေမဲ့ သေချာစွာ ကြား လိုက်ရချိန်မှာ ဘာကြောင့် ပူပြင်းလောင်မြိုက်မှုကို ခံစားလိုက် ရတာပါလဲ။

"မင်းဘာက်ကနော်"





ညိုသည် ပုံမှန်ဆိုရင်တော့ မိသက်စကားကို မကြိုက် ချင်ပေမယ့် ခုနေခါမှာတော့ ဘေးကနေ ဒီလိုဝင်ပြောပေးတဲ့သူ တစ်ယောက်ရှိတာ ခပ်ကောင်းကောင်းလို့ပင် ကျေနပ်နေမိပါသည်။ ကမူးရှူးထိုးဆန်ဆန် မေးလိုက်တဲ့ ရန်နိုင့်စကားကို ...

"ကျွန်မဘက်က ဘယ်လိုပဲရှိရှိ ရှင့်ကို အသိပေးဖို့ မလို ဘူး ထင်ပါတယ်"

အင်း ... ပြောရတာ အရသာတော့ အရှိသား။ ရန်နိုင်ကတော့ အောင့်သွားကာ ရှေ့ကလိမ္မော်ရည်ဖန်ခွက်ကို ဆတ်ခနဲမ,ကာ တစ်ဝက်လောက် မော့သောက်ချလိုက်ပါသည်။

"ရှင် အဲဒါ လာမေးတာလား"

"ဒီထက် ပြောချင်တာတွေ ရှိသေးတယ်၊ ဒီမှာဗျာ တစ် ဆိတ်လောက်၊ သက်ဝေနဲ့ စန္ဒာကို ကျွန်တော်တောင်းပန် တာပါ၊ ကျွန်တော် ဘာတွေပြောလဲ သိချင် ကြားချင်ရင် ချောင်းနားထောင်ရင် ထောင်နေပါ၊ ခင်ဗျားတို့ မျက်နှာတွေ ပါ မြင်နေရပြီး ခင်ဗျားတို့မျက်စိအောက်မှာ ပြောနေရတာ ကျတော့ ဗီလင်အောက်လို့ပါ၊ ဆောရီးဗျာ။ ပြောမထွက် တော့ဘဲ ဖြစ်နေတယ် ...

ဒါတွေ မပြောဖြစ်ဘဲ ကျွန်တော်ကလည်း ပြီးသွား မှာ မဟုတ်တဲ့အတွက် ဒီတစ်ခေါက် မပြောဖြစ် နောက် တစ်ခေါက် ဆိုသလို သံသရာရှည်ပါတယ်၊ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ညို့ကိုလည်း သူ့အိမ်ရာပိုင်နက်ထဲမှာ ကျွန်တော် လက်တောင်ဆွဲလို့ ရတာမဟုတ်ပါဘူး၊ ဒီလောက်ကြီး အနားကမခွာ စောင့်ရှောက်ဖို့ မလိုလောက်ပါဘူး၊ တစ်ဆိတ် ရှောင်ပေးကြစမ်းပါဗျာ"

"........."

သက်ဝေနှင့် စန္ဒာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အင်တင်တင် လုပ်နေကြပါသည်။

"ခင်ဗျားတို့ ဒီအိမ်ထဲမှာပဲ ရှိနေတာပဲဗျာ"

"အင်းလေ ... တကယ်တော့ ရှောင်ပေးစရာလည်းမလိုဘူး၊ ရှင်က ရှောင်လည်း မပေးခိုင်းသင့်ပါဘူး ကိုရန်နိုင်၊ ဒါပေမဲ့လည်း လူမှုရေးပေါ့လေ၊ ကျွန်မတို့ကလည်း ကျွန်မတို့ရှေ့ မပြောချင်တဲ့ စကားတစ်ခွန်းကို ပေကတ်ပြီး မျက်နှာပြောင်တိုက် နားထောင်နေလိုတဲ့ဆန္ဒ မရှိပါဘူး"

ခင်သက်ဝေက ထ,လိုက်၍ စန္ဒာကလည်း စိတ်မပါ လက်မပါ ထ,လိုက်ပါသည်။ ညိုကလည်း တားမနေတော့သဖြင့် နှစ်ယောက်သား ထမင်းစားခန်းဘက် ကွေ့ချိုးဝင်လာခဲ့ကြပါသည်။

"ညို"

"ဘာလဲ"

"မင်း အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ထားပြီလား"

"အဲဒါ ရှင့်အလုပ် မဟုတ်ဘူး"





"ဒါ ဆုံးဖြတ်ထားပြီဆိုတာ သွယ်ဝိုက်ဝန်ခံတာပဲပေါ့ ... ဟုတ်လား"

"........."

"ညို ... မင်း တစ်ခုခု စဉ်းစားတော့မယ်ဆိုရင် သားနဲ့သမီးကို ထည့်စဉ်းစားပေးပါကွာ"

"ဘာရယ် ဦးရန်နိုင် ... ဟင်း ဟင်း ဟင်း၊ ဗိုက်အောင့်အောင် ရယ်မိတော့မယ်၊ ရှင်က ဒီလိုစကားမျိုးပြောစရာလား၊ ရှင့်လိုလူကလေ၊ ရှင်လုပ်ချင်တာ ရှင်လုပ်တုန်းက သားတို့သမီးတို့ကို ထည့်စဉ်းစားခဲ့လို့လား၊ ဒီသားဒီသမီး မျက်နှာကို ထောက်ခဲ့လို့လားဟင်၊ ရှင် ဘာတွေလာပြောနေတာလဲ"

"ပြောပါ ညို၊ ကိုယ်လုပ်ခဲ့တာတွေ မှားပါတယ်၊ ကိုယ့်ကြောင့် တစ်ကြိမ် ဒဏ်ရာရထားတဲ့ ကလေးတွေ မင်းကြောင့် နောက်တစ်ကြိမ် ထပ်ဒဏ်ရာမရစေချင်ဘူး"

"ကျွန်မသားနဲ့ သမီးမှာ ဒဏ်ရာအနာတရ ဖြစ်အောင် ကျွန်မ ဘယ်တော့မှ မလုပ်ဘူး ကိုရန်နိုင်၊ ကျွန်မ နောက်အိမ်ထောင်ပြုမယ်ဆိုရင် သားရော သမီးရော စိတ်မထိခိုက်အောင် ကျေနပ်အောင် လုပ်ပြီးယူမှာ"

"ယူတော့ ယူမယ်ပေါ့၊ ဟုတ်လား"

"အဲဒါ ကျွန်မသဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က ညို့မျက်နှာကို စူးစိုက်ကြည့်နေရင်းက မျက်လွှာချပြီး ခေါင်းကိုပါ ငုံ့ချလိုက်ပါသည်။ သူ့မျက်နှာတွေ နီမြန်းကာ နှုတ်ခမ်းတွေပါ တဆတ်ဆတ် တုန်ယင်လှုပ်ရှားလာတာကို ညို မမြင်စေလိုလို့ပင်။

နာကျင်လာတဲ့ ရင်ထဲမှာတော့ ညို့ကိုပြောချင်တဲ့ စကားလုံးတွေက သိန်းသန်းချီကာ ပြည့်နှက်မွန်းသိပ်နေသည်။ ခုချိန်မှာ လုပ်ချင်တိုင်း လုပ်စမ်းကွာ ဆိုရင် သူလုပ်မိမည်မှာ ညို့လက်ဖျားလေးကို ဆုပ်ကိုင်၍ ...

"ညို ... ကိုယ်မှားပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ ညို၊ ကိုယ့်ကိုခွင့်လွှတ်ပေးပါနော်"လို့ တစာစာ တရရ ပြောချလိုက်ချင်တာပင်။ ဟုတ်သည်။ သူ့ကိုယ်သူ မှားသည်လို့ စတင်နောင်တရမိခဲ့တာတော့ အတော်တောင် ကြာနေပါပြီ။ ကြာဆိုတိတိကျကျ ပြောရရင် ဆင်ဒီနှင့် အိမ်ထောင်တစ်သက်နီးပါးပါပဲ။

လွန်ခဲ့တဲ့ ငါးနှစ်က သူ့ရဲ့အမှတ်မထင် မှားယွင်းဖောက်ပြန်မှုကို ညိုသာ သိမသွားခဲ့ဘူး၊ ပေါ်မသွားခဲ့ဘူးဆိုရင် သူဟာ ဆင်ဒီနှင့် လက်ထပ်ယူဖြစ်တဲ့ အခြေအနေအထိ ရောက်ချင်မှ ရောက်ခဲ့မှာပင်။ ရိုင်းရိုင်းဝန်ခံရရင် ဆင်ဒီနှင့် ငြိစွန်းသွားမိတာသည် လက်ထပ်ယူဖို့ နောက်အိမ်ထောင်ထူဖို့မဟုတ်။

ညို့ကို သူသည် ယနေ့ထိ တစ်နေ့မှ အချစ်မလျော့ခဲ့သလို သားနဲ့သမီးကိုလည်း တစ်ရက်မှ မေ့လျော့မနေခဲ့။ ညိုရိပ်မိကာ လိုက်လံစုံစမ်းသိရှိသွားခဲ့တဲ့ နေ့ရက်တွေတုန်းက သူတို့





နှစ်ဦးကြားမှာ ရန်ပွဲတွေ ကြီးမားပြင်းထန်ခဲ့သည်။ အောင်မြင်သော ဆေးခန်းကြီးနှင့် အောင်မြင်သော သွားဆရာဝန် အရွယ်ကောင်းတစ်ယောက်မှာ (အိမ်ထောင်ရှိတာကို သိသိလျက်နှင့်ပင်) အခွင့်အရေး ပေးလိုတဲ့ ရေလာမြောင်းပေး မိန်းမတွေ မရှားပါးခဲ့။

အဲဒီအပေါ် အောင်မြင်မှုအဟုန်နှင့် သူ မော်ကြွားမာန်တက်နေခဲ့တဲ့အချိန်။ အလွန်ကြီးမား ပြင်းထန်ခဲ့တဲ့ ရန်ပွဲတစ်နေ့က တစ်ယောက်ကိုတစ်ယောက် အနာကျင်ဆုံး စကားလုံးတွေနှင့် ပုတ်ခတ်ပစ်ပေါက်ကြအပြီးမှာ ညိုက လက်ညှိုးတစ်ချောင်းထိုးညွှန်လျက် ...

"ဆင်းသွား ... ရှင် အခု အိမ်ပေါ်ကဆင်းသွား"

မျက်ရည်စက်တွေ လွင့်ခါကုန်အောင် ပူလောင်ခါးသီးစွာ မုန်းတီးနာကြည်းစွာ လက်ညှိုးညွှန် နှင်ချခဲ့တဲ့ ညို့ကို သူက မာနပြိုင်ထားကာ ချက်ချင်းလိုအပ်တဲ့ စာရွက်စာတမ်းမှတ်ပုံတင်၊ သော့ အရေးကြီးတာလောက်သာ တဖျပ်ဖျပ်ကောက်ယူဆင်းချခဲ့မိတာကိုသာ ခုနေမှာ ပြောင်းပြန်လှန် ပြုပြင်လို့ရမယ်ဆိုရင် ပြက္ခဒိန်တွေကို ငါးနှစ်စာ နောက်ဆုတ်ပစ်လိုက်ချင်သည်။

"မဆင်းပါရစေနဲ့ ညိုရယ်၊ ကိုယ်မှားပါတယ်"လို့ မတောင်းပန်ချင်ရင်တောင် "မဆင်းနိုင်ဘူးကွာ၊ မဆင်းတော့ဘာလုပ်ချင်လဲ"ဆိုတာမျိုးနှင့် သူ မဆင်းခဲ့ရင် ဖြစ်သားပဲ။ အဲဒီအချိန်က အောင်မြင်မှုရဲ့အရှိန်နဲ့ မာန်တွေတက်နေတာရော၊ မကြုံစဖူး အတွေ့အကြုံသစ်မှာ မူးယစ်သာယာနေခဲ့မိတာရော။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အမှားတကော့ အမှားဆုံးက မာနပြိုင်ကာ ဆင်းချခဲ့ပြီး ညိုက ကွာမယ်ရှင်းမယ် လေသံပစ်တော့ သူကလည်း "လုပ်လေ ရတယ်၊ အဆင်သင့်ပဲ"ဆိုတာမျိုး ပြန်ချိုးခဲ့တာ။ အမိုက်မှောင်တွေ ဖုံးလွှမ်းနေတာလေ။ ကွာရှင်းစာချုပ် လက်မှတ်ထိုးကြတဲ့နေ့မှာ သူ့ရင်တွေ နာကျင်ကာ လုံးဝမထိုးချင်တော့တာ ညိုသိမှာ မဟုတ်ပါ။ သို့သော် သူ ဘွာမခတ် ညို့ကိုမတောင်းပန်။

တစ်ဘဝလုံးနှင့် နှိုင်းစာရင် "မတောင်းပန်ချင်ဘူး" ဆိုတဲ့ မာနစိတ်က တကယ်တော့ ဘာမှမဟုတ်မှန်း ခုတော့လည်း သူ သိနေပြီလေ။ သိတာထက်တောင် ပိုပါသည်။ သူဘာတွေ တစ်ဇွတ်ထိုး လျှောက်လုပ်ခဲ့တာပါလိမ့်။ ဘာဖြစ်လဲကွာ၊ လုပ်တယ်ကွာ ဆိုတဲ့ သွေးဆိုးတဲ့ အတွေးမျိုးတွေသာ အဲဒီတုန်းက တွေးခဲ့မိသည်။

ဒါတွေဟာ ...။ ဒါတွေဟာ ...။

"ကဲ ... ရှင် အဲဒါကို လာမေးတာ ဆိုရင်တော့ ရှင့်ကို ကျွန်မ အတိအကျ မဖြေနိုင်ဘူး၊ ရှင်ပြန်တော့ ကိုရန်နိုင်"

"ညို"

"........."

"ကိုယ် ... ကိုယ် ဒီဘဝမှာ ပျော်နေထယ်လို့ မင်း ထင်လား"

"ဘာ"

"ကိုယ်မပျော်ဘူး ညို"





"ဘာ ...၊ ရှင် ဘာပြောတယ် ကိုရန်နိုင်၊ ရှင် ကျွန်မကို ဘာသဘောနဲ့ ဒီလိုစကားတွေ လာပြောနေတာလဲ"

ညိုသည် ရင်ထဲ တဆတ်ဆတ် တုန်ယင်လှုပ်ရှားကာ အသက်ရှူမှားမတတ် ခါးခါးတွူးတွူး အော်လိုက်မိပါသည်။

"ဟုတ်တယ်၊ ကိုယ် ဝန်ခံတာ၊ တကယ်တော့ သူ့ကို ကိုယ် မေတ္တာစစ်နဲ့ လုံးဝမချစ်ခဲ့ဖူးဘူး"

"ဘာ"

"အဲဒီနှမှာ ခဏသာယာခဲ့မိတာကလွဲရင် ..."

"တော်တော့"

ညိုက ထိုင်ရာမှ ဆတ်ခနဲ ထရပ်ကာ လူကလည်း တဆတ်ဆတ် တုန်လာပါသည်။ ကြည့်စမ်း ... ပြောရက်လိုက်တာ။ ပြောထွက်လိုက်တာ။ ညို ဝမ်းအနည်းဆုံး အနာကျင်ဆုံး ဖြစ်မယ့်စကားလုံးမျိုး သူမို့ ရွေးချယ်ပြောတတ်လိုက်တာ။ ခုချိန်မှာ "ငါ ဆင်ဒီ့ကို မင်းထက်တောင် ပိုချစ်နေပြီ ညို"လို့ သူ ပြောရင်တောင် ညို ခုလောက် နာကျင်ဝမ်းနည်းမိမှာ မဟုတ်ပါ။

"ရှင့်ပါးစပ်ပိတ်တော့၊ သိလား၊ ပါးစပ်ပိတ်တော့ ကိုရန်နိုင်၊ ဆက်မပြောနဲ့၊ လုံးဝမကြားချင်ဘူး၊ ရှင်ပြန်တော့"

"အဲဒီတုန်းက မာန်မာနတွေနဲ့ ကိုယ် ဆုံးဖြတ်လိုက်တာ၊ မှားတယ်ဆိုတာကို အဲဒီတုန်းကတည်းက သိတယ်၊ ပြုပြင်ဖို့ကို မာနက တားထားခဲ့တာ၊ ကိုယ်ရွေးလိုက်တဲ့ဘဝကို ကိုယ် စိတ်ပျက်နေပေမယ့် နောက်ဆုတ်ဖို့ တစ်ချက်ရွေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရွှေ့နဲ့ နောက်ဆုံး တကယ်ဆုံးဖြတ်မယ်ကြံတော့ ကြိုးတစ်ချောင်းက တုပ်နှောင်လိုက်ပြီ"

"ရှင် ဘာတွေလာပြောနေတာလဲ ကိုရန်နိုင်၊ ရှင် ပြန်ပါတော့"

ရန်နိုင်က ထိုင်ရာမှ ဖြည်းဖြည်း ထရပ်လိုက်ပါသည်။ မထလို့လည်း မဖြစ်တော့။ စန္ဒာနှင့် သက်ဝေကလည်း ထမင်းစားခန်းဘက်က ပြန်ထွက်လာကာ အခန်းကူးနံရံမှာ ပခုံးမှီရပ်လျက် သူ့ကို မနှစ်မမြို့ ကြည့်နေကြပြီလေ။

"ဒါတွေ ဘာဖြစ်လို့ လာပြောတာလဲဆိုတော့"

စန္ဒာက သော့ယူကာ အိမ်ရှေ့တံခါးမကို ထွက်သွားဖို့ အသင့်ဖွင့်ထားနှင့်သည်။

"မနေ့က မင်းကို တခြားယောကျ်ားနဲ့ တွဲတွေ့လိုက်ရတဲ့အပေါ် ကိုယ် မရပ်တည်နိုင်ဘူး၊ မခံစားနိုင်ဘူး၊ အမှန်ဆုံးစကားကို ပြောရရင် မင်း အိမ်ထောင်သစ်ပြုမယ်ဆိုရင် ကိုယ် မကြည်ဖြူနိုင်ဘူး ညို"

"ရှင် သွားသင့်ပြီ ဦးရန်နိုင်၊ ရှင့်စကားတွေက လွန်လာပြီ ရှင်ဟာ အိမ်ထောင်လက်ရှိ ယောကျ်ားတစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မမေ့နဲ့ဦး"

ညိုက အသံကိုထိန်းကာပြောရင်း ပါးပြင်ပေါ် စီးလိမ့်ကျလာသော မျက်ရည်စက်လေးတစ်ပေါက်ကို လက်ဖဝါးလေးနှင့် ဖြည်းဖြည်းပွတ်ဖယ်လိုက်ပါသည်။





"ရှင်က ဒီတစ်ဘဝထဲမှာ ဒီကနေဟို ဟိုကနေဒီ ဘယ်နှခါလောက် ခုန်ဖို့ စဉ်းစားထားတာလဲ၊ နည်းနည်းကလေးလောက်တော့ ရှင့်မှာ အရှက်တရား ရှိသင့်ပါတယ်"

ညို့အသံလေးက တုန်ခါနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"အားနာဖို့ ကောင်းလိုက်တာ မောင်မောင်ရယ်"

"အားနာတယ် မပြောပါနဲ့ ညိုရယ်၊ အဲဒီစကား ကြား
တာ အဝေးကြီးရောက်သလို ခံစားရတယ်၊ အားနာတယ်လို
ပြောဖို့ကိုပဲ အားနာစမ်းပါ"

ညိုက မောင်မောင့်ထံ အပြုံးလေးတစ်ချက်ဝင့်ရှ
ကြည့်မိသည်။

"ကျွန်တော်က အလကား အားနေတဲ့သူပဲဟာ"

"ညိုက ကားပဲ ငှားသွားလိုက်မလို့"

"တက္ကစီတွေနဲ့ ကလေးနှစ်ယောက်စာ လပ်ဂေ့ဂျ်တွေ
ဘယ်ဆံ့ပါ့မလဲ ညိုရဲ့၊ ဘယ်အဆင်ပြေပါ့မလဲ"

"ညိုကလည်း သာမန်ဆလွန်းကားတက္ကစီတွေဆိုရင် မဆံ့
နိုင်လောက်ဘူးထင်လို့ တောင်းအေ့စ် လိုက်အေ့စ်လိုကား
မျိုးတွေငှားတဲ့ နေရာတွေ ဘာတွေ သိလားလို့ မိသက်





လှမ်းမေးလိုက်မိတာ၊ သူက တစ်ခါတည်း မောင်မောင့်ကို လှမ်းပြောလိုက်တော့တာပဲ၊ မပူနဲ့၊ နင့်အိမ် ငါလွှတ်လိုက်မယ်တဲ့၊ ပြောသေးတာ ... အဟင်း"

"ဟုတ်တယ် ညိုရဲ့၊ အိမ်မှာကားတွေ လေး,ငါးစီးရှိတယ်လေ၊ ဖေဖေက ဝါသနာပါတယ်၊ အလကားနေရင် အလကားပဲတဲ့၊ ကားငှားတဲ့အလုပ် လုပ်မယ်ဆိုပြီး မြို့တွင်းရောနယ်ကိုရော ကားအော်ဒါငှားတယ်၊ အိမ်မှာ ဒရိုင်ဘာနှစ်ယောက်ရှိတယ်၊ ဒရိုင်ဘာနှစ်ယောက်လုံး မအားပဲ ကားအငှားအော်ဒါထပ်ရရင် အပြင်က ဒရိုင်ဘာတစ်ယောက်ယောက် ပုတ်ပြတ်ငှားတယ်၊ ဒီအလုပ် လုပ်နေတော့ ကားတွေကအဆင်သင့် ရှိပါတယ် ညိုရဲ့"

"ဒါဖြင့် ဒီနေ့ ညို့အတွက်သုံးတော့ ဒီကား မငှားရတော့ဘူးပေါ့"

"အငှားအော်ဒါတွေက နေ့တိုင်းရှိနေတာမှ မဟုတ်တာ ညိုရဲ့"

မိသက် လွှတ်လိုက်မည်ဆိုတဲ့ကားကို အသင့်စောင့်
နေရင်း ရောက်လာတော့ မောင်မောင် ဖြစ်နေပါသည်။ သူ့
ဂိုက်အေ့စ်က မော်ဒယ်မြင့်ကာ အတွင်းခန်းလည်း ကျယ်သည်။
အော်ဒါငှားတဲ့ ကားတွေမို့ထင်သည်။ အဲကွန်းကလည်း အထူးအေး
နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညိုလည်း ဒီလိုဖြစ်မယ် ကြိုသိရင် ကားကြိုငှားထားလို့ရတယ်၊ ညို့ကားက မနေ့ညနေကမှကပ်ပြီး ပျက်သွားတာလေ။ နှစ်ရက်လောက်တော့ ကြာမယ် ပြောတာပဲ"

"နောက်လည်း ကားလိုရင် ကျွန်တော့်ကို လှမ်းဆက်လိုက်ပါ ညို၊ ဒီရက်အတွင်းလည်း ကလေးတွေရှိတော့ ကားအသုံးလိုမှာပဲ၊ ညို့ကား မရခင်စပ်ကြား ကားတစ်စီး ယူထားမလား ညို"

"အို ... နေပါစေ၊ အဲလိုကြီးတော့ မယူထားတော့ပါဘူး"

"ကားလိုမှာပဲလေ"

"လိုမှကြည့်စီစဉ်လိုက်ပါ့မယ်၊ အားနာပါတယ် မောင်မောင်"

"အဲဒီ အားနာတာကို မပြောပါနဲ့ဆို ညိုရာ"

မောင်မောင်က ကားကို လေဆိပ်ရဲ့ဆိုက်ရောက်အဆောက်အအုံထဲဘက် ချိုးကွေ့ဝင်လိုက်ပြီး ပါ့ကင်ထိုးလိုက်ပါသည်။ သူတို့အဆောက်အအုံထဲရောက်တော့ လေယာဉ်ဆင်းရန် နာရီဝက်ခန့် လိုပါသေးသည်။

"ကလေးတွေ ဘယ်လောက်ကြာကြာနေမလဲ"

"နှစ်ပတ်ထဲ"

ညို့အသံလေးက အားလျော့လျော့လေးနှင့် မရောင်မရဲလေး။ မောင်မောင်က ညို့ကို သနားသွားရပါသည်။



"ညိုရော ... တစ်ခါတလေ စင်ကာပူလိုက်မနေဘူးလား၊ တခြားကလေးအမေတွေ လိုက်နေကြတာပဲ"

"ဟင့်အင်း"

"ဒီက ပန်းတိမ်အလုပ်ကြောင့်လား"

"ဟင့်အင်း၊ အလုပ်ကြောင့် မဟုတ်ပါဘူး၊ ညိုက သူတို့နဲ့ တူတူရှိနေရင် သူတို့စိတ်ထဲမှာ တစ်ယောက်မရှိဘူး၊ တစ်ယောက်လိုနေတယ် ဆိုတာကို ခံစားရမှာပေါ့"

မောင်မောင်က နှုတ်ဆိတ်သွားကာ ညို့မျက်နှာလေးငေးကြည့်နေမိသည်။

"အဲဒီအချိန်ကာလတွေတုန်းက ပိုဆိုးတယ်၊ တစ်ယောက်လိုနေတယ်ဆိုတာကို ကလေးတွေတင်မကပါဘူး၊ ညိုလည်း ခံစားခဲ့ရတယ်၊ အဲဒါကြောင့် ညို သူတို့ကို ကျောင်းသွားတက်ဖို့ လွှတ်လိုက်တာ၊ ခုဆို သူတို့စိတ်ထဲမှာ နိုင်ငံခြားမှာ ကျောင်းလာတက်ရတာမို့ မိဘနဲ့ခွဲနေရတယ်ဆိုတဲ့ ခံစားချက်ပဲ ရှိမယ်လေ ...

ဟိုမှာလည်း ဘာမှစိတ်မချစရာ မရှိတာလေ၊ ညို့ညီမရင်းအိမ်မှာ သူတို့နေတာလေ၊ အဒေါ်မိသားစုအပြင်အဘွားနဲ့ပါ အတူနေရတာ၊ အခု ဒီမှာကျန်ခဲ့တဲ့ ညို့ဘက်က ခံစားချက်ကလည်း မိသားစုမှာ တစ်ယောက်လိုနေတယ်ဆိုတဲ့ ခံစားချက် မဟုတ်ဘူး၊ ညိုတစ်ယောက်တည်းဆိုတဲ့ခံစားချက်ပဲရှိတယ်၊ ညိုတစ်ယောက်တည်း ဆိုတဲ့ ခံစား

www.burmeseclassic.com

www.burmeseclassic.com



ချက်ကို တစ်ယောက်လိုနေတယ်ဆိုတဲ့ ခံစားချက်ထက်ပိုသည်းခံနိုင်တယ်၊ လက်သင့်ခံနိုင်တယ်၊ ဖြေသိမ့်နိုင်တယ်လေ"

"ညို"

"........."

"ညို"

ညိုသည် နှုတ်ခမ်းကိုတိတ်ပြီး မူမမှန်လှတဲ့ မောင်မောင်ရဲ့အသံကြောင့် ရင်ထဲရှိတဲ့ ခံစားချက်တွေ ဖွင့်အန်မိတာအတွက် နောင်တရသွားပါသည်။ သူ့အမြင်မှာ ကြင်နာသနားစရာ ကရုဏာသက်စရာ ဖြစ်သွားပြီ ထင်ပါရဲ့။

"လေယာဉ်ဆိုက်တော့မယ် ထင်တယ်နော် မောင်မောင်"

"ဆယ်မိနစ် လိုပါသေးတယ် ညို"

"ပြောချင်တာတွေ လျှောက်ပြောနေမိတာ တောင်းပန်တယ် မောင်မောင်၊ အရင်ကဆို စကားစရသွားရင် မပြီးနိုင်အောင် ကြေကွဲမဆုံး ပြောနေမိတတ်တော့တာပဲ၊ တဖြည်းဖြည်းနဲ့ ပြင်ရတယ် ဒါပေမဲ့ အခု ညိုက ဝမ်းနည်းကြေကွဲပြီး ပြောနေတာ မဟုတ်လို့ မောင်မောင် ဘာမှစိုးရိမ်မနေပါနဲ့။ ခုဆို အေးဆေးဆေးဆေး ပြောနေနိုင်တယ်"

"ညို တကယ် အေးအေးဆေးဆေး ပြောနေနိုင်တာဆို ကျွန်တော် ဝမ်းသာပါတယ်၊ ကျွန်တော်က ညိုကို အ ပျော်ပျော်ရွှင်ရွှင် ရှိနေတာပဲ မြင်ချင်တဲ့သူပါ၊ ညိုကို





ပျော်ရွှင်ရွှင် ထားနိုင်အောင်လည်း ကြိုးစားပေးချင်နေတာပါ ညို"

"ညို ဘာမှဖြစ်မနေပါဘူး၊ ညို ပျော်နေတာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ညို့အတွက် ရှိနေတယ်ဆိုတာကိုတော့ ညို့ခေါင်းထဲမှာ အမြဲအမှတ်ရထားပေးပါ"

"ကျေးဇူးတင်ပါတယ် မောင်မောင်၊ ဟော ... အင်မိဂရေးရှင်းဆီ လူတွေဝင်လာနေကြပြီထင်တယ် မောင်မောင်"

ညိုက ထရပ်ကာ မှန်ချပ်ကြီးနောက်ကွယ်ကို မြင်အောင် သွားကြည့်နေတာမို့ မောင်မောင်ကလည်း ညို့အနားလိုက်လာပါသည်။ လေယာဉ်ဆိုက်လိုက်ပြီမို့ ခရီးသည်တွေကဆောက်အအုံထဲ တဖွဲဖွဲ ဝင်ရောက်လာကြပြီဖြစ်သည်။ ညိုသည်လှုပ်ရှားကာ ဟိုဘက်နားလေး သွားရပ်ကြည့်လိုက်၊ ဒီဘက်နားလေး သွားရပ်ကြည့်လိုက် ပျာယာခတ်နေပါသည်။

"သားက အရပ်အမြင့်ကြီးလေ မောင်မောင်ရဲ့၊ အရပ်နဲ့ ဟန်ပန်နဲ့ကိုပဲ မှန်းပြီးရှာနေရတယ်၊ ညိုက အဝေးမှုန်တယ်၊ မျက်နှာတွေ သေချာမမြင်ရဘူး၊ စိတ်လည်း လှုပ်ရှားနေတော့ တွေ့ကိုမတွေ့ဘူး၊ ဝင်မလာကြသေးဘူးလား မသိဘူး"

"ကျွန်တော်ပါ ကူရှာပေးပါမယ် ညိုရဲ့"

"ဟင် ... မောင်မောင်ဖြင့် သားတို့ကို မမြင်ဖူးပဲနဲ့ကို"

ညိုက ပြုံးတုံ့တုံ့ လှည့်ပြောလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အဟား ... ဒါဆို ညို ညဲ့သွားပြီ၊ ဘော်ဘီနဲ့ ကျွန်တော်
က face book မှာ သူငယ်ချင်းပါ ညိုရဲ့"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုဝေမင်းနဲ့လည်း သူက friend လု
ထားတယ်လေ၊ ကိုဝေမင်းရဲ့ friend list မှာတွေ့ရင်း
အဲဒါ ညို့သားမှန်းသိတော့ ကျွန်တော်က သွား Ad
လိုက်တာ၊ ဘော်ဘီကလည်း ကျွန်တော် ကိုဝေမင်း မိတ်
ဆွေမှန်းသိတော့ ပြန်လက်ခံတယ်လေ၊ ဒေါ်လီနဲ့တော့
friend လုပ်မထားပေမယ့် ဘော်ဘီဆီကတစ်ဆင့် ဓာတ်
တွေ ဘာတွေတော့ ကြည့်ဖူးတယ်၊ ဘော်ဘီတို့ရဲ့ဟိုမှ
လုပ်ရှားမှုတွေ ဘာတွေလဲ သိနေရသလို ဓာတ်ပုံတွေအသ
တင်တိုင်း တွေ့နေတာ၊ ကျွန်တော် ကောင်းကောင်းသိထ
ပေါ့ ညိုရဲ့"

"ဩော် ... ဟုတ်လား"

"ဟိုတလောက ကျွန်တော်တို့စုပြီး စားသောက်ကြတုန်း
ဓာတ်ပုံလေးတွေ အမှတ်တရ ရိုက်ဖြစ်ထားတာလေး
လည်း ကျွန်တော်က face book တင်ပြီး ဘော်ဘီတွေ
အောင် Tag လုပ်ပေးထားတယ်ဗျ၊ ဘော်ဘီကတော
မာမီချက်တဲ့ဟင်းတွေ စားချင်လိုက်တာ၊ လွမ်းလိုက်တာ
comment လေး လှမ်းရေးသေးတယ်"

"ဟုတ်လား"



ညိုက မောင်မောင့်ကို အံ့အားတသင့်လေး ကြည့်
နေမိပါသည်။ ဘော်ဘီနဲ့ တရင်းတနှီးရှိနေတဲ့ မောင်မောင့်ကို
ပြုံးပဲချီးမွမ်းရမလား၊ ကန့်ပဲ ကန့်ကွက် အပြစ်ဆိုရမလား ဝေခွဲ
ရနိုင်အောင်ပင်။ ညို့သားကြီး ဘော်ဘီဟာ ယဉ်ကျေးရည်မွန်ပြီး
လူကြီးသူမများနှင့် ကောင်းကောင်းဆက်ဆံတတ်သူပါ။

"ဟိုးမှာ ... ဘော်ဘီနဲ့ ဒေါ်လီ လာပြီ"

မောင်မောင်က အရင်မြင်သည်။

"ဟင် ... ဘယ်မှာလဲ"

"ဟိုးမှာ ... ဘော်ဘီက တီရှပ်အဝါလေးနဲ့၊ ကာကီရောင်
ဘောင်းဘီတို့နဲ့၊ တွေ့လား ညို၊ ဒေါ်လီက တီရှပ်ဖက်ဖူးစိမ်း
လေးနဲ့ ကျောပိုးအိတ်ပန်းရောင်လေးနဲ့ very colourful
ချစ်စရာလေးတွေ"

"တွေ့ပြီ ... တွေ့ပြီ"

ညိုက ဝမ်းသာအားရနှင့် ခုန်ဆွဆွလေးတောင်
ဖြစ်သွားပါသည်။ ဖြည်းဖြည်းချင်း တန်းစီနေသော သားနှင့်သမီး
ကို လှမ်းကြည့်ရင်း ကြည်နူးပြုံးမြနေတဲ့ ညို့မျက်နှာကို မောင်မောင်
က အရိပ်တကြည့်ကြည့် လုပ်မိရင်း သူပါ ရောနှောစိတ်ချမ်းသာ
နေမိပါသည်။

"ဒေါ်လီတောင် ဆံပင်တွေ တော်တော်ရှည်နေပြီပဲ၊ ညှပ်
ခိုင်းရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ ညိုရဲ့၊ သူ အရှည်ထားချင်တာ ထားပါစေ၊ ကြည့်ကောင်းပါတယ်"

ဟင် ...။

ညိုက ဦးရန်နိုင်နှင့် တစ်လေသံတည်းထွက်တဲ့ မောင်မောင့်ကို အံ့သြပြီး ငေးကြည့်မိသည်။

"ဆောရီး ... ကျွန်တော်က စွက်ဖက်မိသလိုပဲ၊ ညိုမကြိုက်ဖူးထင်တယ်"

"ကိစ္စမရှိပါဘူး၊ အဲဒီသဘောနဲ့ ညို လှည့်ကြည့်တာမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

ညိုက အတန်ကြာ အဖြေမပေးဘဲ တိတ်နေမိသည်။ မောင်မောင်ကလည်း ထပ်မမေးပါ။ ခဏနေမှ ညို့ဘာသာညို ဖြေဖြစ်သည်။

"ကိုရန်နိုင် ပြောနေကျစကားအတိုင်း တစ်သဝေမတိမ်းတူတာမျိုး ပြောလိုက်လို့ အံ့သြပြီး ကြည့်မိတာပါ"

ကလေးနှစ်ယောက်က မုန့်ချပ်အပြင်က လူအုပ်ကို လှမ်းလှမ်းမျှော်ကာ ညို့ကို ရှာပုံရသည်။ ညိုက မုန့်မှာ လက်ကပ်ကာပြရင်း ...

"ညိုက ပုနေတော့ သူတို့မတွေ့ဘူး ထင်တယ်၊ မောင်မောင် ရယ် လက်ကူပြပါဦး"





မောင်မောင်က ညို့စကားကြောင့် ခပ်ပြုံးပြုံးနှင့် ဘော်ဘီတို့ သိသိ မသိသိ လက်ဗွေ့ယမ်းပြရပါသည်။ နောက်ဆုံး ကလေးနှစ်ယောက် လပ်ဂေ့ဂျ်တွေဆွဲကာ ထွက်လာကြတော့ ညိုက အပေါက်ဝနားထိ ပြေးကာကြိုသည်။ ကလေးနှစ်ယောက်လုံး အမေနှင့် ဖက်ယမ်းကာ အားပါးတရ နှုတ်ဆက်ကြပြီးတဲ့နောက် ဘော်ဘီက မလှမ်းမကမ်းမှာ ပြုံးပြုံးကြီး ရပ်ကြည့်နေမိတဲ့ မောင်မောင့်ကို ကြည်လင်သောအပြုံးလေးနှင့် လက်ကမ်းလာကာ ...

"ဦးမောင်မောင် ထင်တယ်ဗျ"

"ဟုတ်တယ်ကွ၊ ဟား ... ဘော်ဘီက အရပ်တအားမြင့်တာကိုး"

နှစ်ယောက်သား လက်ချင်းဆုပ်ကိုင် လှုပ်ယမ်းရင်းက ...

"ဒေါ်လီ ... ဒါ ငါ ဟိုတလောကပြောတဲ့ မာမီ့မိတ်ဆွေ ဦးမောင်မောင်လေ"

"အော် ... ဟိုဦးလား"

"ဒေါ်လီကလည်း အချောပဲ"

"အဟီး"

"သားတို့ကို ဦးမောင် လိုက်ကြိုပေးတာလား"

"ဟုတ်တယ် သား၊ မာမီကားက မနေ့ညနေကမှ ကပ်ပြီး ဖောက်လို့ ဝပ်ရှော့ပ်ထိုးရတယ်၊ နှစ်ရက်လောက်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ကြာမယ် ပြောနေတယ်၊ အဲဒါကြောင့် ဦးမောင်မောင်ကားကို အကူညီတောင်းလာရတာ"

"ချောဆွဲလာတာပေါ့"

"ဒီရက်တွေ ဘော်ဘီတို့ ကားအသုံးလိုရင် အားမနာနဲ့ပြောနော်၊ ဦးက ကားအငှားလုပ်ငန်းလည်း လုပ်တယ်"

"နောက်တာလား၊ တကယ်အတည်ပြောတာလား ဦးမောင်ရ"

"တကယ်အတည်ပါ ဘော်ဘီရ၊ မြို့တွင်းရော နယ်ရော ကားငှားတယ်လေ"

"သြော်"

ညိုက ဒေါ်လီမိုမုန့်ကိုဖက်ရင်း ...

"ကဲ ... မာမီတို့ သွားစို့လေ"

"မာမီ ... ဒက်ဒီရော"

"မင်းဒက်ဒီမှ လာမကြိုတာ၊ မာမီ့ကိုလည်း ဘာမှမပြောပါဘူး"

"ဒက်ဒီ လာကြိုမယ်တဲ့ မာမီရဲ့၊ မနေ့ညနေကတောင် သားနဲ့ ဂျီတော့လ်ခ်ပြောသေးတယ်၊ ရောက်ရင်ရောက်နေမှာ၊ မာမီနဲ့ မတွေ့လို့နေမယ်ထင်တယ်"

"ဒီခန်းမထဲမှာ မတွေ့စရာလား သားရယ်၊ သားတို့ထွက်လာမှာ ဒီတစ်ပေါက်တည်းရှိတာဥစ္စာ၊ ရောက်မလာတာပါ"





"လာမယ်ပြောတာဆိုတော့ ဒက်ဒီ ရောက်တော့လာမှာပါ မာမီရ"

"ဒီထဲမှာတော့ သားမြင်တဲ့အတိုင်းပဲ၊ မရှိဘူးလေ"

အားလုံး အဆောက်အအုံ အပြင်ဘက် ထွက်လာကာ ကားပါကင်ရှိရာ လာခဲ့ကြပါသည်။ ဘော်ဘီနှင့် ဒေါ်လီကတော့ ဟိုကြည့်ဒီကြည့်နှင့် သူတို့အဖေကို ရှာဆဲပင်။ မောင်မောင်က လပ်ဂေ့ဂျ်တွေကို ကားပေါ်သယ်တင်နေသည်။

"ဟိုမှာ ... ဟိုမှာ ... ဒက်ဒီ"

"ဟုတ်တယ်၊ ဒက်ဒီ ... ဒက်ဒီ လာပြီ"

ကလေးနှစ်ယောက်လုံးရဲ့ ဝမ်းသာအားရ ပြောလိုက်သံကြောင့် ညိုရော မောင်မောင်ပါ လှမ်းကြည့်လိုက်လျှင် ပါကင်ဆီ အရှိန်ပြင်းပြင်း ဝင်ရောက်ကာ ပါကင်ထိုးလိုက်တဲ့ ဦးရန်နိုင်ကားကို လှမ်းတွေ့လိုက်ရပါသည်။

ရန်နိုင်က ကားပေါ်မှ ခလုတ်တိုက်လဲမတတ် ပြေးဆင်းလာပြီး ...

"ဟေး ... ဘော်ဘီ ... ဒေါ်လီ"

"ဒက်ဒီ"

ဆန့်တန်းလိုက်တဲ့ ရန်နိုင့်လက်နှစ်ဖက် တစ်ဖက်တစ်ချက်စီကို ကလေးနှစ်ယောက်က ပြေးဝင်ခိုတွယ်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ မြို့ထဲကလာတော့ လမ်းမှာ ထရက်ဖစ်ကကျပ်နေတာနဲ့ကွာ၊ နောက်ကျပြီဆိုပြီး အရှိန်ပြင်းပြင်းနဲ့ မောင်းချလာလိုက်တာ၊ ရဲဖမ်းခံလာရတယ်ကွ ဟား ဟား၊ ချလံဖြတ်ပေးလိုက်တယ်၊ နောက်နေ့ ယာဉ်ထိန်းရုံးကို ဒဏ်ငွေသွားဆောင်ရမယ် ... ဟား ဟား"

"ဟား ဟား"

ကလေးနှစ်ဦးက သူတို့အဖေနဲ့အပြိုင် အားရပါးရလိုက်ရယ်နေကြပါသည်။ မောင်မောင်က ချစ်စရာကောင်းတဲ့ကလေးနှစ်ဦးကို သဘောတကျ ငေးစိုက်ကြည့်နေမိတဲ့အချိန်မှာ ညိုကတော့ ငြိမ်သက်သက် ခပ်တည်တည်နှင့်သာ ရပ်ကြည့်နေသည်။

"ဒေါ်လီ ... သမီးလေး၊ ညည်းမာမီ ညည်းကို ဆံပင်ညှပ်ဖို့ မပြောဘူးလား ... ဟား ဟား၊ ဒီလောက်ရှည်နေရင် သူ မျက်စိနောက်နေရောပေါ့"

ဒေါ်လီက နှဖူးလေး အပြောင်သိမ်းကာ အပေါ်ဖက်မြှင့်ပြီး စုစည်းထားတဲ့ ဆံပင်ရှည်ရှည် အချောင်းလိုက်လေးကို လှုပ်ယမ်းရင်း ...

"ဒီတစ်ခါ မပြောဘူး ဒက်ဒီ"

"ဘော်ဘီ ... မနေ့ညက ဂျီတော့လ်ခ်မှာ မမေးလိုက်ရဘူး၊ မင်းတို့ကျောင်းက ချက်စ်ပြိုင်ပွဲကို သားဝင်သေးတယ်ဆို၊ ဆုရလား"





"ဆုရတယ် ဒက်ဒီ၊ ငါးယောက်ဆုပေးတာ၊ သားက စတုတ္ထ၊ လေး ... ရတယ်"

"ဟား ... ငါ့သားက တော်လိုက်တာကွာ၊ ဒီနှစ်မှစပြိုင်တာကို"

ညိုက ချောင်းခဲလေးတစ်ချက် ဟန့်လိုက်ရင်း ...

"ကဲ ... ဒီကသွားကြစို့လေ၊ ပြောစရာရှိတာ နောက်မှပြောကြပေါ့"

"အေး ... ဟုတ်တယ်၊ လာကြလေ ကားပေါ်တက်ကြ"

ရန်နိုင့် စကားကြောင့် ဘော်ဘီက အမေဖြစ်သူနှင့် မောင်မောင့်ကို တစ်ချက်လှမ်းကြည့်ပါသည်။ ကူညီပြီး လာကြိုပေးတဲ့ မောင်မောင့်ကို အားနာဟန်ရပါသည်။ ညိုကတော့ အစီအစဉ်ထဲမှာ ရန်နိုင် လာကြိုမယ်လို့ ထည့်တွက်မထားခဲ့၍ ဒီလိုကြုံတော့ ရုတ်တရက် ဘာပြောရမည်မသိ။

"လာလေကွာ ... သားတို့"

"ဦးမောင် ... သားတို့ ဒက်ဒီကားနဲ့ လိုက်သွားလိုက်တော့မယ်"

ဘော်ဘီ့စကားကြောင့် ရန်နိုင်က မောင်မောင့်ထံ လှမ်းကြည့်လိုက်ပါသည်။ ရန်နိုင့် ရင်ထဲမှာ ညိုနှင့်မောင်မောင် တွဲကာ သားတို့ကို လာကြိုတာ မြင်ကတည်းက ခပ်နင့်နင့် အုံ့မှိုင်းနေခဲ့ရပြီမို့ သားဖြစ်သူက မောင်မောင့်ကို လှမ်းပြီးခွင့်တောင်းသလို ပြောလိုက်တဲ့အခါ လည်ချောင်းဝမှာ ခပ်နင်နင် ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ဘော်ဘီ၊ သားတို့ ဒက်ဒီကားနဲ့ လိုက်ကြလေ"

ရန်နိုင်က ညို့ကိုကြည့်ရင်း ...

"မင်းကော ကလေးတွေနဲ့ မလိုက်ဘူးလား"

ကလေးတွေနဲ့ဆိုတာ သူနဲ့ပဲလေ။ ကိုယ်နဲ့မလိုက်ဘူးလား မမေးဘဲ အာပတ်လွတ်အောင် မေးတတ်သည်။

"ကျွန်မ ကိုမောင်မောင်နဲ့ပဲ လိုက်ခဲ့တော့မယ်၊ ကားထဲမှာ လပ်ဂေ့ဂျ်တွေနဲ့ မောင်မောင်က ကျွန်မအိမ်ကို လိုက်ရမှာပဲလေ"

ရန်နိုင်က ခေါင်းတစ်ချက်ဆတ်ကာ ကလေးနှစ်ယောက်အတွက် ကားတံခါးဖွင့်ပေးလိုက်ပါသည်။ ရန်နိုင့်ကားက ရှေ့ကအရင် ထွက်လာပြီးပြီးချင်းပင် ရန်နိုင်က မအောင့်နိုင်ပဲ သားဘက်လှည့်ကာ ...

"ဘော်ဘီ ... သားတို့က ဒီလူနဲ့ သိတာလား"

"တွေ့တာတော့ ခုမှတွေ့ဖူးတာ ဒက်ဒီ"

"မတွေ့ခင်က သိနေတာလား"

"face book မှာ သူက friend request လုပ်လို့ သားလည်း Accept ပြန်လုပ်လိုက်တယ်၊ သူက အန်ကယ်ဆေမင်းမိတ်ဆွေ၊ အန်ကယ်ဝေခေင်းတို့ အန်တီသက်တို့အိမ်မှာ အလှူခွမ်းကျွေး တစ်ခါလုပ်တုန်းကလည်း အန်တီသက်တို့ မာမီတို့နဲ့တူတူ ဓာတ်ပုံတွေ ရိုက်ထားတာ တွေ့တယ်၊



ဟိုတလောကတော့ မာမီ့အိမ်မှာ စားကြတာထင်တယ်၊ အန်တီစန္ဒာရောပဲ၊ သူက ဓာတ်ပုံတွေ သားတွေ့ရအောင် Tag လုပ်ပေးတယ်လေ၊ face book ပေါ်မှာတော့ အဆက်အဆံရှိပြီး သိနေတာပါ"

"သြော် ... အဲသလို သိနေတာလား ဒေါ်လီနဲ့ရောလား"

"ဟင့်အင်း ... သမီးကိုတော့ သူက friend request မလုပ်ပါဘူး၊ ဒါပေမဲ့ သမီးလည်း ကိုကို့ Facebook Album ထဲကတစ်ဆင့် သူ့ကို တွေ့ဖူးတယ် ဒက်ဒီ၊ အဲဒီဦးက ချောတယ်နော်"

"ဘယ်နေရာက ချောတာလဲ"

ရန်နိုင်က တမင်တကာ မလိုတမာသံကြီး လုပ်ကာ၍ ဟိန်းခနဲ မေးလိုက်ရာ ဒေါ်လီက တဟီးဟီး သဘောတွေကျနေရင်းက ...

"ဒက်ဒီ ... အဲဒီဦးက ဒက်ဒီနဲ့ ရုပ်ချင်းတော့ လုံးဝမတူပါဘူး၊ ဒါပေမဲ့ ဘယ်ဟာက ဘယ်လိုဆင်နေတာလဲ မသိဘူး၊ ဒက်ဒီ့စတိုင် ပေါက်နေတယ်"

"ဟုတ်တယ်၊ သားလည်း အဲဒါ သတိထားမိတယ်၊ ဝတ်ပုံစားပုံ တူတယ်၊ ဒီနေ့ ကြည့်ပါလား၊ ချိန်းဝတ်လာကြသလိုပဲ၊ ရုပ်အင်္ကျီ အဖြူအနက်စင်းနဲ့ ဘောင်းဘီအနက် ဆင်တူပဲ။ အစင်းစိပ်တော ကျဲတာလေးပဲကွာတယ်၊ ရှပ်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



လက်ခေါက်ပုံလည်း ဆင်တူပဲ၊ ခေတ်ပုံထဲမှာ သူ လက်ပိုက်ထားတာတို့၊ စားပွဲစွန်းကို မှီရပ်နေတာတို့က ဒက်ဒီ ပုံစံပဲ"

ရန်နိုင်သည် အနည်းငယ် တွေးတွေးဆွေးဆွေး တွေဝေသွားပါသည်။ မောင်မောင် ဆိုတဲ့လူက သူနဲ့တူသတဲ့။ သူကတော့ ကာယကံရှင်မို့လားမသိ။ တူတယ် မထင်မိ။ သားတို့ သမီးတို့ အမြင်က တူတယ်ဆိုတော့ သူ့ခံစားချက်ကို တစ်မျိုး တစ်မည် ရှုပ်ထွေးစေသည်။ သူနဲ့ဆင်ဆင်တူလို့များ ဒီလူကို ညို ခင်မင်ဆက်ဆံ ပေါင်းသင်းနေသလားလို့ တွေးမိတော့လည်း ကိုယ့်ဘာကိုယ် အသာစီးယက်မိသလို မလုံမလဲ ဖြစ်ရပြန်လေ သည်။

"မင်းတို့မာမိနဲ့ ဒီလူက ဘာတဲ့လဲ"

"သားတို့လည်း မသိဘူးလေ၊ ဒက်ဒီကိုတောင် ခုပဲ သိသလားလို့ မေးကြည့်မလို့ သားက စဉ်းစားနေတာ"

"ဒက်ဒီ သေချာမသိဘူးကွ"

"အဲဒီဦးက ခင်စရာကောင်းတဲ့ ပုံပါပဲ၊ ဒက်ဒီနဲ့စကား ပြောဖူးလား"

"အင်း … ပြောဖူးပါတယ်"

"မာမိ့ရည်းစားများ ဖြစ်နေမလား"

ရန်နိုင်က အနည်းငယ် တောင့်တင်းသွားပြီး …





"အဲသလိုသာဆိုရင် မင်းတို့က သဘောတူလား"

ကလေးနှစ်ယောက်က ခဏတိတ်နေပြီးမှ သော်ဘီ ကစကာ …

"သားကတော့ မာမိ့ကို အထီးမကျန်စေချင်ဘူး၊ မာမိစိတ် ချမ်းသာစေချင်တယ် ဆိုတာပဲ တွေးမိတယ်"

"သမီးရောပဲ ဒက်ဒီ"

"ကျွတ် … မင်းတို့နှစ်ကောင်ကလည်း ဝေသန္တရာလက်သစ် တွေပါလား၊ ကိုယ့်အမေ ကိုယ်အလှူပေးဖို့ စဉ်းစားနေကြ တယ်၊ မင်းတို့အမေမှာ နောက်တစ်ယောက် ရှိသွားရင် မင်းတို့ကို ဂရုစိုက်လျော့သွားမှာပေါ့"

"ဒက်ဒီ … သားတို့ကလည်း ဟိုမှာကျောင်းတက်နေတာ၊ ပြီးတော့ မာမိ့နားလည်း တစ်သက်လုံးကပ်ပြီး အဖော်ပြု ပေးနေနိုင်တာ မဟုတ်တော့ မာမိ့ကို အဖော်မရှာရဘူးလို့ ကန့်ကွက်ထားရင် တရားမျှတမှု ရှိမှာမဟုတ်ဘူး ထင်တယ်"

"မင်းကို ဘယ်သူက တရားမျှတစွာ စဉ်းစားပါလို့ အမိန့် ပေးထားလို့လဲ၊ မင်းတို့က မင်းတို့မာမိရဲ့သားသမီးတွေပဲ၊ ဆိုးလို့နွဲ့လို့ တောင်းဆိုလို့ ရတာပဲ"

"ဟား ဟား ဟား"

"ဟော့ကောင် … မင်း ဘာရယ်တာလဲ"

"ဒက်ဒီကြီး အူတွေတိုနေသလားလို့ပါ၊ ဒက်ဒီ အူတိုနေတာ ဆိုရင် ဒက်ဒီ ဘယ်တရားမျှတမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဘော်ဘီ၊ ဟိုမှာ မင်း IT Engineering ယူမလို့ဆို၊ စိတ်ပြောင်းပြီး Law and justic တွေ ဘာတွေ ယူတော့မလို့လား၊ တရားမျှတဖို့ ဒီလောက်လိုလားနေရအောင်"

"မဟုတ်ပါဘူး ဒက်ဒီရ ... ဟား ဟား၊ ဒက်ဒီတို့ သားတို့ ဖြည့်ဆည်းမပေးနိုင်တဲ့ မာမီ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ့်သူတစ်ယောက် ရှိလာတယ်ဆိုရင် သားတို့က ကျေးဇူးတောင် တင်ရမယ် မဟုတ်လား၊ ဝမ်းပန်းတသာ ရှိသင့်တယ် မဟုတ်လား"

"အေးပါကွာ၊ သား လုပ်သူက ပြည့်ဝပြီး အဖေလုပ်သူက သေးသိမ်နေတာပါ၊ မှားပါတယ်"

ရန်နိုင့် အောက်ကလိအာသံကို သားနဲ့သမီးက ပြုံးစိစိ လုပ်နေကြပါသည်။





၈

"တီးတောင် ... ဗီးတောင်"

အိမ်ရှေ့က ဘဲလ်သံ အဆက်မပြတ် မြည်နေတာမို့ ...က လူ့းလဲထမည်ပြင်ဆဲ ...

"မာမီနေနေ ... သား သွားကြည့်လိုက်မယ်"

ဘော်ဘီက စောင်ပုံကြီးထဲမှ လူးလဲထကာ ထွက် ...၍ ညိုက ညို့ဘက်ကျောပေး၍ ကွေးကွေးလေး အိပ်နေသော ...လီကို ကျောဘက်မှ သိုင်းဖက်ကာ သူပါဆက်ပြီး ကွေးနှပ် ...လိုက်ပါသည်။

အိမ်ရှေ့က ဘယ်ကဧည့်သည်များလဲလို့တောင် မစဉ်း ...င်။ သားနဲ့သမီးအလယ်မှာ တိုးခွေ့ဖက်ပွေ့ အိပ်နေကြရတဲ့ ...သာ၌ အိစိမ့်နှစ်ဝင်နေရပါသည်။

ဘော်ဘီက အိပ်ခန်းတံခါးကို ဖွင့်ထားခဲ့ကာ အိပ်ချင် ...သန်းရင်းဝေရင်း တံခါးမကြီးကို ဆွဲဖွင့်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဗွဒ်မောနင်း၊ အအိပ်ပုပ်လုချည်လားကွ"

"ဒက်ဒီ"

"ဟော့ကောင် ... ဖွင့် ... တံခါးဖွင့်၊ ဒက်ဒီမုန့်ဟင်းခါးတွေ ဝယ်လာတယ်"

"ဟင် ... နေဦး ... သော့ ... သော့"

"မာမီရော"

"မာမီ အိပ်တုန်း"

ဘော်ဘီက ဘေးဘီငဲ့ကာ သော့ရှာနေစဉ် ...

"ဘေးက စင်ပေါ်က ပန်းအိုးလေးထဲမှာကွာ"

ဘော်ဘီက ပန်းအိုးလေးထဲ နှိုက်ကြည့်ရင်း သော့ကို တကယ်တွေ့လျှင် ...

"ဟင် ... ဒက်ဒီ ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ကွ"

"အင်းလေ ... ဘယ်လိုလုပ်ပြီး သိလဲလို့"

"ဘယ်လို သိရမှာလဲကွ၊ မင်းကလည်း၊ ဟိုတစ်ခါ ငါလာ တော့ မင်းအမေ အဲဒီအိုးထဲက နှိုက်ယူတာတွေ့လို့ပေါ့ ဒါပဲပေါ့ အဆန်းလုပ်လို့"

"ဟာ ... ဒက်ဒီက သားတို့မရှိတုန်း မာမီ့ဆီလာသေးလား"

ဘော်ဘီက သော့ဖြုတ်တံခါးဆွဲဖွင့်ပေးရင်း အံ့အားသင့် တသင့် မေးသည်။





"အေး ... လာတယ်"

"ဘာလာလုပ်တာလဲ"

"ဟော့ကောင် ... ဒီလိုပဲ ပြောစရာရှိလို့ လာတာပေါ့ကွာ"

"ဘယ်နခါလာလဲ"

"နှစ်ခါ ထင်တယ်"

ဘော်ဘီက တံခါးပိတ်၊ ရန်နိုင်က မုန့်ဖတ်ထုပ်လေးတွေကို ထမင်းစား စားပွဲပေါ်ချပြီး ဟင်းရည်ချိုင့်ကိုတော့ မီးဖိုချောင်ထဲ ယူသွားကာ ဂက်စ်မီးဖိုအနား ချထားလိုက်သည်။ စားခါနီးမှ ပြန်နွှေးရမည်။ မီးဖိုထဲမှ ရန်နိုင် ပြန်ထွက်လာလျှင် ဘော်ဘီက အိပ်ခန်းဘက် သွားနေတာမို့ ရန်နိုင်ကလည်း နောက်က ရောယောင်ပါလာပါသည်။

"မာမီ ... ဒေါ်လီ ... ဒက်ဒီ လာတယ်"

ညိုက လှည့်မကြည့်ဘဲ စောင်ပုံထဲ ဒေါ်လီ့ကိုဖက်ထားရင်းပင် ...

"ဘာတဲ့လဲ၊ ဘာလာလုပ်တာတဲ့လဲ"

"မုန့်ဟင်းခါးတွေ ဝယ်လာတယ် မာမီ"

"ဟုတ်လား ... အတော်ပဲပေါ့"

ညိုသည် ညကသားအမိသုံးယောက် စကားတွေ ပြောကာ တော်တော်နှင့် မအိပ်သမျှ ဒီမနက် မထချင်သေးဘဲ ရှိရာ သားနဲ့သမီးဖို့ Breakfast ကို ကိုယ်ထလုပ်မပေးရတော့ပဲ အဆင်သင့်ရောက်လာတာလေးကို သဘောတွေကျကာ ကိုယ့်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးကြိုက်တဲ့သူဖြစ်၍ မုန့်ဟင်းခါး စားရတော့မှာကိုလည်း ကျေတွေနပ်သွားမိပါသည်။

ကိုယ်တွေ သားအမိတွေစားဖို့ ကိုရန်နိုင်က မုန့်ဟင်းခါးသွားဝယ်လာပေးတယ် ဆိုတာကို တစ်အိမ်ထဲ နေနေတဲ့ မိသားစုတွေလို ရုတ်တရက် သတိလွတ်မျောပါ စိတ်ချမ်းသာမိပြီးမှ ဖျတ်ခနဲ သတိရလိုက်ပါသည်။ ဟင် ... ကိုယ်တို့လေးယောက်ဟာ တစ်အိမ်တည်းနေ မိသားစုမှ မဟုတ်ကြတော့ဘဲ သူတို့အဖေက တခြားမှာလေ။ နောက်တစ်မိသားစုနဲ့လေ။ ကိုယ်တွေဟာ တကွဲစီ တပြားစီ။

တွေးပြီး ဝမ်းနည်းသွားမိကာ ညိုသည် သူ့ရဲ့မသိစိတ်မှာ အရင်လိုဘဝလေး အမြဲပြန်ရချင်နေမိတာပါလားလို့ သတိပြုလိုက်မိလျှင် ချက်ချင်းပဲ မျက်ရည်စိမ့်လျှံတက်လာ၍ မျက်လုံးကို မဖွင့်ဘဲ တင်းတင်းစေ့မှိတ်ထားလိုက်ပါသည်။

"သမီးရေ ... ဒေါ်လီ ထတော့၊ ဒက်ဒီ မုန့်ဟင်းခါးဝယ်လာတယ်"

"ဟင်"

ညိုက လန့်သွားပြီး ဝုန်းခနဲ လိမ့်ကာထလိုက်ပါသည်။ အသံက အခန်းပေါက်ဝမှ လာတာမို့ အခန်းဝကို လှည့်ကြည့်လိုက်လျှင် သားရဲ့နောက်မှာ ရန်နိုင် ရပ်နေတာ မြင်လိုက်ရ၍ ...

"ရှင်က ဘာလို့ အိပ်ခန်းဝ ရောက်နေတာလဲ"





"ဟာ ... ဘာဖြစ်လို့လဲ၊ သမီးကို လာနှိုးတာလေ"

"နှိုးစရာ မလိုဘူးလေ၊ ဒီအခန်းထဲမှာ ကျွန်မလည်းအိပ်နေတာ၊ ရှင် လာစရာအကြောင်းမရှိဘူး"

ညို့ရဲ့ရန်စွယ်ငေါငေါ အသံကြောင့် ရန်နိုင်က မျက်နှာ နီမြန်းပြီး ရင်ထဲလည်း နာကျင်သွားကာ သားဘက်လှည့်ကြည့်လိုက်မိတော့ သားက ပခုံးတွန့်ပြပါသည်။

"မင်းက ဘာဖြစ်တာလဲကွာ၊ ဒါလေးက ဘာမို့လို့လဲ၊ ဒီအခန်းက ကိုယ် မဝင်ဖူးတဲ့အခန်းမို့လို့လား"

"ဘာမှမဆိုင်ဘူး၊ အရင်ကအရင် ခုကခု၊ အခု ရှင်က ဒီအိမ်မှာ မိသားစုလည်း မဟုတ်ဘူး၊ အိမ်သားလည်းမဟုတ်ဘူး၊ ဧည့်သည်။ ဧည့်သည်က ဧည့်သည်နေရာမှာပဲနေ ... ဒါပဲ"

ညိုက စောင်ကိုခွာကာ အိပ်ရာထဲမှ ထွက်လိုက်ပါသည်။ အပြာနုရောင် ညဝတ်အကျီင်္ဘောင်းဘီနှင့် ဆံပင်တွေ ပွနေတဲ့ သဘာဝပကတိပုံစံကို ရန်နိုင် တွေ့သွားတဲ့အတွက် ရှက်သလိုလိုလည်း ဖြစ်နေပါသည်။ ဒီပုံမျိုးနဲ့ သူနဲ့မကြုံမဆုံရတာ ငါးနှစ်တောင် ကြာပြီလေ။

စူပုပ်တဲ့မျက်နှာနှင့် ဘောင်းဘီနှင့် သူ့အကြားက ခွတ်တိုးဖြတ်ကာ သူ့ကို မျက်စောင်းလည်းထိုး၊ ပခုံးလည်းဆောင့်တိုက်သွားတဲ့ ညို့အပြုအမူကြောင့် ရန်နိုင်က မရယ်ချင့်ရယ်ချင် နှာခေါင်းမှ လေထွက်သံနှင့် ရယ်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား မင်းတို့အမေ၊ လူဆိုးမပဲ"

"အိပ်ချင်မူးတူးကြီးကို ဒက်ဒီ တွေ့သွားတာ မကြိုက်လို့နေမှာပေါ့ ... အဟိ"

ဒေါ်လီက အိပ်ရာထဲက မထွက်သေးဘဲ တိုးတိုးလှမ်းပြောကာ ရယ်သည်။

"ဒက်ဒီက မင်းတို့ လုံးထွေးဖက်အိပ်နေကြတာ တွေ့ရတာပျော်ပြီးတော့ ကြည့်မိတာပါကွာ၊ ဒက်ဒီလည်း အားကျတာပေါ့၊ ဒက်ဒီဆို သားတို့သမီးတို့နဲ့ ဒီလိုဖက်မအိပ်ရလုံးမအိပ်ရတာ ဘယ်လောက်ကြာပြီလဲ"

တကယ်ကြေကြေကွဲကွဲ ပြောမိတဲ့ ရန်နိုင့်စကားကိုတခြားတစ်ခန်းထဲ ဝင်သွားတဲ့ ညိုက ...

"အဲဒါ ဘယ်သူ့ကြောင့်လဲ၊ ကိုယ့်အပြစ်နဲ့ကိုယ် ဘာမှလာလွမ်းမနေနဲ့"

တစ်ဖက်ခန်းထဲမှ ခပ်ကြမ်းကြမ်း လှမ်းအော်တဲ့ပြန်လိုက်၍ ရန်နိုင့်မျက်နှာက ပျက်သွားရပါသည်။ ခေါင်းငုံ့ပြီး ငိုင်သွားတဲ့ ဖအေဖြစ်သူကို ကြည့်ရင်း မောင်နှမနှစ်ယောက်ကသနားသွားကာ ဒေါ်လီက ...

"ဒက်ဒီ ... လာလေ၊ အိပ်ချင်လာဝင်အိပ်၊ သုံးယောက်ဖက်အိပ်မယ်"

"ဟုတ်တယ်၊ ဒက်ဒီ လာလေ"





"မင်းတို့အမေ အာကြမ်းလျှာကြမ်းနဲ့ အော်နေပါဦးမယ်ကွာ"

"မာမီမှ မရှိတော့တာ၊ လာပါ ဒက်ဒီရဲ့"

ဘော်ဘီက ရန်နိုင့်လက်ကိုဆွဲကာ အိပ်ရာထဲပြေးဝင် ဒိုက်ဗင်ထိုးလိုက်၍ ရန်နိုင်ပါ ကိုးရိုးကားရား ပါသွားရပါသည်။ ဒီအခန်းထဲမှာ ကော်ဇောခင်းကာ နှစ်ယောက်အိပ်မွေ့ရာတုံးကို ဒီတိုင်းချခင်းထားတာဖြစ်၍ အိပ်ရာထဲ ခုန်ဝင်လို့အတော်ပင်။ သုံးယောက်သား စောင်အောက် လုတိုးဝင်ကာ ဟီးဟီးဟားဟား ခစ်ခစ်ခက်ခက်နှင့် အသံတွေ ထွက်နေ၍ အခန်းဝကို ညိုက ပြန်ရောက်လာက မြင်ကွင်းကို ခါးထောက်ပြီး ဒေါသူပုန်ထသွားပါသည်။

"ဒါက ဘာဖြစ်နေကြတာလဲ"

"ဟီး ဟီး"

"ခစ် ခစ် ခစ်"

"ရှင်က ဘာကိစ္စနဲ့ အိပ်ရာထဲ ဝင်ရတာလဲ။ ရှင်တော်တော်လွန်နေပြီနော် ကိုရန်နိုင်"

"လွန်နေတာက မင်း"

"ဘာ"

"ကလေးတွေ ပျော်နေတာ မမြင်ဘူးလား၊ ကိုယ့်ဟာကိုယ်ကိုယ့်သားနဲ့ ကိုယ့်သမီးကိုဖက်အိပ်တာ ဘာဖြစ်လဲ၊ မင်းကို ဖက်မအိပ်ရင် ပြီးရော မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... တောက်"

"ဟီး ဟီး ဟီး"

"ခွီ ခွီ"

ကလေးနှစ်ယောက်ဟာ အဖေနဲ့အမေ စကားတွေကို ရန်ဖြစ်တယ် သဘောမထား၊ အချစ်စမ်းတယ်ပဲ ထင်နေလားမသိပါ။ တခွီခွီ အူပဲမြူးနေကြတော့ရာ ညိုမှာ သူတို့လေးတွေရဲ့ပျော်ရွှင်ကြေနပ် ငြိမ်းချမ်းသာယာနေမှုလေးကို ဖျက်မပစ်ရက်လေပါ။ ကိုရန်နိုင်ကိုသာ မျက်စောင်းကြီးကြီးထိုးရင်း ...

"မကြီးမငယ်နဲ့ ရူးသလို ပေါသလို လာလုပ်နေတယ် ... ဟင်း"

တီးတိုးပွစိရေရွတ်ရင်း ပြန်လှည့်ထွက်လာခဲ့ပါသည်။

"မာမီ ... ဒက်ဒီ ဝယ်လာတဲ့ မုန့်ဟင်းခါးတွေ စားတော့မယ်နော်"

"ပြင်လိုက်ရတော့မှာလား"

"ဟုတ်"

"အေး ... ပြီးရင် ခေါ်လိုက်မယ်"

ညို ထွက်သွားလျှင် ရန်နိုင်က အလယ်မှာ တစ်ဖက်တစ်ချက်က သားနှင့်သမီးက သူ့ကိုဖက်ထားတဲ့အနေအထားလေးနှင့် ငြိမ်သက်ပြီး ရန်နိုင်က မျက်စိကိုပါ မှေးမှိတ်ထားမိပါသည်။ စိတ်ကြည်နူးချမ်းသာလိုက်တာ။ ကြည်နူးမှုရဲ့အရသာကို ရင်နှင့်





အောင် ခံစားရလေ ရန်နိုင်သည် သူ့ကိုယ်သူ မုန်းတီးစက်ဆုပ်မိလေပင်။

"ဒက်ဒီ"

"အင်း"

"မေးကြည့်မယ်"

"မေးလေ ... သမီး"

"ဒက်ဒီ ဒီကိုလာရင် ဒက်ဒီ့နောက်မိန်းမက ကြိုက်ရဲ့လား"

"သူ မကြိုက်လို့ ဘယ်ရမလဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကို ကြိုက်ခွင့် မကြိုက်ခွင့် ဝေဖန်ခွင့် ဒက်ဒီပေးမထားပါဘူး၊ သူယူထားတဲ့လူက သူ့ရှေ့မှာ မိသားစုရှိခဲ့ပြီးသားလူတစ်ယောက်ဆိုတာ သူလည်း သိတာပဲလေ"

ဒေါလီက ဖျော့ဖျော့လေးပြုံးကာ အဖေဖြစ်သူမျက်နှာကို ငိုင်ငိုင်လေး ကြည့်နေပါသည်။

"ဒေါလီ ... သမီး၊ သားနဲ့သမီးကို ဒက်ဒီက သိပ်ချစ်တာ၊ အဲသလို သိပ်ချစ်တာကိုလည်း ဆင်ဒီလည်း သိပါတယ်၊ ဒက်ဒီဘဝမှာ သားနဲ့သမီးက ပထမပါ"

"ဟိုကလေးလေးရော ဒက်ဒီ"

"အင်း ... သူလည်းပါတာပေါ့၊ ဒီသုံးယောက်က ဒက်ဒီဘဝမှာ အရေးအပါဆုံးပဲ"

"ဒက်ဒီက မာမီကိုကျတော့ ဘာလို့ မချစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်သုံးနှစ်သမီး ဒေါ်လီရဲ့ကလေးမကျ လူကြီးမကျမေးခွန်းက ရန်နိုင့်ကို ဖြေရခက်စေတော့သည်။

"မာမီ့ကို မချစ်ဘူးလို့ ဒက်ဒီ မပြောဖူးပါဘူး"

"ဟင် … ဒါပေမဲ့ ဟိုအန်တီကိုချစ်လို့ ဒက်ဒီက သူနဲ့သွားပေါင်းတာပဲပေါ့၊ မာမီ့ကို မချစ်လို့ပေါ့"

"သမီး မာမီကို ဒက်ဒီက ချစ်ပါတယ်၊ မာမီကသာ ဒက်ဒီ့ကိုမုန်းတာ"

"မာမီ့ကိုချစ်ရင် ဘာဖြစ်လို့"

"ဒေါ်လီ … သမီးကိုနားလည်အောင် ဒက်ဒီ ရှင်းပြလို့မရတာတွေ၊ နောင် သမီး အသက်ကြီးမှ သူ့အလိုလို သိလာမှာတွေ အများကြီးရှိတယ်၊ ဒေါ်လီ အသက်ကြီးလာရင် ဒက်ဒီ့ကို မေးစရာမလိုဘဲ သမီးဘာသာ သိလိမ့်မယ်"

ရန်နိုင့်လေသံက ကြေကွဲဟန်ပေါက်နေ၍ ဘော်ဘီက ကြားကဝင်ကာ …

"ဒေါ်လီ … နင် ကလေးက ကလေးလိုမနေဘဲ ဘာတွေလိုက်မေးနေတာလဲ … ကျွတ်"

"ဒေါ်လီ သိချင်လို့ပဲဟာကို"

"မသိချင်နဲ့တော့၊ အချိန်တန်တော့ သိလာမှာပေါ့၊ ကဲ … ထ,တော့၊ နင် မိန်းကလေး၊ မာမီ့ကို သွားကူလေ"

ဒေါ်လီက ထ,ထိုင်လိုက်ပေမယ့် ကူရတဲ့ဆီမရောက်လိုက်ပါ။





"မုန့်ဟင်းခါးစားလို့ရပြီ၊ လာကြတော့"

ညို့ခေါ်သံကြောင့် သူတို့အားလုံး အခန်းထဲကထွက်လာပါသည်။ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ကြလျှင် နှစ်ပန်းကန်သာ ပြင်ထားတာ တွေ့လိုက်ရ၍ ရန်နိုင်က …

"ဟင် … ကိုယ်ရော မစားရဘူးလား"

"ရှင်က ဝယ်ရင်းနဲ့ စားမလာဘူးလား"

"ဘယ်သူက တစ်ယောက်တည်း စားလာမှာလဲကွ၊ ဒီကျမှ မိသားစုစုံစုံညီညီ စားမလို့ပေါ့၊ ဆယ်ပွဲတောင် ဝယ်လာတာ၊ မင်းကကော မစားဘူးလား"

"ဟင့်အင်း"

ညိုက ရန်နိုင့်အတွက် တစ်ပွဲပြင်ဆင်ပေးလိုက်ရင်း ခေါင်းယမ်းလိုက်ပါသည်။

"အားလုံးတူတူ စားရအောင်ပါ ညိုရာ"

"တော်တော့ မစားဘူး"

"ညိုကလည်းကွာ၊ ကလေးတွေ ကြည့်နေပြီ၊ တစ်ခါတစ်ရံပဲ ဒီလို ပြန်ဆုံစည်းတာ၊ ဆုံတုန်းမှာ စိတ်ချမ်းသာစရာ ပျော်စရာပဲ ဖြစ်ပါရစေ၊ ဝင်စားပါ ညိုရယ်၊ ကိုယ်တောင်းပန်ပါတယ်၊ သားတို့ သမီးတို့လည်း မစားဘဲနဲ့ စောင့်နေကြတယ်"

"ရှင် လုလည်ကျပြီး သားတွေ သမီးတွေနဲ့ လှည့်ပတ်အကြောင်းမပြပါနဲ့၊ စားကြလေ သားတို့"



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီက သူ့နံဘေးက ခုံကို ညိုထိုင်ဖို့ ဆွဲထုတ်ကာ ...

"လာပါ မာမီ၊ တူတူစားရအောင်ပါ၊ တခြားကိစ္စတွေ ထည့်မစဉ်းစားပါနဲ့၊ ဘော်ဘီတို့အတွက်ပဲ စဉ်းစားလိုက်ပေါ့"

ညိုသည် အမြဲရှိုရှင်မြူးထူးနေတဲ့ သားကြီးရဲ့မျက်နှာ တည်တည်ငြိမ်ငြိမ်လေးကို သနားသွားပြီး စားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။ ကဲ ... ဘယ်လိုပဲဖြစ်သွားသွားပါ။ သားတို့အလိုကျ အတူစားပေးရတော့မှာပေါ့။

လုပ်ချင်ရာကို လုပ်ချင်သလို လုပ်သွားတုန်းကလည်း သူ၊ အချိန်လေးတစ်ခု ရလာတော့လည်း ဟိုလိုလို ဒီလိုလို ညာတာပါတေးနှင့် ကိုယ်နေချင်သလို ပြန်နေလို့ ရနိုင်ပါ့လား။ အဲသလို အခွင့်အရေးမျိုး သူ့ကို မပေးနိုင်ဘူးလို့ တွေးထားမိပေမယ့် တကယ်တမ်း လက်တွေ့မှာ ကိုယ့်ရင်သွေးကလေးတွေ ဝမ်းနည်းပက်လက် ကြေကွဲနာကျင်ကြရမှာကို ပိုပြီးရင်မဆိုင်ချင်ပါ။

သူထားခဲ့တော့လည်း ကျန်ခဲ့၊ သူအရောပြန်ဝင်တော့လည်း တစ်ဝိုင်းတည်းဖွဲ့ကာ စားကြသောက်ကြဆိုတဲ့ ပုံစံမျိုးကို သွေးတောင် ကောင်းကောင်းမတိတ်ချင်သေးတဲ့ နှလုံးသားဒဏ်ရာက လုံးဝလက်သင့်မခံချင်ပေမယ့်, ငဲ့ကြည့်ရမယ့် မျက်နှာလေးတွေက တောင်းပန်တိုးလျှိုးနေကြသလို။ ကိုယ့်ရဲ့မာနကို ဆုပ်ကိုင်တင်း





မာနေဖို့ထက် သားနဲ့သမီး ကြည်နူးစိတ်ချမ်းသာပါစေလေဆိုတဲ့ ကရုဏာတရားက အားသာသွားခဲ့ရတာပါ။

"ညို"

"........"

"သား မွေးနေ့ ဘာအစီအစဉ်ရှိလဲ"

"တစ်ခုခုပေါ့၊ အတိအကျ မစီစဉ်ရသေးပါဘူး"

"သားက ခရီးသွားချင်တယ် ပြောနေတာ"

ညိုက ရန်နိုင့်ကို ဆတ်ခနဲ ခပ်တင်းတင်း ကြည့်လိုက်၍ ရန်နိုင်က စကားမဆက်ဘဲ ရပ်လိုက်ရပါသည်။ ညိုက ဘော်ဘီ့ဘက်ကြည့်ကာ ...

"သားရယ် ... ဓာတ်ဖြတ် လာရတုန်း အေးအေးဆေးဆေး အနားယူပါလားကွယ်၊ မိုးတွင်းကြီး လေနဲ့မိုးနဲ့က ခရီးသွားလို့လည်း မကောင်းပါဘူး"

"Beach မဟုတ်ဘဲ တခြားဆိုရင်ကော မာမီ"

ညိုက သက်ပြင်းတစ်ချက်ချရင်း ...

"သားက ဘယ်သူနဲ့ အဖော်ပြုပြီး သွားမယ် စိတ်ကူးထားလို့လဲ"

"ဒက်ဒီနဲ့"

"သား၊ သားနဲ့ မာမီ ကြိုလည်းတိုင်ပင်မထားရသေးတော့ မင့်အဖေရှေ့ပဲ ပွင့်ပွင့်လင်းလင်း ပြောမယ်၊ မင်းက သွားမယ်ဆိုရင်တော့ မင်းအဖေက လိုက်မှာပါပဲ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲမှာ ပြဿနာရှင်းရစရာတွေ လာမယ်၊ စကားတွေ ပြောရမယ်၊ သားနားလည်ပါတယ်ကွယ်၊ သားကို မာမီ ဒီလိုပြောရတာ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ မင်းအဖေနဲ့ ခရီးထွက်ဖို့ကိစ္စကို မေ့လိုက်ပါ”

“ညို … မင်း ကလေးကို ဘာဖြစ်လို့ စိတ်အားငယ်အောင် ပြောနေရတာလဲ”

“ဒီစကားလောက်က စိတ်အားငယ်စရာ ဖြစ်တယ်ဆိုရင် ရှင် သူတို့အပေါ် ပြုမူခဲ့တဲ့ အပြုအမူက သူတို့အဖို့ လဲသေလောက်စရာ ဖြစ်တော့မှာပေါ့”

“ကိုယ့်သားသမီးနဲ့ ကိုယ်ခရီးသွားတာ ဘာဖြစ်လဲကွာ”

“ဘာဖြစ်လဲဆိုတော့ ရှင့်မိန်းမကိုမေး”

“သူ ဘာမှပြောပိုင်ခွင့် မရှိဘူး၊ သူ ပေါ်မလာခင်ကတည်းက ဒါ ငါ့သားသမီးတွေပဲ”

“ကလေးတွေရှေ့မှာ ဒီလိုပြောလိုက်ရင် ရှင် သူရဲကောင်းကြီး ဖြစ်သွားပြီလို့ ရှင့်ကိုယ်ရှင် ထင်နေလို့လား”

“ကျွတ်”

“ရှင်က မီးသေလို့ ရှင်လုပ်ချင်ရာ လုပ်တယ်ပဲထား၊ ရှင့်မိန်းမက ရှင့်ကိုသာရအောင် မတားနိုင်တာ၊ မဆိုင်ရာတော့ လျှောက်ရမ်းတတ်တာ ရှင် မသိလို့လား၊ နောက်ပိုင်း တကျိကျိအရစ်ခံရမှာက ကျွန်မ၊ နားငြီးတယ်၊ ဦးနှောက်ခြောက်တယ်၊ ကလေးတွေပါ သူ့အမြင်ကတ်ခံရမှာ ရှင်





သိသိကြီးနဲ့ သူရဲကောင်းဆန်ဆန် လာလုပ်မနေပါနဲ့ ကိုရန်နိုင်”

ရန်နိုင့်မျက်နှာက နီမြန်းကာ ဝမ်းနည်းသွားတဲ့ရုပ်နှင့် သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

“ကိုယ် သူရဲကောင်းဆန်ဆန် လာလုပ်နေတာ မဟုတ်ပါဘူး ညို၊ ကိုယ် သားတို့ သမီးတို့နဲ့ တကယ်ပဲ အပျော်ခရီးသွားချင်လို့ပါ”

တုန့်ခတ်နေတဲ့ ရန်နိုင့် အသံကြောင့် ညိုသည် ရင်ထဲက တလှပ်လှပ်နှင့် ဘယ်လိုခံစားလိုက်ရမှန်းမသိ ခံစားရကာ မျက်ရည်လည်မလာခင်နေရာမှာထ,၍ နံရံကပ်ဗီရိုလေးထဲက တစ်ရှူးဘူးကို ဟန်မပျက် သွားယူလိုက်ပါသည်။ တစ်ဆက်တည်း ရေခဲသေတ္တာထဲက ရေပုလင်းယူတာ၊ ဖန်ခွက်ယူတာတွေကို ဆက်တိုက် အချိန်ဖြုန်းလုပ်နေရင်း ဝဲလာတဲ့မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်သိမ်းရသည်။

“ကိုယ်မကောင်းခဲ့ဘူး ညို၊ ကိုယ်မှားခဲ့တယ်၊ အပြစ်လည်းကြီးတယ်၊ ဒါပေမဲ့ ဘယ်လောက်ပဲ ကြီးလေးတဲ့အပြစ်တွေ အမှားတွေ ကျူးလွန်ခဲ့ ကျူးလွန်ခဲ့ ဒီလူတစ်ယောက်ရင်ထဲမှာ ခံစားချက် အစစ်အမှန်တွေ ရှိပါသေးတယ်၊ ဒီလမ်းကို ကိုယ်ကိုယ်တိုင် မိုက်မိုက်မဲမဲ ရွေးချယ်သွားတာဖြစ်ပေမယ့် ကိုယ့်မိသားစုလေးကို ကိုယ်လွမ်းသေးတယ် ညို၊ မလွမ်းရဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



ညိုသည် ဝမ်းလည်းနည်း မုန်းလည်းမုန်း မဲ့ပြုံးကိုသာ နှုတ်ခမ်းမှာ နာနာတပ်ဆင်ထားမိသည်။ လွမ်းရင်လည်းသေလိုက်။ ကလေးတွေအတွက်သာ ထည့်ကြည့်စရာမလိုရင်၊ ဒါမှမဟုတ် သူတို့မှာ ကလေးသာ မရှိခဲ့ရင် သူ့မျက်နှာကို ပြန်မကြည့်ချင်ပါ။

သူ့မျက်နှာကိုမြင်တိုင်း အလွန့်အလွန် ချစ်ခဲ့မိဖူးတဲ့ ကာလတွေကို အမြဲပြန်သတိရကာ လက်ရှိအခြေအနေကို မယုံကြည်နိုင်အောင် ဖြစ်ရလွန်းလို့ပင်။

ငါးနှစ်လုံးလုံး အကြိမ်ပေါင်းများစွာသော အိပ်မက်တွေထဲမှာ သူ ဆေးခန်းသွားခါနီး ညိုက ဘောင်းဘီမီးပူတိုက်ပေးနေရတုန်း။ အပြင်ကနေ ဖုန်းလှမ်းဆက်ကာ "မိန်းမရေ ... သုံးနာရီအတွင်း လူခြောက်ယောက် ညစာကျွေးဖို့ရော အရက်တိုက်ဖို့ရော အိမ်မှာ စီစဉ်ထားပေးစမ်းပါကွာ"ဆိုပြီး ဖုတ်ပူမီးတိုက် လူကို မျက်ဖြူဆိုက်စေတတ်တာမျိုးကိုလည်း အိပ်မက်ထဲ မက်မိနေကာ ဒုက္ခပဲ မမိနိုင်တော့ပါဘူးလို့ အိပ်မက်ထဲမှာ စိတ်တွေရှုပ်၊ ရင်တွေမော။

လန့်နိုးလိုက်တော့ အိပ်မက်ထဲက တာဝန်ထုပ်ကြီးခေါင်းပေါ်က ပြုတ်ကျကာ ရင်ပေါ့သွားရမယ့်အစား တကယ်စီစဉ်ပေးဖို့ မလိုအပ်တော့တဲ့အတွက် ရင်ထဲဟာပြီး ဆို့နစ်ရမြဲဖြစ်လေသည်။





"မာမီ မုန့်ဟင်းခါးတွေ အေးပြီး ပွကုန်တော့မယ်၊ အရင်လာစားလိုက်ပါ၊ ရေက သားတို့ဘာသာ ထယူလည်းရပါတယ် မာမီရ"

သားက ညို့လက်ကို လှမ်းဆွဲသည်။ ညိုက ဟန်မပျက် ပြန်ဝင်ထိုင်လျှင် ...

"မာမီ ပြောတာ ဟုတ်တယ်၊ မိုးတွင်းဆိုတော့ ခရီးသွားလို့လည်း မကောင်းပါဘူး ဒက်ဒီရာ၊ ပြီးတော့ ဒက်ဒီ့မိန်းမက ဘာမှမပြောဘူးပဲထား စိတ်ထဲကကျိတ်ပြီး စိတ်မကောင်းဖြစ်နေပါဦးမယ်၊ သူ စိတ်ထင့်နေမှာပေါ့၊ မသွားကြပါနဲ့တော့နော် ဒက်ဒီ"

ရန်နိုင်က ခေါင်းကို ညင်ညင်သာသာ ယမ်းမိရင်း ...

"မင်းတို့တွေကလည်း အလကားနေရင်းနဲ့ကို စိတ်ကောင်းတွေ ရှိနေကြတော့တာပဲ၊ အေးပါကွာ၊ သားတို့သဘောပါ"

"ခရီးမသွားဘဲ ဒက်ဒီနဲ့ မြို့ထဲ ဟိုဟိုဒီဒီပဲ သွားကြတာပေါ့၊ ရှော့ပင်လေး ဘာလေး လုပ်တာပေါ့၊ နော် ... ဒက်ဒီ"

"အေးပါကွာ"

"မွေးနေ့ကျရင်တော့ အိမ်မှာပဲ ဒင်နာပါတီလေး လုပ်မယ်လေ မာမီ ... နော်"

"အေး ... အေး၊ မာမီ စီစဉ်ပေးမှာပေါ့ သားရဲ့"

"သားကတော့ ဒီကို ဟောလီးဒေးတူတူပြန်လာတဲ့ သူငယ်ချင်းနှစ်ယောက်ပဲ ဖိတ်စရာရှိတယ်၊ ဒေါ်လီ ... နင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်တို့ ညီအစ်မတော့ ဖိတ်လို့ရတယ်၊ ကျန်တာတော့ လူစည်ကားကားလေးဖြစ်အောင် မာမီ့ဘော်ဒါတွေပဲ ဖိတ်တော့ပေါ့”

ရန်နိုင်က အလောတကြီးနှင့် ...

“ဟော့ကောင် ... ငါ့ရော”

“ဒက်ဒီကတော့ ပါပြီးသားပေါ့ ဒက်ဒီရ”

“တုံ့တုံ့ ... တုံ့တုံ့”

ညိုက ဖုန်းမြည်သံကြောင့် ဘေးနားချထားတဲ့ဖုန်းကို ကောက်ကိုင်ကြည့်လိုက်ပါသည်။ မောင်မောင့်အမည်တွေ့လိုက်ရ၍ ယောင်ယမ်းကာ ရန်နိုင့်ထံ ဖျတ်ခနဲ တစ်ချက်မလုံမလဲကြည့်မိပြီးမှ ထိုင်ရာကထကာ ဧည့်ခန်းဘက် လျှောက်လာရင်း ...

“ဟယ်လို”

“ညို ... မောနင်း”

“ဟုတ် ... မောနင်း”

“ကျွန်တော် ကားလာပို့မလို့ ညို”

“ရှင် ... ကား ! ”

“ဘော်ဘီတို့ သုံးချင်တာ သုံးလို့ရအောင်လေ ညို”

“အော် ... ဒီလောက်ကြီးလည်း မလိုပါဘူး မောင်မောင်ရယ်”

“သူတို့ သွားချင်တာတွေ ရှိမှာပေါ့၊ ကျွန်တော်က အခု ကားနှစ်စီးနဲ့ လာနေတာ၊ တစ်စီးနဲ့ ဒရိုင်ဘာနဲ့လာတာလေ၊ ညို လိုက်မောင်းမပေးနိုင်ဘဲ ဘော်ဘီတို့ချည်းပဲ သွားချင်ရင် ဒရိုင်ဘာ မောင်းပေးလို့ရအောင်လို့”





“အို ... အားနာစရာကြီး မောင်မောင်ရယ်၊ ညို့ကားက လည်း တစ်ရက် နှစ်ရက်ပါပဲ”

“ဒီတစ်ရက် နှစ်ရက်အတွင်း ကလေးတွေက အိမ်မှာပဲ ဘယ်ထိုင်နေနိုင်ပါ့မလဲ ညိုရဲ့”

“လိုမှပဲ အေးအေးဆေးဆေး ပို့ပေးပါ မောင်မောင်ရယ်၊ ညို ဖုန်းဆက်ပါ့မယ်”

“ကျွန်တော်က အခု အောက်က ကားပါကင်ကိုတောင် ရောက်နေပြီ ညိုရဲ့“

“ဟင် ... တကယ်လား”

“တကယ်လေ”

ညိုသည် ထမင်းစားပွဲဘက် မလုံမလဲ လှည့်ကြည့်မိလေလျှင် သူ့ကို လှမ်းကြည့် အကဲခတ်နေတဲ့ ရန်နိုင့်မျက်ဝန်းများနှင့်ဆုံသည်။ ညိုက တိုးတိုးလေး ပြောနေတာလည်းမဟုတ်၍ စကားတချို့ကို သူ ကြားမှာပါ။ မောင်မောင်နှင့် ဖုန်းပြောနေတာကို သူ့ရှေ့မှာ ညိုက ဘာကြောင့် ရှိုးတိုးရှန့်တန့် ဖြစ်နေမိတာပါလိမ့်။ ဘာကြောင့် ဖြစ်ရမှာလဲ။

ကိုယ်လည်း ရိုးရိုးစကားပဲ ပြောနေတာ။ ဘာမှဖြစ်စရာအကြောင်း မရှိပေမယ့် ညို့စိတ်ထဲမှာ မျက်နှာပူတာလိုလို မလုံလဲတာလိုလို မရဲဝံ့တာလိုလို ဖြစ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... မောင်မောင်၊ အားတော့ နာပါတယ်၊ မောင်မောင် ကားပဲထားခဲ့လိုက်ပြီး ပြန်လိုက်ပါလား၊ ဒရိုင်ဘာလည်း မလိုပါဘူး၊ ညို့ဘာသာ လိုရင်မောင်းပါ့မယ်၊ ဟိုလေ ... ညိုလည်း နည်းနည်းမအားလို့၊ အားနာပေမယ့် နောက်မှပဲ တွေ့ကြတာပေါ့နော်"

"အဟင်းဟင်း ... ကျွန်တော်က ကားကို သော့တန်းလန်း နဲ့ ထားခဲ့ရမှာလား ညိုရဲ့၊ သော့တော့လာတက်ပေးဦးမှာ ပေါ့၊ ညို မအားရင် ဝင်မထိုင်တော့ပါဘူး၊ သော့တော့ လာပေးလိုက်မယ်နော် ညို"

"အြော် ... ဟုတ် ... ဟုတ်သားပဲ"

ညိုသည် ယောင်ယောင်မှားမှားနှင့် ဘာတွေပြောလို့ ပြောမိမှန်းမသိ။ တကယ်တော့ မောင်မောင်နှင့် ကိုရန်နိုင်ကို အကြိမ်ကြိမ် ဆုံမနေစေလိုတဲ့ စိတ်ဇောနှင့်ပင်။ ခုတော့ ဘာမှ မတတ်နိုင်။ ဖုန်းပိတ်လိုက်ပြီး တစ်မိနစ်အတွင်း တံခါးဘဲလ်သံ ကြောင့် ညိုက စိတ်ရှုပ်ရှုပ်လေးနှင့် တံခါးဖွင့်ပေးလိုက်ရပါတော့ သည်။ ရောက်မှတော့လည်း တံခါးမဖွင့်ဘဲ အပြင်ကနေ သော့ပဲ ပေးခိုင်းလို့ ကောင်းပါမတဲ့လား။

အခန်းထဲ လှမ်းဝင်လိုက်သော မောင်မောင်ဟာ ဘယ်ဘက်ချိုးကွေ့ရင် မြင်နေရတဲ့ ထမင်းစားပွဲက ရန်နိုင့်ကို လှမ်းမြင်လိုက်ကာ အမ်းသွားရပါသည်။ ဒီလောက် မနက်စော စောကြီး မိသားစုအတူစားသောက်နေတဲ့ပုံကို မြင်လိုက်ရ၍ အံ့အား သင့်သွားရတာပါ။





"ဘော်ဘီ ... ဦးမောင်မောင်က သားတို့ ကားသုံးလို့ရ အောင် ကားလာပို့ပေးတာတဲ့"

"ဟာ ... ကျေးဇူးပဲ ဦး၊ အတော်ပဲ၊ မာမီက ကားမရှိဘူး ဆိုတော့ သားက ဒီနေ့ အိမ်ထဲပဲ အောင်းရမလား၊ တက္ကစီ ငှားပြီး လိမ့်ရင်ကောင်းမလား တွေးနေတာ"

မောင်မောင်သည် ဘော်ဘီ့လိုပင် ဖွယ်ဖွယ်ရာရာ ပြန်မပြောနိုင်ဘဲ အိုးတို့အမ်းတမ်းဖြစ်ကာ နေသည်။ ရန်နိုင်ရှိနေ တာအတွက် တွေးတော ငိုင်ငေးသွားတာကို ညို ရိပ်မိပါသည်။ ထို့ကြောင့် ဖြေရှင်းရာကျရင်လည်းကျ၊ ဘာကြောင့်ရှိနေရတယ် ဆိုတာ အကြောင်းပြချက်လေး ပေးမိသည်။

"ကိုရန်နိုင်က သားတို့စားဖို့ မုန့်ဟင်းခါး လာပို့တာလေ၊ မောင်မောင် မုန့်ဟင်းခါးစားသွားဦးနော်၊ လာ ... တစ်ခါ တည်းဝင်စား မောင်မောင်"

ရန်နိုင်က ညို့ကို မသိမသာ မလိုတမာရိပ်နှင့် မျက်စောင်းနှင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

ဝပ်ရှော့ပ်ကို ရောက်တဲ့အထိ နောက်က တကောက်ကောက် တတန်းတန်း နောက်ယောင်ခံလိုက်လာသော ရန်နိုင့်ကားကို မောင်မောင်ကတော့ သတိပြုမိပုံ မပေါ်ပေမယ့် ညိုကတော့ သတိပြုမိနေပါသည်။

အိမ်ကထွက်ကတည်းက တောက်လျှောက်လိုက်နေတာ။ ညို ပန်းတိမ်ခန်းကိုဝင်တော့လည်း မလှမ်းမကမ်းကရပ်စောင့်သည်။ ပန်းတိမ်မှာ ပစ္စည်းအားလုံး အဆင်သင့် မဖြစ်သေးတဲ့တူတူ သိပ်မဝေးလှတဲ့ ဝပ်ရှော့ပ်ကို ခဏထွက်လာတော့လည်း နောက်ကပါလာပြန်သည်။ တမင်တကာ တကူးတကကို နောက်ယောင်ခံ လိုက်နေတာ။

မောင်မောင် ရိပ်မိသွားရင် သူ့ရဲ့လူကြီးမဆန်ပုံဟာ ရှက်စရာ။ ကွာရှင်းထားတဲ့ ခင်ပွန်းဟောင်းက နောက်ကလိုက်





နေတယ်ဆိုတော့ လူအများကြားလို့မှ ရယ်စရာ။ ဘာလိုက်လုပ်နေမှန်းကိုမသိ။ ညိုသည် တစ်ယောက်တည်းကျိတ်ကာ ဒေါလေးတပွပွ ဖြစ်နေပါသည်။ ငယ်ငယ်တုန်းကတည်းက အကျင့်ကခုထိ။ ဒီနောက်က တကောက်ကောက်လိုက်တဲ့ အမူအကျင့်ကပျောက်ကိုမပျောက်။

ညိုသည် ဖျတ်ခနဲ ရင်ကလေး ခုန်သွားမိတဲ့အထိ ဟိုးတုန်းက အတိတ်ကို သတိရလိုက်မိပါသည်။ ဟိုးတုန်းကလည်း ရန်နိုင်ဟာ ညို သွားလေရာနောက် သူ့ကားနဲ့ တကောက်ကောက်လိုက်နေခဲ့တာလေ။ အဲဒီတုန်းကတော့ ညိုဟာ ခုလို စိတ်တိုစိတ်ရှုပ်မိတာမျိုး မရှိဘဲ ရင်တွေသာ တဖျပ်ဖျပ် ခုန်လို့ပေါ့။

တစ်နေ့ တစ်နေ့ အပြင်ထွက်ရင် ဘယ်နေရာကနေ ရန်နိုင့်ကား ထွက်ပေါ်လာပြီး နောက်ကပါလာမလဲလို့ ကျိုးကန်းတောင်းမျှော် ဖွေရှာရတာအမော။ ဟော ... တွေ့ပြီဆိုရင်တော့ ညို့ရင်တွေ စတင်ခုန်ပါပြီ။ မတော်တဆ မျက်လုံးချင်းများသွားဆုံလိုက်ရင် ဖျတ်ခနဲ မျက်စိတစ်ချက် မှိတ်ပြလိုက်တတ်တဲ့ ရန်နိုင်ရဲ့ ညို့ငင်သောအပြုံး အကြည့်တို့ကြောင့် ညို့အသည်းနှလုံးတို့ နှန်းရိပျော့ခွေနေခဲ့ရပါသည်။

အဲဒီတုန်းကတော့ ညို့အသက်လေးက ဆယ့်ခုနစ်နှစ်။ သူက ညို့ထက် ငါးနှစ်ကျော် ခြောက်နှစ်ကြီးတဲ့သူဖြစ်၍ သွားဆရာဝန်ဖြစ်လုဆဲဆဲ။ Dental ကိုရောက်လာတဲ့ ဖုန်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူလေး ညိုကို ကျောင်းသားကြီး ရန်နိုင်က လျှပ်တစ်ပြက်အတွင်း ကြွေကျလာအောင် ညို့ငင်နိုင်စွမ်း ကြီးမားခဲ့ပါသည်။

ရန်နိုင်နှင့်ညိုညိုညိုတို့ရဲ့ ချစ်ဇာတ်လမ်းကို Dental ကျောင်းသူ ကျောင်းသားတွေအကြား မသိတဲ့သူ မရှိပါ။ အဲသလောက် အချစ်ကြီးခဲ့တဲ့စုံတွဲ။ ညိုမိဘများဟာ ရန်နိုင့်ကို သဘောမကျလို့တော့ မဟုတ်။ ညိုကို ရည်းစားထားတာ စောလွန်း ငယ်လွန်းသည် ယူဆကာ ရန်နိုင်နှင့် သဘောမတူပါ။ ရန်နိုင်နှင့်မှမဟုတ် ဘယ်သူနှင့်မှ ရည်းစားမထားရဘူးဟု ပညတ်ချုပ်ချယ်လာပါသည်။

အဲဒီတုန်းကတော့ "ကိုကို", "ညို"နှင့် တစ်ယောက်ကိုတစ်ယောက် အရူးအမူး ချစ်လွန်းအားကြီးကာ မျက်စိအောက်ကတောင် အပျောက်မခံနိုင်အောင် အသည်းပိုခဲ့ကြတာပါ။ မေမေတို့ကလည်း ရည်းစားကိုဖြတ်ခိုင်း၊ ရန်နိုင်ကလည်း ညိုကို တစ်ရက်တစ်မနက်လေးတောင် မခွဲနိုင်ဘူးဆိုတဲ့အခါ နောက်ဆုံးတော့ သည်းလွန်း ကဲလွန်းတဲ့ ရန်နိုင်က ညိုကို ဒုတိယနှစ်အရောက်မှာပဲ ခိုးပြေးသွားခဲ့တော့တာ။

ရန်နိုင် ကျောင်းပြီးတဲ့နှစ် ညိုက ဒုတိယနှစ်။ အဲဒီကတည်းက ညိုဟာ တက္ကသိုလ်ကိုပြန်ပြီး ခြေမချဖြစ်တော့တာဖြစ်တဲ့အတွက် ဘွဲ့တစ်ခုတောင် ရအောင်မယူဖြစ်ခဲ့ရပါ။ ရန်နိုင်ကတော့ ကျောင်းတုန်းကတည်းက စာတော်တဲ့ နာမည်ကြီးကျောင်း





သားဖြစ်ကာ သူ့အဖေရဲ့ဆေးခန်းကလည်း သူ့အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်ခဲ့၍ ကျောင်းပြီးတာနှင့် အလုပ်ခွင်တန်းဝင်။ အလုပ်အဆင်ပြေတဲ့အတွက် ညိုနှင့် ရန်နိုင်တို့ရဲ့ အိမ်ထောင်ရေးခရီးအစဟာ ချောမွေ့တယ် ပြောရမှာပင်။

ညိုမိဘတွေက စိတ်ဆိုးခဲ့ကြပေမယ့် ရန်နိုင့်အဖေကငယ်ငယ်လေး ရှိသေးသော ညိုကိုချစ်ရှာသည်။ အိမ်ကိုတောင်းတောင်းပန်ပန် ပြန်အပ်ပေးပြီးတဲ့နောက် ညို့ဖေဖေနှင့်မေမေရဲ့အမျက်ဒေါသကလည်း ကြာကြာမခံပါ။

ညိုတို့ရဲ့ချစ်ခရီးလမ်းရော အိမ်ထောင်ရေး အခြေအနေရောဟာ ချောမောပြေပြစ်ခဲ့ပြီး ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်ရတာမျိုး မရှိခဲ့ပါ။ ညို့ကိုလည်း ရန်နိုင်က ငုံထားမတတ်ချစ်ခဲ့တာဟာ အခု ပြန်စဉ်းစား အခုလွမ်းဆွတ်ဖို့ ကောင်းလှအောင် စာတင်လောက်ပါသည်။

အဲသလို အခြေအနေကနေ သူဖောက်သွားခဲ့မယ်လို့ညို ဘယ်ထင်ပါ့မလဲ။ မမျှော်လင့်ဘဲ အရိုက်ပင့်ထိုးခံရသလိုသတိလက်လွတ် ခံလိုက်ရတာ။ ကိုယ့်လင်ယောကျ်ားကို ယုံကြည်စိတ်ချလွန်းတဲ့ အမှားပင်။ ရန်နိုင်ဟာ လူချောလူဖြောင့် နာမည်ကျော် သွားဆရာဝန်၊ မိန်းမတွေ စိတ်ဝင်စားကြတယ် ဆိုတာကိုသိတော့ သိပေမယ့် သူ့မှာ သူ အင်မတန်ချစ်တဲ့ဇနီး သားနဲ့သမီးရှိနေတာပဲဆိုတဲ့ လွန်ကဲတဲ့စိတ်ချမှုက ညို့ကို အလဲထိုးလိုက်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းတွေကို စာရွက်တဖျပ်ဖျပ်လှန်သလို ခပ်ရှမ်းရှမ်း သတိတရ ပြန်တွေးမိကာ ညို့ရင်မှာ လှိုင်းကြက်ခွပ်များ ထ,လာခဲ့ပါသည်။

"ညို"

"………"

"ညို …၊ ညို ဘာတွေတွေးနေလဲ"

"ဟင် … ဪ … မောင်မောင်၊ ဝပ်ရှော့ပ်တောင် ရောက်နေပြီပဲ"

"နေ့ … နေ … ညို မဆင်းနဲ့တော့၊ ကျွန်တော်သွားကြည့်လိုက်မယ်၊ မနေ့ကလည်း တစ်ခေါက်ဝင်ကြည့်ထားတာဆိုတော့ ဒီနေ့တော့ ပြီးလောက်ပါပြီ"

ညိုက ကားပေါ်တစ်ယောက်တည်း ထိုင်ကျန်ရစ်တဲ့အခါ ဇက်ကလေးလိမ်ကာ နောက်ဘက်ကို လှည့်ကြည့်လိုက်ပါသည်။ ဝပ်ရှော့ပ်ဝင်းကြီးရဲ့ဂိတ်ဝထိပ်နားဆေား ကပ်ရပ်နေတဲ့ ရန်နိုင့်ကားကိုမြင်လျှင် တော်တော်လေး စိတ်တိုသွားပါသည်။ လူပျိုလူရွယ်လေးက ကောင်မလေးတစ်ယောက်ကို လိုက်နေတာကျနေတာပဲ။ အပြုအမူက အရွယ်နဲ့မလိုက်။

ဘာကြောင့် ခုလိုလိုက်နေရတာလဲ။ ညိုသည် ပြင်ထားတဲ့ ညို့ကားနံဘေးမှာ ကားကို စစ်ဆေးကာ စကားသွားပြောနေတဲ့ မောင်မောင့်ကို တစ်ချက်လှမ်းမျှော်ကြည့်လိုက်ရင်း ဖုန်းကိုထုတ်ကာ Speed dial နံပါတ်(၁)ကို နှိပ်လိုက်ပါသည်။





"ဟယ်လို"

"ကိုရန်နိုင် … ရှင် ဘာလုပ်နေတာလဲ"

"ဘာလုပ်လို့လဲ"

"ရှင် နောက်ကနေ တစ်ချိန်လုံး လိုက်နေတာလေ၊ ဘာလိုက်လုပ်နေတာလဲ"

"လိုက်ချင်လို့ လိုက်နေတာပေါ့"

"ရှင့်အသက်အရွယ်ကိုလည်း ရှင်ပြန်ကြည့်ဦး ကိုရန်နိုင်၊ ကိုယ့်ကိုယ်ကိုယ် လူပျိုကာလသား မှတ်မနေနဲ့"

"ညို … ကိုက ဒီနေ့ မင်းတို့သားအမိတွေဆီ လာမယ်၊ ပျော်ပျော်ပါးပါး ထမင်းစားမယ်၊ ပြီးရင် သားတို့နဲ့အပြင်ထွက်ကြမယ်ဆိုပြီး စိတ်ကူးယဉ်ပြီးလာတာ၊ ဒီရောက်တော့ ကွန်ဒိုလမ်းထိပ်က မီးပွိုင့်နားမှာ သားတို့ ကားတစ်စီးနဲ့ ပါသွားတာ ဖြတ်ပြီးမြင်လိုက်ရတယ်၊ သားတို့ကိုမမီလိုက်တော့ သားတို့ ဘယ်သွားလဲ၊ ဘယ်အချိန်ပြန်ရောက်မလဲတော့ မင်းကို ဝင်မေးဦးမယ်ဆိုပြီး ကားပါကင်အထိ ဝင်လာတာ …

ကိုယ်ကအဝင် မင်းတို့က ရှေ့နားကအထွက်၊ ဒါနဲ့ကိုယ်လည်း ယောင်ကြောင်ကြောင်နဲ့ ဘာလုပ်ရမှန်းမသိဖြစ်ပြီး နောက်ကလျှောက်လိုက်လာမိတာ၊ ဒီနေ့အတွက်ကိုယ်ဆွဲလာတဲ့ အစီအစဉ်က အလကားဖြစ်သွားပြီဆိုတော့ဆေးခန်းမှာလည်း အပွိုင့်မဲန့်ထ်တွေ အားလုံးဖျက်ခဲ့ပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလုပ်စရာ မရှိဘူး၊ ဘာလုပ်ရမှန်း မသိလို့ မင်းနောက်က လိုက်နေတာပါ"

"ဘာလုပ်ရမှန်း မသိရင် ကိုယ့်အိမ်ကိုယ်ပြန် ရှင့်မိန်းမနားသားနား ရှင်နေပေါ့၊ ကျွန်မနောက်က လိုက်နေတာ ဘာအဓိပ္ပာယ်ရှိလဲ"

ရန်နိုင်က သက်ပြင်းတစ်ချက်ချကာ ...

"နေ့တိုင်း ကိုယ်အိမ်ကထွက်တဲ့ မနက် ၈ နာရီကနေ ညနေ ၅ နာရီ ၆ နာရီအထိ ဆင်ဒီက အိမ်မှာရှိတာ မဟုတ်ဘူး၊ အမြဲတမ်း အပြင်ထွက်နေတာ၊ ကလေးကို သူ့အမေဆီ ဝင်ပို့ပြီး သူက သူငယ်ချင်းတစ်ယောက်မဟုတ် တစ်ယောက်နဲ့ လျှောက်သွားနေတာ၊ ခုနေ ဆေးခန်းမှာ အလုပ်မရှိလို့အိမ်ပြန်လည်း အိမ်မှာ အိမ်ဖော်တွေနဲ့ ကိုယ်ပဲ ရှိမယ်၊ ဒီတော့ အိမ်ပြန်စရာ အကြောင်းမရှိဘူး ညို"

ညိုက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။

"မင်း ကားနောက်က လိုက်နေတာကတော့ လိုက်ချင်လို့ လိုက်နေတာ၊ သားတို့ သမီးတို့က ဘယ်သွားတာလဲ"

"သူတို့လိုပဲ စင်ကာပူကနေ ပိတ်ရက်ခ ပြန်လာတဲ့ သူငယ်ချင်းတွေနဲ့ အပြင်သွားကြမယ်ဆိုပြီး သွားတာပေါ့"

"အဲဒါ ကိုမောင်မောင်ရဲ့က းလား"





"ဟုတ်တယ်၊ သူ့ကားနဲ့ သူ့ဒရိုင်ဘာနဲ့ သွားကြတာ၊ ဟိုတစ်နေ့ကတော့ ဒရိုင်ဘာ ခေါ်မထားဘဲ ညိုနဲ့ သားတို့နဲ့ပဲ ဘုရားသွားတယ်၊ မိတ်ဆွေ ဆွေမျိုးအိမ်တချို့ သွားကြတယ်၊ ဒီနေ့က ကျွန်မကား ရမယ်ဆိုလို့ ဝပ်ရှော့ကို လာစရာရှိလို့ သားတို့ကို ဒရိုင်ဘာနဲ့ပဲ လွှတ်လိုက်တယ်"

"ခုန ပန်းတိမ်ကိုလည်း ဝင်သေးတယ်ဆိုတော့ မင်းကိစ္စတွေ မင်းအလုပ်တွေမှာ ဒီလူက ဘယ်လောက်ထိ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေပြီလဲ"

"ရှင် ဘာကိုဆိုလိုတာလဲ"

"ကျွတ် ... မင်းနဲ့ သူနဲ့ ဘယ်လိုလဲပေါ့ကွာ၊ ဘယ်အခြေအနေ ရောက်နေပြီလဲ"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ ကိုရန်နိုင်"

"မင်းတို့က ချစ်သူတွေလား"

"........."

"ဖြေပါ ညို၊ ငါ သိချင်တယ်"

"ရှင် ဘာဖြစ်လို့ ဒါမျိုးတွေ လိုက်မေးနေတာလဲ၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်တော့ဘူး၊ ဘာဖြစ်လို့ ကျွန်မရဲ့ဘဝကို စွက်ဖက်ချင်နေရတာလဲ၊ ရှင့်ကို ကျွန်မ ဘာများစွက်ဖက်ဖူးသလဲ"

"ကိုယ့်ဘဝကို စွက်ဖက်ဖို့အထိ မင်း စိတ်မဝင်စားတော့လို့ မစွက်ဖက်တာ မင်းဘက်က ကဏ္ဍပါ ညို၊ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်အထိ မင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေကို စိတ်ဝင်စားမှု ရှိနေသေးတယ်၊ အဲဒါ မင်း ယူဆချင်သလိုယူဆ၊ ပြော ချင်သလိုပြော၊ ဒါပေမဲ့ ငါကတော့ သိချင်တယ်"

"မပြောနိုင်ဘူး"

ညိုကဖုန်းကို ပိတ်ချလိုက်ကာ ဒေါလေးပွပွနှင့် ရင်လေး နိမ့်ချည်မြင့်ချည် ကတုန်ကယင် ဖြစ်နေပါသည်။ မုန်း စရာကောင်းလိုက်တာ။ သူက လူကို ဘာများမှတ်နေလဲ။ သူ့မှာ စွက်ဖက်ပိုင်ခွင့် ရှိတယ်များ ထင်နေတာလား။

"တုံတုံ ... တုံတုံ"

ကျွတ် ...။

ညိုသည် စက်ရင်မှာ ပေါ်လာတဲ့ ရန်နိုင် နံပါတ်ကို ကြည့်ကာ စိတ်တိုလာပါသည်။ ဟိုမှာ မောင်မောင်တောင် ဒီဘက် ပြန်လာတော့မည်ပုံ။ ညို့ကို ရန်နိုင် ခုလိုဖုန်းတွေအလကား နေရင်း ဆက်နေတယ် ဆိုတာမျိုး အထင်မခံလိုပါ။ အထင်မခံ လိုတာဟာ မောင်မောင့်ကို ဂရုစိုက်လွန်းလို့ သူ အထင်လွဲမှာစိုး လို့ စသဖြင့် 'မဟုတ်ပါ။

နောက်အိမ်ထောင်ပြုသွားတဲ့ အရင်ယောကျ်ားနဲ့ အဆက်အသွယ် မပြတ်ကြဘူး ဆိုတာမျိုး မောင်မောင် ဖြစ်စေ တခြားဘယ်သူပင်ဖြစ်စေ ယူဆသွားမှာမျိုးကို လက်မခံနိုင်ပါ။ ခပ်မှန်မှန်ပဲ နေလိုသည်။ မဆက်ဆံလို့မဖြစ်တဲ့ သားတို့ သမီးတို့ နဲ့ ပတ်သက်တဲ့ကိစ္စမျိုးမှလွဲ၍ ပြန်မဆက်ဆံလို။





မနည်း အနည်ထိုင်ထားရတဲ့ ဝေဒနာခံစားချက် တွေ ပြန်လည်အုံကြွ အနယ်ထမလာလိုပါ။ အဟောင်းတွေလည်း အသစ်မဖြစ်လိုပါ။ တစ်ဖန် ပြန်လည်မခံစားနိုင်ပါ။

"တုံတုံ ... တုံတုံ"

"ဒီမှာ ရှင် ကိုယ့်ဟာကိုယ် နေလို့မရဘူးလား ... ကျွတ်"

"မရဘူး ညို၊ ဒီလူနဲ့ညို ပတ်သက်မှုကို သိချင်တယ်၊ ရန်နိုင်က သိချင်ရင် သိကိုသိရမှာဆိုတာ မင်း သိပါတယ် ညို၊ မင်း လုံးဝပြောမပြနိုင်ဘူးဆိုတာ သေချာရင် ကိုယ် ကိုမောင်မောင့်ကို မေးရလိမ့်မယ်"

"ဘာဖြစ်လို့ မေးရမှာလဲ၊ ရှင့်မှာ ဘာမေးပိုင်ခွင့်ရှိလို့လဲ၊ သူ့ကို အဲသလို သွားမေးရင် သူက ဘယ်လိုထင်မလဲ"

"သူအထင်လွဲမှာစိုးလို့လား၊ ဒါဆိုလည်း မင်းပဲပြောလိုက် တော့ပေါ့"

ညိုသည် အံလေးကြိတ်ကာ ဘေးမှန်မှ တစောင်း ကျ မြင်နေရတဲ့ သူ့ကားကို လှမ်းကြည့်နေမိသည်။ ရှေ့မှန် ချပ်နောက်ကွယ်ထဲက သူ့ရုပ်သွင်ဟာ မပီဝိုးတဝါး။ ဘာအဓိပ္ပာယ် တွေနဲ့များ ခုလို လုပ်နေရတာလဲ ကိုရန်နိုင်ရယ်။ ရှင် ညို့ကို ဒေနာတွေ မပေးချင်စမ်းပါနဲ့။ ညို ဝမ်းနည်းလာမိသည်။

"ကိုမောင်မောင်တောင် လာနေပြီ၊ မင်း ပြောမှာလား မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လက်ထပ်ဖို့ ရည်ရွယ်ထားတယ်"

"ဘာ"

"ရှင် နားကောင်းတယ် မဟုတ်လား၊ ကြားတယ် မဟုတ်လား"

"မင်း အိမ်ထောင်သစ်တစ်ခု တကယ်ထူထောင်မယ်ပေါ့"

"အဲဒါ ဘာဖြစ်လဲ"

"ကိုယ်က မင်းကို အဲသလို လုံးဝထင်မထားဘူး၊ ငါ ဘယ်လိုပဲလုပ်သွားသွား ညိုဆိုတဲ့ မိန်းမကတော့ သူ့တစ်သက်မှာ ဒုတိယအိမ်ထောင်ဆိုတာ လုံးဝထူထောင်မယ့် မိန်းမ မဟုတ်ဘူးလို့ပဲ ငါ ယူဆထားခဲ့တာ"

"ဘာပြောတယ်၊ ရှင် ... ရှင် တော်တော်အတ္တကြီးလွန်းပါလား ကိုရန်နိုင်၊ ရှင်ကျတော့ လုပ်ချင်တိုင်း လုပ်သွားပြီး ကျွန်မကိုကျတော့ လုံးဝမထင်ဘူးလေး ဘာလေးနဲ့၊ တော်တော်မတရားတဲ့လူ"

"ဘာပဲဖြစ်ဖြစ်လေ၊ မင်းကို ငါက သာမန်ထက် မြင့်တင်ပြီး တွေးထားပေးခဲ့တာ၊ လက်စသတ်တော့ မင်းဟာ သာမန်မိန်းမတစ်ယောက်ပဲ၊ အုတ်အရောရော ကျောက်အရောရော မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲ"

"အဲဒါ ဘာဖြစ်လဲ၊ ရှင် အဲလို ရှိသ့ဲသဲ့ပြောရင် ကျွန်မက မခံချင်ဖြစ်ပြီး ဆွေ့ဆွေ့ခုန်မယ် ထင်နေလို့လား၊ ဟုတ်တယ်၊ ကျွန်မက သာမန်မိန်းမဆိုရင် ရှင်ကတော့ သာမန်





အောက် ယောကျ်ားဆိုတာ ရှင့်ကိုယ်ရှင် သိတယ်မဟုတ်လား၊ ကျွန်မက အိမ်ထောင်ကို သစ္စာဖောက်ပြီး နောက်ယောကျ်ားယူတာ မဟုတ်ဘူး၊ လွတ်လပ်သူတစ်ယောက် အနေနဲ့ တင့်တင့်တယ်တယ် နောက်အိမ်ထောင်ပြုမှာ"

"မင်းတို့က အခု ရည်းစားတွေ ဖြစ်နေတဲ့အဆင့်ပေါ့"

"ကိုရန်နိုင် ... ရှင် ငါးနှစ်လုံး အေးအေးဆေးဆေးနေလာပြီး အခု ဘာဖြစ်နေတာလဲ၊ ခုတလောမှ ဘာတွေဖြစ်နေတာလဲ"

"ခုတလောမှ ..."

ရန်နိုင်က စကားကို ဖြတ်ရပ်လိုက်ပါသည်။ အခု လောမှ မဟုတ်ဘဲ စပြီးတည်တယ်ဆိုကတည်းက စိတ်ပါလက်ပါ က်ဟက်ပက်ပဏ် စိတ်တိုင်းမကျခဲ့တဲ့ သူ့အိမ်ထောင်ရေးဟာ စ်နှစ်ထက်တစ်နှစ် စိတ်ပျက်ဖို့သာ ကောင်းလာခဲ့ရင်းက ခု ာက်ဆုံးတစ်နှစ်အတွင်းမှာတော့ သူနှင့် ဆင်ဒီအကြား ရန်ပွဲ ွ ဆက်တိုက် စိပ်လာကာ အိမ်ကိုမကပ်ချင်လောက်အောင် ူ့စိတ်ဓာတ်တွေ ပျက်ပြားလေလွင့်နေခဲ့တာပါ။

အဲဒီလိုအချိန်မျိုးမှာ ညို့နံဘေးမှာ ယောကျ်ားတစ် ာက်ကို အကြိမ်ကြိမ် တွေ့တွေ့လာတာက သူ့ရဲ့အသည်းနှလုံး ွကို ဓားတုံးတုံးနှင့် ကြိတ်လှီးနေသလို အကြီးအကျယ်နာကျင် ်စေတာ။ ညို့နံဘေးမှာ တွေ့ရတဲ့ ယောကျ်ားဟာ ဘာမဟုတ် း အာပလာကောင် ဆိုရင် သူ ခံစားချင်မှ ခံစားရမှာ။ ညိုလို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျိုးဟာ လေးနက်မှုကင်းမဲ့တဲ့ ပေါ့ပေါ့တန်တန် မိန်းမစား မဟုတ်၍ တော်ရုံတန်ရုံ သာမန်ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ ဘဝမှာ နေရာပေးမည်မှ မဟုတ်တာ။

သူ တွေ့ရတဲ့ မောင်မောင် ဆိုတဲ့ ယောကျ်ားသားကတော့ တည်တည်ကြည်ကြည်နှင့် စိတ်သဘောထားလည်း ပြည့်ဝပုံရပြီး ညို့ကိုလည်း ကြင်နာမြတ်နိုးတဲ့ တန်ဖိုးထားတဲ့ အရိပ်အယောင်အပြည့်ရှိနေသော ယောကျ်ားကောင်းတစ်ယောက်လို့ အကဲခတ်နိုင်နေ၍ သူ့မှာ ပိုပြီးမချိမဆန့် ခံစားနေရတာ ဖြစ်ပါသည်။

လူကောင်းတစ်ယောက်ဆိုတော့ ညို တကယ်အတည် စဉ်းစားသွားနိုင်သည်ဆိုတဲ့ အသိက လူကိုသတ်ဖြတ်နေတော့တာပါပဲ။ ;

"ခုတလောမှ မင်း ဒီလူနဲ့ တစ်ချိန်လုံး တွဲနေခဲ့တာကိုး"

ညိုက သက်ပြင်းလေးတစ်ချက်ကို ပွင့်ပွင့်လင်းလင်း ချလိုက်ကာ ...

"ကျွန်မ ပြောနိုင်တဲ့ စကားကုန်က အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ ဆိုတာပဲ ကိုရန်နိုင်"

"ကိုယ့်အသိစိတ်က ဘယ်လိုမှ လက်သင့်မခံနိုင်ဘူး ဖြစ်နေတယ် ညို"

"အဲဒါတော့ ကျွန်မလည်း ဘာမှမတတ်နိုင်ဘူး"

"ညို ... မင်း ... မင်း ပြန်စဉ်းစားပေးပါဦး"





"ရှင် ရူးနေလား၊ ဘာကိုပြန်စဉ်းစားရမှာလဲ၊ ရှင်စဉ်းစား ခိုင်းစရာ ကိစ္စလား"

"ညို ... ကိုယ်လေ ..."

"ရှင် ပြန်မဆက်နဲ့ ကိုရန်နိုင်၊ ကလေးမဟုတ် လူကြီး မဟုတ် ကျွန်မကို နှောင့်ယှက်မနေပါနဲ့"

ညိုက ဖုန်းကို ပိတ်ချလိုက်ပါသည်။ ရန်နိုင်က ရင်ထဲမှာ တင်းကျပ်ပြီး ဖုန်းကို လက်ထဲစိစိညက်ညက် ဆုပ်ညှစ်ထားမိကာ မြင်ကွင်းကို စိုက်ကြည့်နေမိသည်။ ကားနားကို မောင်မောင်က ရောက်လာကာ သူ့ဘက်တံခါးရဲ့ ပြတင်းပေါက်ပေါင်မှာ လက်ပိုက်တင်ပြီး ခါးကိုင်း၍ ညို့ကို စကားလှမ်းပြောနေပါသည်။

"ညနေလောက်မှ ရမယ်တဲ့ ညို၊ လက်စသတ်စရာလေး နည်းနည်းကျန်နေလို့တဲ့၊ အသေးစိတ်တော့ ကျွန်တော် လျှောက်စစ်ကြည့်ပြီးပြီ၊ ကောင်းပါတယ်၊ ဒီလူတွေ မဆိုးပါဘူး၊ လိုတာအားလုံး အသေးစိတ် ဂရုစိုက်လုပ်ကြတယ်"

"ဒါဖြင့် ညိုတို့ ညနေမှ ..."

"တုံတုံ ... တုံတုံ"

ညိုက ဖုန်းကိုင့်ကြည့်ကာ မျက်နှာလေး မသိမသာ တင်းပြီး ...

"ညိုတို့ညနေမှ တစ်ခေါက်လာယူရမှာပေါ့နော် မောင်မောင်"

"အင်း ... ဟုတ်တယ် ညို"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင့်ကို အကြိမ်ကြိမ် အခေါက်ခေါက် ချောခွဲနေ ရတာ အားနာတယ်"

"တုံတုံ ... တုံတုံ"

"ဖုန်းကိုင်လိုက်ပါဦး ညို"

"ဟင့်အင်း ... ရတယ် နေပစေ မောင်မောင်၊ မပြောချင်လို့ပါ"

"တုံတုံ ... တုံတုံ"

"ညို ဘာမှအားနာမနေနဲ့၊ ညနေမှ တစ်ခေါက်ပြန်လာကြတာပေါ့၊ အခု ပန်းတိမ်ပဲ တစ်ခေါက်ပြန်ပြီး ညို့အလုပ် ပြန်လုပ်ကြတာပေါ့၊ ဟုတ်လား ညို"

ညိုက မောင်မောင့်ကို အားနာပါးနာကြည့်ရင်း ခေါင်းလေးညိတ်ပြလိုက်ပါသည်။ မောင်မောင်က မလှမ်းမကမ်းမှ ဝပ်ရှော့လုပ်သားလေးတွေကို ကားနားကပဲလှမ်းကာ ...

"ဒါဖြင့် ငါတို့ သုံးနာရီ လေးနာရီမှ ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ အဲဒီအချိန်တော့ အားလုံးပြီးနေပါပြီ"

မောင်မောင်က ကားပေါ်ပြန်တက်ထိုင်လိုက်ပါသည်။

"တုံတုံ ... တုံတုံ"

မောင်မောင်က ညို့မျက်နှာ ခပ်ပျက်ပျက်ကို ငဲ့ကြည့်ရင်း ...

"ညို ဘာဖြစ်လို့လဲဟင်၊ စိတ်အနှောင့်အယှက်ဖြစ်စရာ ရှိလို့လား"





ညိုက ခေါင်းလေးကိုယမ်းကာ ဘေးမှန်မှတစ်ဆင့် ရန်နိုင့်ကားဆီ ခပ်စောင်းစောင်း မြင်ရသလောက် ကြည့်လိုက်ပါသည်။ နားလည်ရခက်သော ခံစားချက်တွေ ထင်ဟပ်နေတဲ့ မျက်နှာနှင့် ဖုန်းကို နားမှာကပ်ကာ ညိုတို့ဘက် လှမ်းကြည့်နေတဲ့ ရန်နိုင့်ကို မြင်ရသည်။

ညိုက ဖုန်းကိုပိတ်၊ ပါဝါကိုအောဖ်လုပ်ချပစ်ကာ ဖုန်းကို ပိုက်ဆံအိတ်ရဲ့ ဟိုးအတွင်းဘက် ဇစ်အိတ်ထဲ ထည့်ပိတ်ပစ်လိုက်ပါသည်။ မောင်မောင်က ကားကိုမောင်းထွက်ရင်း ညို့ကို မသိမသာ လှည့်ကာ လှည့်ကာ အရိပ်တကြည့်ကြည့်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"မင်းက ဘယ်လဲ ဆင်ဒီ"

ဆင်ဒီက အဝတ်နောက်တစ်မျိုး လဲလှယ်နေရာမှ ...

"ကျောင်းသားဟောင်း တွေ့ဆုံပွဲရှိတယ်လေ၊ ကိုကြီးကို ပြောပြီးပြီ"

"ညနေမှ မဟုတ်လား"

"ညနေတော့ ညနေပဲ၊ ဒါပေမဲ့ အားလုံး ကလျာထွန်းအိမ်က စုထွက်ကြမှာမို့လို့ အခု ကလျာထွန်းအိမ် သွားမှာ"

"အဲဒါ အခု နေ့လယ် တစ်နာရီကတည်းက ထွက်ဖို့လိုလား၊ ခြောက်နာရီလောက်မှ မင်းတို့ ထွက်ကြမှာ ကလျာထွန်းဆီ လေးနာရီရောက်ရင် ရတာပဲ မဟုတ်လား"

"ရတော့ ရတယ်လေ"

"အဲဒါ အခု ထွက်ဖို့လိုလား"





"အခု ထွက်တာက လိုလို့မဟုတ်ပါဘူး၊ ထွက်ချင်လို့ ထွက်တာပဲဟာ၊ အစောကြီးဆုံတော့ အစောကြီး စကားတွေပြောကြ အစောကြီး ပျော်ရတာပေါ့၊ အိမ်မှာဘာအလုပ်မှမရှိတာပဲဟာ"

"အိမ်မှာ အလုပ်မရှိလို့ အိမ်မှာ မနေဘူး ဆိုတာတော့ မဟုတ်သေးဘူး ထင်တယ် ဆင်ဒီ၊ မင်းလိုမိန်းမက အိမ်မှာဘယ်တုန်းကမှ အလုပ်မရှိသလို နောင်လည်း ဘယ်တော့မှ အလုပ်ရှိမှာ မဟုတ်တော့ ဘယ်သောအခါမှ အိမ်မကပ်တော့ဘူးဆိုတဲ့ သဘောလား"

"ရှင် ဘာတွေ လာရစ်နေတာလဲ ကိုကြီး"

"မနက်ကလည်း တစ်ခေါက်ထွက်ပြီးပြီ"

"မနက်က ညနေဝတ်ဖို့ အဝတ်ထွက်ဝယ်တာ"

"ဩော် ... မင်းမှာ ဝတ်စရာ အဝတ်ကောင်း မရှိတော့ဘူး ကိုး"

"ဘာတွေ လိုက်ရိနေတာလဲ ကိုကြီး"

"သားလေးရော"

"မေမေတို့အိမ်မှာ"

"မိုးလင်းရင် ကလေးကို တခြားအိမ်သွားအပ်ပြီး မင်းသွားချင်ရာသွား ထွက်ချင်ရာထွက် ညမိုးချုပ်မှ ကလေးသွားပြန်ခေါ်ပြီး ပြန်လာ ဆိုတဲ့ သံသရာလည်မှုကို ငါ အရမ်းမုန်းတီးနေပြီ ဆင်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့အိမ် မပို့ရဘူးဆိုရင် ဆင်ဒီ အပြင်သွားနေတုန်း ကိုကြီးကော ကလေးထိန်းထားနိုင်တာမို့လို့လား၊ ကိုကြီး ဆေးခန်း လာပို့ထားရမှာလား"

"မင်း ..."

ရန်နိုင်သည် ဘေးကစားပွဲကို လက်သီးနှင့် ထိုးချမိမည်ကြံပြီးမှ စိတ်ကို ချုပ်တီးထားလိုက်ရပါသည်။

"မင်း ကလေးအမေလေ ဆင်ဒီ၊ စီးပွားရှာတဲ့ အလုပ်လည်း မင်း လုပ်နေရတာ မဟုတ်ဘူး၊ အိမ်မှုကိစ္စလည်း လုပ်မယ့်သူရှိတယ်၊ မင်းကလေးကို မင်းပဲထိန်း၊ မင်းပဲကြည့်ပေါ့၊ မင်း အပြင်လျှောက်မထွက်နေဘဲ အိမ်မှာနေရင် ကလေးကို ဘယ်သူ့မှ သွားအပ်ထားစရာ မလိုဘူး"

"ဆင်ဒီ့မှာ သွားစရာတွေ ရှိသေးတယ်"

"မင်းကို မသွားနဲ့ ပြောနေတာ မဟုတ်ဘူး၊ သွားသင့်တာ သွား၊ နည်းနည်းပါးပါးလည်း အိမ်မှာနေဦးမှပေါ့ကွ"

"ကိုကြီးနဲ့ ဆင်ဒီ စ,သိကတည်းက ဆင်ဒီ အမြဲ ဒီလိုပဲ လျှောက်သွားနေတဲ့ဆီ ကိုကြီး ရောက်လာရတာပဲလေ၊ ခုမှ ဆင်ဒီ ပြောင်းလဲတာ မဟုတ်ဘူးဆိုတာ ကိုကြီး သိပါတယ်"

ရန်နိုင်သည် ဆင်ဒီ့မျက်နှာကို စိတ်ပျက်လက်ပျက် စိုက်ကြည့်နေမိရင်း ရင်ထဲမှာ "အရှုံး"ဆိုတဲ့ အရာတစ်ခုကို





ခံစားလိုက်ရပါသည်။ အဲဒီအရှုံးကြီးကို သူဟာ အင်မတန် တန်ဖိုးကြီးစွာ ပေးပြီးတော့ ဝယ်ယူခဲ့တာ။ ဒီအခြေအနေတစ်ခုကိုရဖို့ ပေးဆပ်ခဲ့ရတဲ့ တန်ဖိုးက များပြားလွန်းပြီး လက်ထဲရောက်လာတော့ ကိုယ်ထင်နေခဲ့တဲ့ နန်းတော်ကြီးက ပုပ်ဆွေးနံဟောင်တဲ့ အမှိုက်ပုံကြီးတစ်ပုံ ဖြစ်နေပါသည်။

"အဲဒီတော့ မင်းက ငါ့ကို တစ်ခွန်းမကျန် ပြန်ပြောနေတဲ့ အဓိပ္ပာယ်က မင်းအပြုအမူကို မပြင်နိုင်ဘူး၊ ရေ့လျှောက် ဒီလိုပဲ မိုးလင်းက မိုးချုပ် လျှောက်သွားနေမှာပဲ၊ ကလေး တာဝန်လည်း ဘာမှမယူနိုင်ဘူး ဆိုတာပဲပေါ့၊ ဟုတ်လား"

"ကိုကြီး ဆင်ဒီ့ကို အပြစ်ရှာနေတာ"

"ဩော်"

"ဟုတ်တယ်၊ ခုတလော အပြစ်ပိုရှာလာဘာ"

"ဟုတ်ကောင်း ဟုတ်မယ်၊ ဒါပေမဲ့ မင်းအပြစ်တွေက အရင်ကတည်းက တကယ်ရှိနေတာ၊ မရှိ့ရှိတာ ငါရှာထုတ်နေတာ မဟုတ်ဘူး"

"အရင်ကတည်းက ရှိနေတဲ့ အပြစ်တွေကို အမြဲလျစ်လျူရှုလာပြီး ခုတလောမှ ထုတ်ဖော်ပြီး စိတ်ပျက်သလို လုပ်လာတာ ဘာအကြောင်းရှိလို့လဲ ကိုကြီး၊ ဆင်ဒီက ထူးခြားပြောင်းလဲပြီး ဆိုးလာတာ မဟုတ်ဘဲ ကိုကြီးက ပြောင်းလဲ အပြစ်မြင်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တခြား စိတ်ပျက်စရာတွေ များလာပြီး သည်းမခံနိုင်တော့တဲ့ အဆင့်ကို ရောက်လာတာ၊ ငါ ဒီလိုမပြောရင် မင်း ဘယ်တော့ပြင်မှာလဲ"

"ဆင်ဒီ မပြင်ရင်ကော ကိုကြီးက ဆက်မပေါင်းနိုင်ဘူးလို့ ဆိုလိုတာလား"

"တောက်"

"ဟင်း ... ဟင်း ... ဦးရန်နိုင်၊ ရှင့်ကိုယ်ရှင် မြင်အောင် ပြန်ကြည့်ဦး ကိုကြီး၊ ရှင့်သားတွေ သမီးတွေ ရောက်လာချိန်ဆိုရင် ရှင့်စိတ်တွေ ဖောက်ဖောက်လာနေကျ၊ သူတို့နဲ့ သွားတွေ့ရင်း ရှင့်မိန်းမဟောင်းကြီးကိုလည်း ပြန်ပြန်မြင်ရတော့ 'ဒီအချိန်ရောက်လာရင်ကွယ် ရန်နိုင့်စိတ်တွေ ဖောက်ဖောက်လာတယ်'ဆိုသလိုမျိုး ဖြစ်နေတာ ...

ဒီနှစ်တော့ ပိုဆိုးတယ်၊ မပြောချင်လို့ ကြည့်နေတာ၊ ရှင်ယောက်ယက်ခတ်နေတာ ဟောဒီက မြင်နေရတယ်နော်၊ ဂနာမငြိမ်တာ စိတ်တွေလှုပ်ရှားနေတာတွေ အကုန်သေးက မြင်နေတယ်၊ ကျွန်မကို ဘာမှလာပြုပြင်ဖို့ ပြောမနေနဲ့၊ ရှင့်ကိုယ်ရှင် အရင်ပြုပြင်ပါဦး ဦးရန်နိုင် ...

ပြောချင်တာကြာပြီ အခြေအနေ ကြည့်နေတာ၊ ကျွန်မက ဒေါ်ညိုညိုညိုလို အသာတကြည်နဲ့ ရှင်လုပ်ချင်ရာလုပ်သွားဖို့ ခွင့်ပြုလိုက်မယ့် မိန်းမမျိုးကိုတော့ မထင်နဲ့၊ ရှင့်ဂုဏ်သိက္ခာတွေ စုတ်ပြတ်သတ် ကျဆင်းကုန်မယ်"





"ဟား ဟား ဟား"

ရန်နိုင်က တကယ်ပဲ သဘောကျကာ အော်ရယ်လိုက်မိသည်။

"မင်းနဲ့ စဖြစ်ကတည်းက ငါ့ဂုဏ်သိက္ခာတွေ ကျဆင်းခဲ့ပြီးသား၊ ညိုနဲ့ အပြီးကွာရှင်းလိုက်တဲ့အချိန်မှာ ငါ့ဂုဏ်သိက္ခာတွေက အတုန်စုတ်ပြတ်သတ်သွားပြီးပြီ၊ ထပ်ပြီးစုတ်ပြတ်စရာ မရှိတော့ဘူး၊ အေး ... ရန်နိုင်ဆိုတဲ့ငါက စိတ်ကို အလိုလိုက်မိပြီဆိုရင် ဂုဏ်တွေရော သိက္ခာတွေရော ထည့်တွက်နေတော့တဲ့ကောင် မဟုတ်ဘူး ဆိုတာ မင်း သိပါတယ် ဆင်ဒီ ...

တစ်ခုခု ဖြစ်လာမှ မင်း ငါ့အဆိုးမဆိုနဲ့၊ အခု ငါ အိမ်ပြန်လာတယ်၊ အိမ်မှာ မိန်းမလည်းမရှိဘူး၊ ခုပဲ အပြင်ထွက်မယ်၊ ကလေးကလည်း သူများအိမ်မှာ၊ ဒီမှာမရှိဘူး၊ မိသားစုဆိုတဲ့ အဓိပ္ပာယ်မှမရှိတဲ့အိမ်ကို စောစောစီးစီးပြန်လာမိတာက ငါ့အမှား ဖြစ်နေပြီ"

"ကိုကြီး ... ငါ့စကားနွားရ မပြောပါနဲ့၊ ကိုကြီး ဒီအချိန်အိမ်ပြန်လာတယ်ဆိုတာ ပုံမှန်ရာဇဝင်ရှိလို့လား၊ ဒီရက်သာ ကိုကြီးရဲ့သားသမီးတွေ ရောက်နေတယ်ဆိုပြီး ဆေးခန်းရက်တွေဖျက်ထားတာ၊ ရှင့်သားသမီးတွေနဲ့သာ သွားစရာရှိရင် ဒီအချိန် အိမ်ပြန်ရောက်လာပါ့မလား၊ ရှင့်သားသမီးတွေက ရှင့်ကိုထားပြီး သွားနှင့်လို့ ရှင် သွားစရာမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို နေ့လယ်နေ့ခင်း အစောကြီး ရောက်လာတာဖြစ်မှာပေါ့၊ ရှင့်ဟာရှင် မပြေလည်လို့ အိမ်ပြန်လာရတာကို အိမ်ရောက်တော့ အိမ်မှာ မနေတဲ့သူတွေကို မဲပြီး ပုံချမနေပါနဲ့”

ပြောရင်း ဆိုရင်း ရန်ထောင်ရင်း အဝတ်အစားလဲပြီးသွားတဲ့ ဆင်ဒီက အသင့်ပြင်ထားတဲ့အိတ်ကို ကောက်ကိုင်လွယ်၊ ကားသော့ကောက်ယူကာ ရန်နိုင့်ရှေ့ကပဲ ခပ်တည်တည်ဖြတ်လျှောက်ပြီး အခန်းထဲက ထွက်သွားပါသည်။

ဒေါသတကြီး ထပ်ပြောနေဖို့ ကိုယ့်ခွန်အားကိုကိုယ်မသုံးချင်တော့။ အိမ်မှာ အိမ်ဖော်တွေကလွဲရင် ကိုယ်တစ်ယောက်ပဲရှိတဲ့အဖြစ်ကို ကသိကအောက် ဒေါပွမိတာဖြစ်ပေမယ့် တစ်ဖက်က လှည့်တွေးပြန်ရင် အနားမှာ ဆင်ဒီ မရှိလေ သူ့စိတ်တွေ ပေါ့ပါးအေးချမ်းလေ။ ဆင်ဒီ အနားမှာရှိနေရင် တစ်ခုမဟုတ်တစ်ခု သဘောထားကွဲလွဲ စကားများ၊ စိတ်နှလုံး ပင်ပန်းနောက်ကျိရသည်။

သူ မရှိလေ နားအေးလေပေါ့။ အိမ်မကပ်တဲ့ ရင်သွေးကို အနွံတာမခံချင်တဲ့၊ အပျော်အပါးမက်တဲ့ ဆင်ဒီ့ကို စိတ်ပျက်ရလွန်းတာ မှန်ပေမယ့် အပြင်အပျော်အပါး မမက်ဘဲ အိမ်ချည်းကပ်နေပြန်ရင်လည်း သူ စိတ်ရှုပ်ဦးမှာပါ။ အဓိက,က ဆင့်ဒီ့အပေါ် မနှစ်မြို့နိုင် ခွင့်မလွှတ်နိုင်တာဟာ ရန်နိုင့် အချစ်တွေ သူ့မအပေါ် မစစ်လို့။





ခုမှပြောတော့ ကိုယ့်အပြစ်ပါ။

ဒါပေမဲ့ သူဟာ ဆင်ဒီကို တစ်ခါမှ မြတ်မြတ်နိုးနိုး မချစ်မိဖူးခဲ့ပါ။ မချစ်ဘဲနဲ့ ဘယ်လိုလုပ် ဒီလိုအဆင့်ထိ ရောက်လာခဲ့တယ်ဆိုတာဟာလည်း ပြန်ရှင်းပြဖို့ အတော်ခက်ပါသည်။ သူ့ကိုယ်သူတောင် နားမလည်နိုင်အောင်ရှိတာ သူတစ်ပါးနားလည်နိုင်ဖို့တော့ ဝေးရောပေါ့။

ခုလောလောဆယ်မှာလည်း ဆင်ဒီ သူ့ကိုဆန့်ကျင်ပြီး ပြောရင်း ဆိုရင်းကနေပဲ အိမ်ကထွက်သွားတာ သူ့ခေါင်းထဲ မရှိတော့ပါ။ သူ့ခေါင်းထဲရှိတာ ညို။ ရန်နိုင်က ဖုန်းကိုထုတ်ကာ ညို့နံပါတ် နှိပ်လိုက်ပါသည်။

“လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ...”

ညို ... ညိုရယ်။ ငါ ဖုန်းဆက်မှာစိုးလို့ စက်ပါပိတ်ထားတဲ့ အထိပဲလား။ ရန်နိုင်သည် ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်ပြီး အကြာကြီး ထိုင်နေမိသည်။ ခေါင်းထဲမှာတော့ အတွေးတွေက ရှုပ်ယှက်ပျားပန်းခတ်လျက်။ ညို့ကို ဝန်တိုပူလောင်နေမိတဲ့ သူ့ကိုယ်သူ ပြန်ပြီးဝေဖန်ဆန်းစစ်နေမိတာပါ။

ဘယ်လိုပဲ ပြန်ပြီးတွေးတွေး တခြားယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်မှာ ညို့ကို တွေ့မြင်နိုင်ဖို့ သူ့တစ်ကိုယ်လုံးမှာ ဆဲဖျားတစ်ထောက်စာ တစ်နေရာတောင် ခွန်အားမရှိပါ။ ညို့အပေါ် ရိုင်းစိုင်းရက်စက်ရာကျခဲ့တဲ့ အပြုအမူအတွက် သူ ဘယ်လို



www.burmeseclassic.com

မှ ကျေအောင်တောင်းပန်နိုင်ခွင့် မရှိပေမယ့် လတ်တလော သူ့ ရင်တွင်းက ပြင်းပြတဲ့ ခံစားချက်ကတော့ ညို့ရဲ့ချစ်ခြင်းမေတ္တာ ကို သူကလွဲလို့ ဘယ်သူ့ကိုမှ ညို မပေးအပ်စေလိုတဲ့ ကြည်ဖြူ သဒ္ဓါနိုင်ခွင့်မရှိတဲ့ ခံစားချက်ပင်။

ညိုရယ် ... စိတ်အလိုလိုက် မိုက်မဲခဲ့တဲ့ အပြစ်တစ်ခု အတွက် စိတ်ဒုက္ခတွေ နောင်တတွေနဲ့ ကိုယ့်ရင်ထဲမှာ ပူပြင်း တောက်လောင်နေပြီ။ ကိုယ့်အသည်းနှလုံးထဲမှာ အမြဲတမ်း နေရာ ယူထားတဲ့ တစ်ဦးတစ်ယောက်တည်းသော မိန်းမဟာ ညိုပါ ဆို တာ ညို သိစေချင်စမ်းပါဘိတော့။ ရန်နိုင် ဆိုတဲ့ လူမိုက်ကြီးတစ် ယောက် ညို့ကိုချစ်တဲ့စိတ်နဲ့ အရှူးတစ်ပိုင်း ခံစားနေရတယ်ဆိုတာ ညို့ကို ဖွင့်ပြောချင်လှပါဘိတော့။

❦ ❦ ❦





^

ဘော်ဘိုသူငယ်ချင်းက နှစ်ယောက်၊ ဒေါ်လှိုင်သူငယ် ချင်း ကောင်မလေးက နှစ်ယောက်၊ လူငယ်ခြောက်ယောက်တို့က စားသောက်အပြီး အသီးအနှံ အချိုရည်တို့နှင့် အခန်းတစ်ခန်းထဲ မှာ MTV သီချင်းခွေ ဖွင့်ကြည့်ရင်း သူတို့ဟာသူတို့ အုပ်စုဖွဲ့ နေကြချိန်မှာ လူကြီးတွေက ဧည့်ခန်းမှာ။

ခင်သက်ဝေတို့ လင်မယား၊ စန္ဒာ၊ မောင်မောင် အမြဲဆုံနေကျ ဤလေးယောက်နှင့် ညိုရယ်၊ ရန်နိုင်ရယ်။ ညိုနှင့် သက်ဝေတို့လေးယောက်က မကြာမကြာ ဆုံတွေ့ဖြစ်ကြတဲ့အတွက် ား‌လုံးထဲမှာ ရန်နိုင်က စိမ်းနေပါသည်။ အဲဒီအပြင် ရန်နိုင်ဟာ ာ်ဘိုမွေးနေ့မို့ ဒီသားနဲ့သမီး မျက်နှာနှင့်သာ လာရသူဖြစ်ကာ နှင့်ကလည်း ခပ်တန်းတန်းသာဖြစ်၍ ရန်နိုင် အနေခက်နေတာကို တဲ့ ကိုဝေမင်းက ရန်နိုင့်ကို ဒိုင်ခံစကားပြောပေးနေပါသည်။

ကလေးတွေကလည်း သူတို့အဖေကို ချစ်တာကချင် သူတို့သူငယ်ချင်းတွေ ရောက်နေကြတော့ သူငယ်ချင်းတွေနဲ့

www.burmeseclassic.com



ပဲ နေကြတာပင်။ ညိုကလည်း လိုအပ်တဲ့စကားသာ ပြောနေတော့ သိပ်စကားမပြောဖြစ်။ ဒါနဲ့များတောင် ခုချိန်ထိ မပြန်ဘဲ ပေထိုင်နေတဲ့ ရန်နိုင့်ကိုလည်း ဝေမင်းက အံ့အားသင့်နေမိပါသည်။

ရန်နိုင်လည်း ရှိနေတဲ့အတွက် မောင်မောင်လည်း အလိုလိုနေရင်း အနေကျုံ့ အနေခက်ပြီး တိတ်ဆိတ်နေပါသည်။ စကားအများဆုံးပြောနေတာ သက်နှင့် စန္ဒာ။ ညိုလည်း စကားနည်းနေသည်။ ခဏကြာတော့ ရန်နိုင်သည် သူ့နံဘေးစားပွဲပေါ်ချထားသည့် စီးရက်ဘူးနှင့် မီးခြစ်ကို ကောက်ယူကာ ဝရန်တာကို ထထွက်သွားပါသည်။

ရန်နိုင် ဝရန်တာရောက်သွားသည်နှင့် သက်က တီးတိုးသံနှင့် ...

"ရွှေညို ... သူက ဘာလို့ မပြန်သေးတာလဲ"

ညိုက ပခုံးတွန့်သည်။

"သူလည်း နေရတာ ကြောင်တောင်တောင်ကြီးနဲ့ကို ဖြစ်တာမဟုတ်ဘူး၊ ငါတို့လည်း နေရတာ မလွတ်လပ်ဘူး ရယ်ချင်တာတောင် ကျယ်ကျယ်မရယ်ရဘူး"

"မောင်မောင် တစ်ယောက်လည်း ဒဏ်ပေးခံထားရသလို ဟိ ဟိ"

"ရှူး ... သက်တို့ကလည်းကွာ၊ သူလည်း သူ့ကလေးတွေ ရှိနေတာ နေချင်ဦးမှာပေါ့"





"သူ့ကလေးတွေက သူ့နား နေတာမှ မဟုတ်ဘဲ၊ သူတို့သူငယ်ချင်းနဲ့ သူတို့နေတာ"

"ကျွတ် ... မင်းတို့ကလည်းကွာ"

ဝေမင်းက အားနာပါးနာ ဖြစ်လာသလို ဝရန်တာဘက် လိုက်ထွက်သွားပါသည်။ ကျယ်ပြောသော ဝရန်တာမှာ ခပ်မိုမို ပလတ်စတစ်ခုံဝိုင်းတွေ လေးခုချထားပါသည်။ ရန်နိုင်က ခုံတစ်လုံးမှာ ခြေပစ်လက်ပစ် မှီလျှောထိုင်နေရာမှ ဝေမင်းကိုမြင်လျှင် ...

"ထိုင်လေ ကိုဝေမင်း၊ ညိုက အိမ်ထဲမှာ စီးကရက်သောက်ရင် မကြိုက်ဘူးဗျ၊ ဒါကြောင့် အပြင်ထွက်သောက်တာ"

"ကျွန်တော်လည်း အထဲမှာထိုင်တာကြာတော့ နည်းနည်းငြီးစီစီ ရှိတာနဲ့"

"သက်သာသလိုနေပါ ကိုဝေမင်း၊ ကိုဝေမင်း ကြည့်ရတာ ကျွန်တော့်ကို အားတုံ့အားနာ ဖြစ်နေတဲ့ပုံပဲ၊ ကျွန်တော်လည်း မပြန်ချင်သေးတဲ့စိတ်က အားကောင်းနေလို့ မျက်နှာပြောင်တိုက်ပြီး ဆက်ထိုင်နေတာပါ"

"မျက်နှာပြောင်တိုက်တယ် ဘယ်ဟုတ်မလဲဗျာ၊ နေချင်သေးတာ သဘာဝကျပါတယ်၊ ကလေးတွေလည်း ရှိနေတာကိုး"

ရန်နိုင်က ခဏတိတ်သွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေ ရှိတာလည်း ပါပါတယ်၊ အဲဒါအပြင် ကျွန်တော် ခုရက်ပိုင်း ဒီအိမ်ကို ရောက်ရောက်လာပြီးရင် လုံးဝမပြန်ချင်တဲ့ဆန္ဒ ဖြစ်နေမိတာပါ၊ မဖြစ်နိုင်လွန်းလို့ ဖွင့်ထပြန်ရတာပါ၊ ဒီအိမ်ထဲကို ဝင်လိုက်တဲ့အခါ အိမ်ရဲ့ နေရာတိုင်းက အငွေ့အသက်အားလုံးက ကိုယ်နဲ့ရင်းနှီးနေတာလေ၊ ကိုယ့်အိမ်ဆိုတဲ့ အနွေးဓာတ်ကို အခု ကျွန်တော် ရနေတယ် ...

ဒီအိမ်ထဲ ဝင်လိုက်ရင် အသက်ရှူလို့ ပိုကောင်းသွားသလိုလို အားပဲရှိလာသလိုလို၊ အခန်းတွေထဲကနေ ကလေးတွေထွက်လာပြီး ပြေးဖက်ကြတော့မလိုလို၊ အရမ်းထူးဆန်းပြီး နွေးထွေးတဲ့ Atmosphere လေးကို ကြိုက်တယ်ဗျာ၊ လွမ်းလည်း လွမ်းတယ်၊ ဒီအိမ်ထဲမှာ တစ်နေရာမှာ ထိုင်နေရတာကိုပဲ စိတ်ချမ်းသာနေမိတာ၊ ထမပြန်ချင်ဘူး ...

ငါ့အိမ်မဟုတ်တော့ဘူးလို့ အားယူပြီး တွေးရတာ စိတ်ထဲမှာ တော်တော်ထိခိုက်တယ်၊ ပြန်ရတော့မယ်၊ ပြန်သင့်ပြီလို့ တွေးရတာနဲ့ စိတ်မကောင်း ဖြစ်လာမိတယ်"

ဝေမင်းသည် ဘာမှပြန်မပြောနိုင်ဘဲ စိတ်ထိခိုက်သွားပြီး ရန်နိုင့်မျက်နှာကို မကြည့်ရက်ဘဲ ရှိနေလေသည်။ ဒီလူဟာ အများကျူးလွန်သွားတဲ့သူ။ သူ့အပြစ်နဲ့သူ။ ဒီလိုတွေးကြည့်နေမိပေမယ့် အိမ်ထောင်သည် ယောကျ်ားချင်းမို့ပဲလားမသိ၊ ရန်နိုင်





ရင်ထဲ ခံစားနေရမည့် ခံစားချက်ကို မျှဝေနိုင်ကာ သူပါ စိတ်မကောင်း ဖြစ်နေမိပါသည်။ ဘယ်လိုစကားနှင့် အားပေးရမည်တောင် ခဲ့စားမရ၍ ဘာမှကို ပြန်မပြောဖြစ်။

"ကိုဝေမင်းတို့ သက်ဝေတို့ကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အထီးကျန်တဲ့ ညို့ကို အမြဲအဖော်ပြုပေးကြလို့ပါ"

"ဒီလိုပဲပေါ့ဗျာ၊ ကျွန်တော်က ဒီမှာရှိတုန်း တစ်ခါတစ်ရံမှပါ၊ သူတို့သူငယ်ချင်းသုံးယောက်ကတော့ သိပ်ချစ်ကြတာလေ၊ သက်ဆိုရင် ညို့ကို တော်တော်ချစ်တာ"

"ကျွန်တော် သိပါတယ်၊ ကျွန်တော်နဲ့ ညို လမ်းခွဲပြီးတဲ့နောက် တော်တော်ကြာကြာအထိ ခင်သက်ဝေက ကျွန်တော့်ကို လမ်းမှာတွေ့လည်း မခေါ်ဘူး၊ ကျွန်တော့်ကိုမျက်နှာတင်းတင်းနဲ့ မျက်နှာလွှဲသွားရင် ကျွန်တော်က စိတ်မဆိုးမိပဲ သူ့ကို ပိုခင်မိတယ်"

"ညို့ဘက်က သူကပါ နာနေတာဗျ"

"နာလောက်ပါတယ် ကိုဝေမင်း၊ ခုမှပြောနေတော့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်သလို ဆင်ခြေလဲနေသလို ဖြစ်နေပေမယ့် အဲဒီတုန်းက ကျွန်တော့်ရဲ့မာနတွေကို လျှော့နိုင်ခဲ့ရင် ခုချိန်မှာ ဒီလိုဖြစ်မနေပါဘူး၊ ညို့ဘက်က ဆတ်ဆတ်ခါ နာကြည်းပြီး ခါးခါးသီးသီး ဆက်ဆံတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း မာန်မာနထားခဲ့မိတယ်၊ အမှန်တကယ်က ဒီလောက်ဖြစ်လာရဖို့အထိ လေးလေးနက်နက် ဖြစ်လာစရာ အကြောင်းကိုမရှိခဲ့တာပါဗျာ၊ ညို့ရဲ့ခွင့်မလွှတ်မှုက မထူးဇာတ်ခင်းမိစေခဲ့တာ၊ ညို့ကို အပြစ်တင်တာ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တာပါ၊ ညို့ကို ကျွန်တော် မရမက တောင်းပန်ခဲ့ရမှာ၊ ကျွန်တော်က ခွင့်မလွှတ်လည်း နေပေါ့ကွာ ဆိုတာမျိုးနဲ့"

ရန်နိုင့်အသံက တုန်ယင်ကြေကွဲလာ၍ ဝေမင်းက အတော်စိတ်ထိခိုက်မိလေသည်။

"ပြဿနာတစ်ခု ဖြစ်ပြီဆိုတော့လည်း သူတင်း ကိုယ်တင်းပေါ့ဗျာ၊ သွေးပူနေကြတာကိုး"

"အမှန်ပဲ ကိုဝေမင်း၊ သွေးပူခဲ့တာ၊ အဲဒီသွေးက ပြန်အေးသွားတာ ဘာမှသိပ်မကြာလိုက်ပါဘူး၊ ဒါပေမဲ့ ညို့ဆီပြန်လို့မရတဲ့ အဆီးအတားကတော့ ဖြစ်သွားခဲ့ပြီ၊ ကျွတ် ... ကျွတ်၊ ကျွန်တော် ဘာဖြစ်လို့များ ဒါတွေ တခြားသူတစ်ယောက်ကို ရင်ဖွင့်နေမိပါလိမ့်ဗျာ ... ဆောရီးပါ"

"ကိစ္စမရှိပါဘူး ကိုရန်နိုင်"

"ကျွန်တော် အသုံးမကျဘူးဗျာ၊ ဘဝကို ဘယ်တော့မှများ တည်တည်ငြိမ်ငြိမ် အထိုင်ကျကျ စိတ်ဒုံးဒုံးချနိုင်မလဲ မသိဘူး၊ ညိုရယ် ... သားနဲ့ သမီးရယ်ကို တွေ့လိုက်ရ





ငါတော်တော်အသုံးမကျတဲ့ကောင်ပါလားဆိုတဲ့ အတွေးက တော်တော်နှိပ်စက်တယ်၊ ကိုယ့်ကိုယ်ကိုယ် လူဖြစ်ရှုံးအောင် ကျွန်တော်ပဲ လုပ်တာလေ၊ တကယ်တော့ ကျွန်တော်မိသားစုကို ကျွန်တော် အရမ်းချစ်တာဗျ ကိုဝေမင်း ...

ကျွန်တော် ... ကျွန်တော် ပြန်မှထင်ပါတယ်ဗျာ၊ ပြန်မှ ဖြစ်တော့မယ်"

ရန်နိုင်က စီးကရက်ကို ကြွေပြားခင်းကြမ်းမှာ ထိုးချေကာ ထိုင်ရာမှထပြီး အိမ်ထဲပြန်ဝင်သွားပါသည်။ ဘော်ဘီတို့ ရှိနေတဲ့ အခန်းတံခါး ဟစိစိကို အသာခေါက်ကာ ...

"သား ... ဘော်ဘီ၊ ဒေါ်လီ ဒက်ဒီ ပြန်မယ်ဟေ့"

"ဟုတ် ... ဂွဒ်နိုက် ဒက်ဒီ"

"Thank you so much for your birthday present daddy..."

ဘော်ဘီနှင့် ဒေါ်လီက ထ,လာကာ သူတို့အဖေကို ခါးဖက်၍ နှုတ်ဆက်စကား ဆိုကြတဲ့ပုံကို ဧည့်ခန်းထဲကလူတွေ အားလုံး ငေးကြည့်နေမိကြပါသည်။

"ကျွန်တော် ပြန်လိုက်ပါဦးမယ်ဗျာ"

ရန်နိုင်က အားလုံးကို ဝေ့ကာ နှုတ်ဆက်၍ အားလုံးက ခေါင်းညိတ်ကြပါသည်။ ရန်နိုင်က ညို့ကို လှမ်းကြည့်ရင်း ...

"ညို ... ကိုယ် သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ညိုက ထိုင်ရာက ထ,ကာ သော့ရှိရာ လျှောက်သွားပါသည်။ ရန်နိုင်က ညို့ကိုမကြည့်တော့။ တံခါးဝမှာ ဖိနပ်ငုံ့စီးပြီး ခပ်ငိုက်စိုက်ဖို့က်နှင့် တိတ်တိတ်ဆိတ်ဆိတ်ပဲ အခန်းထဲမှထွက်သွားပါသည်။

ညိုက တံခါးပြန်ပိတ်ကာ နေရာမှာ ပြန်လာထိုင်သော်လည်း မျက်နှာလေးက တစ်မျိုးလေး ဖြစ်နေပါသည်။

လူတွေစုံနေတုန်းမို့သာ ညို စိတ်ကိုထိန်းထားနိုင်တာ။ သားတို့ခွင့်ရက်ပြန်လာကြလို့ ရန်နိုင်နဲ့ပါ ပြန်ဆုံကြတဲ့နေ့တွေမှာ ညကျ ညို ဘယ်တော့မှ အိပ်မပျော်ပါ။ အိပ်ရာထဲ တစ်ယောက်တည်း မျက်လုံးအကြောင်သားနှင့် မျက်ရည်ကျခဲ့ရသည် ချည်းပင်။

ဒီနေ့တော့ ပိုဆိုးတာက ဘော်ဘီမွေးနေ့နှင့်လည်း တိုက်ဆိုင်၍ ညို့မိတ်ဆွေတွေပါ ဖိတ်ဖြစ်လိုက်တဲ့အထဲ မောင်မောင်ပါ ပါနေခဲ့တော့ ရှေ့ကကတည်းက ရန်နိုင် မျက်နှာသိပ်မကောင်းလှတာ ညို ရိပ်မိသည်။ တစ်ယောက်တည်းလည်း သင်းကွဲလိုဖြစ်နေ၍ သူ့အတွက် စိတ်မကောင်းသလိုဖြစ်ကာ သူ့ကို မြန်မြန်ပြန်ပါစေတော့ ဆုတောင်းနေတာ။

သူရှိနေလေ ညိုတို့ကျန်တဲ့အုပ်စုရဲ့ ရန်းရင်းဆန်ခတ်ပြောဆိုရယ်မောနေကြခြင်းက သူ့ကို ပိုအထီးကျန်စေလေ ဖြစ်မှာမို့ပင်။ ဝရန်တာထွက်သွားတဲ့နောက် ကိုစေမင်းက ရန်နိုင့်ကို စကားလိုက်ပြောပေးတာကိုလည်း ညို နားလည်သည်။ ဘာတွေ





ပြောဖြစ်ကြတယ်တော့ မကြားရပေမယ့် ဝရန်တာမှ ကသုတ်ကရက် ပြန်ဝင်လာတဲ့ ရန်နိုင့်မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရုံနှင့် သူ့ရင်ထဲမှာ ဘယ်လောက် နာကျင်ခံစားနေရတယ်ကို ညို နားလည်သည်။

ငိုချလိုက်တော့မယ့် မျက်နှာမျိုး။ ယောက်ျားတစ်ယောက် ဖြစ်ပေမယ့် သူဟာ ငိုတတ်တဲ့ မျက်ရည်ကျတတ်တဲ့ ယောက်ျားတစ်ယောက်ဆိုတာ ဇနီးဟောင်း ညို့၌ အတွေ့အကြုံတွေ အများကြီးရှိခဲ့သည်။ သူ့အဖေ ညို့ယောက္ခမကြီး ဆုံးတုန်းက သူဖြစ်နေတဲ့ မျက်နှာဟာ ခုန, ဝရန်တာက ဝင်လာတဲ့ မျက်နှာမျိုး ဆင်ဆင်ပင်။

ခဏနေ ငိုတော့မယ်၊ ခဏနေ ငိုတော့မယ်လို့ တဖြည်းဖြည်း ထိန်းရင်း ထိန်းရင်းကပဲ အောင့်အည်းမရတော့ကာ ခဏအကြာမှာ ရှိုက်ကြီးတငင် ငိုချတော့တာ။ ခုလည်း အပြန်လမ်းမှာ ကားမောင်းရင်း သူ ငိုသွားမှာကို ညို အတပ်သိပါသည်။ အိမ်ထောင်သက်အတွင်း လင်မယားချင်း ရန်ဖြစ်ခဲလှပေမယ့် ရန်ရယ်လို့ တစ်ကြိမ်တစ်ခါဖြစ်လျှင် ညိုကတော့ လိုရင်းတိုရှင်း ပြတ်ပြတ်ပြောကာ တင်းတင်းမာမာ။

သူကတော့ ခံစားချက်တွေပါ တရဟောသွန်ချပြောရင်း ပြောရင်း ဝမ်းပန်းတနည်း ဒေါသတကြီး ပေါက်ကွဲငိုကြွေးတော့တဲ့သူ။ အရင်နှစ်တွေကလည်း သားတို့ကို လေဆိပ်ပြန်ပို့ရင်း လေဆိပ်မှာ မျက်ရည်အမြဲကျတဲ့သူဟာ ရန်နိုင်ပါပဲ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာက ညိုလို သာမန်ခွဲခွာရတဲ့ ခံစားချက်လောက်မက။ ကလေးတွေကို သူ မပိုင်မဆိုင်တော့သလို သူ့အပြစ်နဲ့သူ ဝေးကွာနေတဲ့ ခံစားချက်ကလည်း ရှိနေတာကိုး။

"မာမီ ... နေမင်းတို့ ပြန်တော့မယ်တဲ့"

"ဩော် ... အေး ... သားတို့ ပြန်တော့မလား၊ ကားလာကြိုမှာလား၊ ခေါ်ပြီးပြီလား သားတို့"

"ကိုခွဲ မောင်းလိမ့်မယ် အန်တီ၊ ကားယူလာပါတယ်"

"ဟုတ်လား ... အေး အေး၊ ကားဖြည်းဖြည်းမောင်းနော် သားတို့၊ လုံ့လုံ့တို့ရော ပြန်တော့မလို့လား"

"ဟုတ်ကဲ့ အန်တီ၊ သမီးတို့ ဖုန်းဆက်ထားတာ၊ အခုကားရောက်ပြီတဲ့၊ အောက်မှာ စောင့်နေပြီ အန်တီ"

"အေး ... အေး ... ဒါဆို သွားကြ၊ Thank you နော်၊ သားတို့ သမီးတို့"

သက်တူရွယ်တူ မဟုတ်ကြပေမယ့် ဟိုမှာခင်နေကြတဲ့ သားတို့ သမီးတို့ရဲ့ သူငယ်ချင်းလေးတွေ ပြန်သွားကြအပြီးမှာ စန္ဒာတို့ကလည်း ...

"ဟဲ့ ... ငါတို့လည်း ပြန်မှထင်တယ်"

ညိုက ပျာပျာသလဲပင် ...

"ဟယ် ... မပြန်ပါနဲ့ဦးဟယ်"

"နင် မနက်ကတည်းက ချက်ပြုတ်နေတာ ပင်ပန်းနေရောပေါ့၊ မနားချင်သေးဘူးလား"





"ဟင့်အင်း ... မနားချင်သေးပါဘူး၊ နေလို့ရရင် နေကြပါဦး၊ ညရှစ်နာရီခွဲဆိုတာ အစောကြီး ရှိပါသေးတယ်ဟာ"

ညိုသဘောကို နားလည်ကြကာ စန္ဒာက တမင်တကာပင် မျက်စောင်းလေးနှင့် ...

"ဟဲ့ ... ငါက အပျိုလေးဟဲ့၊ မိန်းမပျို အိမ်ပြန်ချိန်ဆိုတာ ရှိသေးတယ်"

"နင်က မိန်းမပျိုလား အပျိုကြီးလား၊ အပျိုလေး အိမ်ပြန်ဆည်းဆာတယ်၊ အပျိုကြီးအိမ်ပြန် သန်းခေါင်ယံတဲ့ မကြားဖူးဘူးလား ... ဟီ ဟိ"

"အောင်မာ ... ရွှေသက်နော်"

"အပျိုကြီးက အိမ်ကိုမပြန်တော့ဘူး မိသက်ရေ၊ မိုးချုပ်သွားလို့ သွားလည်တဲ့အိမ်ပဲ အိပ်လိုက်ရတော့မှာတဲ့"

စန္ဒာကို စရင်း ရယ်မောရင်း ညို့ရဲ့ဆွေးလျတဲ့စိတ်လေးကို အပြောင်းအလဲ ဖြစ်စေရသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ညိုက ဒီနေ့ ပန်းတိမ်မှ ယူလာသော စိန်နားကပ်လေးတွေကို ဒစ်ဂျစ်တယ်စက်ကလေးနှင့် အလေးချိန် ချိန်ကာ ရွှေချိန် ကျောက်ချိန် တစ်ခုစီရေးကာ စာရင်းလုပ်နေပါသည်။ ဒေါ်လီက ပလတ်စတစ်အိတ်ငယ် တစ်အိတ်စီနှင့် ထည့်ထားတဲ့ ရွှေထည်ပစ္စည်းလေးတွေကို တစ်ခုချင်း စိတ်ဝင်တစား ကောက်ယူကြည့်နေကာ ဘော်ဘီကလည်း အနားမှာ တီဗီကြည့်နေရာက တစ်ချက် တစ်ချက် ငုံကြည့်ရင်း ...

"မာမီ ... သားလိုချင်တဲ့ စိန်နားကပ်တစ်ဖက် ရပြီလား"

"မာမီ အပ်ထားပြီးသား၊ စိန်သန့်တာလေး ရွေးရှာအပ်ထားတယ်၊ သန်ဘက်ခါမှ ရမယ်သား"

ဘော်ဘီက နားတစ်ဖက်တည်း နားပေါက်ဖောက်ထားသူ ဖြစ်ပါသည်။ လောလောဆယ်တော့ ပလက်တီနံကွင်းလေးပဲ ဝတ်ထားကာ သူ့ရဲ့ပြီးခဲ့သော မွေးနေ့အတွက် အမေထံမှ စိန်နားကပ်တစ်ဖက် တောင်းထားတာပင်။





"မာမီ ဒါလေးတွေက အရမ်းမြတ်ရဲ့လားဟင်"

ဒေါ်လီရဲ့ကလေးဆန်ဆန် မေးခွန်းကို ညိုက ပြုံးရင်း ...

"အင်း ... မြတ်ပါတယ် သမီးရဲ့၊ မာမီက ပန်းတိမ်ဆိုတော့ အလျော့တွက်တွေ စားရတာပေါ့"

"မာမီ တစ်လ တစ်လ ဝင်ငွေကောင်းရဲ့လားဟင်"

ညိုက ဒေါ်လီ့မျက်နှာကို မော့ကြည့်လိုက်မိကာ တစ်ဆက်တည်း ဘော်ဘီ့ကိုပါ လှမ်းကြည့်လိုက်မိပါသည်။ ကလေးတွေ မျက်နှာလေးတွေက သူ့ကို ငေးငေးလေးတွေ ကြည့်နေကာ အဖြေကို သိခင်နေကြတဲ့ပုံ။

ဘော်ဘီက ...

"ဘွားဘွားကပြောတော့ ဆိုင်ဖွင့်ထားနိုင်မှ သူဌေးဖြစ်တာတဲ့၊ ပန်းတိမ်အလုပ် လုပ်ရတာ အလုပ်ရှုပ် ပင်ပန်းပြီး ဒီလောက်ကြီးကျန်တာ မဟုတ်ဘူးတဲ့၊ ဟုတ်လား မာမီ"

ညိုက ပြုံးလိုက်ရင်း ...

"မာမီက တစ်ယောက်တည်း အလုပ်မနိုင်လို့ ဆိုင်မဖွင့်တော့ပေမယ့် ကိုယ့်ဟာကိုယ် ခတ်ထားတဲ့ အထည်တွေကို မိတ်ဆွေအသိုင်းအဝိုင်းကြားမှာတော့ ရောင်းပါတယ် သားရဲ့၊ ဆိုင်မဖွင့်လို့ အထည်တွေ ခင်းကျင်းပြမထားနိုင်ပေမယ့် ကက်တလောက်ပြပြီး အပ်ထည်လက်ခံတာလည်း ရှိပါတယ်၊ ဆိုင်တွေရဲ့အပ်ထည်တွေကတော့ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို အလျှော့တွက် နည်းနည်းစံပဲ စားရတာပေါ့၊ ဒါပေမဲ့ မာမို့ပန်းတီမ်က အလုပ်အပ်များလို့ အလုပ်နိုင်တောင် မနိုင်ပါဘူး"

"ဒါဖြင့် ဝင်ငွေကောင်းတယ်ပေါ့"

"ကောင်းပါတယ် သားရယ်၊ ဘာဖြစ်လို့လဲ"

"မာမီ အဆင်ပြေရဲ့လားလို့ပါ၊ ကားဆိုလည်း မာမီက ဒီကားပဲ စီးနေတာကြာပြီ၊ ဒက်ဒီဆို ဒီတစ်ခေါက် ကားလဲထားတယ်လေ"

"ဒါက မာမီက မာမို့ဒီကားလေးကိုပဲ ချစ်လို့ပါ သားရယ်၊ မာမို့ကားကလည်း အစုတ်မှ မဟုတ်တာ၊ မင်းတို့လာတဲ့နေ့က ကားပျက်ပြီး ဝပ်ရှော့ပ် သုံးရက်လောက် ထိုးထားရတာနဲ့ သားတို့က မာမို့ကို ကားစုတ်နေပြီလို့ ထင်နေတာထင်တယ်၊ ကားက ဒီလိုပဲ ဖောက်တတ် ပျက်တတ်တာပဲလေ သားရဲ့၊ ပြီးတော့ မာမီက ခဏ ခဏ ကားလဲတာ ဖုန်းလဲတာ အဲဒါမျိုးတွေ ဝါသနာမပါလို့ပါ"

"မာမို့ဝင်ငွေက မာမီ တစ်လသုံးစွဲရတာနဲ့ ဘယ်လို ..."

"ဪ ... ဒီကလေးတွေ မအေကို စိတ်ပူနေကြတာကိုး၊ မာမို့တစ်လဝင်ငွေက မာမီ သုံးရုံမကဘူး၊ တော်ရုံဖြုန်းနေရင်လည်း ပိုလျှံသေးတယ် သား၊ ဒါပေမဲ့ မာမို့မှာ အပိုသုံးစရာ သိပ်မရှိတော့ အများကြီး ပိုက်ဆံစုနိုင်ပါတယ်၊ မာမို့စရိတ်ဘဲ မာမီသုံးရတာလေ၊ မင်းတို့ကျောင်းစရိတ်





ကလည်း ဒက်ဒီ ပေးတယ် မဟုတ်လား၊ ကားကောင်းကောင်းကြီး လဲချင်ရင် လဲနိုင်ပါတယ် သားတို့ရယ်၊ မာမီ မလဲချင်လို့ ဒါမျိုးတွေ စိတ်မဝင်စားလို့ပါ၊ ကဲ ... သားတို့ သမီးတို့ ဘာလိုချင်လဲပြော၊ မာမီ အားလုံးဝယ်ပေးနိုင်တယ်၊ မာမီ အဆင်လည်းပြေတယ်၊ ပိုက်ဆံလည်းရှိတယ်၊ မာမီ ချမ်းသာပါတယ်"

ညိုက ရယ်ကာမောကာပြောမှ သူတို့မျက်နှာလေးတွေ လန်းဆန်းကြည်သာလာကြပါသည်။ ဒေါ်လီက နှာခေါင်းလေးရှုံ့ကာ ...

"မနေ့က ဒက်ဒီ့မိန်းမကို တွေ့လိုက်တယ်"

"ဟင် ... ဘယ်မှာတွေ့တာလဲ"

"သမီးတို့က ဒက်ဒီ့ဆေးခန်း လိုက်သွားတာပါ၊ ဒက်ဒီက သွားတွေစစ်ပေးမယ် ဆိုလို့လေ၊ သူက တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာလေ"

"ဘာပြောသေးလဲ"

"ဘာမှမပြောပါဘူး၊ ဟိုးအရင်တစ်ခါလည်း ဆုံဖူးထားတာရှိတော့ သူက ပြုံးပြီးနှုတ်ဆက်ပါတယ်၊ ဘယ်လောက်နေကြမလဲဆိုလို့ ဆယ့်ငါးရက်ပဲနေမှာလို့ ပြန်ပြောလိုက်တယ် မာမီ၊ အဲဒီအန်တီက ဝတ်စားထားတာ မာမီနဲ့တခြားစီပဲ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အိတ်ကြီးဆိုလည်း အယ်လ်ဗီအစစ်ကြီး မာမီ၊ စိန်နားကပ်ကလည်း ပြူးနေတာပဲ၊ အဝတ်အစားတွေ ဖိနပ်တွေကလည်း အားလုံးတောက်ပြောင်နေတာပဲ၊ သူ့ပုံက ဟောလီးဝုဒ်က မင်းသမီးကျနေတာပဲ၊ အရောင်တွေ ထွက်နေတာ၊ မာမီကကျတော့ ကြည့်လိုက်ရင် ရိုးရိုးလေးတွေ ဝတ်စားပြီးတော့ ဟို ... သူ့လို တောက်ပမနေဘူးဆိုတော့ ..."

ညိုက ဒေါ်လီ့ဆံပင်လေးတွေကို ပွတ်ဖွလိုက်ရင်း ပြုံးရယ်ကာ ...

"မာမီ့မှာလည်း ပြူးနေတဲ့ စိန်နားကပ် ရှိပါတယ် သမီးလေးရယ် ... ဟင်း ဟင်း၊ မာမီက စိန်တွေ ရွှေတွေလုပ်နေတာပဲ၊ လက်ဝတ်လက်စားတွေ ရှိပါတယ်၊ ပွဲလမ်းရှိမှ ဝတ်ဖြစ်လို့ပါ၊ ပြီးတော့ မာမီက တစ်ယောက်တည်းနေ့နေတော့ အလကားနေရင်း စိန်တွေ ဝတ်ထားရင် အန္တရာယ်ကို ဖိတ်ခေါ်သလို ရှိမှာပေါ့ သမီးရယ် ..."

အဝတ်အစားတွေ အိတ်တွေကတော့ အရမ်း ပြိုးပြိုးပြောင်ပြောင် စူးစူးရဲရဲကြီးတွေ မာမီ့ကိုက မဝတ်ချင်ဘူးပါ၊ မာမီ မကြိုက်တတ်တာပါ၊ အများကြီး ဝယ်လိုက်ခြမ်းလိုက် ဝတ်လိုက်စားလိုက်လည်း မာမီ ဝါသနာမပါလို့ပါ"

"မာမီ"

"ပြောလေ သား"

"ဟိုလေ ... မာမီ တကယ်လို့ ... တကယ်လို့ ..."





ညိုက ထစ်တုံ့နေတဲ့ ဘော်ဘီ့ကို ပြုံးကာကြည့်ရင်း ...

"ပြောပါ သားရဲ့"

"မာမီ ဦးမောင်နဲ့ လက်ထပ်ဖို့ စိတ်ကူးရှိရင် သားရော ဒေါ်လီရော သဘောတူပါတယ် မာမီ"

"ဟင်"

ညိုက အံ့အားတသင့်ဖြစ်ကာ ဘာပြန်ပြောရမည် မသိအောင် ခဏမျှ ကြောင်ဆွဲ့အသွားရပါသည်။

"ဒီလိုပါ မာမီ၊ မာမီ အထီးကျန်ဆန်လို့သော်လည်းကောင်း၊ စီးပွားရေး ငွေရေးကြေးရေးအတွက်သော်လည်းကောင်း၊ နောက်ပြီး တစ်ကိုယ်တည်း မိန်းမသားတစ်ယောက် ရပ်တည်နေထိုင်ရတဲ့အတွက် ဘဝလုံခြုံမှုအတွက်သော်လည်းကောင်း ဘာကြောင့်ပဲဖြစ်ဖြစ် နောက်ဆုံး အချစ်အတွက်သော်လည်းကောင်း၊ မာမီ ဦးမောင်နဲ့ လက်တွဲဖို့ အစီအစဉ်ရှိရင် သားတို့နားလည်မှု ရှိပါတယ် မာမီ၊ မာမီ စိတ်ချမ်းသာသလို လုပ်ပါနော်၊ သားတို့ကို ငဲ့ကွက်ရမယ်ဆိုတဲ့ အတွေးမျိုးနဲ့တော့ မာမီ့ဘဝကို အထီးကျန်မဆန်ပါစေနဲ့ မာမီ"

ညိုက ဘော်ဘီ့ကို တစ်ခဏတာအံ့ဩ ငိုင်ငေးကြည့်နေမိပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သား ဘာဖြစ်လို့ ဒီစကားပြောရတာလဲ သား၊ အကြောင်းတစ်ခုခုများ ရှိသလား"

"ဒီစိတ်ကူးကတော့ သားတို့မှာ အရင်ကတည်းက ရှိတာပါ၊ ပြန်ရောက်ကာစ ရက်ကတောင် ဒက်ဒီက ဦးမောင်က မာမီ့ရည်းစားလားလို့ သားတို့ကိုမေးတယ်၊ မင်းတို့ကရော သဘောတူမှာလားတဲ့၊ သားရော ဒေါလီရောက ဟုတ်နေရင် သဘောတူပါတယ်ဆိုလို့ ဒက်ဒီကတောင် စိတ်တိုနေသေးတယ် ..."

မာမီက တစ်ယောက်တည်း နေနေရတာဆိုတော့ မာမီ့ကို အထီးကျန် မဆန်စေချင်ပဲ စိတ်ချမ်းသာပျော်ရွှင်နေစေချင်တဲ့ ဆန္ဒက အစကတည်းက သားတို့မှာရှိပြီးသားပါ၊ ပြီးတော့ ဦးမောင်ကလည်း ဒီနေ့ သားတို့ကို ခွင့်တောင်းတော့ ..."

"ဘာ"

ဒီနေ့ ညိုက ပန်းတိမ်နှင့် ဗိုလ်ချုပ်ဈေး၊ တရုတ်တန်း၊ ရွှေဘုံသာလမ်းတို့ သွားဖို့ကိစ္စတွေ ရှိနေကာ သားတို့က သံရုံးကိစ္စတချို့ ရှိနေ၍ နံနက်တိုင်း ဖုန်းဆက်မေးနေကျ မောင်မောင် ဖုန်းဆက်တဲ့အခါ အော်ဘီတို့ကို သံရုံးတစ်ချက် ပို့ပေးနိုင်ရင်တော့ ပို့ပေးဖို့ အကူညီတောင်းလိုက်တဲ့အတွက် သူကိုယ်တိုင် လာခေါ်သွားပါသည်။





နေ့လယ်စာပါကျွေးပြီးမှ ပြန်ပို့ပေးထားတာ သိထားပြီး ထူးထူးခြားခြား ဒီလိုစကားမျိုးတွေ ပြောဖြစ်ခဲ့တယ်လို့တော့ ခုမှ သိရတာပင်။

"သားတို့ကို ဘယ်လိုပြောတာလဲ"

"လိုရင်းကတော့ သားတို့ သမီးတို့ ခွင့်ပြုရင် မာမီရဲ့ရှေ့ ဘဝတစ်လျှောက်ကို သူ စောင့်ရှောက်သွားချင်ပါတယ်၊ လက်တွဲခွင့်ပြုပါဆိုတဲ့ သဘောပါပဲ မာမီ"

"အဲ ... အဲဒီတော့ သားတို့က ..."

"သားတို့က မာမီသဘောတူရင် သားတို့လည်း သဘောတူပါတယ်လို့ ပြောလိုက်တယ် မာမီ၊ ဒက်ဒီနဲ့ရော ဦးမောင်နဲ့ရော ဒီစကားမျိုး ဆွေးနွေးဖူးပြီး မာမီနဲ့မပြောဖြစ်သေးလို့ အခုပြောတာပါ၊ သားတို့သဘောကိုလည်း မာမီ သိနိုင်အောင်လို့ပါ"

ညိုသည် မောင်မောင့်ကို စိတ်တိုကာ ခြေဖျားလက်ဖျားပင် အေးလာသည်။ သားဖြစ်တဲ့သူထံက ဒီစကားကို ကြားရတာကိုလည်း မျက်နှာပူကာ ရှက်မိသည်။ သူက ညို့ကိုတောင် အရိပ်အမြွက် အရိပ်အယောင်တွေ ပြနေတတ်တာကလွဲလို့ လက်ထပ်ပါရစေလို့ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီး ခွင့်တောင်းရသေးတာ မဟုတ်ပါဘဲနဲ့ ဘာကြောင့် ညို့သားနဲ့သမီးကို ဒီလိုစကားမျိုး အရင်သွားပြောရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီလိုပြောတော့ သားတို့စိတ်ထဲမှာ ညိုနှင့်မောင်မောင်ဟာ တစ်နေ့ လက်တွဲကြရမည့် ပတ်သက်မှုမျိုး ရှိပြီးဖြစ်သည်လို့ ထင်သွားကြမှာပေါ့။ စိတ်တိုလိုက်တာ။ ညို့မျက်နှာလေးက နီရောင်ပြေးကာ ဘော်ဘီ့ကို မကြည့်ဘဲ ...

"သားတို့ သဘောတူစရာ မတူစရာလည်း မလိုအပ်ဘူး၊ မာမီနဲ့ ဦးမောင်မောင်လည်း ဘာမှလက်တွဲစရာ အကြောင်းမရှိဘူး၊ မာမီ့ကို ဘယ်သူမှ စောင့်ရှောက်နေစရာလည်း မလိုအပ်ဘူး"

"ဟင် ... မာမီနဲ့ ဦးမောင်က ..."

"ဘာမှ မပတ်သက်ဘူး သား"

"ဟင် ... ဟုတ်လား၊ သားတို့က မာမီ့ချစ်သူ ထင်နေတာ၊ အဟဲဟဲ"

"သူ့ဘက်က သဘောထားကတော့ ခုလိုရှိတယ် ဆိုပေမယ့် မာမီက သူ့အပေါ် မိတ်ဆွေသဘောထားမျိုးပဲ ရှိတယ်၊ ဒီတော့ သားတို့ သဘောတူစရာလည်း မလိုဘူး၊ မာမီ စီးပွားရေး လူမှုရေး နှလုံးသားရေး အားလုံး ကိုယ့်ဟာနဲ့ ကိုယ် လုံခြုံပြည့်စုံမှုရှိတယ် သား၊ အားကိုးအားထားလည်း ရှာစရာမလိုအပ်သလို၊ အချစ် ဆိုတာကြီးကိုလည်း အယုံအကြည်မရှိဘူး၊ မုန်းတီးတယ်၊ ယောကျ်ားတစ်ယောက်ကိုလည်း မာမီ့ဘဝကို ထပ်ပြီးအပ်နှင်းတော့မှာ မဟုတ်ဘူး၊ သားတို့ ဘာမှစိတ်မပူနဲ့"

"မာမီ သားတို့က မာမီ့ကို အထီးကျန်မဆန်စေချင်တာပါ"





"မာမီ အထီးကျန်ဆန်မနေပါဘူး"

ဘော်ဘီက မျက်ခုံးမည်းမည်းလေးတွန့်ကာ ...

"ဒါဆိုရင် ဦးမောင်က မာမီ့ကိုတောင် ခွင့်မတောင်းရသေးပဲနဲ့ သားတို့သဘောထားကို အရင်တီးခေါက်ကြည့်တာ ထင်တယ်"

"ဒါပေါ့ ကိုကိုရဲ့၊ ဒီလိုဆိုရင်တော့ မကြာခင် ဦးမောင်ကြီးက မာမီ့ကို ပရိုပို့စ်လုပ်တော့မယ့် သဘောပေါ့၊ ညီမလေးတို့က မာမီ စိတ်ချမ်းသာရင်ပြီးရော၊ မာမီ့ဆန္ဒအတိုင်းပဲလို့ ပြောလိုက်တော့ ဒီဘက်က မီးစိမ်းတယ်ဆိုပြီး မာမီ့ကို ဖွင့်ပြောတော့မှာပေါ့နော်"

"တော်ကြစမ်း"

"အဟိဟိ"

"တော်ပြီ ဒေါ်လီ၊ ပြုံးဖြီးဖြီး လုပ်မနေနဲ့၊ ဒီလူလည်း ကိုယ်က စိတ်ချလက်ချ ခင်မင်နေမိတဲ့ဟာ ကလေးတွေကို ဘာတွေလျှောက်ပြောမှန်း မသိဘူး ... ကျွတ်"

ညို့မျက်နှာလေး တင်းနေ၍ ဘော်ဘီနှင့် ဒေါ်လီက စကားမဆက်တော့ပါ။ ဘော်ဘီလည်း သူ့ဇာတ်ကား သူဆက်ကြည့်၊ ဒေါ်လီက အိပ်ရာပြင်ဖို့ ဝင်သွားကာ ညိုကလည်း လုပ်လက်စအလုပ်ပြီးကာ ပစ္စည်းပစ္စယတွေ သိမ်းပြီးလျှင် ဖုန်းကိုယူကာ ဝရန်တာဆီ ထွက်လာခဲ့ပါသည်။ စိတ်ခပ်တိုတိုနှင့် မောင်မောင့်ဖုန်းကို ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ညို"

"မောင်မောင့်ကို ပြောစရာရှိလို့"

"ပြောပါ ညို"

"မောင်မောင် နေ့လယ်က ကလေးတွေကို ဘာစကားတွေ လျှောက်ပြောလိုက်တာလဲ"

ရုတ်တရက် မောင်မောင့်ဘက်က အသံရှင်ရှင်လေးက တိခနဲ တိတ်သွားပါသည်။

"အဲဒီလိုစကားမျိုးတွေ ကလေးတွေကို သွားပြောတာတော့ မသင့်တော်ဘူး ထင်တယ် မောင်မောင်၊ ညို မကြိုက်ဘူး"

"ဒါက ဒီလိုပါ ညို၊ ကျွန်တော် ပေါ့ပေါ့တန်တန် မစဉ်းမစား ပြောလိုက်တာ မဟုတ်ပါဘူး၊ ဘော်ဘီက သူ့အသက် ဆယ့်ခုနစ်နှစ်နဲ့မလိုက်အောင် လူကြီးဆန်ပါတယ်၊ တွေးတာ ခေါ်တာလေးတွေလည်း ရင့်ကျက်တော့ ကျွန်တော်က သူ့ကို လူကြီးတစ်ယောက် အရာမျိုး သဘောထားပြီး တိုင်ပင်တဲ့ သဘောပါ ...

တကယ်တော့ ခုချိန်မှာ ညို့ရဲ့အုပ်ထိန်းသူဆိုတဲ့ နေရာမျိုးမှာ ညို့ထက်အကြီး ကျွန်တော် တိုင်တည်ရမယ့်သူ မရှိတော့ ညို့ကလေးနှစ်ယောက်ကိုပဲ ပိုင်ရှင် အုပ်ထိန်းသူဆိုတဲ့ အရာထားပြီး ကျွန်တော်က လေးလေးစားစားသဘောနဲ့ ခွင့်တောင်းမိတာပါ"

"ရှင် သူတို့ကို ဒီကိစ္စ ဘာပြောစရာလိုလဲ မောင်မောင်"





"ညို့ကို ဘယ်လိုပဲ ဖွင့်ပြောပြော ညို့စိတ်ထဲမှာလည်း ဘယ်လိုပဲရှိရှိ ညို့ သားနဲ့သမီး သဘောမတူနိုင်ဘူးဆိုရင် ဒီကိစ္စက ဘယ်လိုမှ ဖြစ်မလာနိုင်ဘူးဆိုတာ ကျွန်တော် နားလည်သဘောပေါက်ထားပါတယ် ညို၊ ကလေးတွေက ညို့ဘဝရဲ့ဆုံးဖြတ်ချက် ရပ်တည်ချက် အားလုံးအတွက် အရေးအပါဆုံးဆိုတာ ကျွန်တော် သိပါတယ် ...

ကျွန်တော့်အဖို့လည်း ဘော်ဘီတို့နဲ့ ခုလို တိုက်တိုက် ဆိုင်ဆိုင် ဆုံနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး၊ ကျွန်တော်လည်း သင်္ဘောကနားနေမှ၊ ဘော်ဘီတို့ကလည်း ခွင့်ရက်ပြန်လာမှ တိုက်ဆိုင်ပြီး ဆုံရမှာပါ။ ထပ်ပြီး တိုက်ဆိုင်ဖို့ ဆုံဖို့ ဆိုတာလည်း နောက်နှစ် နောက်နှစ်တွေမှာ အခြေအနေ ပေးချင်မှ ပေးမှာပါ၊ ဒီတော့ ကျွန်တော်လည်း တော့တော့ ဆိုင်ဆိုင် ဆုံခွင့်ရနေကြတုန်း ကလေးတွေဆန္ဒကို ..."

"ဘယ်လိုပဲဖြစ်ဖြစ် ရှင် စည်းကျော်လွန်းတယ် မောင်မောင်၊ ကလေးတွေက ရှင်နဲ့ကျွန်မပဲ ချစ်သူတွေ ဖြစ်နေကြလို့ ရှင်က ဒီလိုခွင့်တောင်းတာလားလို့ ထင်သွားတာပေါ့၊ အမေတစ်ယောက်အနေနဲ့ ကျွန်မ ကလေးတွေကို ဘယ်လောက် မျက်နှာပူစရာကောင်းလဲ"

"ညို ... ညို မကြိုက်ဘူး ဖြစ်သွားရင် ကျွန်တော် အနူး အညွတ် တောင်းပန်ပါတယ်၊ ညို မျက်နှာပူမယ်ဆိုတာမျိုး ကျွန်တော် ထည့်မတွေးလိုက်မိတာပါ၊ ခွင့်လွှတ်ပါ ညို၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ ညို ဘာမှမဟုတ်သေးပါဘူးဆိုတာ ဘော်ဘော်တို့ကို ပြန်ရှင်းပြပါ့မယ်၊ ဒီနေ့ ပြောတဲ့ စကားထဲမှာလည်း ထင်ယောင်ထင်မှား ဖြစ်စေမယ့် စကားမျိုးတော့ မပါပါဘူး"

"မပါပေမယ့် သူတို့က ဒီလိုပဲ ထင်ကြတာပေါ့"

"ကျွန်တော် ပြန်ရှင်းပြပေးပါ့မယ် ညို၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ ညိုရယ်"

"ကျွန်မ ရှင်းပြပြီးပါပြီ၊ ရှင် ထပ်ရှင်းပြပေးဖို့ မလိုပါဘူး မောင်မောင်၊ ဘာပဲဖြစ်ဖြစ် ကလေးတွေကို အမေဖြစ်ပြီး ဒီကိစ္စ ရှင်းပြနေရတာကိုက ကျွန်မ သိက္ခာကျတာပေါ့"

"တောင်းပန်ပါတယ် ညို၊ ကျွန်တော် သဘောရိုးနဲ့ပဲ ပြောမိတာမို့လို့ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

"ကျွန်မ ဖုန်းချလိုက်တော့မယ်"

ညိုက မျက်နှာလေး မသာမယာဝနှင့် ဖုန်းကိုပိတ်ပစ်လိုက်ပါသည်။

❢ ၆ ❢



## ၁၂

ထိုတစ်နေ့ကတော့ ညိုသည် သားကြီးက ညနေစာ ဂဏန်းပျော့ စားချင်တယ်ဆို၍ ရူပါမားကက်တွေမှာ ဂဏန်းပျော့ ပတ်ရှာဖြစ်ခဲ့သည်။ ဟိုးတစ်ခေါက်က သက်တို့အိမ်မှာ စုစားကြစဉ်တုန်းက ဂဏန်းပျော့ကြော် ဟင်းပွဲပါသည်။ ညိုက ဂဏန်းပျော့ ဘယ်ကဝယ်လဲမေးတော့ မောင်မောင် ဝယ်လာတာလို့ ဖြေပါသည်။

"ကျွန်တော်တို့နဲ့ အိမ်နားနီးချင်းပဲ ညိုရဲ့၊ ဂဏန်းကန်တွေ လုပ်လို့လေ၊ ကျွန်တော်နဲ့က ခင်နေတော့ ဂဏန်းပျော့ဖြစ်ဖြစ် အမာဖြစ်ဖြစ် စားချင်တဲ့အခါ သူတို့ကို ပြောထားလိုက်ရင် အဲဒီနေ့ပဲ အလုပ်သမားကောင်လေးတစ်ယောက်ယောက် လာလာပို့ပေးတယ်၊ ဆယ်ကောင် ဆယ့်ငါးကောင်ဆိုရင် ပိုက်ဆံတောင် မယူဘူးဗျ၊ သူတို့အတွက်ကလည်း ဒီလောက်က ဘယ်လောက်ဖိုးမှ မရှိတော့ အလကားပဲ လက်ဆောင်ပေးလိုက်တာပဲ၊ ခုလည်း ဝယ်လာတာ မဟုတ်ပါဘူး၊ အလကားရလာတာ ဟား ဟား ..."

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆို မသက်တို့ မစန္ဒာတို့ရော ညိုရော ဂဏန်းလိုချင်ရင်ပြောလေ၊ ဖုန်းပဲ ဆက်လိုက်ပါ၊ ခဏနေ ကျွန်တော် လာပို့ပေးပါ့မယ်၊ ဂဏန်းမှာက နေရာအတော်များများ ရောင်းပေမယ့် ဂဏန်းပျော့ကကျတော့ အပြင်သိပ်မထွက်ဘူးလေ၊ ဘယ်ဝယ်ရမှန်း မသိဘူး၊ ရှားတယ် မဟုတ်လား”

မောင်မောင့်ဆီ ဖုန်းဆက်လိုက်ရင် ဂဏန်းပျော့ရနိုင်တာ သိပေမယ့် ညိုက စိတ်ခုသလိုလေး ဖြစ်နေတာရော၊ နောင်လည်း ခပ်တန်းတန်းပဲ နေပါတော့မယ်လေလို့ ဆုံးဖြတ်ထားလိုက်တာကြောင့်ရော မဆက်တော့ပါ။

သံဈေးမှာ သွားရှာသည်။ ဂဏန်းအမာပဲရကာ အပျော့မရ။ စူပါမားကက်အစုံ ပတ်ရှာပြီး နောက်ဆုံးတော့ ဂမုန်းပွင့်က ခဲထားတဲ့ ဖော့ဘူးတစ်ဘူး ရလာပါသည်။ အိမ်ပြန်ရောက်တော့ ညိုက ဝမ်းသာအားရနှင့် မဆလာ၊ ပျင်းတော်သိမ်ရွက်၊ ရေတ်သီးစိမ်းလေးတွေအုပ်ကာ အစပ်လေးချက်လိုက်ပါသည်။

မီးဖိုချောင်ထဲမှာ သီချင်းတအေးအေးနှင့် ဟင်းချက်နေရင်းက ဒီဟင်းမျိုး ဦးရန်နိုင်လည်း အကြိုက်ပေါ့လို့ တွေးနေမိပါသည်။ သားကြီးဟာ အစစအရာရာ အတော်များများမှာ သူ့အဖေနှင့်တူတာ။ မျက်ဝန်းအကြည်လေးတွေ ရီဝေဝေ ညှုတုတု ရှိတာ၊ မပြုံးတပြုံး လုပ်နေလျှင် နှုတ်ခမ်းဘေးအောက် တစ်ဖက်





တစ်ချက်မှာ အချိုင့်သေးသေးလေးနှစ်ခုနှင့် တမျိုးလေးဆွဲဆောင်မှုကောင်းလှတာ။

ဟိုတစ်နေ့က ရန်နိုင်က သက်ဝေထံ ညည်းညူနေပါသည်။ သူ့မိန်းမက ဟင်းမချက်တတ်တဲ့အကြောင်း၊ အိမ်က အဖော်ကောင်မလေးနှစ်ယောက်က မတောက်တခေါက်နှင့် ထင်သလို တတ်သလို မှတ်သလို ချက်ပြုတ်ကြကြောင်း၊ တစ်ခါတစ်ရံ အသီးအရွက်ကြော်တာတောင် ဆီထဲ အရွက်တွေမြုပ်နေတတ်ကြောင်း၊ ဘာအရသာမှ မရှိတဲ့အကြောင်း၊ ဒါကြောင့် သူ များသောအားဖြင့် အိမ်မှာ ထမင်းမစားဖြစ်တဲ့ အကြောင်းတွေ။

သူ့အပြောတွေကို ကိုဝေမင်းတို့ကတော့ သဘောကျရယ်မောနေကြပါသည်။ ညိုကတော့ “ကောင်းတယ် ... ရှင့်ရွေးချယ်မှု ရှင်ပဲခံ”လို့ ဝမ်းသာတဲ့စိတ်ကတစ်ဝက်၊ အစားကောင်းကြိုက်လှတဲ့ သူ့လိုလူအတွက် ကရုဏာသက်သလိုလို ဖြစ်မိထားက တစ်ဝက်။

အင်း ... ဒီညနေ သူရောက်ရင် ရောက်လာဦးမှာ။ သားတို့ပြန်ဖို့ လေးရက်ပဲလို၍ ဒီရက်ပိုင်းတွေ ညနေတိုင်း လိုလိုလာတတ်သည်။ ရောက်လာရင် ထမင်းစားချင် စားသွားလို့ ပြောလိုက်ရ ကောင်းမလား။ ဂဏန်းပျော့ဆိုတာ တော်ရုံတန်ရုံ အိမ်တွေမှာ ချက်ဖြစ်တတ်တဲ့ဟင်း မဟုတ်၍ မကြာမကြာစားဖြစ်မှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်ရင်း တွေးရင်းကပဲ ညိုသည် မိမိကိုယ် မိမိ တအံ့တသြ တရားကျမိကာ ကိုယ့်ကိုယ်ကိုယ် သနားမိတဲ့ စိတ်တောင်ပေါက်သည်။ သူဟာ ခုချိန်ထိ ဦးရန်နိုင်အပေါ် စေတနာ ရှိနေမိတုန်းပါလား ဆိုတာကို ဝမ်းပန်းတနည်း တွေးမိခဲ့၍ပင်။

"တူ့ တူ ... တူ တူ"

ဖုန်းခေါ်သံကြောင့် ညိုက ဂက်စ်မီးဖိုကို ခလုတ်ပိတ်ပစ်ခဲ့ပြီး အိမ်ရှေ့အပြေးထွက်လာကာ ဖုန်းကိုဖွင့်၍ ကိုင်လိုက်ပါသည်။

"ဟယ်လို"

"ဒေါ်ညိုညိုညို ဖုန်းလားရှင့်"

"ဟုတ်ပါတယ်"

"ဒေါ်ညိုညိုညိုနဲ့ ပြောချင်လို့ပါ"

"ကျွန်မပါ ပြောနေပါတယ်"

"အစ်မရေ ... ကျွန်မက ဆေးရုံကြီး အရေးပေါ်ဌာနက တာဝန်ကျ သူနာပြုပါနော်"

"ရှင်"

"ဒေါ်လီက အစ်မသမီးနော်"

"ရှင် ...! ဟုတ် ... ဟုတ်ပါတယ်၊ ဒေါ်လီ ကျွန်မသမီးလေး ဘာဖြစ် ..."





"သူတို့သူငယ်ချင်းတွေ ကားထဲမှာက ငါးယောက်ပါတာပါ၊ ကားအက်ဆီးဒင့်ဖြစ်လို့ပါ"

"ရှင် ! ... ဘုရား ... ဘုရား၊ ကျွန် ... ကျွန်မ သားရော ဘော်ဘီရော"

"ပါပါတယ် အစ်မ"

"ဟင် ... ဘုရား ... ဘုရား၊ ဘာ ... ဘာဖြစ်သွားကြလဲဟင်၊ ကျွန်မကလေးတွေကို ကယ် ... ကယ်ကြပါဦး"

"အစ်မ စိတ်အေးအေးထားပါ၊ အသက်အန္တရာယ် ထိခိုက်ဖို့ စိုးရိမ်ရတဲ့ အခြေအနေ တစ်ယောက်မှ မပါပါဘူး"

"ရှင် ! သေ ... သေချာတယ်နော်"

"သေချာပါတယ်၊ ဒဏ်ရာနည်းနည်းပြင်းတာနဲ့ ဒဏ်ရာနည်းတာပါပဲ၊ အသက်ဘေးနီးတဲ့လူမှာ မရှိပါဘူး အစ်မ၊ စိတ်အေးအေးထားပြီး ဆေးရုံကြီး အရေးပေါ်ကိုလာခဲ့ပါ၊ ကျွန်မ တခြားလူနာရှင်တွေကို အကြောင်းကြားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ပါ၊ အကြောင်းကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ညိုသည် ဖုန်းကိုချကာ မီးဖိုရယ်၊ အိပ်ခန်းရယ် ကူးသန်းပြေးနေမိပါသည်။ မီးဖိုမှာ ဂက်စ်ခလုတ်ပိတ်ပြီးရဲ့လား ပြေးကြည့်လိုက် အဝတ်လဲဖို့ အိပ်ခန်းဆီပြေးလိုက်၊ ဟင်းအိုး



www.burmeseclassic.com

www.burmeseclassic.com



ဖိုပေါကချဖို့ မီးဖိုဆီ ပြန်ပြေးလိုက်၊ ပိုက်ဆံယူဖို့ ဗီရိုဖွင့်လိုက်၊ ညှပ်ခန်းက အဲကွန်းပြေးပိတ်လိုက်၊ ကယောင်ချောက်ချား ဖြစ်နေပါသည်။

ပိုက်ဆံယူ အဝတ်ကို တော်ရိလျော်ရိ ဆွဲလွဲလဲ၊ ကားသော့ယူ၊ အိမ်သော့ခတ်ပြီး ပါကင်ဆီ ဆင်းလာခဲ့ကာ ကားကို ကမူးရှူးထိုး မောင်းထွက်လာခဲ့ပါသည်။ လူတစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်ကာ လက်ဖဝါးနှစ်ဖက်လည်း အေးစက်ချွေးစေး ပြန်နေလျက် ဖုန်းထဲမှာ (Speed dial) အမြန်ခေါ်ဖို့ နံပါတ်(၁) နှင့် မှတ်ထားတဲ့ ရန်နိုင့်ဖုန်းကို လှမ်းခေါ်လိုက်ပါသည်။

ဟိုးအရင်ကတည်းက ဖုန်းထဲမှာ အရေးအကြီးဆုံး ဦးစားပေး အမြန်ခေါ်ဖို့လူကို "ရန်နိုင်"ကိုသာ ရွေးချယ်ထည့်ထားခဲ့တာပါ။ ခုထိလည်း မပြင်ဖြစ်သေး။

"ဟဲလို ... ဟဲလို"

ဟိုကမထူးခင် ကိုယ်က အရင်ခေါ်နေမိသည်။

"ဟဲလို ... ညိုလား၊ ညို ပြောလေ"

"ရှင် အခု ဘယ်မှာလဲ ကိုရန်နိုင်"

"ဆေးခန်းခဏဝင်နေတာ ညို၊ ဘာဖြစ်လို့လဲ ညို၊ ဘာကိစ္စရှိလဲ ပြောလေ"

"ကိုရန်နိုင် ... သား ... သားတို့ အက်ဆစ်ဒဲန့်ဖြစ်လို့"

"ဘာ ... ဘော်ဘီလား"





"သားရော ... သမီးရော"

"ဘာ"

ရန်နိုင့် အော်သံက အကျယ်ကြီး။

"ဘာဖြစ်သွားလဲ၊ အခု ဘယ်မှာလဲ"

"ဘာဖြစ်သွားလဲ သေချာမသိဘူး၊ ဆေးရုံကြီး အရေးပေါ်မှာ၊ အဲဒီက ဆက်ပေးတာ"

"ညို အခု ဘယ်မှာလဲ"

"ညို ... ညို အဲဒီကို သွားနေပြီ"

ညိုသည် ပြောနေရင်းက စိတ်ထိခိုက်ကာ မျက်ရည်ကျလာပြီး စကားသံမှာ ရှိုက်သံပါ ရောစွက်လာပါသည်။

"ကိုယ် ခုချက်ချင်း အဲဒီကို လိုက်ခဲ့မယ်"

"ဟုတ် ... ဟုတ်ကဲ့"

"ညို"

"ရှင်"

ညို ငိုနေတဲ့ အသံသည် ရန်နိုင့် နှလုံးသားတွေကို နှစ်ညှစ်လိုက်သလို နာကျင်စေသည်။

"ညို ဖြစ်ရဲ့လား၊ ကားမောင်းလို့ ရရဲ့လား"

"ဖြစ် ... ဖြစ်ပါတယ်"

"စိတ်အေးအေးထားပြီး ကားကို ဂရုစိုက်မောင်း၊ ကိုယ်ပြောတာ ကြားလား"

"ဟုတ်ကဲ့ ... ကို"



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလို “ကိုကို”လို့ ယောင်ယမ်းခေါ်မိမည်ကဲ့သို့ ဖြစ်ပြီးမှ ပါးစပ်ကိုပိတ် သွားကိုစေ့ကာ နှုတ်ခမ်းကြားမှ ခေါ်သံလွတ်ထွက်လာမှာ စိုးရိမ်မိသလို နှုတ်ခမ်းနှစ်လွှာကိုပါ အတင်းဖိကပ်ပူးစေ့ပြီး ကြိတ်ထားလိုက်မိသည်။

ကိုကို ...။ ကိုကို့ အရင်က သူ့ကိုခေါ်လိုက်မိတိုင်း ရင်ထဲမှာ လုံခြုံအားရှိသွားသလို အမြဲခံစားရတာလေ။ ကိုယ့်ထက်လည်း ငါးနှစ်ကျော်ကြီးကာ ကိုယ်က ကလေးသာသာမှာ သူ့နောက်လိုက်ခဲ့ရတာဖြစ်၍ အိမ်ထောင်ကျကတည်းက မသိနားမလည်မှုတွေများစွာနှင့် ရန်နိုင်ကို အလွန်ပင် အားကိုးတကြီးချစ်ခဲ့တာပါ။

သူ့မျက်နှာရိပ် မျက်နှာကဲကိုသာ တကြည့်ကြည့်နှင့် ဘာမဆို သူ့ဆုံးဖြတ်ချက်ကိုသာ အထင်တကြီး တလေးတစားနှင့် “ဟုတ်ကဲ့ ... ကိုကို”ချင်းထပ်ကာ လိုက်နာခဲ့တာပါ။ အခုလည်း ရင်ထဲ ထူပူကူကယ်ရာမဲ့ ခံစားနေရသည်ဖြစ်၍ ညို့မသိစိတ်ထဲ သူ့အပေါ်အားကိုးတကြီး ဖြစ်လိုက်မိကာ “ဟုတ်ကဲ့ ... ကိုကို”လို့ ယောင်ယမ်း ပြောမိတော့မည့်ဆဲဆဲ။

ညိုသည် နှုတ်ခမ်းကို ဖိပူးစေ့လိုပ်ကာ လည်ချောင်းထဲနင်အောင် ငိုနေမိပါသည်။ သားနဲ့ သမီးကို စိုးရိမ်ပူပန်တာအပြင် ဝမ်းနည်းအားငယ်ခြင်းကပါ မျက်ရည်ကို တွန်းအားပေးနေသည်။

“ညို ... မငိုနဲ့၊ ဘာမှမဖြစ်လောက်ပါဘူး၊ မင်း မငိုပါနဲ့”





“ဟုတ် ... အင့် ... အစ်”

ညိုသည် ဖုန်းကိုမချမိ။ ကလေးတွေကို တစ်ဝက်ဆိုင်သော ကလေးတို့အဖေရဲ့အသံကို ကြားနေရတဲ့အတွက် အဖော်ရှိသလို ခံစားရသည်။ ကိုယ့်လိုပဲ ပူပန်တောက်လောင်နေမည့်သူဆိုတာ သေချာ၍ ရဲဘော်ရဲဘက်လိုလည်း အားတက်မိလို့ပါ။

“ဖုန်းချလိုက်တော့ ညို၊ မင်း ဖုန်းတစ်ဖက်နဲ့ ငိုပြီးကားမောင်းနေတာ ကိုယ် စိတ်မချဘူး။ သားနဲ့သမီး ဘာမှမဖြစ်လောက်ပါဘူးလို့တွေးပြီး ကားကိုပဲ ဂရုစိုက်မောင်း”

❢ ❦ ❢



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က အိမ်ထဲကို ကမူးရှူးထိုး ပြေးဝင်လာကာ သူ့အိပ်ခန်းဆီ ပြေးလေသည်။ သူ့ဗီရိုကို သော့ဖွင့်ကာ အံဆွဲထဲက ပိုက်ဆံတစ်ထပ်ကို တွေ့ရာကြွပ်ကြွပ်အိတ်နှင့် ထည့်နေစဉ် ရန်နိုင် ပြေးဝင်သွားတာကို ထမင်းစားခန်းမှ တွေ့လိုက်တဲ့ ဆင်ဒီက နောက်ကလိုက်လာပါသည်။

"ဘာဖြစ်တာလဲ ကိုကြီး"

"ပိုက်ဆံလာယူတာ"

ရန်နိုင်က တိုတိုဖြေကာ ပြန်ပြေးထွက်မည်ပြင်သည်။

"ဘာဖြစ်လို့လဲ၊ ခုက ဘယ်လဲ၊ ညနေ မေမေတို့အိမ်သွားမယ် ပြောထားတယ်လေ၊ ကိုကြီး လိုက်ရမယ်"

"ကိုယ် မလိုက်နိုင်တော့ဘူး ဆင်ဒီ၊ ကိုယ် ..."

"ဟား ... မောင်လေး သဘောကြ ပြန်ရောက်နေတယ်၊ ဒီနေ့ ထမင်းဆုံစားမှာ၊ သွားကိုသွားမှဖြစ်မယ်၊ ကိုကြီး မလိုက်လို့ မရဘူး၊ ရှင့်သားသမီးတွေ ခဏပြန်ရောက်တော့





ရှင် သည်းသည်းလှုပ်နေတယ် မဟုတ်လား၊ ဆင်ဒီ့မောင် ပြန်ရောက်လာတာကိုလည်း ရှင် အသိအမှတ်တော့ ပြုဦးပေါ့"

ရန်နိုင် ဆင်ဒီ့ကို လှည့်ကြည့်လိုက်တဲ့ မျက်နှာက ဒ်ာပျက်လက်ပျက် စိတ်ကုန်လက်ကုန် ရှိလှသည်။ ဆင်ဒီ့မောင် ကို လွန်ခဲ့တဲ့ တစ်နှစ်ခွဲက သူပဲ အကုန်အကျခံကာ သဘောတင် ပေးလိုက်တာပါ။ ဒီတစ်ခေါက် ပြန်ရောက်အပြီး နှစ်လလောက် တော့ အနည်းဆုံး နေဦးမည်ဆိုတာလည်း သိထားပါသည်။ တွေ့စရာအချိန်တွေ အများကြီး။ တကယ်တော့ ဆင်ဒီဟာ နေ့ တိုင်း သားသမီးကို သွားတွေ့နေတဲ့ ရန်နိုင်ကို မျက်စိစပါးမွေး ူး၊ မကျေနပ် ဖြစ်နေကာ တွက်ကပ်နေတာပါ။ ဘာပွဲမှလဲ ဟုတ်။ လာခဲ့မယ်လို့ ပြောထားရှာသာ။

"ဘော်ဘီတို့ ကားအက်ဆစ်ဒဲန့်ထိဖြစ်လို့ ငါ ဆေးရုံကို လိုက်သွားမလို့၊ ရပြီလား၊ မင်း ဘာထပ်ပြောမလဲ ပြော"

ပျက်ထွက်နေတဲ့ ရန်နိုင့်မျက်နှာဟာ အရေခွံအစိမ်း လိုက် အဆုပ်ခံထားရသလို နာကျင်နေတဲ့ဟန်ပန်။ ထိုမျက်နှာ င် မျက်လုံးအကြည့်ကို ဆင်ဒီ နည်းနည်းလန့်သွားပါသည်။ ဘာမှ ထပ်မပြောဘဲ ကျန်ရစ်ခဲ့တဲ့ ဆင်ဒီ့ရှေ့က ရန်နိုင် ထွက် ာခဲ့သည်။ ခုလိုကိစ္စရှိလို့ တစ်ခဏထွက်လာတာမျိုး မဟုတ်ဘဲ သူ့ဘဝတစ်ခုလုံးကို ဆင်ဒီရှေ့မှ အပြီးထွက်ခွာလာနိုင်ခဲ့ရင် ယ်လောက်များ ကောင်းမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင် ဆေးရုံရောက်လာတဲ့အခါ ညိုရောက်နေပေပြီ။ စကြံက တန်းလျားလေးတစ်ခုမှာ ငိုထားတဲ့ နီမြန်းမို့အစ်သော မျက်နှာနှင့် သတိဆွဲထားသလိုလေး ထိုင်နေသည်။

"ညို"

"ကို ... ကိုရန်နိုင်"

"အခြေအနေ ဘာတဲ့လဲ"

"ဒေါ်လီက လက်ဖျံမှာ နည်းနည်းကွဲသွားတာကို အခု ချုပ်နေတယ်၊ ဘော်ဘီကတော့ နံရိုးကျိုးလား မသိဘူး၊ ဓာတ်မှန်ရိုက်ထားရတယ်၊ တခြားကလေးတွေလည်း လူတိုင်းနည်းနည်းစီထိတယ်၊ ကိုဖွဲ့ မောင်းတာတဲ့၊ ကိုဖွဲ့လည်း ခေါင်းထိထားတယ်"

"ဖြစ်ရလေကွာ၊ ကိုယ် ဝင်လို့ရမလား"

"လူများနေလို့ အပြင်မှာပဲစောင့်ပါ ပြောထားတယ်၊ ကိုကို ဝင်ကြည့်ရင် တစ်ချက်လောက် ဝင်ကြည့်လေ၊ တခြားကလေးမိဘတွေတော့ မရောက်ကြသေးဘူး"

ညို့မှာ ယောင်ယမ်းပြီး ကိုကိုတွေ ဘာတွေလဲ ခေါ်မိလိုက်ပါသည်။ ရန်နိုင်ရော ညိုရော သတိမပြုမိဘဲ ပူထူနေပါသည်။ ရန်နိုင်က အခန်းထဲဝင်ကြည့်ဖို့ ခွင်တောင်းပြီး ခဏဝင်သွားချိန်တွင် ညိုသည် ခုနတစ်ယောက်တည်း ထိုင်နေရတုန်းကနှင့်မတူ နည်းနည်းအားရှိလာသလို ခံစားရလေသည်။





မကြာခင် တခြားကလေးသုံးဦးရဲ့မိဘတွေလည်း ရောက်လာကြချိန်မှာ ရန်နိုင်က အခန်းထဲက ပြန်ထွက်လာသည်။ ရန်နိုင်က မျက်နှာပျက်နေကာ ခုံတန်းမှာထိုင်နေတဲ့ ညို့ရှေ့တည့်တည့်၌ရပ်၍ ခါးအနည်းငယ်ကိုင်းပြီး ညို့မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ညို ... သားရော ကားမောင်းတဲ့ကလေးရော အော်ပရေးရှင်း လုပ်ရမယ်"

"ဟင်"

"ဘာမှတော့ မစိုးရိမ်ရဘူး ပြောတယ်၊ သားကြီးက ကျိုးသွားတဲ့ နံရိုးက နိမ့်ဝင်သွားလို့ စတီးနန်းကြိုးနဲ့ပြန်ဆက်ပြီး တုပ်ရမယ်"

"ဘုရား ... ဘုရား၊ သားကြီး ... သားကြီး ခုရော တော်တော်နာနေလားဟင်"

"သားကြီးက သတ္တိကောင်းပါတယ်၊ ညည်းမနေပါဘူး၊ ညို စိတ်အေးအေးထား"

ရန်နိုင်သည် အတွင်းခန်းမှ တာဝန်ကျဆရာဝန်ရေးပေးသော လူနာရှင်ဝယ်ခြမ်းပေးရမည့် ဆေးနှင့်ဆေးပစ္စည်းစာရင်းကို ဆေးရုံက ဝန်ထမ်းတစ်ယောက်ကိုပဲ ပိုက်ဆံပေး၍ သွားဝယ်ရန် စေလွှတ်သည်။ ဆေးရုံဆေးဆိုင်ကို သိပြီးကျွမ်းပြီးသူဖြစ်၍ အကယ်၍ မှားယူလာမိပါက ပြန်လဲဖို့ ပြောခဲ့ရန်ပါ အစ မှာကြားနေကာ ပိုက်ဆံပေးနေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ညို့မှာ ပိုက်ဆံပါတယ်"

မပွင့်တပွင့် လှမ်းပြောလိုက်သော ညို့ကို လက်ကာပြရုံ ပြလေသည်။ ဆေးဝယ်မည့်သူ ထွက်သွားပြီးချိန်မှာတော့ တခြားကလေးအဖေတစ်ယောက်ရယ် ရန်နိုင်ရယ် ယာဉ်ထိန်းရဲ တပ်ဖွဲ့မှ တာဝန်ရှိသူနှင့် မလှမ်းမကမ်းမှာ စကားပြောနေကြတာကို ညို မျက်စိသူငယ်နှင့် လှမ်းကြည့်နေမိသည်။

တော်ပါသေးရဲ့။

ယာဉ်မှုကိစ္စတွေ ဘာတွေ ဖြေရှင်းပြောဆိုဖို့အထိတော့ ညိုလည်း အတွေ့အကြုံမရှိ၍ သိပ်မပြောမဆို မစီစဉ်တတ်ပါပေ။ ကိုဖွဲ့အဖေနှင့် ရန်နိုင်တို့ တူတူစီစဉ်ဖြေရှင်းနေကြတဲ့အတွက် ထိတ်လန့်စိုးရိမ်စိတ်လေး နည်းနည်းငြိမ်သက် အနည်ထိုင်ရပါသည်။

တစ်ဖက် ကားမောင်းသူက လူလတ်ပိုင်း ဖြစ်ကာ အမှားကတော့ နှစ်ဖက်လုံး အမှားမကင်းကြောင်း ကြားသိရသည်။ အမှုမကြီးကျယ်အောင် ကြိုးစားရမှာပင်။ သိပ်မကြာခင်မှာပင် လိုအပ်တာတွေ အဆင်သင့်ဖြစ်ကာ ဘော်ဘီ ခွဲစိတ်ခန်းဝင်ရပါသည်။ ခွဲစိတ်ခံဖို့ ဝတ်စုံလဲကာ ထရော်လီနှင့် ခွဲခန်းဆီ တွန်းသွားရန်ပြင်ချိန်မှာတော့ ရန်နိုင် စတင်ပြီး မျက်နှာပျက်ပါပြီ။

ခွဲစိတ်ခန်းဝတ်စုံနှင့် သူ့သားကို သူ မကြည့်ရဲသလို မျက်နှာဖြူလျော်သွေးဆုတ်ကာ ငိုတော့မည့်ရုပ် ဖြစ်လာသည်။



ညိုကတော့ သတင်းစ,ကြားကြားချင်းတုန်းက လန့်ဖျပ်အားငယ်ဝမ်းနည်းမိကာ တစ်စတစ်စနှင့် စိတ်ကိုတည်ငြိမ်အောင်ထိန်းလို့ ချုပ်လို့ ရလာပါသည်။

သားကြီးလက်ဖျားကို ဆုပ်ကိုင်ကာ ...

"သားကြီး ... မာမီတို့အပြင်မှာ စောင့်နေတယ်နော်၊ ဒက်ဒီလည်း စောင့်နေတယ်၊ ခဏပဲလို့ပြောတယ် သား၊ သားဘာမှ မစိုးရိမ်နဲ့နော်"

"ဟုတ်ကဲ့ မာမီ"

ရန်နိုင်ကတော့ နောက်နားခပ်ကျကျ ဆုပ်ရပ်ကာ သူ့သားကို လက်ထောင်ပြနှုတ်ဆက်သည်။ အဲဒီနောက်တော့ ဖြူဖပ်ဖြူရော် မျက်နှာနှင့် ထိုင်နေပုံမှာ သနားစရာကောင်း ကောင်းတော့သည်။ သွားအားပေးပြန်လည်း သူ ငိုလိမ့်မည်လို့ ညိုက သိနေကာ သူ့အရိပ်အခြည်ကို ခိုးကြည့်နေရပါသည်။

ခဏနေတော့ သူ့မျက်တောင်တွေ ပုတ်ခတ် ပုတ်ခတ် ဖြစ်လာသည်။ ညိုက သက်ပြင်းတစ်ချက်နှင့် အနားရွှေ့ကာ သွားလိုက်ရင်း ...

"ကိုရန်နိုင်"

"အင်း"

"ရှင် မငိုနဲ့လေ"

"ကျွတ် ... ဘယ်မှာငိုလို့လဲကွာ၊ မင်းပြောမှ ဝမ်းနည်းတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားစာလေး ဘာလေးဆို"

ရန်နိုင်က ညို့ကို မျက်လွှာတစ်ချက် လှန်ကြည့်ကာ ရှုပ်ပုပ်ပုပ်ဖြစ်လာ၍ ငိုချင်စိတ်တောင် လျော့သွားရပါသည်။ ဘယ်က ဘုရားစာများများရလို့လဲ။ ဩကာသ တစ်ပုဒ်လောက်ရတာ။ ဒီအချိန်မျိုး ဩကာသဘုရားရှိခိုးတော့ မရွတ်ရဘူး ထင်ပါရဲ့။ ဒါ့အပြင်တော့ ငါးပါးသီလပဲ ရွတ်နိုင်တော့သည်။ ဒါတောင်မှ အရက်သောက် ဘာသောက်နှင့်မို့ မရွတ်ဖြစ်တာပင် ကြာပေါ့။

"ရှင့်အိမ်ကို ဖုန်းဆက်လိုက်ရင် ကောင်းမယ် ထင်တယ်"

"မလိုပါဘူး"

"လိုတာပေါ့၊ ဒီမှာ နေဦးမယ် မဟုတ်လား"

"အင်း"

"မိုးချုပ်လိမ့်မယ် ထင်တယ်"

"ချုပ် ... ချုပ်ပေါ့ကွာ၊ ဆင်ဒီ့ကို ပြောခဲ့ပါတယ်၊ ထွက်လာကတည်းက သူသိပြီးသားပါ"

"ဘာပဲဖြစ်ဖြစ် အရမ်းမစိုးရိမ်ရကြောင်းနဲ့ နည်းနည်းနောက်ကျဦးမယ့်အကြောင်းလေးတော့ လှမ်းပြောထားရင်ကောင်းတာပေါ့"

"ဘာလဲ ညို၊ မင်း တစ်ယောက်ယောက်ဆီကို ဖုန်းဆက်သတင်းပါးချင်နေလို့ ကိုယ့်ကို သေဖော်ညှိနေတာလား"

ညိုက ရန်နိုင့်ကို မျက်စောင်းထိုးလိုက်ပါသည်။

"မင်းဟာမင်း ဆက်ဖို့လိုရင်ဆက်၊ ကိုယ်မလိုဘူး"





ညိုက ခပ်လှမ်းလှမ်း ပြန်ခွာပြီး ရပ်နေလိုက်ပါသည်။ စကားနည်း ရန်စဲ။ စကားမပြောရင် အကောင်းဆုံးပင်။ စိတ်ထဲမှာတော့ ဟသိမ့်သိမ့် ဝမ်းနည်းခြင်းက လှူကို တရိရိနှိပ်စက်နေသည်။ ကလေးတွေကို အပြင်မှာ အတူတူစောင့်နေကြတဲ့ အဖေနဲ့အမေမှာ အဲသလို စကားနာထိုးစရာ နောက်ထပ် အခြားလူအသီးသီးနှင့် ဘာကြောင့် ဖြစ်ခဲ့ရတာလဲ။

ညို့မှာကတော့ စကားနာထိုးလောက်စရာမျှသာပါ။ သူ့ထံမှာတော့ အတိအလင်း သက်ဆိုင်သူနှင့်။ ရင်နာစရာကောင်းလိုက်တာ။

"အစ်မ ... သမီးကို ဝါဒ်ထဲရွှေ့ရပါမယ်"

"ရှင် ... သမီးက ပြန်လို့မရဘူးလားဟင်"

အကြောင်းကြားလာတဲ့ တာဝန်ကျ ဆရာဝန်မလေးလာပြောမှ စိတ်ကိုစုစည်းရသည်။

"အနည်းဆုံး ဒီညတော့ ဆေးရုံတစ်ရက် တက်ရမယ် အစ်မ၊ ဘာမှမဖြစ်ရင် မနက်ဖြန် ဆရာဝန်ကြီး Round ပြီးချိန်မှာ ဆင်းရပါမယ်၊ ငါးယောက်လုံးတော့ ဆေးရုံတင်ရမှာပဲ၊ မောင်နေမင်း ဆိုတာကလည်း လက်ကျိုးတော့ ကျောက်ပတ်တီး စည်းရတယ်၊ မိန်းကလေးနှစ်ယောက်လုံးကလည်း တစ်ယောက်ကလက်မှာ တစ်ယောက်က ခြေသလုံးမှာ ချုပ်ထားကြရတာ၊ ဒီညတော့ မပြန်ရသေးဘူး အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လီနှင့် ဒေါ်လီ့သူငယ်ချင်း လဲ့လဲ့တို့ ဆေးရုံတင် စာရွက်စာတမ်းလုပ်ကာ ဝါ့ဒ်ထဲ ရွှေ့ကြရပါသည်။ ဆေးရုံတက် ရမှာ စိတ်ညစ်နေကြပေမယ့် နှစ်ယောက်သား အဖော်ရှိ၍ တော် ပါသေးသည်။ အိပ်ရာခင်း ခေါင်းအုံးစွပ်တို့ကိုတော့ မြို့ထဲမှာပဲ နေတဲ့ အနီးဆုံး လဲ့လဲ့တို့အိမ်ကို ဖုန်းဆက်မှာ၍ သူတို့အိမ်က ယူလာပေးသည်။ ညို ပြန်မယူရတော့ပါ။ အားလုံးအတွက် စုံစုံ စေ့စေ့ သယ်ချလာပေးပါသည်။

ဘော်ဘီ ခွဲခန်းက ထွက်လာတဲ့အခါ ဘော်တို့ အတွက် ဆေးရုံတင်ကိစ္စ တစ်ခါလှုပ်ရှားရပြန်ပါသည်။ ဒီတစ် ဝါ့ဒ်ထဲမှာ အမျိုးသားဆောင် အမျိုးသမီးဆောင်ပဲကွဲ၍ သားရော သမီးပါ ဆေးရုံတင်ထားရတဲ့အဖြစ်။ ဟိုဘက်ပြေးလိုက် ဒီဘက် ပြေးလိုက် ဖြစ်နေရပါသည်။

တဖြည်းဖြည်း ညနေစောင်းကာ မှောင်လာတော့ရာ ကလေးတွေရော လူကြီးတွေပါ ဗိုက်ဖြည့်ဖို့ရာကိုလည်း နေမင်းတို့ အိမ်ကပဲ စီစဉ်လိုက်ပါသည်။ သူတို့အိမ်တွေအားလုံးမှာ အိမ်က နေ ဒိုင်ခံစီစဉ် ဝယ်ခြမ်းပေးမည့် ဆွေမျိုးအိမ်သား လူခွဲတွေရှိတဲ့ အပြင် အလုပ်သမားတွေလည်း ရှိကြ၍ ဆေးရုံပေါ်ကနေ ဖုန်း ဆက်ရုံနှင့် ဆောင်ကျဉ်းလာမည့်သူ အဆင်သင့်။

ညို့မှာ လူခွဲလည်းမရှိ။ ရန်နိုင်အနေနှင့်လည်း သူ့ အိမ်ကို ပြန်မှာဖို့မသင့်။ ညိုသည် မိသက်တို့ စန္ဒာတို့ထံလည်း လာပို့ပေးဖို့တွေ ဘာတွေ လှမ်းအကူအညီမတောင်းချင်တော့ပါ။





သူတို့သိသွားရင် နောက်က ဆက်တိုက်သိမည့် အဆွယ်အပွား တွေက ရှိသေးတယ် မဟုတ်လား။ အနည်းဆုံးတော့ မိသက်သိ ရင် မောင်မောင် သိပြီ။ ရောက်မလာစေလိုပါ။

မစားချင်လှသော်လည်း ဝမ်းဟာကာ လူကမူးမိုက် နေ၍ နေမင်းအိမ်က ဝယ်လာပေးတဲ့ ထမင်းကြော် တစ်ဘူးကိုပဲ ညိုနှင့် ရန်နိုင် တစ်ယောက်နည်းနည်းစီ စားဖြစ်သည်။ တစ်ယောက် တစ်ဘူး ဘယ်လိုမှ မစားနိုင်၍ တစ်ဘူးဘဲ ဖွင့်လိုက်သည်ဖြစ်ရာ မမျှော်လင့်ဘဲ သူတစ်ဇွန်း ကိုယ်တစ်ဇွန်း တစ်လှည့်စီ စားရတဲ့ ဘဝ ဖြစ်နေပါသည်။

ညိုနှင့် ရန်နိုင်တို့ရဲ့ အနေအထားကို ကျန်တဲ့မိဘ တွေ သိကြတယ်၊ မသိကြဘူး ဆိုတာလည်း စိတ်ဝင်စားမနေနိုင် တော့ပါ။

သိသိ မသိသိ ထင်ချင်သလိုထင်။ အဆင်ပြေသလို သာ လှုပ်ရှားလိုက်ရတော့တာ မဟုတ်လား။

"စားလိုက်ဦး"

"ဟင့်အင်း ... တော်ပြီ"

"စားလိုက်ပါဦးဆို"

"စားပြီးပြီလေ၊ မျိုချလို့ မရတော့ဘူး၊ တော်ပြီ"

"မင်းပုံစံက မူးလဲမှာ စိုးနေရတယ်၊ ဗိုက်ထဲလေခံနေမယ် စားလိုက်ပါဦး ညိုရယ်၊ နှစ်လုတ်လောက်တော့ ထပ်စား လိုက်၊ ပြီးရင် မင်းကို ဘီစစ်စ်လေး တိုက်ထားမှထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ သွေးတွေတိုးတက်လာမှာ စိုးရတာ၊ ရှင် ခုတလော သွေးကျဆေးသောက်နေရတာ မဟုတ်လား၊ ဆေးချိန်တွေ ကျော်ကုန်ပြီလား"

"အောက်က ဆေးဆိုင်က ဝယ်သောက်လိုက်မယ်၊ မင်းဖို့လည်း ဘီစစ်စ် ဝယ်ခဲ့မယ်"

ရိုင်းရိုင်းပင်းပင်း ဖေးဖေးမမ လုပ်နေကြရတဲ့ အဖြစ်ဟာ အိပ်မက်တစ်ခုလိုပင်။ အသီးသီး စိတ်တွေပင်ပန်းနွမ်းကြေနေကြတာဖြစ်၍ သူ့ကိုကိုယ်ငဲ့ ကိုယ့်ကိုသူငဲ့။ တမင်တကာ ငဲ့နေကြတာ မဟုတ်လည်းဘဲ နက်ရှိုင်းခိုင်မာခဲ့တဲ့ သံယောဇဉ်တွေဟာ အကြွင်းအကျန် ဆိုရင်တောင် မနည်းမနော တရဟော စီးမျောကာ မသိစိတ်မှာ တစ်ဦးကိုတစ်ဦး ပူပန်ကရုဏာသက်နေခဲ့မိတာပါ။

ခွဲစိတ်တဲ့ လူနာအတွက် နာ့စ်ရှာဖွေအပ်၊ လိုအပ်တာ လုပ်ကိုင်နှင့် စည့်နှင်ချိန်လွန်ကာ မိုးချုပ်လာပေမယ့် လောလောလတ်လတ် ထိခိုက်ဒဏ်ရာရလာတဲ့ လူငယ်အုပ်စုမို့ နားလည်မှုနှင့် တာဝန်ရှိသူတို့ကလည်း ဧည့်ချိန်အတိအကျ ချက်ချင်းမနှင်ပါ။

ဘော်ဘီ သတိရလာပြီး အခြေအနေ စိတ်ချရနိုင်ကာ ပြန်ဖို့ပြင်တော့ ညရှစ်နာရီခွဲ ကိုးနာရီ ဖြစ်နေပါပြီ။

"ဒေါ်လီ ... မာမီ မနက်စောစော ပြန်လာခဲ့မယ်၊ စီစဉ်စရာရှိတာ စီစဉ်ခဲ့ဖို့ မာမီ ပြန်မှဖြစ်မှာမို့နော် သမီး"





"မာမီ ... မာမီ နားဦးနော်၊ သမီးကတော့ ဘာမှမဖြစ်ဘူး၊ နေကောင်းတယ်နော် မာမီ၊ မနက်စော Breakfast ကလည်း လုံလုံတို့အိမ်က နီးနီးလေးမို့ လာပို့ပေးမယ်၊ ကိုကိုကလည်း ဘာမှစားရဦးမှာမှ မဟုတ်တာ၊ မာမီ အစောကြီး ပြန်မလာနဲ့၊ အိပ်ရေးဝဝ အိပ်ပြီးမှ လာပါ မာမီ"

"အင်းပါ သမီးရယ်"

"ဒက်ဒီလည်း နားဦးနော်"

"အေး ... အေး၊ ဒက်ဒီလည်း မနက်မှ လာခဲ့တော့မယ်နော် သမီး"

"ဟုတ်ကဲ့ ဒက်ဒီ"

ကိုးနာရီမှာမှ သူတို့ ဆေးရုံအောက် ဆင်းလာခဲ့ကြပါသည်။ ကားရပ်ခဲ့ရာဆီ အတူလျှောက်လာရင်း နှစ်ယောက်သား ခြေကုန်လက်ပန်းကျ နွမ်းနယ်နေကြသည်။

"ညို ... မင်း ကားနောက်က ကိုယ်လိုက်ခဲ့ပြီး ပြန်ပို့မယ်၊ မောင်းကော မောင်းနိုင်ရဲ့လား၊ မမောင်းနိုင်ရင် ကားရပ်ပစ်ခဲ့၊ မနက်မှ ပြန်ယူ၊ ကိုယ်ပြန်ပို့ပေးမယ်"

"ညို မောင်းနိုင်ပါတယ်၊ လိုက်လည်းမပို့နဲ့၊ ကားနောက်ကလည်း လိုက်မနေပါနဲ့။ အိမ်တန်းပြန်ပါတော့"

"ကားနောက်ကတော့ လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလှပြီလေ၊ နောက်နေ့လည်း လာရဦးမှာ၊ ဆင်ဒီလည်း ခုနက ဖုန်းဆက်သေးတာ မဟုတ်လား"

"အင်းလေ၊ ဆေးရုံမှာ ညဥ့်နက်မယ်ဆိုတာ ကိုယ်ပြောပြီးသား"

"မလိုက်ခဲ့နဲ့"

"လိုက်ခဲ့ပါ့မယ်"

"မလိုက်ခဲ့နဲ့"

"........."

ညို ကားမောင်းထွက်လာချိန်မှာ ရန်နိုင့်ကားက ပါလာပါသည်။ ဘယ်လိုပဲ တားတား သူလိုက်ကို လိုက်ခဲ့မှာပဲဆိုတာ သိပြီးသားပါ။ ညိုတို့ ကွန်ဒိုအောက်ပါကင်မှာ ညို့ကားရပ်တော့ သူ့ကားကိုပါရပ်ကာ ရန်နိုင်က ပါကင်ထိုးလိုက်ပါသည်။

ညိုက ကားပေါ်ကဆင်း သော့ချရင်း ...

"ရှင် ပြန်တော့လေ၊ ဘာလို့ပါကင်ဝင်လုပ်နေတာလဲ"

"မင်းကို လိုက်ပို့မလို့ပါ"

"အို ... ရောက်နေပြီပဲ၊ ပြန်တော့လေ"

"အခန်းထိ လိုက်ပို့မယ်"

"ဘာဖြစ်လို့ ပို့ရမှာလဲ မပို့နဲ့၊ ပြန်တော့"

ညို ဓာတ်လှေ၍ကားဆီ အလျှောက် ရန်နိုင်က နောက်ကပါလာသည်။





"ရှင် ပြန်ပါတော့ဆို ကိုရန်နိုင်"

"အခန်းထိပို့မယ်"

"မပို့နဲ့"

လုံခြုံရေးဝန်ထမ်းတို့ရှေ့၌ သူတစ်ခွန်း ကိုယ်တစ်ခွန်း သရုပ်မပျက်ချင်၍ ညိုက တင်းတင်းမာမာ မတားဖြစ်။ ဓာတ်လှေကားထဲ ပါလတဲ့ ရန်နိုင့်ကို ညိုက မျက်နှာညိုညိုနှင့် ကြည်မသာ စိုက်ကြည့်နေမိကာ ရန်နိုင်က ညို့ကိုဖျော့တော့သော ဆေးရီရီမျက်ဝန်းနှင့် စိုက်ကြည့်နေပါသည်။

အခန်းရှေ့ရောက်လျှင် ညိုက သော့မဖွင့်ဘဲ ...

"ကဲ ... ပြန်တော့"

ရန်နိုင်က ဂျစ်ကန်ကန်နှင့် ပေရပ်နေသည်။ ရင်ထဲမှာတော့ ဟင့်အင်း ... မပြန်ချင်ဘူးလို့သာ ရူးရူးဝါးဝါး အော်ညည်နေဖြစ်တာပါ။ ဒီတစ်ကြိမ်လည်း ညို သော့မဖွင့်ဘဲ တင်းနေသို့ မရပြန်သည်မှာ ဘေးခန်းက တံခါးပွင့်ကာ ဧည့်သည်ပြန်ဖို့ တ်ဆက်ရင်း သူတို့ကလည်း တံခါးဝရပ် လေကြောရှည် ကြာင့်နေပြန်၍ ညို့မှာ အခန်းရှေ့ သော့မဖွင့်ဘဲ မှုပျက်ပျက်ကြီး ဖြစ်စေလိုဘဲ သော့ဖွင့်ဝင်လိုက်ရလေသည်။

ထင်တဲ့အတိုင်းပင် ရန်နိုင်က အိမ်ထဲခြေလှမ်းဝင်က်ကာ တံခါးကို အသာပြန်ဆွဲစေ့လိုက်ပါသည်။ တံခါးဝနားက မီးခလုတ်ကို ညို လှမ်းနှိပ်လိုက်တဲ့အခါ မီးချောင်းလင်းမသွား



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ညအိပ်မီးနီနီရဲ့ ခလုတ်ကိုသာ နှိပ်မိလျက်သား။ ညိုတို့နှစ်ဦးကြားမှာ နီကျန့်ကျန့်မီးရောင်ကလေးသာ ကြီးစိုးနေသည်။

"ရှင် အခု အပြင်ပြန်ထွက်တော့"

"ညို"

"ရှင် ပြန်တော့"

"ညို ... ညို"

သူ့အသံတို့က ခြောက်သွေ့အက်ကွဲ လှိုက်လှဲနေကာ တစ်ခုခု ဖြစ်တော့မည်လို တထိတ်ထိတ် ရင်ဖိုတုန်လှုပ်နေသော ညို့အတွက် ဝမ်းနည်းချောက်ချားဖို့ ကောင်းလှသည်။ ရုတ်တရက် ရန်နိုင်က ညို့လက်ဖျားနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်မှ တစ်ဆင့် ညို့တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းတင်းတင်းဖက်လိုက်ကာ သူက စတင်၍ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

"ညို့ကို လွှတ်ပါ"

"ဟင့်အင်း"

ပြောမပြနိုင်လောက်အောင် နာကျင်ဝမ်းနည်းဖို့ကောင်းလှတဲ့ ခံစားချက်တစ်ခုသည် ညို့နှလုံးသားကို ဓားနှင့်နှပ်နှပ်စင်း ခုတ်နေသလိုပင်။ ညို့ပါးပြင်ပေါ် မျက်ရည်ပူစီးကြောင်းတို့ တစ်ကြောင်းပြီးတစ်ကြောင်း တစ်သွယ်ပြီးတစ်သွယ် တလိမ့်လိမ့် စီးကျလာကြလေသည်။ သူ့လို အသံထွက်အောင် မငိုနိုင်ဘဲ





လည်ချောင်းဝ၌ ဆို့နင့်နေသည်။ သူ့ ငိုရှိုက်သံက အရှိန်ရလာ၍ ညိုကပင် သူ့ရဲ့ဖက်တွယ်လျက်သား ကိုယ်ခန္ဓာကို တံခါးဝနှင့်ဝေးရာ အတွင်းဘက် ဆွဲခေါ်နေရာရွှေ့ခဲ့ရလေသည်။

မုန်းတယ်။ ရှင့်ကို ဆောင့်တွန်း ထုတ်ပစ်လိုက်ချင်တယ်။ ဒီလိုအဖြစ်မျိုး ဖန်တီးဦးဆိုပြီး ရှင့်ပါးနှစ်ဖက်ကိုလည်း ဘယ်ပြန်ညာပြန် ရိုက်ချပစ်ချင်တယ်။ အနစ်နာဆုံးစကားတွေနဲ့လည်း ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုပစ်ချင်တယ်။ ဒါပေမဲ့ အားအင်တွေအကုန်လုံး ကုန်ခန်းပြီး လူက အရုပ်ကြိုးပြတ် မျက်ရည်သွင်သွင် ကျနေရုံပဲ တတ်နိုင်ပါတော့တယ် ကိုကိုရယ်။

"ညို ... ညို ... ကိုယ်မှားသွားပါတယ် ညိုရယ်၊ ကိုယ်အရမ်းမှားခဲ့ပါတယ်၊ ကိုယ် ... ကိုယ် ညို့ကို သိပ်ချစ်တာ၊ အခုထိလည်း ချစ်တုန်းပဲ၊ ကိုယ် မိုက်တာပါ၊ ကိုယ့်ကြောင့် ကိုယ်တို့မိသားစု ခုလိုခံစားကြရတာ၊ ညို့ကို နာကျင်စေခဲ့မိတာ၊ ကိုယ့်ကို ခွင့်လွှတ်ပါ ညိုရယ် ... နော်၊ ကိုယ့်ကို မမုန်းလိုက်ပါနဲ့"

"မုန်းတယ် ... ရှင့်ကို ညို အရမ်းမုန်းတယ်"

ညို့အသံလေးက တိမ်နစ်ဝင်နေသည်။

"မမုန်းပါနဲ့ ညိုရယ်၊ ကိုယ် ... ကိုယ် ညို့ကို သိပ်ချစ်ပါတယ်"

ရန်နိုင်သည် ညို့ကို တင်းတင်းဖက်ကာ ညို့ဆံပင်များထဲ၌ မျက်နှာအပ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးမဆုံးတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မှန်းတယ် ... ကိုရန်နိုင်၊ ရှင့်ကို မှန်းတယ်"

"ဟင့်အင်း ... ညို ကိုယ့်ကို မမုန်းရဘူး"

ညို့အသည်းနှလုံးတို့ ရင်ခွင်ထဲမှ ပြုတ်ကျကာ သူ့ခြေရင်းကြမ်းပေါ် လူးလိမ့်နေသလို ခံစားရလေသည်။

❦ ❦ ❦





## ❦ ၁၃ ❦

"ဟိုမှာ ... ဟိုမှာ ... ညို ... ညို"

ခင်သက်ဝေသည် အတည့်သွားတဲ့ လိုင်းယာဉ်ကြောကို ယူထားရာမှ ရုတ်တရက်ကြီး အချက်ကောက်ပြကာ ကွေ့လိုင်းပေါ် ကားကိုဆွဲယူလိုက်ပါသည်။

"ဟ ... ဟ ... မိန်းမ၊ ကြည့်လုပ်ပါဦးကွာ၊ နောက်မှာ ကားတွေနဲ့"

"ဟိုမှာ လွတ်သွားမှာစိုးလို့"

"ဟား"

ဝေမင်းက နဖူးကို တစ်ချက်ရိုက်လိုက်ပါသည်။ ဒီကနေ့က သူတို့ မောင်မောင်တို့ သူငယ်ချင်းတစ်စု စာစုလုပ်ဖို့ တစ်အိမ်မှာ ချိန်းထားကြပါသည်။ စာမေးပွဲဖြေကြမှာမို့ ဒီတစ်ခေါက် ခပ်ကြာကြာ ရှိနေကြတာဖြစ်ပြီး စာမေးပွဲက နီးကပ်ပြီမို့ အတူစာစုလုပ်နေဖြစ်ကြသည်။ ဒီနေ့တော့ အပြန်ကျ မောင်မောင်က လိုက်ပို့မည်ဖြစ်၍ ဝေမင်းက ကားယူမလာတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သူငယ်ချင်းရဲ့တိုက်ခန်းအောက်မှာက ကားရပ်ဖို့ နေရာအခက်အခဲ ရှိသည်ဖြစ်ရာ အပြန်အတွက် တစ်ယောက်တစ်လှည့်သာ ကားယူကြပါသည်။ ဒါကြောင့် ဒီနေ့လည်း သူ့ကို ခင်သက်ဝေက လိုက်ပို့ပေးတာပင်။

"မင်းလည်း ရူးသွားဦးမယ် သက်ရယ်"

"ဟုတ်တယ်၊ မသိရရင် ရူးတော့မှာ"

"ကျွတ် ... ညိုက အသက်သုံးဆယ့်ငါး သုံးဆယ့်ခြောက်ဖြစ်နေပါပြီကွာ၊ ကလေးမဟုတ်တော့ပါဘူး သက်ရယ်၊ သူ့ဟာသူ သူ့ဘဝ ဘယ်လိုဖန်တီးတီးပါကွာ"

"ရတယ်လေ၊ ဖန်တီးပါ၊ ဒါပေမဲ့ ဒီလောက် အတွင်းသိအပြင်သိ အရင်းချာဆုံး သူငယ်ချင်းတွေကို လျှို့ဝှက်ထားတာကျတော့ ဘာသဘောလဲ၊ ဘာဖြစ်လို့ မပြောပြနိုင်ရတာလဲ၊ ဘူးပဲခံငြင်းနေတာ"

"မောင်မောင်နဲ့ ပတ်သက်ပြီး ကိုယ်တို့လင်မယားကို အားနာနေတာလည်း ပါမှာပေါ့ကွာ"

"ခုနောက်ပိုင်း မောင်မောင် ပါမယ့်ပွဲဆို လှည့်ပတ်ငြင်းပြီး ရှောင်တယ်၊ မဆုံဖြစ်အောင်ကို သူ တမင်နေနေတာ၊ ဒါကို အပြစ်မပြောပါဘူး ကိုရာ၊ သူကြိုက်ချင်မှ ကြိုက်မှာကို နားလည်ပါတယ်၊ အခုက သက်တို့ကိုပါ ရှောင်ချင်နေတာ၊ မေးလိုက်ရင် မပွင့်တပွင့် မြှိုစိစိနဲ့ ဘူးချည်းပဲ"

"သူ့အကြောင်း ရှိမှာပေါ့ သက်ရာ"





"သူ တခြားလူနဲ့ ကြိုက်တာနဲ့ပဲ သက်တို့ကို အဆက်ဖြတ်စရာလား"

"ကျွတ် ... မင်းကတော့ မလွယ်ဘူး"

"မျက်စိနဲ့ တပ်အပ်မြင်လိုက်တာကို လေးခါရှိပြီ၊ လက်တစ်လုံးခြားလေး လွတ်လွတ်သွားလို့ မမိလိုက်ဘူး၊ ဖုန်းဆက်လိုက်ရင် သူတစ်ယောက်တည်း မဟုတ်ဘူး ဘေးမှာလူရှိတယ်လို့ သက် ရိပ်မိနေတာ အကြိမ်ကြိမ်ပဲ"

"မင်းက ဦးစံရှားလား၊ ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"ဟုတ်တယ်၊ ရွှေသက်တို့က ပါးလိုက်တာမှ တလှစ်လှစ်ပါ ကိုရာ၊ လေသံနားထောင်လိုက်တာနဲ့ကို ဖောတွေရှောတွေ အကုန်ရိပ်မိနေတာ၊ သူ မလုံမလဲ ဖြစ်နေတာတွေကို အသက်ရှူသံထဲမှာတောင် ရိပ်မိပါတယ်"

"ဗုဒ္ဓေါ"

"မနောက်ပါနဲ့၊ ဒီမှာ တကယ် အသည်းယားနေတာ"

"မနောက်ပါဘူး၊ မင်း လုပ်နေတာနဲ့ ငါ ဟိုမှာစာလုပ်ဖို့ နောက်ကျကုန်ပါပြီ သက်ရာ"

"နာရီဝက်လောက် နောက်ကျလည်း ဘာဖြစ်လဲ၊ ဒီထက်မပိုပါဘူး၊ ဟိုမှာ ချိုးသွားပြီ တွေ့လား၊ ညာဘက်ကွေ့သွားပြီ၊ တွေ့လား၊ သူ့ဘေးမှာ လူတစ်ယောက်"

"မဲမဲသဲသဲ အရိပ်ပဲမြင်တာ၊ မိန်းမလား ယောကျ်ားလားတောင် မသေချာပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျား ... ယောက်ျား ... သေချာတယ်"

"သက်ရယ် ... အဲလိုလိုက်ဖမ်းပြီး မိသွားရင် ဘာလုပ်မှာလဲ၊ မင်းဟာမင်းဆို တော်သေးတယ်၊ သူ့အတွင်းရေးကို လိုက်ဖော်တဲ့အထဲ ကိုပါ ဒီမျက်ခွက်ကြီးနဲ့ မပါချင်ပါဘူးကွာ၊ မင်းတို့ချင်း ပြီးမှရှင်းကြစမ်းပါ"

ခင်သက်ဝေက ညို ချိုးချသွားတဲ့လမ်းထဲ လိုက်ချိုးဝင်ကာ လမ်းပေါ်တက်လျှောက်နေတဲ့ လူတွေကို ဟွန်းသံပေးသည်။

"မိန်းမ ... အဖမ်းခံရဦးမယ်ကွာ၊ ဟွန်းတီးနေရလား"

"တိုက်မိမှာစိုးလို့ပေါ့၊ တမင်တကာ လူရှုပ်တဲ့လမ်းထဲဝင်ပြီး ခြေရာဖျောက်ဖို့လုပ်တဲ့ပုံပဲ၊ သက် လိုက်နေတာ သိသွားတယ် ထင်တယ်"

"ဒါဖြင့်လည်း တော်တော့လေကွာ"

"အို ... သိမှတော့ မထူးဘူးလေ"

"ကျွတ် ... ဒီမိန်းမတော့ ပြဿနာပဲ"

ဘော်ဘီတို့ ကားအက်ဆစ်ဒဲန့်ထဲဖြစ်ပြီးနောက် စင်ကာပူကို ကျောင်းဖွင့်ရက်ပြန်ဖို့ အနည်းငယ် နောက်ကျကြပါသည်။ နဂိုပြန်မယ့်ရက်ထက် ဆယ်ရက်လောက်ကြာမှ ဒေါ်လီတို့အရင်ပြန်ကြပါသည်။ ဒေါ်လီနှင့် သူ့သူငယ်ချင်း လဲ့လဲ့တို့အရင်ပြန်သွားကြပြီး အတော်ကြာမှ သိပ်မကြာခင်ရက်ပိုင်းကမှ ဘော်ဘီတို့အုပ်စု ပြန်ကြတာ။





ခွဲစိတ်ရတဲ့ ဘော်ဘီ၊ ကိုခွဲ၊ ကျောက်ပတ်တီးဖြေထားတဲ့ နေမင်းတို့အတွက် ဒီက ဆေးရုံလက်မှတ် ဆေးလက်မှတ်တွေ ကျောင်းကိုပို့ပေးကာ ကျောင်းတက်နောက်ကျမှုအတွက် ခွင့်တိုင်ထားရပါသည်။ ဘော်ဘီတို့ပြန်တော့ ဦးရန်နိုင်ပါ စင်ကာပူအထိ လိုက်ပါပို့ဆောင်ပေးကာ နှစ်ရက် သုံးရက်နေပြီး ပြန်လာခဲ့တယ်လို့ သိရသည်။

အဲဒီကြားထဲ တစ်လျှောက်တွေမှာ ညို့ကို သားရဲ့ကျန်းမာရေးတစ်ဖက်နှင့်မို့ သက်တို့ကလည်း မချိန်းဖြစ်ပဲ ရှိခဲ့တော့ မောင်မောင်နှင့်ဆို တော်တော်လေး အဆက်သွယ် ပြတ်နေသလိုတောင် ဖြစ်နေသည်။ ဘော်ဘီ ပြန်သွားပြီးတဲ့နောက် နှစ်ကြိမ်ရှိပြီ ချိန်းသမျှကို ရှောင်ဖယ်ငြင်းဆန်နေတာ။

ဒီကြားထဲတွေ ရီးခနဲ ရိပ်ခနဲ ညို့ကို သူ့ကားပေါ်လူတစ်ယောက်ပါလျက် တွေ့တွေ့နေတာပါ။ ညို့ကားနဲ့သာတွေ့တာများပြီး တခြား ခင်သက်ဝေတို့ မမြင်ဖူးတဲ့ မသိတဲ့ကားတစ်စီးပေါ်လည်း ညိုပါသွားတာ မြင်လိုက်ဖူးပါသေးသည်။ သက်ကမေးတော့လည်း ဘူးခံငြင်းသည်။ ဒီမျက်စိကြီးနှင့် မြင်တာကိုမဟုတ်ပါဘူးဆိုတော့ အတော်အသည်းယားအခံရခက်ဖို့ ကောင်းတာပင်။

"ရှေ့မှာ ကားလည်း မတွေ့တော့ဘူး၊ ဆက်မလိုက်ပါစို့နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... အသည်းယားတယ်"

"ကဲပါ ... ပြန်ပါစို့"

"ရှင်ကလည်း ဘယ်လိုဖြစ်နေလဲ၊ ပြန်လည်း ရှေ့ကိုဆက်မောင်းပြီး ဟိုဘက်ထိပ်လမ်းမက ပြန်ထွက်ရမှာပဲလေ၊ သူ့ကားလည်း လမ်းမပေါ်ရောက်သွားပြီ၊ ဘယ်ကွေ့သွားလား၊ ညာကွေ့သွားလားပဲ မသိတာ၊ ဘယ်ကိုကွေ့ရင် လမ်းမက ကားတွေကို ပန်းတက်ကွေ့ရမှာ စောင့်နေရဦးမယ်၊ မြန်မြန်ပျောက်သွားပုံထောက်ရင် ညာဘက်ပဲချိုးပြီး လိုက်ကြည့်လိုက်မယ်"

"သက် ... မင်း လက်မလျှော့သေးဘူးလားကွာ"

"လမ်းမပေါ် ညာချိုးပြီးရင် ရှင့်နေရာကိုပဲ တန်းမောင်းတော့မှာပါ"

"နေရင်းထိုင်ရင်း သုံးလေးမိုင်လောက်တောင် ပိုမောင်းလိုက်ရတယ်၊ အချိန်လည်းပုပ်သေး"

"ကားကို မမြင်တော့လို့၊ မြင်လို့ကတော့ မြို့ပြင်ထိ လိုက်ရ လိုက်ရ ပဲခူးထိ လိုတ်ရ လိုက်ရ"

"အဲလိုကြီး လိုက်ရမယ်ဆိုလည်း ငါတော့ ချခဲ့ဦး"

"ဟိုမိန်းမ စန္ဒာကလည်း အရေးဆို မအားဘူး၊ ညို့ကို သွားဖမ်းချုပ်ပြီး အစ်ကြ စစ်ကြစို့ဆိုလည်း သူကမအား၊





သူနဲ့တော့ ဆိုလည်းမဆုံ မြင်လည်းမမြင်ပါဘူးတဲ့၊ ဟုတ်ရဲ့လား မသိဘူး၊ ဒီမှာ ကို ... ညိုညိုများ ဖြစ်နေမလား"

"အာ ... ဘယ်သိနိုင်ပါ့မလဲကွာ"

"တခြားအစိမ်းသက်သက် တစ်ယောက်နဲ့တော့ အချိန်တိုတိုခပ်မြန်မြန်အတွင်း ညိုက ဘယ်လိုလုပ်ပြီး ချက်ချင်းရင်းနှီးပါ့မလဲ၊ ညီညီ ဆိုရင်တော့ နဂိုရင်းနှီးပြီးသား လက်စရှိတယ်လေ၊ စန္ဒာကလည်း မေးရင် ဘူးချည်းပဲဆိုတော့ နှစ်ယောက်ကျိတ်ပြီး သက်ကို နှုတ်လုံနေကြလား မသိဘူး ... တောက်"

"မသေချာဘဲနဲ့ ဒေါသတွေက ရှေ့ကရောက်မနေစမ်းပါနဲ့ သက်ရာ"

"ဟာ ... ဟာ၊ ဟိုးရှေ့မှာ မဟုတ်လား"

"ဟင် ... ဟုတ်လား"

"ရှင်ကလည်း ကူကြည့်မပေးဘူး"

"ငါမှ မင်းလိုစိတ်မဝင်စားတာ၊ ကဲ ... ဆက်လိုက်မယ်ဆိုလည်း ငါ ဆင်းမယ် သက်ရာ၊ မင်းတို့ဟာတွေက"

ခင်သက်ဝေက ဖုန်းကိုထုတ်ကာ ညို့နံပါတ်ကို နှိပ်လိုက်ပါသည်။ အံလေးကြိတ်ထားပြီး မျက်လုံးလေးတောင် စိတ်ဆောစောနှင့် ပြူးဝိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဟဲ့ ... ညို"

"အြော် ... အေး ... သက်"

"နင့်ကား '......'လမ်းမပေါ်မှာ မဟုတ်လား"

"ဟင် ... ! အေး ... ဟုတ်တယ်"

"နင့်ကားနောက်မှာ ခပ်လှမ်းလှမ်းမှာ ငါပါလာတယ်၊ နင့်ကား ရပ်လိုက်စမ်းပါ"

"နင် ဘာလုပ်မလို့လဲ၊ ကိစ္စရှိလို့လား"

"အေး ... ရှိတယ်၊ နင် ငါ့ကားကိုတွေ့လို့ အတင်းမောင်းပြေးနေတာ မဟုတ်လားဟင် ... မိညို"

"မတွေ့ပါဘူး နင့်ကို"

"မတွေ့ဘူးဆိုလည်း ရှိပါစေတော့၊ နင့်ကားပေါ်မှာ အခု ဘယ်သူပါလဲ"

"မပါဘူး ... ငါ တစ်ယောက်တည်း"

"ညိုနော် ... ငါ့ကို မရှိန်းနဲ့"

"မရှိန်းပါဘူးဟဲ့"

"တစ်ယောက်တည်းဆိုရင် နင့်ကား အခုရပ်လိုက်၊ နင့်ကို ငါ ပြောစရာရှိတယ်"

"ကျွတ်"





ဝေမင်းက မျက်နှာပူ စိတ်ရှုပ်စွာ စုတ်သတ်ရင်း ခေါင်းတွေ ကုတ်နေမိပါသည်။

"ဘာပြောမှာလဲ"

"ဘာပြောပြော၊ ရပ်သာ ရပ်လိုက်စမ်းပါဟာ"

"ဘယ်လိုရပ်ရမှာလဲ"

"ဘယ်လိုရပ်ရမှာလဲဟဲ့၊ လမ်းဘေးကပ်ရပ်ပေါ့"

သက်က ပြောရင်း ဆိုရင်း ကားကို အရှိန်မြှင့်လိုက်၍ ...

"မိန်းမ ဖြည်းဖြည်းသက်သာ လုပ်စမ်းပါကွာ"

နောက်ဆုံးတော့ ညိုသည် ရှေ့နားမှာ လမ်းဘေးကပ် ရပ်လိုက်လေရာ ခင်သက်ဝေကလည်း ညို့ကားကို ထိတိုက်မိမတတ် နောက်က ကပ်ရပ်ကာ ကားပေါ်က ဆင်းသွားလေသည်။ မျက်နှာငယ်လေးနှင့် မှုန်တေတေ ဆင်းလာတဲ့ ညိုက သက်ပြင်းလေးရှိုက်ရင်း ကားဘေးရပ်နေသည်။

"နင် သူ့ကို ဘယ်မှာချခဲ့ပြီလဲ"

"ဘယ်သူ့ကိုလဲ"

"ခုန နင့်ကားပေါ် ပါသွားတဲ့ ကောင်လေ၊ ပါကိုပါတယ်၊ နင်လုံးဝမညာနဲ့ ညို၊ ကိုဝေမင်းလည်း တွေ့တယ်၊ ရှင် တွေ့တယ် မဟုတ်လား ပြောပြလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



သက်က ကားပေါ်ကဆင်းလာတဲ့ ဝေမင်းကို လှမ်းတိုင်တည်နေလေရာ ဝေမင်း၊သည် မျက်နှာပူ စိတ်ညစ်စွာနှင့် ...

"အေးဆေးလုပ်စမ်းပါ သက်ရာ၊ ကဲ ... ကိုယ် တက္ကစီနဲ့ပဲ ပြန်သွားတော့မယ်၊ မင်းတို့ အေးဆေးလုပ်ကြတော့"

ဝေမင်းက ဖြတ်သွားတဲ့ တက္ကစီတစ်စီး လက်တားကာ တက်သွားပါတော့သည်။ ညိုက လက်လေးပိုက်၍ ကားကို မှီရပ်ကာ ခေါင်းလေး ငုံ့ချထားသည်။ သက်ဝေသည် ညို့မျက်နှာငယ်လေးကို မြင်တော့လည်း စိတ်မကောင်း ဖြစ်မိကာ ...

"ညို ... နင်က ငါ့ကို ဖုံးကွယ်ထားတော့ ငါအသည်းယားပြီး လိုက်ကြည့်မိတာပါဟာ၊ ညီညီလားဟင် ညို၊ စန္ဒာကသာ ညီညီက ဒီမှာ မင်းသမီးတွေ မော်ဒယ်တွေနဲ့လည်း ဘာဇာတ်လမ်းမှ မရှိဘူးလေး ဘာလေး ပြောနေတာ၊ သူ့အစ်ကိုဝမ်းကွဲ ကိုမင်းသူနဲ့ခင်တဲ့ သူတစ်ယောက်ကပြောတော့ အဲဒီ ကိုမင်းသူ ညီဝမ်းကွဲက နယ်မှာသူဌေးသားတဲ့၊ အိမ်ထောင်နဲ့ ကလေးနဲ့တဲ့၊ သူက ရန်ကုန်တက်ပြီး စီးပွားရေးလုပ်တယ်ဆိုပြီး နေနေတာ၊ နယ်ကိုလည်း လေးငါးလတစ်ခေါက် ပြန်တာမဟုတ်ဘူးတဲ့၊ မိန်းမကနယ်မှာ လူကြီးချင်း သူဌေးချင်းစပ်ပြီး ပေးစားထားတာမို့လို့ သူက မကြိုက်ဘူးတဲ့၊ သိပ်စာရင်းမထည့်ဘူးတဲ့၊ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရှိတာကတော့ ရှိတာပဲပေါ့ဟယ် ...





နင် မသိမှာစိုးလို့ ငါက နောက်ဆုံးသိထားရတဲ့ သတင်း ပြောပြတာပါ ညိုရယ်၊ နင်မသိဘဲ အဲဒီ ညီညီကို ပြန်တွဲမိရင် အလကား နာမည်ပျက်နေမှာစိုးရိမ်လို့ပါဟာ၊ အိမ်ထောင်ရှိတဲ့ လူတစ်ယောက်ကို ပတ်သက်တဲ့ မိန်းမမျိုးကို ငါတို့ ဘယ်လောက်တောင် မုန်းတီးစက်ဆုပ်ခဲ့ကြသလဲ၊ ဟင် ... ညို၊ ကိုယ်က မသိလိုက်လို့ အဲဒီစာရင်းထဲ ပါသွားမှာမျိုးဖြစ်မှာ စိုးရိမ်လိုက်တာဟာ"

ညိုက နှမ်းနှမ်းလေး ပြုံးလိုက်ရင်း ...

"ညီညီ မဟုတ်ပါဘူး သက်"

"ဟင် ... ညီညီ မဟုတ်ဘူးလား၊ ဒါဆို ဘယ်သူလဲ၊ အချိန်တိုတွင်းမှာ နင် ဘယ်ကလူနဲ့ သွားတွေ့တာလဲ၊ သူက ဘယ်သူမို့လို့လဲ၊ နင် ဒီလောက် အဘက်ဘက်ကပြည့်စုံတဲ့ မောင်မောင့်ကိုတောင် ရှောင်ပစ်လိုက်ပြီး ဘယ်သူ့ကိုများ ..."

"တုံတုံ ... တုံတုံ"

ညို့ဖုန်းမြည်သံ ထွက်ပေါ်လာ၍ ညိုက ဖုန်းပေါ်က ပါတ်ကိုကြည့်ကာ မျက်နှာလေး ပျက်သွားရပါသည်။ မလှမ်းကမ်းကို လျှောက်သွားလိုက်ကာ ဖုန်းကိုဖွင့်၍ ...

"ဟယ်လို"

"ဒေါ်ညို့ညို့ညိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ရှင် ... ဦးရန်နိုင်နဲ့ ဘယ်သွားပြီး ဘာလုပ်တာလဲ"

"........."

"လုံးဝမငြင်းပါနဲ့ အစ်မ၊ အခု အစ်မ သူ့ကိုဆေးခန်းရှေ့ချသွားတော့ ဆေးခန်းပေါ်မှာ ကျွန်မရှိနေတယ်၊ အပေါ်ထပ် မှန်ပြတင်းက ကြည့်နေတယ်၊ ဒါ ပထမအကြိမ် မဟုတ်ဘူး ဆိုတာကိုလည်း သိနေတယ်၊ ဘာသွားလုပ်တာလဲ ပြောပါ"

"ကိတ် ... ကိစ္စလေးတစ်ခု ရှိလို့ပါ"

"ဘာကိစ္စလဲ"

ဆင်ဒီအသံက စူးရဲနေသည်။ ညိုသည် လက်ဖျားတွေ တဆတ်ဆတ်တုန်ကာ ရင်ထဲ နာကျင်လှ၍ ပူပြင်းသော မျက်ရည်များ ရစ်ဝိုင်းလာပါသည်။

ခုတော့လည်း ညိုသည် ဦးရန်နိုင် နောက်မိန်းမရဲ့ ထိုသို့သော အပြောမျိုးကို ငုံ့ခံရသည့် ဘဝမျိုး ရောက်နေပါပေါ့လား။

"ဘာကိစ္စလဲလို့ မေးနေတယ် မဟုတ်လား"

"သား ... သားကိစ္စပါ"

"သားရဲ့ဘာကိစ္စလဲ"





"သားတို့ကျောင်းကို ခွင့်လှမ်းတိုင်ထားတုန်းက ဆေးရုံတက်စာရွက်တွေထဲမှာ လိုအပ်တဲ့ တံဆိပ်တုံးထုဖို့ကိစ္စလေးပါ၊ ဆေးရုံကြီးကို သွား ... သွားပြန်ယူ ..."

"အဲဒီကိစ္စလောက်လေးက ဦးရန်နိုင် လိုလို့လား၊ ရှင်သွားလိုက်လည်း ဖြစ်နေတာပဲ မဟုတ်လား၊ ကလေးတွေရဲ့အုပ်ထိန်းသူက ရှင်ပဲ၊ ရှင်လာရင် ဆေးရုံက တုံးထုမပေးမှာမို့လို့လား၊ ရှင် ဦးရန်နိုင်ကို ခေါ်သွားတဲ့ကိစ္စက ဘာမှ ကျိုးကြောင်းခိုင်လုံမှု မရှိဘူး၊ ဘာကိစ္စ လာခေါ်ရတာလဲ၊ စုံတွဲခုတ်မှ ဖြစ်မှာလားဟင်"

ကြားနေရတဲ့ နားတွေ စပ်ဖျဉ်းပူထူလာသည်။ ဆင်ဒီကို တကယ်တော့ ...

"နင်လို မိန်းမက ဒီစကားမျိုးတွေ ပြောခွင့်ရှိလို့ ား"လို့ ချပ်ရင့်ရင့် ခပ်အေးအေးကလေးသာ အပြုံးမပျက်မထိ ရှိ ပြန်ပြောနိုင်ရမှာပေါ့။ သို့ပေမဲ့ ညို မပြောနိုင်သည်မှာ ဘာ ြ ပြောင်းလဲလို့လည်း ဆိုတော့ ညို့အတွင်းစိတ်က ပြောင်းလဲ နေလို့။

ကိုယ့်စိတ်ကိုက လိပ်ပြာမလုံတော့ ငုံ့ခံရတော့မယ့် သူလိုသာ ခံစားနေမိတာပါ။

"သူ့လို တစ်ခါဖောက်ပြန်ထားတဲ့ ယောကျ်ားတစ်ယောက်ကို ဆင်ဒီက မျက်နှာလွှဲခဲပစ် လွှတ်ထားလိမ့်မယ်လို့မျှ



www.burmeseclassic.com

www.burmeseclassic.com



ထင်နေလား၊ ဆေးခန်းမှာ ကျွန်မရဲ့လူယုံရှိတယ်၊ ရှင် ဆေးခန်းနားမှာ လာခေါ်သွားတာတွေ အကုန်သိတယ်၊ ဟင်း ဟင်း … ဦးရန်နိုင်က သူ့ကားနဲ့ဆို မတော်တဆ လမ်းမှာဆုံရင် ကျွန်မ အလွယ်တကူ တွေ့မှာစိုးလို့ထင် တယ်၊ ရှင့်ကိုချည်း လာခေါ်နိုင်းတယ်ပေါ့ ဟုတ်လား၊ ဒီလိုနည်းလမ်း တက္ကနစ်တွေကို ဆင်ဒီ မရိပ်မိနိုင်ဘူးလို့ များ ရှင် ဘာဖြစ်လို့ ထင်ရတာလဲ"

"ဆင်ဒီ … တို့ … ဘာမှ …"

"ရှင်မရှက်ဘူးလား ဒေါ်ညိုညိုညို၊ သူများ အငယ်အနှောင်း လုပ်ဖို့အတွက် ရှင်က အသက်ကြီးနေပါပြီ"

ညိုသည် ထူပူသွားကာ တစ်မျက်နှာလုံးလည်း နီမြန်းလာပြီး …

"မင်း … မင်း … တို့ကို အဲသလိုပြောဖို့ မလိုဘူး"

"လိုသွားပြီ၊ လိုတဲ့နေရာ ရောက်သွားပြီ၊ အခုက ရှင်နဲ့ ကျွန်မက နေရာချင်း ပြောင်းပြန်ဖြစ်သွားပြီလေ၊ ရှင့်တုန်း ကလို ငါ့အပေါ် တဖွဲ့တရွဲ့ တစ်စက်တစ်ပျောက်လေး သစ္စာဖောက်လို့ကတော့ လုံးဝခွင့်မလွှတ်ဘူးဆိုတဲ့ ဆတ် ဆတ်ခါမာန်မျိုး ဆင်ဒီမှာ မရှိဘူးနော်၊ ခြေရှုပ်လာလို့ ကွာပစ်လိုက်မယ်တော့ မထင်နဲ့၊ ယူတုန်းကတည်းက ရှင် သူ့ကိုယူတုန်းကလို နတ်သိကြားလောက်နီးနီး အထင်





ကြီး လေးစားပြီး ယုံကြည်ချက်တွေ ရာနှုန်းပြည့်နဲ့ ယူ ထားတာ မဟုတ်ဘူး …

သစ္စာ ဖောက်တတ်တဲ့၊ ခြေလှမ်း ပျက်တတ်တဲ့ ယောကျ်ားမှန်းသိသိနဲ့ ယူထားတာ၊ ရှင့်လိုလည်း မိုးမမြင် လေမမြင် မယုံဘူး၊ ရှင့်လိုလည်း အရူးတစ်ပိုင်း မချစ်ဘူး၊ ဒါပေမဲ့ ကိုယ့်လက်ထဲမှာ မမြဲ့မြဲအောင်တော့ မရမက လုပ်တတ်တယ်"

ညို့ပါးပြင်ပေါ် မျက်ရည်စက်လေး စီးကျလာသည်။ တော်ပါတယ် ဆင်ဒီရယ်၊ မင်း တော်ပါတယ်။ တို့ကသာ အင် မတန် ညံ့ဖျင်းတဲ့ မိန်းမပါ။ မင်းစကားတွေလည်း အားလုံးမှန် ပါတယ်။ မိုးမမြင် လေမမြင်လည်း ယုံခဲ့ပါတယ်၊ အရူးတစ်ပိုင်း လည်း ချစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း သစ္စာမဲ့ရက်လေခြင်းဆို တဲ့ အဖြစ်အပျက်ပေါ်မှာ ဘယ်လိုမှ ခွင့်လွှတ်လို့ မရအောင် အကြိမ်ကြိမ် သေပွဲဝင်ခဲ့ရတာပေါ့။

မင်းသိပ်မချစ်ဘဲ အရယူထားတဲ့ ယောကျ်ားဟာ ဘို့အဖို့တော့ မုန်းတီးနာကြည်းနေရင်းတန်းလန်းနဲ့တောင် အချစ် ပျောက်ပြယ်နိုင်တဲ့ ယောကျ်ားပါ ဆင်ဒီရယ်။

"ရှင့်အသိုင်းအဝိုင်း၊ ဦးရန်နိုင်အသိုင်းအဝိုင်း၊ ဘယ်မှာမှ ကြားလို့မလျော်တဲ့ ဒီလိုအဖြစ်အပျက်မျိုး၊ ဒီအသိုင်းအဝိုင်း တွေထဲမှာ အရှက်တကွဲ ဟိုးလေးတကြော် ဖြစ်မသွားပါစေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လား အစ်မ၊ ဒီလောကမှာ မလှလောက်သေးရင်လည်း သားတို့ သမီးတို့ အသိုင်းအဝိုင်းလည်း ကျန်ပါသေးတယ်၊ အစ်မ အရှုံးကွဲမခံနိုင်ပါဘူး၊ ဟုတ်တယ် မဟုတ်လား"

"..........."

ညိုက အံလေးတင်းတင်း ဖိကြိတ်ကာ နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေသည်။

"ရပ်တန်းက ရပ်လိုက်ပါ အစ်မ၊ အစ်မအတွက် စေတနာ သက်သက်နဲ့ အကြံပြုရရင် အစ်မလို ရင်နင့်အောင် တစ်သက် တစ်ချစ် ချစ်တတ်တဲ့သူမျိုးနဲ့ ဦးရန်နိုင်နဲ့ မတန်ပါဘူး အစ်မ၊ ကျွန်မကြောင့် တစ်ကြိမ်ခံစား ခါးသီးဖူးတာမျိုး နောက်ထပ် နောက်ထပ် အစ်မ ခံစားနိုင်သေးလို့လား၊ ခံနိုင်ရည် ရှိလို့လား ...

ဦးရန်နိုင် အချစ်က ယိမ်းယိုင်နဲ့ပါသွားတတ်တာမျိုးဆိုတာ အစ်မ သင်ခန်းစာ မရသေးဘူးလား၊ သူ့အချစ်ကို ယုံကြည်နေသေးတာလား"

ယုံကြည်တယ်လို့ ဘာကြောင့် မပြောရဲတာလဲ။ ကိုရန်နိုင်က ငါ့ကိုပဲ တကယ်ချစ်ခဲ့တာပါ။ မင်းကိုတော့ မတော်တဆ ကံဆိုးမိုးမှောင်ကျ မှားယွင်းမှု ကြုံသွားတာပါ။ ဝဋ်ကြွေးပါလို့ မင်းနဲ့ တစ်ကြိမ်မှားယွင်း ကျူးလွန်ခဲ့တာကလွဲရင် ငါ့ကိုတော့ တကယ်နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ချစ်တာပါလို့ ဘာကြောင့်





ရဲရဲဝံ့ဝံ့ ပြန်မပြောရဲသလဲ။ ရဲရဲဝံ့ဝံ့ မယုံကြည်ရဲတာကြောင့် ထင်ပါရဲ့။

"နောက်နှစ် နောက်နှစ်တွေလည်း ကလေးတွေ ပြန်လာတယ်ဆိုရင် သူ အစ်မတို့မိသားစုဆီ ပြန်ဝင်ထွက်ရဦးမှာပဲ၊ အစ်မ ဒီလိုသာ စိတ်ပျော့နေမယ်ဆိုရင် မခက်ဘူးလား"

"..........."

"ဒီကြားထဲ ဘာအကြောင်းကိစ္စကြောင့်ပဲဖြစ်ဖြစ် သူနဲ့တွဲသွား တွဲလာ မလုပ်ပါနဲ့၊ ရိုးရိုးပါလို့လည်း အကြောင်းမပြပါနဲ့၊ ကလေးတွေ မရှိဘဲ သူ့ကို လုံးဝမပတ်သက်ပါနဲ့၊ အစ်မတို့ ဆက်တွေ့ဆုံ ပတ်သက်နေဦးမယ် ဆိုရင်တော့ ကျွန်မအဆိုး မဆိုနဲ့ ... ဒါပဲ"

အသံပျောက်သွားသည့် ဖုန်းကို နားမှာခဏဆက်အပ်ထားမိပြီးမှ ဖြည်းညင်းစွာ ပိတ်သိမ်းပြီး သက်ဝေဘက် လှည့်လိုက်ပါသည်။ သက်ဝေက ကားနားမှာ လက်ပိုက်ရပ်နေရာက ညို့ကိုမြင်လျှင် အံ့အားသင့်ကာ ...

"ဟဲ့ ... ညို"

ညိုသည် မျက်ရည်တွေ ပါးပြင်ပေါ် တလိမ့်လိမ့် ဆက်လက်စီးကျနေမြဲ။ ရပ်တန့်လို့မရ။ ရှက်တာလား ဝမ်းနည်းတာလား နာကျင်တာလား ဘာမှန်းမသိတော့တဲ့ ပူလောင်စပ်ဖျဉ်း



www.burmeseclassic.com

www.burmeseclassic.com



အခံရခက်သော ခံစားချက်ကြီးက လည်ချောင်းနှင့် ရင်ညွန့်စပ်တွင် ခုကာနင်နေသည်။

"ညို ... ဘာဖြစ်လို့လဲ၊ ဖုန်းက ဘယ်သူလဲ"

"........."

"ဟင် ... ဘယ်သူက ဘာပြောလို့လဲ၊ ငါ့ကိုပြောလေ ညို"

"သက်"

"ညို"

"ငါ ... ငါ ... ငါလေ ... ငါ ရှက်လိုက်တာ သက်ရယ်၊ ငါ့အသည်းတွေက ဘယ်နခါအထိ ထပ်ထပ်ကွဲနေဦးမှာလဲ"

ညိုသည် သက် ပခုံးပေါ် မျက်နှာမှောက်တင်ကာ တသိမ့်သိမ့် ကျိတ်ရှိုက်နေမိပါသည်။ တစ်ဘဝတည်းမှာ ဒီတစ်ယောက်တည်းကိုပဲ တစ်ချစ်တည်း အချစ်ကြီးချစ်ပြီး သူ့တစ်ယောက်တည်းရဲ့ မယားကြီးတစ်ကြိမ်၊ မယားငယ်တစ်ကြိမ်တော့ မဖြစ်သင့်ဘူး မဟုတ်လား ကိုကိုရယ်။





၁၄

"ငါ အသည်းယားလိုက်တာနော်"

စန္ဒာက ကြိတ်မနိုင်ခဲမရလေး ညည်းညူလိုက်၍ သက်ဝေက ...

"ဘာကိုလဲ"

"တကယ်ဆို ဒါဟာ တကယ့် အခွင့်အရေးကောင်းပဲ"

သက်ဝေက စန္ဒာ့ကို မျက်စောင်းလှည့်ထိုးလိုက်ပါသည်။

"နင်ဟာလေ ရှုပ်တီးရှုပ်တုတ် အင်မတန် ဝါသနာပါချင်တယ်"

"ငါ ဘာရှုပ်လို့လဲ၊ ငါမရှုပ်လွန်းလို့ နင်တို့လို မဟုတ်ဘဲ ခုထိ အပျိုကြီး လုပ်နေတာပေါ့ဟဲ့"

"အမယ်လေးနော် ... မသိရင် ခက်ဦးမယ်၊ နင့်လိုအပျိုကြီးကတော့ တခြားအပျိုကြီးတွေနဲ့ ချွင်းချက်၊ ရှုပ်ဖို့ရအောင်ကို အပျိုကြီးလုပ်နေတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ... မိသက်နော်၊ နင် သေတော့မယ်"

"မှားလှားပြော"

"မှားတာရဲ့ ဘိုးအေဟဲ့"

"ကဲ ... တော်ကြစမ်းပါဟာ၊ နင်တို့နှစ်ယောက်က သိပ်စကားနိုင်လုတာပဲ၊ နားတောင် ငြီးလာပြီ တကယ်ပဲ"

ညိုက နောက်ခန်းမှာ တစ်ယောက်တည်း ကုပ်ကုပ်လေး မှီလျောထိုင်နေရာက စိတ်ရှုပ် လက်ရှုပ်လေး ညည်းညူမိပါသည်။ စိတ်ကမရွှင်ရတဲ့အထဲ ငြင်းခုန်နေသံတွေကို မကြားချင်ပါ။ အခုလက်ရှိ အခြေအနေမှာတော့ ညိုသည် ဘော်ဒီဂတ်နှစ်ယောက်နှင့် သွားလာနေရတဲ့ဘဝ။ ညို့ရဲ့ဘော်ဒီဂတ်ရာထူးကို စန္ဒာရော သက်ဝေပါ ဖွတ်အတင်းယူထားကြပါသည်။

အဓိက,က သက်ဝေ။ စန္ဒာကတော့ ကာကွယ်ချင်စိတ်တစ်ဝက်။ တိုက်တွန်းချင်စိတ်ကတစ်ဝက် ဖြစ်နေပုံပင်။

"ဒီမှာ မိသက်"

"ပြော"

"နင့်ယောက်ျား ကိုဝေမင်းကို ပဲရစ်စ်ဟီလ်တန်က လုသွားပြီ ဆိုပါတော့"

"ကျွတ် ... နင်တော့နော်"

"ကိုဝေမင်းကလည်း ပရဲစ်စ်နောက် ပါသွားပြီပေါ့ဟယ်"

ညို့မှာ စိတ်ရှုပ်တဲ့ကြားက စန္ဒာ့စကားကို ပြုံးရပါသည်။





"တစ်နေ့သောအခါ နင် ကိုဝေမင်းကို ပရဲစ်စ်ဟီလ်တန်ရဲ့လက်ထဲက ပြန်ရမယ့်လမ်းစ အခွင့်အလမ်း ပွင့်လာတယ်ဟာ၊ နင် ကိုဝေမင်းကို ပြန်လိုချင်တာ မလိုချင်တာ အပထားဦး၊ ဟိုမိန်းမကိုတော့ ပညာပြန်မပေးချင်ဘူးလား"

"စန္ဒာရယ် ... သံသရာရှည်တာတွေ နင်ဘာလို့ ရှုပ်နေမှာလဲ"

"ငါပြောတာ နင် သဘောပေါက်လား၊ တကယ်လို့များ နင့်မှ အခွင့်အရေးကြုံလာရင် ဟိုမိန်းမကို ခွင့်လွှတ်သည်းခံပြီး နင်က ကိုဝေမင်းကို စွန့်လွှတ်မှာပဲလား"

"မဖြစ်နိုင်တာတွေ လာမပြောနဲ့"

"စိတ်ကူးယဉ်တာပဲဟယ်၊ ပိုက်ဆံမှ မပေးရတာ"

"စိတ်ကူးယဉ်ရတာ ဆိုရင်တော့ ငါက ပဲရစ်စ်ဟီလ်တန်ဆီက သူ့ အမွေဆက်ခံရမယ့် ဟီလ်တန်ဟိုတယ်ကြီးတစ်လုံးလောက်ပဲ တောင်းလိုက်မယ်၊ ကိုဝေမင်းကို ယူထားလိုက်၊ ငါ့ကို ဟိုတယ်ပဲပေးလို့"

"အသည်းနှလုံးမရှိတဲ့မိန်းမ"

"နင့်ကိုလည်း အလကားပေးတည်းမှာပါ"

"ငါက အတည်ပြောနေတာဟဲ့၊ ခုကိစ္စမှာ ကိုရန်နိုင်ကလုံးဝကို ညို့ကိုပဲ စိတ်ပြန်ညွှတ်နေပြီ၊ ဒါ ကိုယ့်နိုင်ကွက်ပိုင်ကွက်ပဲလေ၊ ဟိုမိန်းမကို နောက်ကောက်ကျပြီး ပတ်လက်လန်ကျန်ရစ်အောင် လုပ်နိုင်မယ့် အခွင့်အရေးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စန္ဒာ"

"ဘာလဲ"

"ကိုယ့်ကို သစ္စာမဲ့ပြီး ကိုယ့်ထက်ငယ်ရွယ်တဲ့ စမောလ် လေးတစ်ယောက်ကို သွားကြောင်ပြီး ငါးနှစ်လောက်သွား ပေါင်းပြီးမှ တကယ့်မေတ္တာစစ်က မင်းပါဆိုပြီး လာပြန် ဒူးထောက်တဲ့ လူတစ်ယောက်ကို နင် ယုံလား ပြော၊ ပြန် ချစ်ဖို့ရော သတီသလား"

"........"

စန္ဒာ နည်းနည်း ငိုင်ငေးတွေဝေသွားပါသည်။

"ခုလို လာပြန်ဒူးထောက်နေချိန်မှာ ကိုယ်လုပ်စရာ တစ်ခု ပဲရှိတယ်"

"ဘာလဲ"

"သူ့မေးစေ့ကို ဒူးနဲ့တိုက်ပစ်ပြီး လှည့်ထွက်ခဲ့ဖို့ပဲ"

အင်း ...။ ညို သက်ပြင်းချရသည်။ သူငယ်ချင်းတွေဟာ ညို့ထက်တောင်မှ ကိုရန်နိုင့်အပေါ် စိတ်နာစက်ဆုပ်ကြပါသည်။ ဘာကြောင့်လဲဆိုတော့ သူတို့ရင်ထဲမှာ ညို့လို ထုထုထည်ထည် အချစ်မျိုးကြီး အခံမရှိလို့ပေါ့။ သူတို့အတွက် ကိုရန်နိုင်ဟာ သာမန်မိတ်ဆွေတစ်ယောက်မျှသာပဲဖြစ်၍ သူတို့သူငယ်ချင်း ညို့ကို မကောင်းတာ လုပ်သွားတဲ့အခါ မုန်းတီးချဉ်စုတ်ခြင်းပဲ သူတို့ရင်ထဲ ကျန်သည်။





ညို့မှာသာ ပဋိပက္ခ။ ရင်ထဲမှာ ချစ်တာရယ် မုန်းတီးနာကြည်းတာရယ် ပဋိပက္ခ ဖြစ်နေကြပေမယ့် ဘာကြောင့်များ နာကြည်းမှုက ဖုံးလွှမ်းအနိုင်ယူမသွားနိုင်ပါလိမ့်။

"ညို"

"အင်း ..."

"နင် လွှမ်းမနေနဲ့၊ သိပ်ခံစားမနေနဲ့ဟာ"

"ငါက ဘာပြောနေလို့လဲ"

"ပြောစရာမလိုပါဘူးဟာ၊ နင့်မျက်နှာကြည့်လိုက်ရင် သိနေရတာပဲ၊ နင် စိတ်ပျော့ပြီး ပြန်ပါသွားမှာစိုးလို့ ငါတို့ ခုလို တကူးတက လိုက်ပေးနေတာ သိလား၊ နင် ဟိုတစ်နေ့က ပြောသွားပဲ၊ နင်ကိုယ်တိုင်လည်း ဘာဖြစ်သင့်တယ်ကို သိတယ်လေ ... နော် ညို၊ စိတ်မာစမ်းပါဟာ"

"ငါသိပါတယ် သက်ရယ်"

"ဘာပဲဖြစ်ဖြစ် ကိုရန်နိုင်က အခုလောလောဆယ် ဆင်ဒီကို တရားဝင် လက်ထပ်ပေါင်းသင်းနေတာလေ၊ နင်နဲ့က တရားဝင် ကွာရှင်းပြတ်စဲထားတာလေ"

"အင်းပါဟာ၊ အခု နင်တို့လိုက်နေကြတာကိုက နင်တို့ကလည်း စေတနာအလျှောက် လိုက်စောင့်ရှောက်နေကြတာ ဖြစ်သလို ငါကိုယ်တိုင်က ငါနဲ့တကောက်ကောက် အတူ လိုက်ပေးစမ်းပါလို့ နင်တို့ကို ခေါ်ယူထားတာပါဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ငါ့ဆုံးဖြတ်ချက်ကို နင်တို့အသိပဲပေါ့၊ ငါ့ကိုနား ချနေစရာ မလိုပါဘူး၊ ငါ ဘာလုပ်ရမယ်ဆိုတာ ငါသိပါတယ်"

"အေးပါ ... အေးပါ၊ ငါက ဟောဒီ ဒေါ်စန္ဒာ မခံချင်စိတ်နဲ့ မြှောက်ထိုးပင့်ကော်လုပ်တာတွေ နင်နားယောင်မှာ စိုးလို့ပါ"

"ငါလည်းမြှောက်ထိုးပင့်ကော် မလုပ်ပါဘူးနော်။ အသည်းယားလို့ ပြောမိတာပါ၊ ငါလည်း ညိုကို စောင့်ရှောက်ချင်လွန်းလို့ကို မအားတဲ့ကြားက အတူလိုက်ပေးနေတာ မဟုတ်လား"

ခင်သက်ဝေက နောက်ကြည့်မှန်ကို တကြည့်ကြည့်လုပ်ရင်း ...

"ဟော ... ပါလာပါပြီ၊ ဘယ်ချောင်ကြိုချောင်ကြားကထိုးဖောက်ပြီး ပါလာမှန်း မသိတော့ဘူး"

စန္ဒာက ဘေးမှန်မှ ကြည့်နေရင်း ...

"အေး ... ဟုတ်သားပဲ"

ညိုသည် ရင်တဒိတ်ဒိတ် တုန်လာကာ သက်ပြင်းရှိုက်လျက် လူကိုပုထားမိသည်။

"တီ ... တီ"

"ဟွန်းတီးပြီး မီးထိုးနေပြီဟဲ့"





"ညို ... ရှေ့မှာ နင့်ပန်းတိမ်ကလည်း ရောက်နေပြီ၊ ရပ်လို့မဖြစ်ဘူးထင်တယ်၊ ဆက်မောင်းသွားလိုက်မယ်"

"အခု ငါတို့က ပန်းတိမ်ကို သွားနေတာလေ"

"ငါတို့ရပ်ရင် ကိုရန်နိုင်ကလည်း လိုက်ရပ်မှာပေါ့"

"မိသက်ရယ် ... နင် ဘယ်လောက် မောင်းပြေးမှာလဲ၊ ဂျိမ်းစ်ဘွန်းကား ကျနေတာပဲ၊ သူ လိုက်ရပ်တော့ကော ငါ့ကို ကားတင်ပြေးနိုင်တာမို့လို့လား၊ ကိုယ်လုပ်စရာရှိတာ လုပ်မှာပေါ့"

"အေးလေဟာ ... အဲဒီ မိသက် တစ်ယောက်ကတော့ သည်းထိတ်ရင်ဖို လုပ်နေပြန်ပြီ၊ အဲသလောက်ကြီးလည်း မလိုပါဘူးဟာ၊ စကားလာပြောလည်း ပြန်ပြောရုံပဲလေ၊ ကိုရန်နိုင်ကလည်း လူဆိုးလူယုတ်မာကြီးမှ မဟုတ်တာ၊ အဲသလောက် ထွက်ပြေးဖို့လည်း မလိုဘူး"

ညိုရော စန္ဒာရော ပြောမှ ခင်သက်ဝေက နည်းနည်းပါးပါး အားနာပါးနာ ဖြစ်သွားသလို ညို့ကို နောက်ကြည့်မှန်မှ ကြည့်ရင်း ...

"အဟင်း ... ငါက နည်းနည်းအစိုးရိမ်လွန်သွားလို့ပါဟ"

မိသက်ကကားကို ညိုတို့ ဝန်းတိမ် တည်ရှိရာ အဆောက်အအုံရှေ့မှာ ထိုးရပ်လိုက်ပါသည်။ ရန်နိုင့်ကားကလည်း မိသက်ရဲ့ကားနောက်မြီးနှင့် ကပ်ကာ ရပ်လိုက်လေသည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က ဆင်းလာတဲ့ ရန်နိုင်က အရင်ဆင်းလာသော ခင်သက်ဝေနှင့် စန္ဒာကို မေးဆတ်ကာ အရင်နှုတ်ဆက်လိုက်ပြီး နောက်ခန်းတံခါးကို ညို ဆင်းဖို့ဆွဲဖွင့်ပေးလိုက်ပါသည်။

"ညို"

"………"

"ညို ဘာလုပ်တာလဲ ညို၊ ဘာဖြစ်လို့လဲ၊ ဖုန်းလည်းမကိုင်၊ ဘယ်လိုမှလဲ ဆက်သွယ်လို့မရ၊ အိမ်လာတော့လည်း အတွင်းဒိုးလော့က်ကလည်း ချထားတယ်၊ အပြင်သံတံခါးမှာကျတော့ သော့ခလောက်က အပြင်က ခတ်ထားတယ်၊ တကယ်မရှိတာလား၊ မရှိသလို လုပ်နေတာလား၊ ကိုယ်မသိရဘူး၊ ညို ဘာဖြစ်လို့လဲ"

"ညို ဘာမှမဖြစ်ပါဘူး၊ ခုတလော အလုပ်များနေတာပါ"

"ဒါဖြင့် ဖုန်းကကျတော့ ဘာဖြစ်လို့ မကိုင်တာလဲ၊ ဒီလောက်များတဲ့ Missed Call တွေ ညိုမမြင်တာတော့ မဖြစ်နိုင်ဘူး၊ ပြန်လည်းမဆက်ဘူး"

"………"

"ဟင် … ဘာဖြစ်လို့ ဖုန်းပြန်မဆက်တာလဲ ညို"

"အထူးအံ့ခြား ပြောစရာ မရှိလို့ပါ၊ အရေးကြီးရင်လည်း ကိုရန်နိုင် ပြန်ဆက်မှာပဲဆိုပြီး မဆက်တော့တာ"





"ပြန်ဆက်တော့လည်း မကိုင်ဘူးလေ"

ညိုက ရန်နိုင့်ကို မျက်လွှာလေးပင့်ကာ ကြည့်လိုက်ပြီး …

"ကိုရန်နိုင် အရေးကြီးတဲ့ကိစ္စ ရှိလို့လား"

"ဘာယ်လို ပြောလိုက်တာလဲ ညို"

"အရေးတကြီး ပြောစရာရှိရင် အခုပြောပါ"

"ညို ဘာဖြစ်လို့ ရုတ်တရက်ကြီး စိမ်းကားသွားတာလဲ"

ရုတ်တရက်ကြီး စိမ်းကားသွားတာ မဟုတ်ပါဘူး၊ ရုတ်တရက်ကြီး အမိုက်အမှောင်ထဲကို ကျလုဆဲဆဲ တွေ့ဝေသွားတာပါ။ ရက်မိုင်းမှု ညိုနှင့် ရန်နိုင် ဆက်ဆံရေးက သွေးပူခဲ့ပါသည်။ လုံးလုံးလျားလျား မရိုးမသားသော စကားတွေ မဟုတ်သော်လည်း ရိုးရိုးသားသား စကားလို့လည်း ပြောလို့မရတဲ့ ဟိုရောက် ဒီမရောက် စကားမျိုးတွေနဲ့ နေ့ရက်အချို့ကို ညိုတို့ ဆားရောင်ခြယ်သခဲ့မိကြသည်။

"ညို စိမ်းကားသွားတာ မဟုတ်ပါဘူး၊ ညို သတိလေး နည်းနည်း ထိန်းလိုက်တာပါ"

ရန်နိုင်က စန္ဒာတို့ဘက် မျက်လုံးဝေ့ကြည့်ရင်း အသံဖျော့ဖျော့နှင့် …



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာတို့ သက်ဝေတို့ ရှိနေလို့လား"

"မဟုတ်ပါဘူး ကိုရန်နိုင်၊ ညို သတိကပ်လိုက်တာပါ၊ သတိလက်လွတ် ဖြစ်နေမိတာကို ထိန်းလိုက်တာပါ၊ အခု အနေအထားကမှ ညို့ရဲ့ ဆန္ဒအမှန်ပါ၊ ဟိုတလောက ဘော်ဘီကိစ္စနဲ့ပါရောပြီး ညို့စိတ်တွေ ယိမ်းယိုင်ပြိုလဲခဲ့လို့ပါ"

"ညို ... သူငယ်ချင်းတွေ ပါနေလို့ မဟုတ်လား၊ ကိုယ်တို့ တစ်နေရာမှာ စကားခဏ သွားပြောကြရအောင်လေ"

"ဟင့်အင်း ... ကိုရန်နိုင်၊ သူငယ်ချင်းတွေက မတော်တဆ ပါနေတာ မဟုတ်ဘူး၊ ညို အဖော်ခေါ်ထားတာ၊ တမင် ခေါ်ထားတာပါ၊ ညို ဘယ်ကိုမှလဲ လိုက်မှာမဟုတ်ဘူး၊ ပြောချင်တဲ့စကားကို အခု အပြီးပြောပြီး ကိုရန်နိုင် ပြန်ပါတော့"

ရန်နိုင့် မျက်နှာပြင်က နီမြန်းလာသည်။

"ညို ... မင်း ကိုယ့်ကို အရူးလုပ်နေတာလား"

"ရှင့်ကို နောက်တပ်တစ်ကြိမ် အမှားမကျူးလွန်မိစေချင်ဘူး ကိုရန်နိုင်"

"ကိုယ် အဲဒါတွေ နားမလည်ဘူး၊ ကိုယ် အခု ကိုယ့်အမှား တစ်ခုကို ပြန်ပြင်ဖို့ ကြိုးစားနေတာလေ"





"ကိုရန်နိုင် ... တစ်ခါတလေမှာ တချို့သောအမှားတွေက နောင်တစ်ချိန်မှာ ပြန်ပြုပြင်လို့ မရကြတော့ဘူး၊ အချိန် နောက်ကျသွားပြီ၊ ကျွံသွားပြီးပြီ၊ ပြန်နုတ်လို့ မရနိုင်တော့ပါဘူး ကိုရန်နိုင်၊ ထင်သလောက် လွယ်လွယ်လေး မပြုပြင်နိုင်တဲ့ အမှားတွေ လောကမှာ အများကြီးပါ၊ အဲဒီတော့ ညို တောင်းပန်ချင်တယ် ...

ဒီတစ်ခေါက် သားနဲ့သမီး မလာခင်က ညိုတို့ဆက်ဆံခဲ့ကြတဲ့ အခြေအနေအတိုင်း ပြန်နေကြရအောင်၊ လိုအပ်သလောက်ပဲ ဆက်ဆံကြရအောင်ပါ၊ ရှင့်မှာ မိန်းမနဲ့သား လေးတစ်ယောက် ရှိသေးတယ် ကိုရန်နိုင်"

"ညို ကိုယ်ပြောပြီးပြီပဲ၊ ဆင်ဒီနဲ့ ကိုယ့်ရဲ့အိမ်ထောင်ရေး က နှစ်နှစ်ကာကာချစ်တဲ့ အချစ်နဲ့ တည်ဆောက်ခဲ့တာ မဟုတ်ဘူး"

"ကိုယ့်ဇနီးကွယ်ရာမှာ ဒီစကား ပြောနေတာ ရှင်မရှက်ဘူး လား၊ Guilty မဖြစ်ဘူးလား ကိုရန်နိုင်"

"ဖောက်ပြန်ဖို့ ညာပြောနေတဲ့စကားမှ မဟုတ်တာ၊ သူ့ ရှေ့မှာလည်း ကိုယ် ပြောနိုင်တယ်၊ ကိုယ့် အိမ်ထောင်ရေး ကို ကိုယ် စိတ်ပျက်နေတာ ကြာပြီ"

"အဲဒါ ရှင် တကူးတက ပြောင်းလဲယူထားတဲ့ အိမ်ထောင်ပဲလေ၊ ဆင်ဒီမှာ ရှင့်အတွက် စိတ်ပျက်စရာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမူအကျင့်တွေ ရှိကောင်းရှိမယ်၊ ဒါပေမဲ့ ဆင်ဒီဟာ ရှင့်အပေါ်သစ္စာတော့မဖောက်ဘူး၊ ရှင့်ကိုတော့ သစ္စာရှိရှိပေါင်းသင်းနေတဲ့ ဇနီးတစ်ယောက်ပါ ကိုရန်နိုင်၊ စိတ်ထွေပြားနေတဲ့ စိတ်လေနေတဲ့ လင်ယောကျ်ားကို ကျွန်မလို စိတ်လိုက်မာန်ပါ ပေါက်ကွဲမယ့် ဇနီးမျိုးလည်း မဟုတ်ဘူး ကိုရန်နိုင် ...

စိတ်ရှည်လက်ရှည် ကိုင်တွယ်မယ့် မိန်းမပါ၊ ညို့မှာရှိတဲ့ အရာတွေ ဆင်ဒီမှာ မရှိဘူးလို့ ရှင်ပြောခဲ့သလိုပဲ ကျွန်မမှာ မရှိတဲ့အရာတွေလည်း သူ့မှာ ရှိနေသေးတယ် ကိုရန်နိုင်၊ သူ့မှာရှိနေတဲ့ အဲဒီအရာတွေက ကျွန်မဆီက ရှင် ဘယ်တော့မှ မရနိုင်တဲ့ အရာမျိုးတွေပဲ"

"ကိုယ် ဒါတွေ နားမလည်ဘူး ညိုရယ်"

ရန်နိုင့်မျက်နှာက သွေးပျက်သလို ဖြစ်နေသည်။ သူ့ကို နတ်ရေကန်ထဲက ဖွတ်ဆွဲတင်နေတာ ခံနေရသလို မလိုက်ချင် မခွာချင် တစ်ယောက်တည်း ရှန်းရင်းဆန်ခတ် ဖြစ်နေပုံမျိုးပင်။

"ရှင့်အသက် လေးဆယ့်နှစ်နှစ်ထဲ ရောက်သွားပြီ ကိုရန်နိုင်၊ ရှင်က ညို့ထက် အများကြီး ကြီးသလို ဆင်ဒီ့ထက်ဆိုရင်တော့ ဒွေးချိုးလေးတိုး ဆိုသလောက်ရှိတာ၊ ကျွန်မတို့အားလုံးထဲမှာ ရှင့်မှာ အသိဉာဏ် အတွေ့အကြုံ ဗဟုသုတ





အများဆုံးပါပဲ၊ ရှင် နားမလည်ဘူးဆိုတာ မျက်စိမှိတ်ညာနေတာ၊ မိုက်မဲဖို့ မကြိုးစားပါနဲ့ လိမ္မာပါ ကိုရန်နိုင်ရယ်"

ရန်နိုင်က ညို့မျက်နှာကလေးကို ဆွေးဆွေးနစ်နစ် တစိမ့်စိမ့် စိုက်ကြည့်နေမိသည်။ ခုချိန်မှာ သူ တစ်ခွန်းပြီးတစ်ခွန်း ထပ်ပြောနေသမျှတို့ဟာ ဖောက်ပြန်ဖို့ ကြိုးစားအားထုတ်တဲ့ စကားများသာ ဖြစ်နေတော့မှာ မဟုတ်လား။ ရန်နိုင့် ရင်ထဲက ခံစားချက် အစစ်အမှန်တွေပါလို့ တန်ဖိုးထားပေးမည့်သူ မရှိနိုင်

လူ့အဖွဲ့အစည်း အသိုင်းအဝန်းရဲ့ သတ်မှတ်ချက်အရ သူဟာ တစ်ကြိမ်အပြီးမှာ နောက်တစ်ကြိမ်တောင် ဖောက်ပြန်ဖို့ ဝန်မလေး၊ သစ္စာမဲ့သူတစ်ယောက် အနေအထားမျိုးရောက်နေပြီကိုး။ အမှားတစ်ခုကို မှားမှန်းသိချိန်မှာ ပြင်လို့ရတယ်၊ နောက်ကျတယ်ဆိုတာ မရှိဘူး ဆိုတာဟာ အခါခပ်သိမ်းသော အခြေအနေတိုင်းမှာ မမှန်ကန်နိုင်။

ဘဝမှာ ပြန်ပြီး ပြင်လို့ ဖျက်လို့ မရတော့တဲ့အမှားတွေ ရှိတယ်ဆိုတာ သူကိုယ်တိုင်ကိုယ်ကျ ခံစားသိရပြီ။ အမှားကို ပြင်ဖို့အရေး ငွေစရာ ထောက်စရာ တခြားသော အရာတွေပါလာပြီမို့ လွယ်လင့်တကူပြင်ဖို့ မဖြစ်နိုင်တော့ပါလား။

"အရင်လိုပဲ အကြောင်းကိစ္စရှိတဲ့အခါတော့ ဖုန်းလှမ်းဆက်လိုက်ပေါ့၊ အကြောင်းထူးမရှိဘဲ ညိုတို့ မတွေ့ကြစို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်သည် လစ်ဟာသော ခံစားချက်နှင့် ညို့ကို စူးစိုက်ပြီးပဲ ကြည့်နေမိသည်။ သူ့ရှေ့က လှည့်ထွက်ကာ အဆောက်အအုံထဲ ဝင်သွားတဲ့ ညို့ကို သူ ဘာစကားမှ မပြန်နိုင်လိုက်။ အချစ်စစ်စစ် ဆိုပေမယ့် အခြေအနေ အချိန်အခါကို လိုက်၍လည်း တန်ဖိုးမရှိ ဖြစ်တတ်ပေသေးသည်။





၁၅

"တုံတုံ ... တုံတုံ"

ညိုသည် ဘောကွန်နှင့် ကညွတ်ကြော်ဖို့ ပြင်ဆင်ကစပြစ်နေ၍ ဆီအိုးကို ဂက်စ်မီးဖိုပေါ်မှချ ဂက်စ်အိုးခလုတ် ပိတ်လိုက်ရသည်။

မှန်းကိုကြည့်လျှင် တွေ့ရတဲ့နံပါတ်ကြောင့် ရင်မောလသည်။

"ဟယ်လို"

"အစ်မ ... အိမ်မှာလား"

"ဟုတ်ပါတယ် ဆင်ဒီ"

"ခုနေ တကယ်လို့များ ဦးရန်နိုင် ရောက်လာရင် အစ်မ တံခါးဖွင့်မပေးပါနဲ့၊ အိမ်ထဲအဝင်မခံပါနဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးရန်နိုင် လာရင် တံခါးမဖွင့်ပါနဲ့လို့ ကျွန်မ ပြောတာ အစ်မ နားရှင်းရဲ့လား"

"ရှင်းပါပြီ၊ ဒါပေမဲ့ ဆင်ဒီ ပြောလို့မဟုတ်ပါဘူး၊ တို့လည်း ဖွင့်ပေးစရာ အကြောင်းမရှိပါဘူး"

ငါက အပြင်ကနေ အယောင်ဆောင်သော့ခတ်ပြီး အိမ်ထဲမှာ အသံမပေးဘဲတောင် ပုန်းနေတာပါလို့ ပြောလိုက်ရင် ဦးရန်နိုင် လာလာနေတာကို သိသွားပြီး သူတို့လင်မယားချင်း ပြဿနာတက်နေမှာ စိုးတာကြောင့် ညိုက ထည့်မပြောခဲ့မယ် ...

"အစ်မ သော့ပိတ်ပေးထားတာတွေလည်း ဆင်ဒီ သိတယ်"

"ဟင်"

ကိုယ်ကဖုံးပေးထားပေမယ့် သူက သိပြီးသား။ သူ ကိုယ်တိုင် လာစောင့်ကြည့်နေတာ မဟုတ်၍ သူ သိစရာလမ်းကြောင်းဟာ ဦးရန်နိုင်မှလွဲ၍ တခြားမရှိ။ ရှုးများနေရောလား ကိုရန်နိုင်ရယ်။ သူ့ကိုမေးရင်တော့ "ဟုတ်တယ် ... ကိုယ်ရှုးပြီ"လို့ ဖြေမှာကို သိနေပါသည်။

"ကိုကြီး ... အစ်မဆီ လာနေတာတွေ အစ်မရှောင်ပေးတာတွေ အားလုံး ဆင်ဒီ သိပါတယ် အစ်မ"

"ဘယ် ... ဘယ်လိုလုပ်ပြီး"





"သူပဲ ပြောတာပေါ့၊ သူပဲ မညာမတော ပြောတာပေါ့ အစ်မ၊ သူ ဆင်ဒီ့ကို ဘယ်လိုစကားမျိုးတွေ ပြောနေမယ် ဆိုတာ အစ်မလည်း သိပါလိမ့်မယ်၊ အစ်မကိုလည်း ပြောမှာ သေချာနေလို့လေ။ ပြောတယ် မဟုတ်လား အစ်မ"

"ဩော် ... အဲဒါ ... ဟို ... ဟိုးတလောကတော့ သူ လျှောက်ပြောနေတာပဲ၊ နောက်ပိုင်းတော့ အစ်မလည်း သူနဲ့မတွေ့ဖြစ်ပါဘူး"

"မတွေ့ဖြစ်တာက အစ်မက ရှောင်နေလို့ဆိုတာ သိပါတယ်၊ သူကတော့ တွေ့ရဖို့ ကြိုးစားနေမှာပါ၊ သူ အိမ်မှာ ရန်လုပ်နေတာလေ ဆင်ဒီ့ကို၊ မင်း ညို့ကို ဘာသွားပြောလိုက်လဲ၊ ညိုက ငါ့ကို အတွေ့မခံတော့ဘူးဆိုပြီး"

ဘုရား ... ဘုရား။ အတော်ဆိုးတဲ့ လူပါလား။

ညိုသည် မျက်နှာတွေ ပူရှိန်ကာ ဆင်ဒီ့ကို အားနာလှပါသည်။

"သူက ပြောတယ်လေ၊ ညိုကလည်း ငါ့ကို ခုထိချစ်တုန်းတဲ့၊ ညို့ရင်ထဲမှာ ငါက အခုထိ ရှိနေတုန်းတဲ့"

"အို ... ဟို ... အစ်မ ... အဲသလို သူ့ကိုတစ်ခွန်းမှ မပြောပါဘူး"

စိတ်ထဲမှာတော့ အဲဒီအတိုင်း ရှိချင်ရှိပေမယ့် ညို သူ့ကို ဒီလိုစကားတစ်ခွန်းမှ မပြောတာတော့ သေချာစကားပါ



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဒီ [illegible]ပါတယ်၊ သူက သူဖြစ်စေချင်တာတွေ လျှောက်ပြောနေမှာပေါ့၊ ဘော်ဘီဆေးရုံတက်ရ နွဲစိတ်ရ ဖြစ်လိုက်ရတာက အစ်မတို့နှစ်ယောက်ကို နည်းနည်းပြန်ပြီး တရင်းတနှီး ဖြစ်သွားစေခဲ့တာလို့ ဆင်ဒီ နားလည်ထားပါတယ်၊ သူ့အတွက် အစ်မကိုပြန်ပြီး စိတ်ကူးယဉ်ချင်စရာတွေ ဖြစ်သွားခဲ့မှာပေါ့။ သူ့ရဲ့စိတ်က အမြဲတမ်း ပန်းဖူးလေး တစ်ဖူးလို နုသစ်နေတော့တာပဲ၊ သူ့အတွက် အသစ်အသစ် စိတ်ကူးယဉ်ချင်စရာတွေက ဘယ်အချိန်ထိ ရှိနေမှာလဲ မသိဘူး"

ဆင်ဒီအသံ ကတုန်ကယင် ဖြစ်နေသည်။ ညို ဘာမှမပြောချင်ပဲ နှုတ်ပိတ်ထားရပါသည်။ ကိုယ့်နှလုံးသားကို လုယက်ဖြုတ်ယူသွားခဲ့ဖူးတဲ့ မိန်းကလေးကိုပဲ ကိုယ်က ပြန်သနားနေရတဲ့ အဖြစ်ပါလား။

"ဆင်ဒီ ဝင်လည်တယ်လို့ သဘောထားပါတယ် အစ်မ၊ သူများမိသားစုကို ဖရိုဖရဲ တပြိုတကွဲ လုပ်ခဲ့ဖူးတဲ့ ဝဋ်လည်နေတာပါ၊ ကံကြမ္မာက ဒဏ်ခတ်နေပြီမို့လို့ အစ်မဘက်က အာဃာတတွေရှိရင် ဆင်ဒီ့ကို ခွင့်လွှတ်ပေးပါ အစ်မ"

အသည်းနုတယ်ပြောပြော သူ့ဘက်က ငိုသံပါလာတော့ ညိုလည်း မျက်ရည်လည်ရသည်။ လွန်ခဲ့တဲ့ ငါးနှစ်ကတည်း





က ရန်နိုင့်ကို စိတ်နာကာ ဆင်ဒီ ဆိုတဲ့ မိန်းကလေးကို အမုန်းကြီး မုန်းတီးခဲ့စဉ်ကတည်းက တစ်နေ့ သူ ငါ့ရဲ့ဝဋ်မျိုး လည်ပါစေလို့ လုံးလုံးဆုမတောင်းမိခဲ့တာပါ။

"အခု နေ့တိုင်း ရန်ဖြစ်တယ်၊ ဆင်ဒီ့ကို အပြစ်ရှာတယ်၊ အခုလည်း ရန်ဖြစ်ပြီး သူ ထွက်သွားတာ၊ ဆင်ဒီနဲ့မနေဘူးတဲ့၊ အစ်မဆီ သွားမယ်တဲ့"

"အို ... ဒီလိုမရပါဘူး ဆင်ဒီရယ်၊ သူ့ကို လာခွင့်မပြုပါဘူး"

"ကျေးဇူးတင်ပါတယ်၊ ဆင်ဒီကလည်း အလွယ်တကူ လက်လျှော့မယ့်မိန်းမ မဟုတ်ပါဘူး၊ ဆင်ဒီ့ဘက်ကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားကြည့်ပြီး အစ်မကလည်း အစ်မဘက်ကနေ လုံးဝလက်သင့်မခံတဲ့နည်းနဲ့ ကူညီပူးပေါင်းမယ် ဆိုရင်တော့ အဆင်ပြေသွားမှာပါ"

"တို့ ကူညီမှာပါ"

ဖုန်းချပြီးနောက်မှာတော့ ညိုက မိသက်ထံ ဖုန်းခေါ်ရပြန်သည်။

"ညိုရေ ... ပြော၊ နင် ဘယ်အချိန်လာမှာလဲ"

"ငါ ခဏနေရင် လာမှာပါ၊ ဘောကွန်နဲ့ ကညွတ်ကြော်မလို့ လုပ်နေတာ၊ နင်တို့အိမ် ရောက်မှပဲ ကြော်တော့မယ်"

"အေး ... အိမ်ကျမှကြော်တော့ ပူပူလေး စားရတာပေါ့၊ ကိုဝေမင်းတော့ ဟင်းထွက်ဝယ်နေတယ်၊ ငါက အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းချိုတစ်မျိုးနဲ့ ကြာဆံလေးတစ်အိုးပဲ ကြော်တာ ... အပြီး၊ ကျန်တာတော့ ဝယ်တာချည်းပဲ၊ စန္ဒာလည်း ထွက်လာနေပြီတဲ့၊ နင်လည်း ...”

“သက်”

“အင်”

“နင် ... ဟို ... မောင်မောင့်ကိုလည်း ဖိတ်ရင်ဖိတ်လိုက်လေ”

“ဟင်”

“ခုတလော ဆုံကြရင် ငါရှောင်ချင်တာမို့လို့ မောင်မောင့်ကို မခေါ်ဖြစ်ခဲ့ဘူးလေ၊ နင်တို့ဘာသာ မောင်မောင်အပါအဝင် ဆုံဖြစ်ရင်လည်း ငါ မလာခဲ့ဘူးလေ”

“နင် အခု ဘယ်လိုစိတ်ပြောင်းသွားတာလဲ”

“အခုခေါ်ရင် သူ လာပါ့မလား၊ ငါက ရှောင်ရှောင်နေတော့ စိတ်များနေမလား”

“ကျွမ်းပစ်ပြီး လာမှာ၊ ဒီလိုလုပ် ... မိုးချုပ် နင်တစ်ယောက်တည်း ပြန်နေရမလို ဖြစ်နေတာ၊ နင် ကားယူလာမနေနဲ့တော့၊ မောင်မောင်နဲ့ နင်လည်း သိပ်လှမ်းတာမှ မဟုတ်တာ၊ မောင်မောင့်ဆီ ခုပဲ ဖုန်းဆက်လိုက်မယ်၊ ရုတ်တရက်ခုမှထပြီး ဆုံကြဖို့ စီစဉ်ဖြစ်လို့ မောင်မောင် ညို့ကို ဝင်ခေါ်ပြီး လာခဲ့လို့၊ ကောင်းလား”





ညိုသည် သက်ပြင်းလေးချရင်း ...

“အင်း ... ကောင်းတယ်လို့ ထင်တာပါပဲ”

“ပြီးရော”

ဖုန်းချအပြီး ဆယ့်ငါးမိနစ်သာသာလောက်မှာ တံခါးအပြင်မှ ဘဲလ်တီးသံ ထွက်ပေါ်လာ၍ ညို လန့်တုန်သွားရပါသည်။

ကိုရန်နိုင်များလား။

ချောင်းကြည့်ပေါက်ငယ်မှ ချောင်းကြည့်လိုက်သော ညိုသည် ရှပ်ဆီးရောင်ဖျော့ လက်ရှည်အစင်းကို တံတောင်ဆစ်ထိ လက်ခေါက်ကာ စတိုင်ပဲန်အနက်နှင့် အပြင်ကော်ရစ်ဒါမှာ လက်ပိုက်ရပ်နေသူကိုမြင်လျှင် အသက်ရှူမှားသွားပါသည်။

ကိုရန်နိုင်။

ဟင့်အင်း ... သူ မဟုတ်ပါဘူး။ ညိုက သူ ဖြစ်စေချင်တာလား၊ သူ မဖြစ်စေချင်တာလား။ ကိုယ့်စိတ္တဇကိုယ် နားမလည်တော့ပါ။ ရင်ထဲတလှပ်လှပ် တုန်ယင်ကာ ညိုက သစ်သားကျွန်းတံခါးကို ဖွင့်ဟလိုက်ပါသည်။

“ညို”

သူ့ရဲ့ခေါ်သံ၌ ရင်ခုန်တုန်လှုပ်ခြင်းများ ဖိုးဖိုးဖျဖျ ပျော်ဝင်နေသည်။

“မသက်က ညို့ကို ဝင်ကြိုပြီး လာခဲ့ပါဆိုလို့ပါ၊ ညိုကိုရော ဖုန်းဆက်ထားသေးလား”



www.burmeseclassic.com

www.burmeseclassic.com



ညိုက ပြုံးလိုက်မိကာ သော့ဖွင့်ရင်း ...

"ဆက်ပါတယ်၊ ဖုန်းချတာ မကြာသေးတော့ ညို အဆင်သင့် မဖြစ်သေးဘူး၊ မောင်မောင် ခဏ ထိုင်စောင့်လိုက်ဦးနော်"

သူ့မျက်နှာက ရွှန်းပီတိ ဝွမ်းဆီထိဆိုသလို။

"ဟုတ်တယ်၊ ကျွန်တော် ထွက်လာတာ အရမ်းမြန်သွားတယ် ... အဟင်း၊ ညို စိတ်မပြောင်းသွားခင်ဆိုပြီး"

ညို အခန်းထဲဝင်ကာ အင်္ကျီလဲနေဆဲ မောင်မောင်က ဝရန်တာထွက်ကာ ဖုန်းဆက်နေသည်။ ညိုက ခပ်မြန်မြန်ပင်ပြီးစီးကာ ...

"ညို ပြီးပြီ၊ သွားစို့ မောင်မောင်"

မောင်မောင်က ပြုံးစစနှင့် ခေါင်းလေးဆတ်ရင်း ...

"ဒီနေ့ပွဲ ကျွန်တော် ဒကာလို့ မသက်ဆီ ဖုန်းဆက်နေတာ၊ ညို စိတ်ပြေတဲ့ အထိမ်းအမှတ်လို့"

ညို သူ့ကို ကရုဏာနှင့် ကြည့်မိသည်။ အခန်းပြင်အတူထွက်လာရင်းက ...

"မရတော့ဘူးတဲ့၊ ကိုဝေမင်းက အပြင်ထွက်ဝယ်နေပြီမို့လို့ ဘာမှဝယ်မလာနဲ့တော့တဲ့၊ ကိုယ့်ဘာသာ ဒကာလုပ်ချင်ရင် နောက်တစ်ရက်လုပ်တဲ့၊ တကယ်လို့ ကျွန်တော် ဒကာလုပ်ရင် ညို လာမှာလားဟင်"





ညိုက သော့ခတ်ရင်း မသိမသာ ယောင်ယောင်လေးခေါင်းညိတ်ပြလိုက်ရသည်။

"ကျွန်တော် မှားသွားတာပါ ညို၊ ညို့ဆီခွင့်မတောင်းရသေးပဲ ကလေးတွေကို ပြောလိုက်မိတာ ကျွန်တော် မှားတာ၊ နေ့တိုင်း ပြန်ပြန်တွေးရင်း စိတ်မကောင်း ဖြစ်မိတယ်၊ ကျွန်တော်က သာမန်ယောကျာ်းဆန်ဆန် မတွေးဘဲ စည်းကျော်ကျော်ပြီး တွေးမိတယ် ထင်တယ်၊ နောက်ကို ဘယ်ကိစ္စမှာဖြစ်ဖြစ် ဒီလိုမဖြစ်စေရပါဘူး၊ ညို့ကိုပဲ အားလုံး အရင်အသိပေး ခွင့်တောင်းမှာပါ"

"ဒီလောက်ကြီးလည်း မလိုပါဘူး မောင်မောင်"

"လိုတယ် ညို"

ခြံတံခါးကထွက် သူဖွင့်ပေးတဲ့ ကားတံခါးမှတက်ရင်း ညိုက သူ့ကိုကြည့်မိသည်။ မောင်မောင်က တစ်ဖက်တံခါးမှ မောင်းသူဘက် တက်ရင်း ကားသော့ကို စက်မနှိုးသေးဘဲ ညို့ဘက်လှည့်ကာကြည့်ရင်း ...

"ညို ... ညို့ကို လက်ထပ်ခွင့်ပြုပါ"

"အို ... မောင်မောင်ကလည်း"

"ဒီကြားထဲ အမှားအယွင်း ထပ်အဖြစ်မခံနိုင်ဘူး ညို၊ ဒီလောက်ထိ ရင်းနှီးမှု အပြန်အလှန်ရှိပြီးမှ ဝေးကွာမခံနိုင်ဘူး၊ ခုပဲ ပြန်ခေါ်တယ်၊ ခုပဲ အခွင့်အရေး ယူတာလို့ ညို



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါနဲ့၊ တကယ်တမ်း ပြန်တွက်ရင် ကျွန်တော်သဘော်ထွက်နေရိန်တွေ ဝေးလှမ်းနေပေမယ့် စ,သိကျွမ်းလာတာတော့ နှစ်နှစ်တောင် ကျော်ပါပြီ ညို၊ ကျွန်တော့်ဘက်က လုံးဝပြောင်းလဲမှာ မဟုတ်ဘူး၊ သေချာ ဆုံးဖြတ်ပြီးသားပါ ...

ပြီးတော့ ကျွန်တော့်မိသားစု ဆွေမျိုးတွေဘက်ကိုလည်း ညို ထည့်တွေးပြီး ရင်လေးစရာ မလိုဘူး၊ အားလုံး ဖွင့်ပြောခွင့်တောင်းပြီး ကြည်ဖြူမှုရပြီးသား၊ ညို့သားနဲ့သမီးလည်း ကျွန်တော့်ကို လက်ခံနိုင်တယ်လို့ ယူဆပါတယ်၊ ဆုံးဖြတ်ဖို့က ညို တစ်ယောက်ပဲ လိုနေတယ်လို့ ကျွန်တော် ထင်တယ်"

ညိုက မျက်နှာနီမြန်းကာ ခေါင်းငုံ့ထားမိသည်။

"ညို မြန်မြန်လေး စဉ်းစားပြီး တုံ့ပြန်ပါနော်"

စဉ်းစားပြီး တုံ့ပြန်ပါတဲ့၊ မတုံ့ပြန်လို့မရတဲ့သဘော။

"ညို့မှာ တခြားအခက်အခဲတစ်ခုခု ရှိရင်လည်းပြောပါ"

"တုံတုံ ... တုံတုံ"

ဖုန်းကို ညိုက ငုံ့ကြည့်လိုက်မိသည်။ ဒုက္ခပဲ၊ ဆင်ဒီ့ဒုက္ခအပူကလည်း မသေးကွေးလှ။

"ဟယ်လို"

"အစ်မ ... '......'ဆေးရုံကို လိုက်လာခဲ့ပါ"





"ဟင် ... ဘာဖြစ်လို့လဲ ဆင်ဒီ"

"ကိုကြီး အိမ်ကအထွက် မူးပြီးလဲသွားတာ ဆေးရုံကို ချက်ချင်းပို့ရတယ်၊ ဟိုတစ်ခါလိုပဲ၊ သွေးတော်တော်တက်သွားတာ၊ အခုသတိရတော့ သူက ... သူက ... အစ်မကို ခေါ်ပေးဖို့ ပြော ... ပြော ..."

ဆင်ဒီ့အသံက တိမ်ဝင်သွားကာ နောက်မှ ရှိုက်သံပလုံးပထွေးက ကပ်ပါလာသည်။ ညိုသည် လက်ဖျားတွေအေးကာ တောင့်တင်း ငြိမ်သက်နေမိသည်။

"ဘာပဲဖြစ်ဖြစ် အစ်မ ခဏတော့ လာခဲ့ပေးပါလို့"

ညိုက ဖုန်းကိုပိတ်လိုက်ပါသည်။

"ဘာတဲ့လဲ ညို"

"ဆင်ဒီပါ၊ ကိုရန်နိုင် မူးလဲလို့ ဆေးရုံပို့ရတယ်တဲ့၊ အခု ညို့ကိုလည်း သူက လာစေချင်တယ်"

"သွားလိုက်ပါ ညို၊ ဆင်ဒီလည်း ဟိုမှာရှိနေတာပဲ၊ ညို့ဘေးမှာလည်း ကျွန်တော် ပါနေတာပဲ"

ညိုက မောင်မောင့်ကို လှည့်ကြည့်နေမိသည်။ သူပြောတဲ့စကားမှာ အဓိပ္ပာယ်ပါးပါးလေးတစ်ခု ပျော်ဝင်နေသည်။

"ညို ... သွားမလား"

"........."

"ဘယ်ဆေးရုံလဲ ညို"



www.burmeseclassic.com

www.burmeseclassic.com



" '.....'ဆေးရုံတဲ့"

မောင်မောင်က ကားကို လမ်းကြောင်းဦးတည်ရာ ပြောင်းလိုက်ပါသည်။ တရိပ်ရိပ် ဖြတ်မောင်းလာတဲ့ နံဘေးမြင်ကွင်းကို မျက်လုံးအသေစိုက်နေသော်လည်း ဘာကိုမှ မမြင်ဘဲ ညို့စိတ်တွေ ထွေပြားဝေဝါးနေသည်။

ကိုရန်နိုင် ရှင် စိတ်လျှော့လိုက်ပါတော့နော်။





ခုတင်ပေါ်မှာ ဒရစ်ပုလင်းပိုက် ချိတ်လျက်သား ဦးရန်နိုင်ကို ညို စိုက်ကြည့်ကာ ဆွံ့အငြိမ်သက်နေမိသည်။ အူကြောင်ကြောင် ယောင်နန ရုပ်လေးနှင့် ညို့ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေတဲ့ ဆင်ဒီကို မောင်မောင်ကပင် ...

"အခြေအနေ ဘယ်လိုတဲ့လဲ"

"အခြေအနေ အဆိုးကြီး မဟုတ်ဘူးလို့တော့ ပြောတာပဲ၊ သူ အရက်တွေတအားဆက်တိုက် သောက်ဖြစ်တဲ့ တလော ဆိုရင် ခုလိုဖြစ်တာပဲ၊ သူ အရမ်းသောက်လို့ မရမှန်း သူလည်း သိပါတယ်၊ သိသိနဲ့ သောက်တာကိုး"

ရန်နိုင့် မျက်ဝန်းများက မှိတ်ထားလျက်မှ မျက်ခွံတွေ လှုပ်ရှားကာ အောက်ကမျက်ဆံ မသိမသာ ရွေ့လျားတာကို မြင်နေရပါသည်။ သူ သတိရတယ်၊ သူ ကြားနေတယ်၊ မျက်လုံးကို တမင်မှိတ်ထားရာမှ မဖွင့်တာသာ။ မျက်နှာပူနေတာလား။ မကြည့်မမြင်ချင်တာလား။



www.burmeseclassic.com

www.burmeseclassic.com



ခဏာနေဝေဘ လည်ပင်းမှာ တံတွေးမျိုချလိုက်သလို လည်စေ့က အတက်အကျ လှုပ်ရှားသွားသည်။ မျက်စိကိုတော့ လုံးဝဖွင့်မလာ။ ဒါဆို သူ ငိုချင်နေပြီပေါ့။ ညို ဒပါသည်။ သူ ငိုတော့မည်။ သူ့စိတ်ကို တင်းထားနေတာ။ သူ့ရဲ့မျက်ရည်ကျတဲ့ ပုံသွင်ကိုတော့ မောင်မောင့်ကို မမြင်စေချင်ပါ။ မျက်ရည်ကျခဲ့ရင် တောင် လူမမြင်ကွယ်ရာမှာပဲ ကျပါစေတော့။

"ဆင်ဒီ ... တို့ လာကြည့်သွားတယ်လို့ ဆင်ဒီပဲပြောလိုက်ပါ၊ နားပါစေဦး၊ တို့လည်း သူနဲ့ ချိန်းထားတာလေးတစ်ခု သွားစရာရှိလို့ ကြာကြာမနေတော့ဘူး"

ညိုက မောင်မောင့်ရဲ့ တံတောင်ဆစ်ကွေး တစ်နေရာကို ခပ်ဖွဖွလေး ချိတ်လိုက်ပါသည်။ ဆင်ဒီက အကဲခတ်သော မျက်ဝန်းများနှင့် ကြည့်လျက်သား။ ညို လှည့်ထွက်လိုက်သော အခါ မောင်မောင်က နံဘေးမှာ ကပ်ပါလာပြီး ရန်နိုင်က ညို့ ကျောဘက်မှာ ကျန်ရစ်ခဲ့ပါသည်။

❦ ❦ ❦

လမင်းမိုမို



BURMESE CLASSIC .com

www.burmeseclassic.com